၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၄၈) ၂၀၁၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် ၊ ကြာသပတေး၊ (ဖေဖော်ဝါရီ ၇ ၊ ၂၀၁၃)



ဖေဖော်ဝါရီ၄ရက် ညနေ ၅ နာရီကျော်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်(၄)ရပ်ကွက် ခိုင်ဟုံလီသစ်တောဝင်းဆိပ်ကမ်း၌ ဆီတွဲများ တင်ဆောင်ထားသည့် သင်္ဘောနှစ်စီး မီးလောင်ကျွမ်းနေစဉ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# သားဖွားမီးယပ် ဆရာဝန်တစ်ဦးအား ကုသခွင့်လိုင်စင် ငါးနှစ်ပိတ်

**လူနာသေဆုံးခဲ့သည့် မှားယွင်းကုသမှုကြောင့် မီဒီယာများတွင် ဖော်ပြခံရပြီး ကုသခွင့်လိုင်စင် ပိတ်သိမ်းခံရသော ဒုတိယမြောက်ဆရာဝန်ဖြစ်**

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ-၃၀**

မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ပုဂ္ဂလိကဆေးရုံတစ်ခုမှ သားဖွားမီးယပ်ဆရာဝန်တစ်ဦးအား လူနာ၏ ကိုယ်ဝန်စောင့်ရှောက်စဉ်၊ မွေးဖွားချိန်နှင့် မွေးဖွားပြီးချိန် မှားယွင်းမှုများကြောင့် ဆေးဝါးကုသခွင့်လိုင်စင် ငါးနှစ်ပိတ်သိမ်းလိုက်ကြောင်း မြန်မာနိုင်ငံ ဆေးကောင်စီက ထုတ်ပြန်သည်။

၂၀၁၀ ပြည့်နှစ်ကတည်းက ထိုမှားယွင်းမှုကြောင့် မွေးကင်းစကလေးငယ်တစ်ဦး မွေးဖွားပြီး တစ်ပတ်အတွင်း သေဆုံးသွားခဲ့ပြီးနောက် လူနာရှင်ဘက်က တိုင်တန်းမှုများ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ ဆေးကောင်စီမှ စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ယခုလအတွင်း ဆေးဝါးကုသခွင့်လိုင်စင် ပိတ်သိမ်းအရေးယူလိုက်ခြင်း ဖြစ်သည်။

"ဥပဒေကြောင်းအရ ဆရာဝန်တစ်ယောက်ကိုအရေးယူတယ်။ ဘာကြောင့်အရေးယူတယ်ဆိုတာကို အများပြည်သူကို ထုတ်ပြန်ပိုင်ခွင့် မရှိပါဘူး"ဟု ဆေးကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်က မီဒီယာများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

စာ(၁၂)သို့

SPECIAL REPORT

## အထူးစီးပွားရေးဇုန်မှ မထူးတော့တဲ့ မြေယာပြဿနာ

အစိုးရသစ်က အကောင်အထည်ဖော်နေသောထားဝယ်၊သီလဝါ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းတို့အနက်ပထမဆုံးတည်ဆောက်ပြီးစီးရန် ရည်မှန်းနေသော သီလဝါအထူးစီးပွားရေးဇုန်မှာလည်း အခြားစီမံကိန်းများနည်းတူ မြေယာပြဿနာ အနည်းငယ်ရှိနေသည်။

စာ(၂၈)သို့

## တန်ဖိုးနည်းအိမ်ရာစီမံကိန်း အခြေခံလူတန်းစားများလိုအပ်ချက်နှင့် တစ်ထပ်တည်းမကျ

ဒဂုံဆိပ်ကမ်းမြို့နယ်၌ အကောင်အထည်ဖော်နေသော တန်ဖိုးနည်းအိမ်ရာစီမံကိန်းတွင်တိုက်ခန်းပေါင်း တစ်သောင်းကိုးထောင်ကျော် ပါဝင်ပြီး တိုက်ခန်းတစ်ခန်း၏ တန်ဖိုးမှာ ကျပ် ၁၈၅ သိန်းမှသိန်း ၂၀၀ကြား ရောင်းချမည်ဆိုသည့်အတွက် အခြေခံလူတန်းစားတို့၏ လိုအပ်ချက်နှင့် တစ်ထပ်တည်းမကျဟု သုံးသပ်ကြသည်။

စာ(၅)သို့

# အစိုးရနှင့် ကေအိုင်အို စစ်ပြေငြိမ်းရေးအမြန်အကောင်အထည်ဖော်ရန် သဘောတူ

**အေးမြကျော်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၄**



ကေအိုင်အေဒုတိယစစ်ဦးချုပ် ဗိုလ်ချုပ်ဂွန်မော်နှင့် ဝန်ကြီးဦးအောင်မင်းတို့ကိုဆွေးနွေးပွဲတွင်တွေ့ရစဉ်

ဓာတ်ပုံ-MPC

စစ်ပွဲများ နှစ်လကျော်ကြာအရှိန်မြင့်ဖြစ်ပွားပြီးနောက် ပြန်လည်တွေ့ဆုံဆွေးနွေးမှုအနေဖြင့် တရုတ်နိုင်ငံ ရွှေလီမြို့တွင် ဖေဖော်ဝါရီ ၄ ရက်က ခုနစ်နာရီကျော်ကြာ ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ခိုင်မာသော စစ်ပြေငြိမ်းရေးကို အလျင်အမြန်အကောင်အထည်ဖော်ရန်၊ပဋိပက္ခဖြစ်ပွားသည့် နေရာများ လေ့လာစောင့်ကြည့်စိစစ်သည့် စနစ်ပေါ်ပေါက်ရေး ဆက်လက်ဆွေးနွေးသွားရန်နှင့် ဖေဖော်ဝါရီလမကုန်မီ နိုင်ငံရေးဆွေးနွေးပွဲ ပြုလုပ်နိုင်ရန် သဘောတူခဲ့ကြကြောင်း ဆွေးနွေးပွဲအပြီး နှစ်ဖက်ပူးတွဲကြေညာချက်ဖြင့် သတင်းထုတ်ပြန်သည်။

အစိုးရဘက်မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့မှ ဦးဆမ်လွတ်ဂမ် ဦးဆောင်ပြီး ကေအိုင်အေ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော် ပါဝင်သောအဖွဲ့တို့သည် တရုတ် အစိုးရ၏ ကြားဝင်ကူညီမှုဖြင့် ဖေဖော်ဝါရီ၄ ရက်တွင်ရွှေလီမြို့ ကျင်းချန်းဟိုတယ်၌ နံနက် ၉ နာရီမှစတင်ကာ ညနေ ၄ နာရီကျော်အထိ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

# ထူးကုမ္ပဏီလက်အောက်ရှိ လုပ်ငန်းအားလုံး ယခုနှစ်အတွင်း အများပိုင်ပြောင်းမည်



**အေးသူစံ၊ အောင်ခိုင်**

**ရန်ကုန်၊ ဇန်နဝါရီ ၃၀**

ထူးကုမ္ပဏီအောက်ရှိ အမြတ်အစွန်းရရှိနေသော လုပ်ငန်းများအားလုံးကို ၂၀၁၃ ခုနှစ်အတွင်း အများပိုင်လုပ်ငန်းအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်း ထူးထရေးဒင်းကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးရဲမင်းဦးကပြောသည်။

မကြာသေးမီ ရက်ပိုင်း အတွင်းက ထူးကုမ္ပဏီအုပ်စုပိုင် အာရှစိမ်းလန်းဖွံ့ဖြိုးမှုဘဏ် (AGD Bank) ကို အများပိုင်ဘဏ်အဖြစ် ပြောင်းလဲမည်ဟု ကြေညာပြီးနောက် အခြားအမြတ်အစွန်းရရှိနေသည့် လုပ်ငန်းများကိုပါ အများပိုင်အဖြစ်ပြုလုပ်မည်ဟု ဦးရဲမင်းဦးကပြောကြားခြင်းဖြစ်သည်။

"AGD ဘဏ်အပြင်ထူးကုမ္ပဏီအုပ်စုအောက်မှာရှိတဲ့ အကျိုးအမြတ်ရရှိနေတဲ့ လုပ်ငန်းတွေအားလုံးကို အများပိုင်အဖြစ် ဒီနှစ်ထဲမှာ တော်တော်များများ ပြောင်းဖို့ရှိပါတယ်။ ဘယ်လုပ်ငန်းတွေဆိုတာကိုတော့ လုပ်ငန်းပိုင်းသဘောသဘာဝအရ မပြောနိုင်သေးပါဘူး" ဟုဂင်းက ပြောသည်။

မြန်မာနိုင်ငံတွင် အချမ်းသာဆုံးစာရင်းဝင် ဦးတေဇပိုင်ဆိုင်သော ထူးကုမ္ပဏီအုပ်စုအောက်၌ ကျောက်စိမ်းကျောက်မျက် လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ မိုဘိုင်းဖုန်းလုပ်ငန်း၊ ကျွန်းသစ်လုပ်ငန်း၊ လောင်စာဆီလုပ်ငန်းတို့ကို လုပ်ကိုင်လျက်ရှိသည်။

ယင်းသို့ နာမည်ကျော်ကုမ္ပဏီ အုပ်စုကြီးတစ်ခုမှ ဂင်းပိုင်လုပ်ငန်းများကို တစ်ဦးတည်းပိုင်မှ အများပိုင်အဖြစ်သို့ပြောင်းလဲပေးခြင်းအပေါ် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ကြောင်း မြန်မာနိုင်ငံလုပ်ငန်းအဖွဲ့ချုပ်မှ ဒုဥက္ကဋ္ဌ ဦးနှင်းဦးက ပြောသည်။

"ပွင့်လင်းလာတဲ့ ဈေးကွက်စီးပွားရေးမှာ တိုးချဲ့တယ်လို့ပဲ ပြောရမှာပေါ့။ ငွေစာရင်းသဘောအရဆိုရင် ငွေခေါ်တဲ့ သဘောပါပဲ။ ဒါပေမဲ့ အများပိုင် ကုမ္ပဏီကို ဘယ်လိုအချိုးအစားနဲ့ လုပ်မလဲဆိုတာ ပွင့်လင်းမြင်သာမှုရှိဖို့ အရေးကြီးတယ်။ Public Offering လို့ခေါ်တဲ့ ရှယ်ယာဝင်မယ့်သူတွေအပေါ် ထင်သာမြင်သာမှုရှိအောင် လုပ်ဖို့လိုတယ်။ မစ်ဆူဘီရှီတို့လို ကမ္ဘာ့အဆင့်မီ ကုမ္ပဏီကြီးတွေဖြစ်ဖို့ဆိုရင်တော့ ဒီလိုပဲ ရှယ်ယာတွေခေါ်ပြီး အများပိုင်လုပ်ရမှာပဲ" ဟု ဂင်းကပြောသည်။

# အမေရိကန် Peace Corps အဖွဲ့ အကူအညီပေးရန် ရွှေ့ပြောင်းလာရောက်

**ထွန်းခိုင်**

**ရန်ကုန်၊ ဇန်နဝါရီ-၃၀**

အမေရိကန် အခြေစိုက်အကူအညီပေးရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Peace Corpsသည် မြန်မာနိုင်ငံတွင် အကူအညီပေးရေးလုပ်ငန်းများလုပ်ဆောင်ရန် လာရောက်ဆွေးနွေးလျက်ရှိကြောင်း မြန်မာငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန (MPC)မှ သတင်းရရှိသည်။

ယင်းအဖွဲ့လာရောက်ခြင်းသည် ပြီးခဲ့သည့် နိုဝင်ဘာလက မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သော အမေရိကန်သမ္မတအိုဘားမား၏ ခရီးစဉ်အတွင်းဆွေးနွေးခဲ့သော အကူအညီ ပေးရေးလုပ်ငန်းစဉ်များအနက်မှတစ်ခုဖြစ်ကြောင်း သိရသည်။

"ဒီဘက်က ဘာတွေလိုလဲဆိုတာအပေါ် မူတည်ပြီး အကူအညီပေးမှာပေါ့" ဟု MPCမှ အပစ်အခတ်ရပ်စဲရေး ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦးကပြောသည်။

အဆိုပါအဖွဲ့၏ Director Carrie ဖြစ်သူ Hessler-Radelet နှင့် ဂင်း၏အဖွဲ့သည် အကူအညီပေးရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နေပြည်တော်တွင် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်းသတင်းရရှိသည်။ ၁၉၆၁ ခုနှစ်မှစတင်ဖွဲ့စည်းခဲ့သော ဝါရှင်တန်ဒီစီအခြေစိုက် အဆိုပါအဖွဲ့အစည်းသည် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အကူအညီပေးရေးလုပ်ငန်းများဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်သည်။

Peace Corp၏ အင်တာနက်စာမျက်နှာတွင် ရန်ကုန်နှင့် မန္တလေးမြို့များ၌ တာဝန်ထမ်းဆောင်ရန်အတွက် ကျောင်းဆရာများ အပါအဝင် ဝန်ထမ်းများခေါ်ယူမည်ဟုလည်း ကြေညာထားသည်။



7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

# အိုးအိမ်နှင့် ကုမ္ပဏီတစ်ခု၏ လှိုင်သာယာရှိ စီမံကိန်းနယ်မြေတွင် လူအစုအဖွဲ့လိုက် ဝါးတဲများဖြင့် မြေနေရာဝင်ယူ

**ရန်မျိုးနိုင်၊ အောင်ခိုင်**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ-၄**



*စည်ပင်ဝန်ထမ်းကို လိုက်ရိုက်နေသည့် မြေဦးသူများ* ဓာတ်ပုံ-EPA

လှိုင်သာယာမြို့နယ် အမှတ်(၅) ရပ်ကွက် ပီမိုးနင်းလမ်းရှိစီမံကိန်းနယ်မြေအတွင်းလူအစုအဖွဲ့လိုက်ကျူးကျော်နေရာယူထားမှုများအား ယခုအချိန်ထိ ဖြေရှင်းပေးနိုင်ခြင်းမရှိသေးကြောင်း သတင်းရရှိသည်။

အိုးအိမ်ဖွံ့ဖြိုးရေးဌာနနှင့် စတားလိုက်ကုမ္ပဏီတို့ ပူးပေါင်း၍ တန်ဖိုးနည်းအိမ်ရာ ဖော်ဆောင်မည့် ၁၈ ဧကခန့် ကျယ်ဝန်းသော စီမံကိန်းမြေနေရာကို ဇန်နဝါရီ ၃၁ ရက် ညပိုင်းမှစတင်ကာ အနီးပတ်ဝန်းကျင်မှ လူများနှင့် အဆောင်လိုင်းခန်းငှားနေသူများက ဝါးတဲများ ဆောက်လုပ်ကာ ဝင်ရောက် နေရာယူခဲ့ကြခြင်း ဖြစ်သည်။

"လက်ရှိမှာ ဥပဒေနဲ့လုပ်ရင် ပြည်သူတွေထိမယ်။ ဒါကြောင့် ညှိနှိုင်းဖြေရှင်းမှုနဲ့ပဲ လုပ်သွားမှာပါ" ဟု လှိုင်သာယာမြို့နယ် အုပ်ချုပ်ရေးမှူးကပြောသည်။

တဲထိုးနေသူများကို မေးမြန်းရာတွင် မည်သူက စသည်ကို မသိရှိကြဘဲ မြေကွက်ရမည်ဟု သတင်းကြားသဖြင့် အချင်းချင်း လက်တို့ကာ လာရောက်နေရာဦးကြခြင်း ဖြစ်သည်ဟု ဆိုကြသည်။

ထိုစီမံကိန်းနယ်မြေအတွင်းသို့ ဝင်ရောက်နေရာယူသူများအတွက် အဆိုပါလူများစတင်ရောက်ရှိလာသည့် ဇန်နဝါရီ ၃၁ ရက် ညကဝါးများကို ကားသုံးစီးဖြင့် လာရောက်ချထားပေးမှုများ ရှိခဲ့ပြီး၊ နောက်ကွယ်တွင် အားပေးအားမြှောက်ပြုနေသူများရှိနိုင်ကြောင်း မြို့နယ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

"နေစရာမရှိလို့ ဝင်ဆောက်တာပါ။ တဲဆောက်ဖို့ဝါးဖိုးတောင် အကြွေးနဲ့ယူထားရတယ်"ဟု စီမံကိန်းနယ်မြေအတွင်း ဝင်ရောက်နေရာဦးထားသူ အမျိုးသမီးတစ်ဦးကပြောသည်။

ပြီးခဲ့သည့်နှစ်မှ စတင်ကာ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းကို ဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုကဲ့သို့ ဝင်ရောက်နေထိုင်မှုများကို ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စတားလိုက်ကုမ္ပဏီ၏ တာဝန်ခံတစ်ဦးကဆိုသည်။

"ကျွန်မတို့က အသိမ်းခံရတဲ့လူတွေမဟုတ်ပါဘူး။ လိုင်းခန်းအဆောင်တွေမှာ ငှားနေရတာ ဈေးကြီးလို့ မြေနေရာ အလကားရမယ်ဆိုလို့ ရောက်လာပြီး ဦးထားတာ" ဟု ဝါးတဲနေရာ ဦးထားသည့် အမျိုးသမီးတစ်ဦးကပြောသည်။

ယင်းသို့ ကျူးကျော်နေရာယူထားမှုများမှ ကျန်ရှိနေသည်များကို ဖယ်ရှားပေးရန် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက အချိန်ပေးခဲ့သော်လည်း ဖယ်ရှားခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ဖယ်ရှားရှင်းလင်းမှုပြုလုပ်ရာတွင် လုံခြုံရေးတာဝန်ယူထားသော ရဲများ ရှေ့၌ပင် ရှင်းလင်းသူများကို ဝင်ရောက်နေရာယူထားသူများက ရိုက်နှက်မှုများပြုလုပ်ခဲ့ကြသည်။

ဖေဖော်ဝါရီ ၁ ရက်က တဲဆောက်သူများနှင့် တဲပြန်ဖျက်သည့် ကုမ္ပဏီဝန်ထမ်းနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများကြား အပြန်အလှန်ပြဿနာများ ဖြစ်ပွားခဲ့သည့်နောက်မှစ၍ ကျူးကျော်ဝင်ရောက် တဲထိုးသူများကို ဖျက်သိမ်းခြင်းမလုပ်တော့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ၁၈ ဧကခန့် ကျယ်ဝန်းသော စီမံကိန်းမြေနေရာတွင် ဝင်ရောက်နေရာယူထားသည့် အကွက်ပေါင်း ၂,၀၀၀ ကျော်ရှိပြီး ၎င်းနေရာများ၌ မိသားစုလိုက် နေထိုင်သူများပင် ရှိနေသည်။

# အစိုးရတွင် နိုင်ငံတကာသို့ ပြန်ဆပ်ရမည့်ကြွေး ကန်ဒေါ်လာ သန်းကိုးထောင်ကျော်ရှိ

**အောင်သူရ၊ ပြည်သိမ်း၊ ထွန်းခိုင်**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၄**

ဝန်ကြီးဌာနများက စီမံကိန်းများ အကောင်အထည်ဖော်ရန် နိုင်ငံတကာမှ ချေးယူခဲ့သော ချေးငွေများထဲမှ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံတကာသို့ ပြန်ဆပ်ရန် အကြွေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းကိုးထောင်ကျော် ကျန်ရှိသေးကြောင်း သတင်းရရှိသည်။

ထိုကြွေးမြီများအနက် ၁၉၈၈ ခုနှစ်မတိုင်မီ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပဲရစ်ကလပ်တို့မှ ချေးယူထားသော ငွေများထဲမှပြန်ဆပ်ရန် အမေရိကန်ဒေါ်လာ သန်းခြောက်ထောင်နီးပါးရှိပြီး ၁၉၈၈ နောက်ပိုင်းချေးယူထားသော ငွေများထဲမှ အကြွေး အမေရိကန်ဒေါ်လာ သန်း သုံးထောင်ကျော် ကျန်ရှိသေးကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

## CRIME CORNER မှုခင်းသတင်း

### နှစ်ကျပ်ခွဲကျေးရွာမီးလင်းရေးနှင့် ပတ်သက်၍ ဆရာတော်တစ်ပါးနှင့် ရွာသူ၊ ရွာသား ၁၁ဦးကိုတရားစွဲ

**ငြိမ်းချမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ကျောက်ပန်းတောင်းမြို့နယ် နှစ်ကျပ်ခွဲကျေးရွာ မီးလင်းရေးနှင့်ပတ်သက်ပြီး ဘုန်းကြီးတစ်ပါးအပါအဝင်၁၁ဦးတို့ကို ကိုယ်ထိလက်ရောက် ကျူးလွန်မှုပုဒ်မ ၃၅၂၊ ဝတ္တရားနှောင့်ယှက်မှု ၃၅၃တို့ဖြင့် မြင်းခြံခရိုင် လျှပ်စစ်ရုံးမှ ကျောက်ပန်းတောင်းရဲစခန်းတွင် အမှုဖွင့်ထားကြောင်းမန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်ကပြောသည်။

"အစိုးရပိုင် မီးကြိုးသွယ်တန်းရာမှဝင်ရောက်နှောင့်ယှက်မှုနဲ့ ဘုန်းကြီးတစ်ပါး၊ လူဆယ့်တစ်ဦးကိုတရားစွဲထားပါတယ်"ဟုတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်ကပြောသည်။

ဇန်နဝါရီလ (၂၉)ရက်တွင် နှစ်ကျပ်ခွဲကျေးရွာတစ်ရွာလုံးမီးလင်းရေးအတွက်လုပ်ဆောင်နေသော ဝန်ထမ်းများကို သိမ်တော်မြောက်ကျောင်းဆရာတော် ဦးကောသလ္လနှင့် ရွာသားအချို့က တားမြစ်သောကြောင့်မန္တလေးတိုင်း ရဲချုပ်၊ မန္တလေးတိုင်းလျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး၊မြင်းခြံ၊ကျောက်ပန်းတောင်း၊ ညောင်ဦး စသည်တို့မှ ရဲတပ်ဖွဲ့ဝင်များ လာရောက်ဖြေရှင်းပေးရသည်အထိ ပြဿနာဖြစ်ပွားခဲ့ကြောင်း ၄င်းက ပြောသည်။ "တစ်ဖက်ကမီးမလင်းဘူး။ တစ်ဖက်ကမီးလင်းတယ်၊မီးမလင်းတာကိုလင်းအောင်လုပ်ပေးရမှာပါ" ဟု မန္တလေးတိုင်းလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူက ပြောသည်။

၂၀၀၀ပြည့်နှစ်က ကုန်သွယ်ရေးညွှန်ချုပ်ဟောင်းဗိုလ်ကြီးမင်းလှအောင် (ယခုကွယ်လွန်)က ထရန်စဖော်မာတစ်လုံးကိုနှစ်ကျပ်ခွဲရွာသိမ်တော်မြောက်ကျောင်းဆရာတော်ထံ လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ ထိုကျေးရွာတွင်အိမ်ခြေ ၈၀၀ကျော်ရှိပြီး ဆရာတော်ဦးကောသလ္လက အဆိုပါထရမ်စဖော်မာနှင့်အိမ်ခြေ၁၄၅အိမ်ကိုလျှပ်စစ်မီးပေးထားကြောင်း ဆရာတော် နှင့် ဒေသခံများက ပြောသည်။

"အလှူရှင်က ဘုရားနဲ့ ရွာအတွက်ဆိုပြီး လှူခဲ့တာ ပါ။ ဘုန်းကြီးက သူ့ကိုလှူတယ်ပဲပြောနေတယ်။ ကျန်တဲ့ အိမ်တွေလည်း မီးလင်းချင်တာပေါ့" ဟု နှစ်ကျပ်ခွဲ ရွာ ဒေသခံတစ်ဦးက ပြောသည်။

ကျန်အိမ်(၆၀၀)ကျော်ကို လျှပ်စစ်မီးလင်းရေးအတွက် အစိုးရအစီအစဉ်ဖြင့်ထရမ်စဖော်မာတစ်လုံးရောက်ရှိနေပြီး ယခင်ဆရာတော်သွယ်တန်းထားသောဓာတ်အားလိုင်းထံမှ ကြိုးသွယ်တန်းရာ ဆရာတော်က လက်မခံပေ။ ထို့ကြောင့် ဆရာတော်စီစဉ်သော ထရမ်စဖော်မာဖြင့်မီးရနေသူများနှင့် ဆရာတော်ကတစ်ဖက်၊ အစိုးရမီးသွယ်တန်းရေးဆောင်ရွက်နေသောကျေးရွာမီးလင်းရေးကော်မတီမှ တာဝန်ရှိသူများ မီးမရသောသူများကတစ်ဖက် ဇန်နဝါရီ ၂၉ ရက်တွင်စကားများခဲ့ကြသည်။

"ဦးဇင်းက မီးမချိတ်ခိုင်းဘူး မဟုတ်ပါဘူး။ ဦးဇင်းဒီမီးရအောင်လုပ်ထားတုန်းကပိုက်ဆံတော်တော်ကုန်ပါတယ်၊ သူတို့က အတင်းကြီးကို သွယ်ဖို့လုပ်နေတာ"ဟု နှစ်ကျပ်ခွဲကျေးရွာမြောက် ကျောင်းဆရာတော်ဦးကောသလ္လက မိန့်ကြားသည်။ အဆိုပါဖြစ်စဉ်တွင် ကျေးရွာသူကျေးရွာသားအားလုံးမပါဝင်ခဲ့ကြောင်းမီးလင်းရေးအဖွဲ့မှပြောကြားသည်။

ကျေးရွာတွင်မီးမရသည့် အိမ်ခြေများသောကြောင့် ဘုန်းကြီးကျောင်းပိုင်ထရမ်စဖော်မာအပြင် အစိုးရလျှပ်စစ်မီးသွယ်တန်းရခြင်းဖြစ်ကြောင်း ကျေးရွာမီးလင်းရေးကော်မတီဝင် ဦးမောင်ညိုကလည်းပြောသည်။

ယခုအခါလျှပ်စစ်မီးမရသည့်ကျေးရွာသားများအတွက် လိုင်းအသစ်သွယ်တန်း၍ မီးလင်း အောင်ပြုလုပ်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးဒေါက်တာမြင့်ကြူကဆိုသည်။

ထို့အပြင် ယခင်ရှိခဲ့သောအမှုအတွက် ဆရာတော် ဦးကောသလ္လအား ဘုရားငွေအလွဲသုံးစားလုပ်မှုပုဒ်မ(၄၀၆)၊ တန်ဆောင်းများအားဖျက်ဆီးမှုပုဒ်မ(၄၂၇)ဖြင့်ဖေဖော်ဝါရီ ၂၆ ရက်တွင် နေပြည်တော်ဗဟိုတရားရုံး၌ အမှုရင်ဆိုင်ရမည်ဖြစ်ကြောင်းသတင်းရရှိသည်။

# အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ချေးငွေဒေါ်လာ တစ်ဘီလီယံလို

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၃၀**

မြန်မာနိုင်ငံရှိ အသေးစား၊ အလတ်စား စီးပွားရေး လုပ်ငန်းများတွင် အမှန်တကယ် လိုအပ်နေသည့် ချေးငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ခန့်(ဒေါ်လာတစ်ဘီလီယံ) ရှိကြောင်း ကမ္ဘာ့ဘဏ်အုပ်စုဝင်ဖြစ်သော အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) က ဇန်နဝါရီ ၂၉ ရက်တွင် မြန်မာနိုင်ငံအတွက် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

အထူးသဖြင့် မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ သုံးပုံနှစ်ပုံနေထိုင်လျက်ရှိသော ကျေးလက်ဒေသတွင် လိုအပ်ချက် ပိုမိုကြီးမားပြီး လက်ရှိတွင် လည်ပတ်နေသော ချေးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၃ သန်းခန့်သာ ရှိကြောင်း အဆိုပါ အစီရင်ခံစာက ဆိုသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍတွင် စီးပွားရေးအရ စိန်ခေါ်မှုနှင့် အခက်အခဲများစွာရှိနေဆဲဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပုဂ္ဂလိကဘဏ်များ၏ ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ငွေမှာ နိုင်ငံခြားဘဏ်များနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးနေခြင်းသည် အဓိကစိန်ခေါ်မှုဖြစ်ကြောင်းမြန်မာ့ရှေ့ဆောင်ဘဏ်မှ ဒုတိယအုပ်ချုပ်မှု ဒါရိုက်တာဦးကျော်စိုးမင်းကပြောသည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) က ပုဂ္ဂလိကဘဏ်တစ်ခုနှင့်ပေါင်းကာ မြန်မာနိုင်ငံရှိ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းနှင့် ဝင်ငွေနည်းသော မိသားစုများအတွက် ငွေချေးရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ဦးသိန်းစိန် အစိုးရတက်လာပြီး မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းကျဆင်းခဲ့ခြင်းနှင့် ရာသီဥတု ဖောက်ပြန်ခြင်းတို့ကြောင့် မြန်မာနိုင်ငံရှိ တောင်သူများနှင့် အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများမှာ စီးပွားရေးကျဆင်းခဲ့သည်။

မြန်မာနိုင်ငံရှိ တောင်သူလယ်သမားအား ငွေထုတ်ချေးရန်အတွက် မြန်မာအစိုးရနှင့် တရုတ်အစိုးရတို့ကြား သဘောတူညီထားပြီး မကြာခင် တရုတ်နိုင်ငံမှပညာရှင်များ မြန်မာနိုင်ငံသို့လာရောက်လေ့လာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးကပြောသည်။




*မကြာမီလပိုင်းကာလများတွင် နေ့စဉ်ထုတ်သတင်းစာများ မြန်မာနိုင်ငံတွင် မြင်တွေ့ရတော့မည်ဖြစ်သည်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# မြန်မာ့မီဒီယာလွတ်လပ်ခွင့် ၁၈ ဆင့် တိုးတက်

**အားမာန်**

**ရန်ကုန်၊ဇန်နဝါရီ-၃၀**

နယ်စည်းမခြားသတင်းထောက်များအဖွဲ့ (RSF)က ၂၀၁၂ ခုနှစ်အတွက် သတ်မှတ်ထုတ်ပြန်လိုက်သော ကမ္ဘာ့မီဒီယာလွတ်လပ်ခွင့်ညွှန်းကိန်းတွင် မြန်မာနိုင်ငံက ယခင်ထက် အဆင့် ၁၈ ဆင့် တိုးတက်လာပြီး ၁၇၉ နိုင်ငံတွင် အဆင့် ၁၅၁ ချိတ်ခဲ့သည်။

၂၀၁၁ ခုနှစ်အတွက် အဆင့်ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံက ၁၇၉ နိုင်ငံတွင် အဆင့် ၁၆၉ ရှိခဲ့သောကြောင့် ၂၀၁၂ ခုနှစ်မှာ ယခင်နှစ်ကထက် ၁၈ ဆင့် တိုးလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်ငါးဆယ်နီးပါး ပုံနှိပ်စာအားလုံးကို စာပေစိစစ်ရေးသို့ တင်ပြပြီးမှ ထုတ်ဝေခွင့်ရခဲ့ရာမှ ၂၀၁၂ခုနှစ်ဩဂုတ် ၂၀ တွင် အစိုးရက ပုံနှိပ်စာများကို ကြိုတင်စိစစ် ဖြတ်တောက်ခြင်း လုပ်ငန်းစဉ်များကို စတင်ဖျက်သိမ်းပေးခဲ့ သည်။ ကာလရှည်ပိတ်ထားခဲ့သော ဝက်ဘ်ဆိုက်များစွာကိုလည်း ပြန်ဖွင့်ပေးခဲ့သည်။

"မြန်မာနိုင်ငံ အစိုးရထောင်တွေထဲမှာ ဖမ်းဆီးထားတဲ့ ဂျာနယ်လစ်တွေ၊ အင်တာနက်ပေါ်တက်ရေးတဲ့သူတွေ မရှိတော့ပါဘူး"ဟု နယ်စည်းမခြားသတင်းထောက်များအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သတင်းထောက်များအား ပြောသည်။

ကမ္ဘာ့မီဒီယာလွတ်လပ်ခွင့်ညွှန်းကိန်းအဆင့် သတ်မှတ်ချက်တွင် တရုတ်နိုင်ငံမှာ ၁၇၃၊ ဗီယက်နမ်နိုင်ငံမှာ ၁၇၂ ရှိ၍ မြန်မာနိုင်ငံက တရုတ်နှင့် ဗီယက်နမ်တို့ထက် မီဒီယာလွတ်လပ်မှုတွင် အဆင့်ပိုမြင့်သည်။

ညွှန်းကိန်းတွင် မီဒီယာလွတ်လပ်ခွင့်အနည်းဆုံး နိုင်ငံများမှာ အီရီထရီယား အဆင့် ၁၇၉၊ မြောက်ကိုရီးယား ၁၇၈၊ တာ့ခ်မင်နစ္စတန် ၁၇၇၊ ဆီးရီးယား ၁၇၆ တို့ဖြင့် ရပ်တည်နေသည်။

# စုံစမ်းမေးမြန်းမှုများ ရှိသော်လည်း အီးယူမှ အပ်ထည်အမှာ မရသေး

**ပြည့်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၂**

အီးယူ အထည်ချုပ်လုပ်ငန်းရှင်များက ပြည်တွင်းစက်ရုံများကို စုံစမ်းလေ့လာနေသော်လည်းအပ်ထည် အမှာပေးခြင်းမရှိသေးကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

အထူးအခွန်သက်သာခွင့် (GSP)မရသေးသည့်အတွက် အီးယူနိုင်ငံများသည် မြန်မာနိုင်ငံကို အပ်ထည်အမှာပေးရန်လေ့လာစောင့်စားနေခြင်းဖြစ်ကြောင်း အဆိုပါ အသင်းဥက္ကဋ္ဌဦးမြင့်စိုးကရှင်းပြသည်။

"buyer တွေကသတင်းစုံစမ်းတာဆက်သွယ်တာတွေများလာတယ်။ လုပ်ငန်းစတင်ဖို့တော့GSP ကခံနေတယ်" ဟု ဦးမြင့်စိုးကဆိုသည်။

မူလက အီးယူမှ ချုပ်ထည်အမှာများ ဖေဖော်ဝါရီလဝန်းကျင်တွင်စတင်ရရှိနိုင်သည်ဟု ခန့်မှန်းထားသော်လည်း ဥရောပသမဂ္ဂနိုင်ငံများက ဖွံ့ဖြိုးမှုအားနည်းသော နိုင်ငံများသို့ပေးသည့် အခွန်သက်သာခွင့်မှာ အချိန်ကာလ မသေချာခြင်း၊ အလုပ်သမားဆန္ဒပြမှုများနှင့် မငြိမ်သက်မှုများကြောင့် လက်ရှိ အချိန်ထိ အမှာမရသေးခြင်းဖြစ်ကြောင်း လှိုင်သာယာစက်မှုဇုန်(၁) မှ အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

လက်ရှိမြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် အထည်ချုပ်စက်ရုံပေါင်း ၂၀၅ ခုရှိပြီးလုပ်ငန်းအများစုမှာဂျပန်အော်ဒါကိုသာ အဓိကထားနေရသည်။ ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်တွင် ချုပ်ထည်အမှာများ၏ ၉၀ ရာခိုင်နှုန်းမှာ ဂျပန်နိုင်ငံမှသာဖြစ်ကြောင်း အထည်ချုပ်လုပ်ငန်းရှင်များကဆိုသည်။

7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

# ဧရာဝတီ နိုင်ငံတကာစာပေပွဲတော်သို့ ကျောင်းသားလူငယ်များ လာရောက်လေ့လာမှုနည်း

**ရဲနောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၃**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စတင်ကျင်းပသော ဧရာဝတီနိုင်ငံတကာ စာပေပွဲတော်သို့ ကျောင်းသားလူငယ်များ လာရောက်လေ့လာမှုနည်းကြောင်း အဆိုပါပွဲသို့ တက်ရောက်သော မြန်မာစာရေးဆရာများကပြောသည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၃ရက်အထိ အင်းလျားလိပ်ဟိုတယ်တွင် ကျင်းပသော အဆိုပါ ပွဲတော်သို့ လာရောက်မှုမှာ တစ်ရက်လျှင် လူဦးရေတစ်ထောင်ပင် မပြည့်ကြောင်း သတင်းရရှိသည်။

ပွဲတော်အကြို သတင်းထုတ်ပြန်မှုအားနည်းခြင်း၊ ကျင်းပသောနေရာသို့သွားလာရန် ခက်ခဲခြင်း၊ ပွဲစီစဉ်သူနှင့် ပါဝင်ဆောင်ရွက်သူများအတွက် ပထမဆုံးအတွေ့အကြုံဖြစ်ခြင်းကြောင့် စီစဉ်မှု ပိုင်းအားနည်းခြင်း၊ နိုင်ငံတကာ စာပေပွဲတော်ကျင်းပသည့် ယဉ်ကျေးမှုနှင့် ဓလေ့တို့မှာ မြန်မာပရိသတ်များအကြား အလေ့အထ မရှိခြင်းတို့ကြောင့် လာရောက်လေ့လာမှုနည်းခြင်းဖြစ်သည်ဟုစီစဉ်ဆောင်ရွက်မှုတွင် ပါဝင်ခဲ့သော မြန်မာစာရေးဆရာအချို့က ပြောသည်။

"တချို့သိတဲ့သူတွေကလည်း နိုင်ငံခြားစာရေးဆရာတွေနဲ့မြန်မာစာရေးဆရာတွေက သူတို့အချင်းချင်း အင်္ဂလိပ်လိုပဲ ပြောကြမယ်ထင်ပြီး သိပ်မလာကြဘူး။ မြန်မာစာရေးဆရာတွေ မြန်မာလိုပြောမယ့် အစီအစဉ်တွေလည်း အများကြီးပါပါတယ်"ဟု စာရေးဆရာ မင်းခိုက်စိုးစန်ကပြောသည်။

ဧရာဝတီ နိုင်ငံတကာ စာပေပွဲတော်တွင် မြန်မာနိုင်ငံမှ ထင်ရှားသော စာရေးဆရာ ကဗျာဆရာ၊ ကာတွန်းဆရာ ၈၀ ကျော်နှင့် နိုင်ငံတကာမှ စာပေပညာရှင် ၂၀ ကျော် မေးခွန်းများ အပြန်အလှန်မေးခြင်းတို့ဖြင့် နိုင်ငံတကာစာပေနှင့် မြန်မာစာပေ ယဉ်ကျေးမှုတို့အား ဖလှယ်ခဲ့ကြသည်။



*စာပေပွဲတော်တွင်ရောင်းချနေသည့် အင်္ဂလိပ်ဘာသာဖြင့်ရေးသားထုတ်ဝေထားသော စာအုပ်များ* ဓာတ်ပုံ-ကျော်ဇင်သန်း

စာပေပွဲတော်တွင် ဒေါက်တာသန့်မြင့်ဦးက ကျွန်ုပ်တို့နိုင်ငံရှိ ရှေးဟောင်းအဆောက်အအုံများ၏ အနာဂတ်အလားအလာ၊ ကမ္ဘာကျော် Wild Swans စာအုပ်ကိုရေးသားသူစာရေးဆရာမ ဂျန်ချန်းက သူမ မည်ကဲ့သို့ စာရေးဆရာဖြစ်လာပုံ၊ စာရေးဆရာမ ဆုဒသျှက ပြည်ပရောက် သီပေါဘုရင် [The King (Thibaw) in Exile] တို့အား ဟောပြောဆွေးနွေးခဲ့ကြပြီး အခြားစာရေးဆရာများကလည်း ၎င်းတို့ပါဝင်သည့် အခန်းကဏ္ဍအသီးသီးတွင် ဟောပြောခဲ့ကြသည်။

ဖေဖော်ဝါရီ ၂ ရက် ပွဲတော် ဒုတိယနေ့တွင် ဒေါ်အောင်ဆန်းစုကြည်၊ ဂျန်ချန်း၊ ကမ္ဘာကျော်စာပေပညာရှင် ဗစ်ကရမ်ဆတ်သ်၊ ဝီလီယံဒရမ်းပဲလဲတို့က ၎င်းတို့အကြိုက်ဆုံးဖြစ်သော ကဗျာ၊ စကားပြေများအကြောင်း ပြောဆိုဆွေးနွေးခဲ့ကြသည်။

အဆိုပါ ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ စာပေယဉ်ကျေးမှုနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိသော လူ့အဖွဲ့အစည်းဆီသို့ လျှောက်လှမ်းနေသော မြန်မာနိုင်ငံတွင် စာပေစိစစ်ရေး ပယ်ဖျက်ပြီးနောက်ပိုင်း လူတိုင်းက စာပေကို ပိုမိုရေးသားထုတ်ဝေလာကြသည်ဟု ပြောသည်။

"စာပေပေါင်းစုံနဲ့ အခြားအတွေးအခေါ် ပေါင်းစုံအပြင် ကမ္ဘာမှာ ဖြစ်ပျက်နေတာကို ပိုပြီးမြင်တွေ့လာနိုင်ဖို့ ဒီလိုပွဲတော်မျိုးလုပ်တာ ကောင်းပါတယ်" ဟု ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတေသနမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဆရာဦးသော်ကောင်းက ပြောသည်။

"ဒီလို ကျင်းပပေးတာကို တကယ်ကျေနပ်ပါတယ်။ ဒါပေမဲ့ လာရတဲ့နေရာက အဆင်မပြေဘူး။ တက္ကစီငှားစီးလာရတယ်။ သွားရေး လာရေးလွယ်ကူတဲ့ နေရာမှာ ကျင်းပပေးရင် ဒီထက်အများကြီး ပိုစည်နိုင်တယ်"ဟု ပွဲတော်သို့လာရောက်လေ့လာသူ ဒုတိယနှစ် တက္ကသိုလ်ကျောင်းသားတစ်ဦးက ပြောသည်။

အဆိုပါ ပွဲတော်တွင် နိုင်ငံတကာနှင့် မြန်မာစာအုပ်များအား အထူးလျှော့ဈေးဖြင့် ရောင်းချပေးခြင်း၊ မြန်မာ့ရိုးရာ ရုပ်သေးအကဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရ ပစ္စည်းများ ရောင်းချပေးခြင်းနှင့် ဒေါ်လာတစ်ထောင် ဆုချီးမြှင့်မည့် အင်္ဂလိပ်၊ မြန်မာစာစီစာကုံးပြိုင်ပွဲကိုလည်း ပြုလုပ်ခဲ့သည်။

# တန်ဖိုးနည်းအိမ်ရာစီမံကိန်း အခြေခံလူတန်းစားများလိုအပ်ချက်နှင့် တစ်ထပ်တည်းမကျ

## တစ်ခန်းလျှင် ကျပ်၁၈၅ သိန်းမှ သိန်း ၂၀၀ ကြား ရှိမည်ဟုဆို

**ပြည့်သိမ်း၊ အောင်သူရ၊ ထွန်းနိုင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၄**

နိုင်ငံတော်အစိုးရက ဦးဆောင်အကောင်အထည်ဖော်နေသည့် တန်ဖိုးနည်းအိမ်ရာများဖြစ်သော ဧရာဝဏ်နှင့် ရတနာအိမ်ရာစီမံကိန်းတို့မှာ အခြေခံလူတန်းစားများလိုအပ်ချက်အခြေအနေနှင့် တစ်ထပ်တည်းမကျကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။

ဒဂုံဆိပ်ကမ်းမြို့နယ်၌ အကောင်အထည်ဖော်နေသော အဆိုပါစီမံကိန်းတွင် တိုက်ခန်းပေါင်း တစ်သောင်းကိုးထောင်ကျော် ပါဝင်ပြီး တိုက်ခန်းတစ်ခန်း၏ တန်ဖိုးမှာ ကျပ် ၁၈၅ သိန်းမှ သိန်း ၂၀၀ ကြား ရောင်းချမည်ဖြစ်ကြောင်း သမ္မတရုံးဝန်ကြီး (၃)ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားသည်။

"ဒီစီမံကိန်းဖြစ်လာတာ စင်ကာပူက အရင်ဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုချောက်တောင်က ဒါလေးလုပ်ဖို့ အကြံပြုတယ်။ ကျွန်တော်လည်း စင်ကာပူကိုသွားပြီး လေ့လာတယ်"ဟု ဦးစိုးသိန်းကဆိုသည်။

အခြေခံလူတန်းစားများအတွက် မျှော်လင့်ချက်တစ်ခုအဖြစ် တန်ဖိုးနည်းအိမ်ရာများကို နိုင်ငံတော်က ဦးဆောင်အကောင်အထည်ဖော်ပေးမှုကို ကြိုဆိုခဲ့သော်လည်း တိုက်ခန်းတစ်ခန်း၏ ဈေးနှုန်းပမာဏမှာ သာမန်လူများ ဝယ်ယူနိုင်ခြင်းနှင့် ကင်းဝေးနေကြောင်း မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသန်းဦးကဆိုသည်။

"တန်ဖိုးနည်းအိမ်ရာလေး မျှော်မိပြန်တော့လည်း ရွှေပြည်တော်မျှော်တိုင်းဝေးဆိုသလို ဖြစ်သွားပြီ" ဟု အိမ်ရှင်မ အမျိုးသမီးတစ်ဦးက အိမ်ဈေးနှုန်းများကြားပြီး စိတ်ကျစကားဆိုသည်။

"ဓာတ်လှေကားမပါတဲ့ တိုက်ခန်းက ဈေးအပေါ်ဆုံးပဲ။ ဓာတ်လှေကားနဲ့ဆို တန်ဖိုးနည်းမဖြစ်နိုင်တော့ဘူး"ဟုမြို့ပြတည်ဆောက်ရေးပညာရှင်ဒေါက်တာကျော်လတ်ကဆိုသည်။

ယခုစီမံကိန်းအိမ်ရာများမှာ ၁၈ထပ်မြင့်သည့်အဆောက်အအုံဖြစ်ပြီး ပြုပြင်ထိန်းသိမ်းရေး စရိတ်ကြီးမားသဖြင့် တန်ဖိုးနည်းအိမ်ရာ မဖြစ်နိုင်ကြောင်းဒေဝဆောက်လုပ်ရေးကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးချစ်ခိုင်ကလည်း ထောက်ပြပြောဆိုသည်။

"စင်ကာပူက လူတစ်ဦးရဲ့ ဝင်ငွေနဲ့ ဒီကလူတွေရဲ့ ဝင်ငွေကို ယှဉ်ကြည့်သင့်တယ်" ဟု Three Friend ဆောက်လုပ်ရေးကုမ္ပဏီမှ အထွေထွေမန်နေဂျာ ကိုကိုလေးက ဆိုသည်။

တန်ဖိုးနည်းခေါင်းစဉ်တပ်ပြီး အိမ်ရာတိုက်ခန်းများကို ကျပ်သိန်း ၁၀၀ အထက် မရောင်းသင့်ကြောင်း အိမ်ခြံမြေအကျိုးဆောင်များကလည်း ပြောဆိုကြသည်။ လက်ရှိ ရောင်းချမည့် ကျပ်သိန်း ၁၈၀၊ သိန်း ၂၀၀ ဈေးနှုန်းများမှာ ရန်ကုန်မြို့တွင်း တိုက်ခန်းများဈေးပင် ဖြစ်နေသည်။

ပုဂ္ဂလိကမှ တည်ဆောက်နေသော တန်ဖိုးနည်းအိမ်ရာများ အနက် ယုဇနဥယျာဉ်မြို့တော်၌ ၃ လွှာကို ကျပ်သိန်း ၅၀ ဝန်းကျင်၊ လှိုင်သာယာမြို့နယ် ကျန်စစ်သားအိမ်ရာတွင် သိန်း ၆၀ ဝန်းကျင်ရှိကြောင်း အကျိုးဆောင်များက ရှင်းပြသည်။

ထို့အပြင် ယခု စီမံကိန်းမှာ ရန်ကုန်မြို့တွင်းနှင့် ဝေးကွာသဖြင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး အခြေခံလိုအပ်ချက်များဖြစ်သည့် ရေကောင်းရေသန့်ရရှိရေး၊ လျှပ်စစ်မီး မှန်မှန်ရရှိရေးတို့မှာ အဓိကစိန်ခေါ်ချက်ဖြစ်နေကြောင်း ကျွမ်းကျင်သူများက သုံးသပ်နေကြသည်။

7 DAY NEWS JOURNAL

**7 Day News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် အခွင့်အရေး**

၁။ **သတင်းအယ်ဒီတာ** **(ကျား/မ)**
သတင်းနှင့် ဆောင်းပါးများ၏ အရည်အသွေးကို ကောင်းစွာအကဲဖြတ်နိုင်ပြီး ကျွမ်းကျင်စွာတည်းဖြတ်နိုင်သူ၊ ပြည်တွင်း၊ ပြည်ပရေးရာများ အထူးနှံ့စပ်သူ၊ စာအရေးအသား ကောင်းမွန်သူ၊ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်သူ၊ သတင်းမီဒီယာလုပ်ငန်းတွင်သာ ရာသက်ပန် လုပ်ကိုင်လိုသူများလျှောက်ထားနိုင်သည်။ အတွေ့အကြုံရှိသူများကို ဦးစားပေးမည်ဖြစ်ပြီး ယခုရာထူးအတွက် ယုံကြည်မှုရှိသော အတွေ့အကြုံနည်းသူများလည်း လျှောက်ထားနိုင်ပါသည်။

၂။ **Layout Designer** **(၅)ဦး(ကျား/မ)**
Adobe Indesign, Adobe Photoshop, Adobe Acrobat, Adobe Illustrator, Newspaper Layout Design ကို ကောင်းမွန်စွာနားလည်တတ်ကျွမ်းရမည်ဖြစ်ပြီး ဒီဇိုင်းအမြင်ရှိရမည်။ နေ့ ည မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ **ဘာသာပြန်** **(၅)ဦး(ကျား/မ)**
အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ကျွမ်းကျင်စွာပြန်ဆိုနိုင်သူ၊ စာအရေးအသားကောင်းမွန်သူ၊ မီဒီယာလုပ်ငန်းကို စိတ်ပါဝင်စားပြီး နိုင်ငံတကာရေးရာများ အထူးစိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်။

**မှတ်ချက် – အမှတ်စဉ်(၁)–(၂) လျှောက်ထားသူများသည် အသက် ၃၀အောက်ဖြစ်ရမည်။**

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ (၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထားမိတ္တူတို့နှင့်အတူ (၁၄. ၂. ၁၃)ရက်နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့လာရောက်လျှောက်ထားနိုင်ပါသည်။

Diamond Centre (G-12) မြေညီထပ်၊ တိုက်(B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

# သံဖြူဇရပ်တွင် သေမင်းတမန်ရထားလမ်းပြတိုက် ပြန်လည်ဖွင့်နိုင်ရန် စီစဉ်

ခိုင်ခိုင်စိုး၊ ရဲနောင်

**ရန်ကုန်၊ ဖေဖော်ဝါရီ -၄**

သေမင်းတမန်ရထားလမ်းပြတိုက်အားပြန်လည်ဖွင့်လှစ်နိုင်ရန် မွန်အမျိုးသားပိုင် တလမွန်ကုမ္ပဏီက ဂျပန်ခေတ်ပစ္စည်းများကို စတင်စုဆောင်းနေပြီဟု ယင်းကုမ္ပဏီဥက္ကဋ္ဌ ဦးနိုင်မောင်တိုးက ပြောသည်။

မွန်ပြည်နယ်သံဖြူဇရပ်မြို့တွင် ယင်းပြတိုက်အားပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက်ဂျပန်ခေတ် အသုံးအဆောင်များ၊ ဓာတ်ပုံ၊ အထောက်အထားမှတ်တမ်းများကိုဝယ်ယူမည်ဖြစ်ပြီး လှူဒါန်းသော ပစ္စည်းများကိုလည်း လက်ခံမည်ဖြစ်သည်။

"စစ်ရဲ့အနိဋ္ဌာရုံကိုပြချင်လို့ သမိုင်းအထောက်အထားအနေနဲ့ ပြသမှာပါ" ဟု ဦးနိုင်မောင်တိုးက ပြောသည်။

ယခုအခါ ပြတိုက်တည်ဆောက်ရန် စည်ပင်သာယာထံခွင့်ပြုမိန့်တင်ထားပြီး ခွင့်ပြုမိန့်ရရှိပါက အမြန်ဆုံးဆောက်လုပ်သွားမည်ဖြစ်ရာပြီးစီးမည့်ရက်ကို မှုအတိအကျမပြောနိုင်သေးဟုအဆိုပါကုမ္ပဏီ တာဝန်ရှိသူထံမှ သတင်းရရှိသည်။

**စာ(၃၀)သို့**

7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

# ပင်လယ်ရေမျက်နှာပြင်ပူနွေးမှုကြောင့် အချိန်အခါမဟုတ် မိုးရွာ

**မိုးညို၊ အောင်သစ်လွင်**

**ရန်ကုန်၊ ဇန်နဝါရီ -၃၀**

ရန်ကုန်မြို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့၌ ဇန်နဝါရီ ၃၀ ရက်က အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့ခြင်းမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်ရှိပင်လယ်ရေမျက်နှာပြင် ပူနွေးလာမှုတို့ကြောင့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးချစ်ကျော်က ပြောသည်။

ထိုသို့ ပင်လယ်ရေမျက်နှာပြင် ပူနွေးလာခြင်းကြောင့် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် ပုံမှန်မဟုတ်သော ရေငွေ့ပျံမှုများမှ ရေငွေ့များသည် တောင်ဘက်မှ မြောက်ဘက်သို့ ရွေ့လျားကာ တိမ်များဖြစ်ပေါ်ပြီး မိုးရွာသွန်းခြင်းဖြစ်ကြောင်း ဦးချစ်ကျော်က ပြောသည်။

"နေပြည်တော်မှာ မိုးရွာတာ လမ်းမတွေတောင်ရေကျော်တယ်" ဟု အစိုးရဝန်ထမ်းတစ်ဦးက ပြောသည်။

ရန်ကုန်၊ ပဲခူး၊ မကွေး၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် လာမည့် လေးရက်အတွင်း အချိန်အခါမဟုတ် မိုးများဆက်လက် ရွာသွန်းနိုင်ကြောင်း မိုး/ဇလက သတင်းထုတ်ပြန်သည်။

ယင်းကဲ့သို့ အချိန်အခါမဟုတ် မိုးရွာသွန်းမှုများကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ စိုက်ပျိုးပြီး ရိတ်သိမ်းမည့် သီးနှံများ ပျက်စီးနိုင်ပြီး စိုက်ပျိုးရန်လျာထားသော သီးနှံများအတွက်မူ လိုအပ်သော ရေအလုံအလောက် ရရှိနိုင်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဆားကွင်းများအတွင်း ရေဝင်ရောက်နိုင်ပြီး ဆားအင်နလျော့ကျနိုင်ကာ ဈေးကွက်ကို ထိခိုက်နိုင်ကြောင်း မိုး/ဇလဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးက အသိပေးပြောကြားသည်။



ရန်ကုန်မြို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် ဇန်နဝါရီ ၃၀ ရက်က အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့ပြီး နေပြည်တော်၌ အဆိုပါမိုးကြောင့် လမ်းမအချို့ပင် ရေကျော်ခဲ့သည်။ ဓာတ်ပုံ-ကျော်ဇင်သန်း

ထိုသို့ အချိန်အခါမဟုတ် မိုးရွာသွန်းပြီးပါက မြူနှင်းများ ပြန်လည် ကျဆင်းနိုင်ပြီး ဆောင်းရာသီ အငွေ့အသက်ကိုပြန်လည်ရရှိနိုင်ကြောင်း ဦးချစ်ကျော်က ပြောသည်။ ရက်ပေါင်း၉၂ရက်အတွင်း မိုးထပ်မံရွာသွန်းနိုင်ပြီး လေဖိအားနည်းရပ်ဝန်း မဖြစ်ပေါ်ဘဲ လာမည့် ဖေဖော်ဝါရီလရောက်မှသာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ကြောင်း နေပြည်တော်မိုး/ဇလက ခန့်မှန်းထားသည်။

# ငြိမ်းချမ်းရေးလမ်းလျှောက်အဖွဲ့တွင်ပါဝင်ခဲ့သည့် ပြင်သစ်နိုင်ငံသားအား သံရုံးသို့ လွှဲပေး

**အောင်နိုင်**

**ရန်ကုန်၊ ဇန်နဝါရီ -၃၀**

စစ်ပွဲများ ရပ်ဆိုင်းရန် ကချင်ပြည်နယ်လိုင်ဇာသို့လမ်းလျှောက်သူများနှင့်အတူ ပါဝင်ခဲ့သည့် ပြင်သစ်နိုင်ငံသား တစ်ဦးအား ပြင်သစ်သံရုံးသို့ ပြန်လည် လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ပြောသည်။

"ရန်ကုန်လဝက ကတစ်ဆင့် သံရုံးကို လွှဲလိုက်ပြီ။ ပြည်နှင်ဒဏ်လည်းမပေးပါဘူး။ Black List လည်း မပေးပါဘူး" ဟုဦးရဲထွဋ်က ပြောကြားသည်။

လမ်းလျှောက်သူများထဲတွင် နိုင်ငံခြားသားတစ်ဦး ပါဝင်နေသည်ဆို၍ ခေါ်ယူစစ်ဆေးရာ ယင်းနိုင်ငံခြားသားမှာ ရိုးရိုးခရီးသွားဗီဇာ (Tourist Visa)နှင့် လာရောက်ခြင်းဖြစ်သည့်အတွက် ရန်ကုန်မြို့သို့ပြန်ခေါ်လာကာ သံရုံးသို့ လွှဲပြောင်းပေးရခြင်း ဖြစ်ကြောင်း ဦးရဲထွဋ်က ဆက်လက်ပြောကြားသည်။

၎င်းကို တောင်ငူအရောက်တွင်သက်ဆိုင်ရာက ရန်ကုန်မြို့သို့ ပြန်လည် ခေါ်ဆောင်လာပြီး နောက်ဆက်တွဲ အရေးယူမှုအပိုင်းကိုမူ မသိရသေးကြောင်း ပြင်သစ်သံရုံး ပြောခွင့်ရပုဂ္ဂိုလ်က အတည်ပြု ပြောကြားသည်။

လမ်းလျှောက်နေသူများအဖွဲ့မှ ကိုဇင်ကိုကိုက သက်ဆိုင်ရာက ခေါ်သွားခြင်းခံရသည့် အဆိုပါနိုင်ငံခြားသားနှင့် ပတ်သက်၍ ယခုကဲ့သို့ မှတ်ချက်ပြုသည်။

"နာမည်ကမစ္စတာ ခရစ္စတိုဖာပါ။ ရိုးရိုးတိုးရစ် တစ်ယောက်ပါပဲ။ ကွဲ့ပွဲကနေ လိုက်လာတာ။ ငြိမ်းချမ်းရေးကို အားပေးတယ်။ စိတ်ဝင်စားတယ်ဆိုပြီး လိုက်လာတာပါ။ ဒီနေ့ မနက်က တောင်ငူအမေ့အိမ်ဟိုတယ်မှာ လဝကနဲ့ရဲတွေလာခေါ်သွားတာ" ဟုဆိုသည်။

ကချင်စစ်ပွဲများ ရပ်ဆိုင်း၍ ငြိမ်းချမ်းရေးအမြန်ရရှိရန် ဆန္ဒထုတ်ဖော်လမ်းလျှောက်သူများအဖွဲ့တွင် သံဃာတော်များနှင့် အမျိုးသမီးများအပါအဝင် အဖွဲ့ဝင် ၃၀ ကျော်ပါဝင်ကာ ဇန်နဝါရီလ ၂၁ ရက်မှစတင်၍ ရန်ကုန်မြို့မှ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ ယင်းအဖွဲ့သည် ဖေဖော်ဝါရီ၂ရက် ညပိုင်းတွင် တပ်ကုန်းမြို့နယ်အနီး ဇေယျာသီရိမြို့နယ် ညောင်ဩကျေးရွာသို့ရောက်ရှိနေပြီဟုထပ်မံသတင်းရရှိသည်။




# ဦးဆန်းဆင့် လွှတ်တော်ဥက္ကဋ္ဌတာဝန်သာ ထမ်းဆောင်စေလိုကြောင်း ရောဝတီဒေသခံများ ဆန္ဒပြု

**မင်းဟိန်းကျော်၊ ထွန်းနိုင်**
**ရန်ကုန်၊**
**ဇန်နဝါရီ - ၂၈**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ရန်လျာထားခံရသောဦးဆန်းဆင့်အား မူလတာဝန်ဖြစ်သည့် ရောဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ်သာ ဆက်လက်ခန့်ထားပေးရန်ပြည်သူများ၏ ဆန္ဒပြုလက်မှတ်များကို ကောက်ခံခဲ့သည်။ ထိုသို့ကောက်ခံရာတွင် နှစ်ရက်အတွင်းလက်မှတ်၈,၀၀၀ ခန့်ရရှိနေပြီဖြစ်ကြောင်း အဆိုပါကိစ္စကို ဦးစီးဆောင်ရွက်နေသူ လူ့အခွင့်အရေး စောင့်ကြည့်ကာကွယ်ရေးကွန်ရက်မှ ကိုထွန်းထွန်းဦးက ပြောသည်။

"မနေ့က စပြီး ဆန္ဒပြုလက်မှတ်ကောက်ခံနေတာ ဒီနေ့အထိ လက်မှတ် ၈,၀၀၀ ကျော်လောက်ရနေပြီ။ ဆက်ပြီး လာဖို့လည်း ရှိပါသေးတယ်။ တိုင်းတစ်တိုင်းလုံး အတိုင်းအတာနဲ့ ဆောင်ရွက်နေပါတယ်။ ရသမျှလက်မှတ်တွေကို သမ္မတရုံးကို ဖက်(စ်) နဲ့ ပို့နေပါတယ်" ဟု ကိုထွန်းထွန်းဦးက ဆိုသည်။

ယခု ကောက်ခံထားသောလက်မှတ်များမှာ ငွေဆောင်မြို့နယ်ခွဲ၊ ငပုတောမြို့နယ်၊ ဒါးကတိုက်နယ်၊ ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက်များ၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်များရှိ ပြည်သူများက စုပေါင်းလက်မှတ်ရေးထိုးတင်ပြခြင်းဖြစ်ပြီး တိုင်းအတွင်းရှိအခြားမြို့နယ်များကလည်း ဆန္ဒပြုလက်မှတ်များ ဆက်လက်ပေးပို့နေကြောင်း ၎င်းက ပြောသည်။

ဦးဆန်းဆင့်သည် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်သူဖြစ်ပြီး ပြဿနာတစ်ရပ်ဖြစ်ပွားလာလျှင် ပြည်သူများ ဘက်မှသာ ရပ်တည်သူဖြစ်၍ ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်ခြင်းမပြုရန် ဆန္ဒပြုရခြင်းဖြစ်ကြောင်း ရောဝတီတိုင်းဒေသကြီး၏ဒေသခံအချို့က ပြောသည်။

"ကျွန်တော်တို့ လွှတ်တော်ဟာ ဥက္ကဋ္ဌကြီးရဲ့ ဦးဆောင်မှုနဲ့ ၂ နှစ်အတွင်း တော်တော်ကို ခရီးပေါက်နေပြီး ပြည်သူလူထုရဲ့ အကျိုးကိုတတ်စွမ်းသမျှထမ်းဆောင်နိုင်ခဲ့ပါတယ်။ သူမရှိတော့ရင် ကျွန်တော်တို့ တိုင်းလွှတ်တော်အတွက် ဆုံးရှုံးမှုတွေဖြစ်လာပြီး လွှတ်တော်အားနည်းသွားနိုင်ပါတယ်" ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးထိန်လင်းက ပြောသည်။

တိုင်းဒေသကြီးလွှတ်တော် ဦးဆန်းဆင့်ကလည်း ယခု ကိစ္စရပ်သည်မိမိက ရွေးချယ်ထားသည့်ကိစ္စမဟုတ်ဘဲ ပြည်သူများ၏ ဆန္ဒသဘောထားအတိုင်းသာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မိမိအား ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသဖြင့် ပြည်သူများက လွှတ်တော်ဥက္ကဋ္ဌအဖြစ်သာ ဆက်လက်တည်ရှိစေလိုလျှင် လွှတ်တော်ဥက္ကဋ္ဌအဖြစ်သာ တည်ရှိနိုင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။



## လက်သီးဆုပ်ခန့်ရှိ မိုးသီးများကြွေကျမှုကြောင့် ဘားအံမြို့တစ်ဖက်ကမ်း ရွာနှစ်ရွာရှိနေအိမ်များပျက်စီး

**အောင်သစ်လွင်**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ-၃**

လေပြင်းမုန်တိုင်း တိုက်ခတ်ပြီး လက်သီးဆုပ်ခန့်ရှိသော မိုးသီးများ ကြွေကျပျက်စီးခဲ့ရပြီး ရိတ်သိမ်းကာနီး လယ်မြေကေများစွာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဘားအံမိုးဇလမှ သတင်းရရှိသည်။

ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက အချိန်အခါမဟုတ် ရွာသောမိုးကြောင့် ဘားအံမြို့တစ်ဖက်ကမ်း ကော့မှုးသီးကျေးရွာတွင် နေအိမ်အလုံးလေးဆယ်ခန့်နှင့် ကျေးရွာမူလတန်းကျောင်း ပြိုကျပျက်စီးခဲ့ရပြီး ဂိုဝကျေးရွာတွင်လည်း ရွာဦးဘုန်းကြီးကျောင်းပေါ်သို့ ရာဘာပင်များ လဲပြိုရာမှ ပျက်စီးမှုများရှိခဲ့သည်။ ထို့ပြင် ရိတ်သိမ်းခါနီး စပါးခင်းများပေါ်သို့ မိုးသီးများ ကြွေကျခြင်းကြောင့် အဆိုပါဒေသတစ်ဝိုက်ရှိ လယ်မြေကေများစွာ ပျက်စီးခဲ့ရကြောင်းသိရသည်။

"နာရီဝက်လောက်ပဲ ကြာလိုက်ပါတယ်။ ကျလာတဲ့ မိုးသီးတွေက လက်သီးဆုပ်လောက်ကို ကြီးတာ။ စပါးတွေက ရိတ်သိမ်းခါနီးဆိုတော့ နှမြောဖို့ကောင်းတယ်ဗျာ" ဟု ကော့မှုးသီးကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ပျက်စီးဆုံးရှုံးမှုစာရင်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ မည်သို့လုပ်ဆောင်မည် ဆိုသည်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဆွေးနွေးညှိနှိုင်းနေဆဲဖြစ်သည့်အတွက် သတင်းထုတ်ပြန်နိုင်ခြင်း မရှိသေးကြောင်း ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ အကြောင်းပြန်သည်။

ထူးခြားသော ရာသီဥတုဖြစ်စဉ်အနေဖြင့် ဘားအံမြို့တွင် မိုးသီးများ ကြွေကျသည်အထိ လေပြင်း တိုက်ခတ်နေချိန်တွင် ယင်းမြို့နှင့် လေးဆယ့်ငါးမိုင်ခန့်သာ ကွာဝေးသော မော်လမြိုင်မြို့တွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းနေသောကြောင့် တစ်ချိန်တည်းတွင် ဆန့်ကျင်ဘက် ရာသီဥတုဖြစ်စဉ်ဖြစ်နေပြီး မိုးလေဝသ ဌာနအနေဖြင့် ပြည်တွင်းရာသီဥတု ထူးခြားမှုအခြေအနေကို စောင့်ကြည့်နေကြောင်း မိုးဇလ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်ရီက ပြောသည်။

မိုးသီးများ ကြွေကျသည် အထိ မိုးရွာခြင်းသည် လေထုစိုထိုင်းဆ အလွန်မြင့်မားခြင်းကြောင့် ဖြစ်သည်။

"တောင်တရုတ်ပင်လယ်ဘက်က ဝင်လာတဲ့ လေပူတွေနဲ့ အိန္ဒိယဘက်က ဝင်လာတဲ့ လေအေးတွေ တွေ့ဆုံပြီး လေထုမငြိမ်မသက်ဖြစ်တာကနေ အခုလိုရာသီဥတု ဖြစ်စဉ်မျိုး ကြုံတွေ့ခဲ့ရတာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။



## ၂၀၁၃ ဖေဖော်ဝါရီမှာ ၂ရက်ထိ မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်မှာ မုန်တိုင်းဖြစ်နိုင်ခြေမရှိသေးပါ။ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် လေထုမငြိမ်မသက်ဖြစ်နိုင်ပြီး တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါတယ်။ ကပ္ပလီပင်လယ်ပြင်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းနှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအနည်းငယ်သာ ရှိနိုင်ပြီး လှိုင်းအမြင့် ၁ ပေခန့် ရှိနိုင်ပါတယ်။ မြစ်ဝကျွန်းပေါ်၊ ကမ်းရိုးတန်းနဲ့ ကမ်းလွန်ဒေသများတွင် လှိုင်းအသင့်အတင့် ရှိနိုင်ပြီး လှိုင်းအမြင့် ၂ပေမှ ၃ ပေ ခန့်ရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ရှမ်းပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့တွင် (၁)ရက်ခန့်၊ ကချင်ပြည်နယ်တွင် (၂)ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်။ ရွာရန် ၅၀ ရာခိုင်နှုန်းရှိ။ ကျန်တစ်ပြည်လုံးတွင် သာယာပါမယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ**

မိုးတိမ်တောင်ဖြစ်ရန် အလားအလာ ရှမ်းပြည်နယ်တွင် ၃၀ ရာခိုင်နှုန်းခန့်၊ တနင်္သာရီတိုင်းတောင်ပိုင်းတွင် ၂၀ ရာခိုင်နှုန်း ရှိနိုင်။ ကျန်ဒေသများတွင် အလားအလာမရှိနိုင်ပါ။

**ညအပူချိန်များ**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများဆီသို့ အရှေ့မြောက်လေအေးများတိုးဝင်မှုများစွာ လျော့နည်းသွားနိုင်ပြီး တစ်ပြည်လုံးတွင် အအေးပေါ့နိုင်ပါတယ်။ ညအပူချိန်များအနေနဲ့ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့တွင် ၉ ဒီဂရီ စင်တီဂရိတ် ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကယားပြည်နယ်၊ နေပြည်တော်တိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရခိုင်ပြည်နယ် ၁၁-၁၅ ဒီဂရီ စင်တီဂရိတ်၊ ကရင်ပြည်နယ်နဲ့ရန်ကုန်တိုင်းတို့မှာ ၁၆-၁၉ ဒီဂရီစင်တီဂရိတ်နဲ့ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ ၂၀ ဒီဂရီစင်တီဂရိတ် ရှိနိုင်ပါတယ်။

**နေ့အပူအချိန်များ**

တစ်ပြည်လုံးတွင် နေ့အပူချိန်များ ဖြစ်မြဲထက် ပိုမိုမြင့်တက်နေနိုင်။ အထူးသဖြင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့တွင် နေ့အပူရှိန်များ သိသိသာသာ မြင့်တက်နိုင်။ ကျန်တစ်ပြည်လုံးတွင် နေ့အပူချိန်များ အနည်းငယ် မြင့်တက်နိုင်။

**မြူကျဆင်းနိုင်မှုအခြေအနေ**

ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းတို့မှာ နံနက်ပိုင်း အချိန်ခါများမှာ မြူများ ဆက်လက်ကျဆင်းနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်အတွင်းတွင် လေထုမငြိမ်မသက်ဖြစ်လာနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**




*ယုံကြည်အပ်နှံခြင်းကတိစာချုပ်များက တရားရုံးများ၌ အဓိကသက်သေဖြစ်သည်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ရန်ကုန်ဆင်ခြေဖုံး တရားရုံးများတွင် မြီရှင်၊ မြီစား အမှုများပြား

**သွယ်သွယ်လင်း၊ အိမွန်ကျော်**

**ရန်ကုန်၊ ဇန်နဝါရီ-၃၀**

ရန်ကုန် နယ်နိမိတ်အတွင်း အခြေခံလူတန်းစားများအများစုသည် ဆင်ခြေဖုံးမြို့နယ်များရှိ တရားရုံးများတွင် မြီရှင်နှင့် မြီစားတို့ကြား ယုံကြည်အပ်နှံဖောက်ဖျက်မှု၊ လိမ်လည်မှုတို့ဖြင့် တရားစွဲဆိုမှုများ ပိုများလာကြောင်း ယင်းမြို့နယ်များရှိ ရှေ့နေများထံမှ စုံစမ်းသိရှိရသည်။

တရားမဝင် ငွေတိုးချေးသူများနှင့် ငွေချေးသူများအကြား ဖြစ်ပေါ်နေသော ယုံကြည်အပ်နှံဖောက်ဖျက်မှုနှင့် လိမ်လည်မှုများမှာ လှိုင်သာယာ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရွှေပြည်သာ အစရှိသည့် ဆင်ခြေဖုံးမြို့နယ်များရှိ တရားရုံးများ၌ နေ့စဉ်ဖြေရှင်းနေရပြီး တရားစွဲဆိုမှုပေါ် မူတည်၍ တစ်နှစ်မှ ခုနစ်နှစ်အထိ ထောင်ဒဏ်ကျနိုင်ကာ အများစုမှာ ညှိနှိုင်းဖြေရှင်း၍ အဆင်ပြေသွားကြကြောင်း ယင်းမြို့နယ်ရှိ ရှေ့နေများက ဆိုသည်။

ငွေတိုးချေးသူများက အလွတ်စာချုပ်၊ ယုံကြည်အပ်နှံစာချုပ်၊ ငွေချေးငွေငှားစာချုပ်အပါအဝင် ဗလာစာအုပ်များပေါ်တွင် ငွေချေးသူများအား ဝန်ခံကတိလက်မှတ်ထိုးစေပြီး ငွေချေးငှားခြင်းဖြစ်သည်ဟု တာမွေမြို့နယ် ကျောက်မြောင်းမှ ငွေတိုးချေးသူတစ်ဦးက ပြောသည်။

ငွေတိုးချေးသူများက ငွေရလို၍ စွဲဆိုသည့် တရားမမှုရှိပြီး ယုံကြည်အပ်နှံ ဖောက်ဖျက်မှုနှင့် လိမ်လည်မှုတို့ဖြင့် စွဲဆိုမှုပိုများနေပြီး တရားရုံး၌ သက်သေခိုင်ခိုင်မာမာ ပြနိုင်သည့်ဘက်က နိုင်သည်ဟု ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

"တရားမမှုက တရားရင်ဆိုင်ရင် အနိမ့်ဆုံး တစ်နှစ်ကျော် ၂နှစ်ကြာတော့ ငွေရှင်တွေက တရားမမှုစွဲဖို့တွန့်ကြတယ်။ ဒါကြောင့် လိမ်လည်မှုတို့၊ ယုံကြည်အပ်နှံဖောက်ဖျက်မှုတို့နဲ့ စွဲတာများတယ်" ဟု ရှေ့နေတစ်ဦးက ပြောသည်။

အရင်းပြန်လည် မဆပ်နိုင်သေးသဖြင့်အတိုးများနေ့စဉ်ပေးချေရသော မုန့်တိုး၊ မတ်တိုးများ၊ အတိုးအရင်း နှစ်ခုပေါင်းကို တစ်လတာ ရက်ပေါင်းဖြင့် စားပြီးရရှိသော ငွေပမာဏကိုနေ့စဉ်ပေးချေရသော နေ့ပြန်တိုး၊ ၁၂ ရက် အပြတ်ပေးချေရသော ၁၂ရက်ပြတ်တိုးစသည့် ချေးငွေ ပုံစံများဖြင့် ၂၀ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း အတိုးများဖြင့် ထုတ်ချေးကြလေ့ရှိသည်။ တိုးရင်းပေါင်းများလာကာ ငွေချေးသူများ ပြန်မဆပ်နိုင်၍ ရပ်ကွက်ရုံးမှတစ်ဆင့် တရားရုံးသို့ တိုင်ကြားသည်ဟု လှိုင်သာယာမြို့နယ်မှ ငွေတိုးချေးစားသူတစ်ဦးက ပြောကြားသည်။

"အခုဆိုရင် အတိုးပေးစားလို့ ပြဿနာတက်ရင် ဖြေရှင်းမပေးရဘူးဆိုပြီးအထက်က အမိန့်ထုတ်ထားတယ်။ ပြဿနာဖြစ်ရင် တရားရုံးကိုပဲ လွှတ်ရတယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးက ပြောသည်။

ရပ်ကွက်အတွင်းရှိ အဖွဲ့အစည်းများမှ အတိုးနှုန်းသက်သာစွာဖြင့် အသေးစားချေးငွေများ ချေးပေးနေသော်လည်း ဆင်းရဲနွမ်းပါးသူများ လက်ထဲ တိုက်ရိုက်မရောက်ဘဲ နီးစပ်ရာ ဆွေမျိုးများသာ ချေးယူနေကြပြီး ငွေတိုးချေးစားသူ အချို့ကလည်း စာရွက်အလွတ်၊ စာချုပ်အလွတ်ပေါ်တွင် ငွေချေးသူကို လက်မှတ်ထိုးခိုင်းကာ မတန်တဆ အတိုးနှုန်းဖြင့် တွက်ချက်ပြီး ပြန်ဆပ်ခိုင်းသည်ဟု လှိုင်သာယာမြို့နယ်မှ တရားရင်ဆိုင်နေသော ငွေချေးသူတစ်ဦးက ပြောသည်။

လိုင်စင်မဲ့ ငွေတိုးချေးသူများအား အရေးယူနိုင်သည့် ဥပဒေသပုဒ်မ ၅၇ အရ ငွေဒဏ်ဖြစ်စေ၊ ငါးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟု ၂၀၁၂ ဩဂုတ်လ ၁၇ ရက်တွင်ကျင်းပသော လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခဲ့ပြီးနောက် ငွေတိုးချေးသူများမှာ ယုံကြည်အပ်နှံ စာချုပ်များ၊ အလွတ်စာချုပ်များဖြင့်သာ ငွေချေးမှုများပြုလုပ်လာပြီးပြန်မဆပ်နိုင်သောငွေချေးသူများအားတရားရုံးများတွင် ယုံကြည်အပ်နှံမှုကို ဖောက်ဖျက်သည့် ပုံစံနှင့် ငွေရှင်များက သက်သေအခိုင်အမာ ပြကာ တရားစွဲမှုပြုလုပ်လာသည်ဟုလှိုင်သာယာတရားရုံးမှ ရှေ့နေတစ်ဦးက ပြောသည်။

"ငွေချေးသူတွေကလည်းငွေရလိုမှု တစ်ခုတည်းနဲ့ အလွယ်တကူ လက်မှတ်ထိုးတာ ရှောင်ကြဉ်သင့်တယ်" ဟု ၎င်းက ပြောကြားသည်။

IATA
PATH TRAVELS & TOURS CO., LTD.
Golden Myanmar Airlines
ရန်ကုန် ➔ မန္တလေး 27000 Ks
Tel : 505023 / 505024 / 518366
0949-282777 / 0973-911911

# ကျောတစ်ခင်းစာအရေး…

အောင်နိုင်၊ရန်မျိုးနိုင်

တဲတန်းလျားရှည်ပေါ် တက်လိုက်သည်နှင့် ဝါးကြမ်းခင်းများက တကျွီကျွီ မြည်သွား၏။ တစ်ပေခွဲသာသာ ဝါးကြမ်းခင်းထားသည့် လူသွားလမ်းဘေးတစ်ဖက်တစ်ချက်တွင် နှစ်ယောက်အိပ်ဖျာ နှစ်ချပ်စာသာရှိသော အခန်းငယ်လေးများဖြင့် အဆောင်လိုင်းခန်းငယ်များကို အတန်းလိုက် ဖွဲ့စည်းထားသည်။

တစ်ခန်းနှင့်တစ်ခန်းက ခွဲခြားကာရံထားသည့် ကျိုးတိုးကျဲတဲ ဝါးထရံများကြားမှ တစ်ဖက်ခန်းမှ အသက်ရှူသံကိုပင် ကြားနိုင်သည်။

လှိုင်သာယာမြို့နယ် အဆင့်မြင့်(၅)ရပ်ကွက်ရှိ အဆောင်တစ်ခုကို မြင်တွေ့ရခြင်းဖြစ်သည်။



ထိုအခန်းကျဉ်းလေးက ထမင်းစားခန်းလည်းဖြစ်၊ နားနေခန်းလည်းဖြစ်၊ အိပ်ခန်းလည်းဖြစ်သည် ဓာတ်ပုံ-ကျော်ဇင်သန်း

တန်းလျားတစ်ခုတွင် အခန်းငယ်လေးများဖွဲ့၍ ငှားရမ်းလေ့ရှိသော အဆိုပါ အဆောင်များကို လှိုင်သာယာမြို့နယ်တွင် ရာနှင့်ချီ မြင်တွေ့နိုင်သည်။ ထို ဖျာနှစ်ချပ်စာ အခန်းငယ်လေးများက ရန်ကုန်ဆင်ခြေဖုံးရပ်ကွက်များရှိ အခြေခံလူတန်းစားတစ်ရပ်အတွက် နားခိုရာ မိသားစုရိပ်မြုံများပင် ဖြစ်သည်။ ထိုနေရာများက ရန်ကုန်မြို့တော်ကြီးတွင် ကျောတစ်ခင်းစာရဖို့ လက်လုပ်လက်စားအခြေခံလူတန်းစားများအတွက်မည်မျှခက်ခဲသည်ကို ပြသနေသည့် မြင်ကွင်းများဖြစ်သည်။

"အိမ်သာလောက်အခန်းလေးတွေကို တစ်လကို ကျပ်နှစ်သောင်း၊သုံးသောင်းပေးပြီး နေရတယ်"ဟု လှိုင်သာယာမြို့နယ်ရှိ အဆောင်တစ်ခုတွင် နေထိုင်သော အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦးကပြောသည်။

မိသားစုကျောတစ်ခင်းစာ နေရာကို ငှားရမ်းရာတွင် အိမ်လခကိုလဆန်း ၅ ရက်ထက် မကျော်လွန်ဘဲပေးရန်၊ အိမ်ရှင်စိတ်အနှောင့်အယှက်ဖြစ်အောင် မပြုလုပ်ရန်၊ လေးဦးထက်ပိုမနေရန် စသည့် စည်းကမ်းချက်များကို လိုက်နာရသည်။

တချို့အဆောင်များမှာ ကလေးပါလျှင် လက်မခံ။ စည်းကမ်းချက်တစ်ခုကို ဖောက်ဖျက်ပါက ချက်ချင်း နှင်ထုတ်ခံရမည်ဖြစ်သည်။ လကုန်၍ အိမ်လခမပေးနိုင်ပါက ဖျာနှစ်ချပ်စာ အသိုက်အမြုံလေး ပျောက်ကွယ်သွားမည်ဖြစ်သည်။

ထို့ကြောင့် သူတို့၏ နေ့စဉ်အပူက မပြေလည်သည့်ကြားမှ အိမ်လခစုစောင်းရေး(သို့မဟုတ်) ကျောတစ်ခင်းစာ ပျောက်မသွားရေးဖြစ်သည်။

"ဝတ်ဖို့၊ စားဖို့ကို စိတ်မကူးရဲဘူး။ ကျောချစရာနေရာက အရေးကြီးတယ်။ တစ်ထောင်ရရင် ငါးရာကို နေဖို့စုတယ်။ ငါးရာကိုစားတယ်"ဟု အသက် ၁၉ နှစ်အရွယ် အိမ်ထောင်ရှင် မချို (အမည်လွှဲ) က လခအတွက် စုငွေထည့်ထားသော နို့မှုန့်ဘူးကို လှုပ်ပြရင်းဆိုသည်။ မချိုကဲ့သို့ အဆောင်နေ လူတန်းစားများမှာ နယ်မှ ရန်ကုန်သို့ လာရောက်၍ အထည်ချုပ်စက်ရုံ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဈေးရုံ၊ ပွဲရုံများနှင့် ကြုံရာကျပန်းအလုပ်များ လုပ်ကိုင်နေကြသူများဖြစ်သည်။

အခန်းခသက်သာပြီး လပေးပေးချေနိုင်ခြင်းတို့ကြောင့် ကျပ်ကျပ်တည်းတည်း ဆူဆူညံညံရှိသော်လည်း လှိုင်သာယာမြို့နယ်ရှိ အဆိုပါ အဆောင်များကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြသည်။

"ကျွန်မတို့ လင်မယားရယ်၊ အမေနှစ်ယောက်ရယ်၊ ဒီလိုပဲ မှီတပြီး အိပ်ရတာပေါ့"ဟု မချိုက အဝတ်ပုံအောက်မှ ဝေါခနဲ ထပျံသွားသော ခြင်များကို လက်ဖြင့် ရမ်းရင်းက ပြောသည်။

ထို့အပြင် လှိုင်သာယာသည် ဧရာဝတီတိုင်းမှ ရန်ကုန်တိုင်းသို့ ဝင်ပေါက်ဖြစ်ပြီး ၂၀၀၈ ခုနှစ် နောက်ပိုင်းတွင် နာဂစ်မုန်တိုင်းဒဏ်သင့် ဒေသများမှ လာရောက်အခြေချနေထိုင်မှုများပြားလာခြင်းကြောင့်လည်း လှိုင်သာယာတွင် ထိုကဲ့သို့ အဆောင်များ ပို၍ များပြားလာခြင်းဖြစ်သည်။

တစ်ရက်လျှင် ပျမ်းမျှ ၂၀၀၀ ကျပ်ခန့်သာရှိသော ဝင်ငွေအနေအထားကြောင့် သူတို့အနေဖြင့် ထိုအခန်းကျဉ်းလေးများကိုသာ ရွေးချယ်စရာမရှိ၍ နေထိုင်ရခြင်းဖြစ်သည်။

"နှစ်ပေမီးချောင်းက ဟိုဘက်အခန်းတစ်ဝက်၊ ကျွန်တော်တို့က တစ်ဝက်ယူထားတာ။ တစ်ချောင်းစာယူဖို့ ပိုက်ဆံမတတ်နိုင်ဘူး"ဟု မချို၏ခင်ပွန်း ကိုမျိုးက သူတို့အခက်အခဲကို ပြောသည်။

လျှပ်စစ်မီးက ည ၁၀ နာရီအထိသာ ပေးသဖြင့် နေ့စဉ်ကြုံတွေ့နေရသော အခက်အခဲကိုလည်း "အလုပ်က မီးပိတ်ချိန်မှ ပြန်လာတာဆိုတော့ ဖယောင်းတိုင်ထွန်းပြီးထမင်းစားရတယ်"ဟု ၎င်းကဆက်လက်ပြောပြသည်။

ထို့အပြင် အချို့အဆောင်များတွင် ရေစီးရေလာမကောင်းမွန်သဖြင့် ရေဝပ်ပြီး အနံ့အသက်ဆိုးများထွက်ခြင်း၊ လူဦးရေနှင့် အိမ်သာအရေအတွက် မမျှတမှုများ ကြုံတွေ့နေရသည်။ သက်ဆိုင်ရာက အဆိုပါအဆောင်များကို စစ်ဆေးပညာပေးခြင်းများ ပြုလုပ်ပေးသော်လည်း မြို့နယ်စည်ပင်တွင် တရားဝင်မှတ်ပုံတင်ခြင်းပြုလုပ်မထားသော ယခုကဲ့သို့ အဆောင်များရှိနေခြင်းကြောင့် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

"အခန်းလေးခန်းကို အိမ်သာတစ်လုံး ဆောက်ခိုင်းတယ်။ မဆောက်ရင် ဖျက်ခိုင်းတယ်။ အဆောင်ဆိုတာ မှတ်ပုံတင်ရတယ်။ အခုမှတ်ပုံမတင်တဲ့ အဆောင်တွေလည်းရှိတယ်"ဟု လှိုင်သာယာမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။


လှိုင်သာယာမြို့နယ်တွင် အဆောင်များ ပေါ်များလာပြီး အခြေခံလူတန်းစား ထူထပ်လာခြင်း အကျိုးဆက်တစ်ခုမှာ ငွေတိုးချေးသော လုပ်ငန်းများ တွင်ကျယ်လာခြင်းဖြစ်သည်။

ယခုအခါ အခန်းခမပေးနိုင်ပါက ကျပ်တစ်ရာလျှင် နှစ်ဆယ်၊ သုံးဆယ် အတိုးနှုန်းဖြင့် လခကို စိုက်ပေးထားခြင်းများပင် ရှိလာသည်။

စာ(၁၀)သို့




## ဝက်အစပ်ဆီပြန်



ဒီတစ်ပတ်တော့ ဝက်သားကို ခပ်စပ်စပ်ချက်ထားပါတယ်။ သာမန်ချက်နေကျပုံစံမျိုးမဟုတ်ဘဲ ဝက်ပေါင်သားကို အတုံးသေးသေးလေးတွေတုံးပြီး ချက်ထားတာပါ။

ကြက်သွန်ဖြူနီနဲ့ ခရမ်းချဉ်သီးကို ဆီသတ်ပြီးမှ ဝက်ပေါင်သားအတုံးလေးတွေကိုထည့်ပြီး ခါတိုင်းဝက်သားဟင်းချက်သလိုပဲ ချက်မှာပါ။ ဝက်သားချက်နေတုန်းမှာ ပီနံငရုတ်သီးစိမ်းကို ထောင်းထားပါမယ်။ ခရမ်းချဉ်သီးလေးတွေလိပ်ပြီး ဝက်သားလေး နူးအိသွားပြီဆိုရင် ခုနကထောင်းထားတဲ့ ငရုတ်သီးစိမ်းကို အုပ်လိုက်ပါ။

အအီပြေ အစပ်ချက်လေးမို့ ပိုမွှေးသွားအောင် ကြက်သွန်မြိတ်လေး ထည့်အုပ်လိုက်ပါ။



7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013



# လူငယ်များ ယဉ်ကျေးမှုအခြေခံမြဲစေဖို့

သတင်းအဖွဲ့

ဓာတ်ပုံ-ထက်ဝိုင်းဖြိုး(ဇဝန)

ကွန်ပျူတာများ အစီအရီထည့်ထားသော ရန်ကုန်မြို့လယ် ရပ်ကွက်တစ်ခုရှိ ၁၅ ပေ၊ ပေ ၂၀ အခန်းထဲတွင် အယုတ္တ အနတ္တ ဆဲဆိုသံများဖြင့် ဖုံးလွှမ်းနေသည်။ အုပ်စုဖွဲ့ကစားရသော ကွန်ပျူတာဂိမ်းတွင် တစ်ဖက်နှင့်တစ်ဖက် အပြိုင်အဆိုင် ဆဲဆိုနေကြသူများမှာ အဖြူ အစိမ်း ဝတ်ဆင်ထားသော ဆယ်ကျော်သက်အရွယ် ကျောင်းသားများဖြစ်နေသည်။

ကွန်ပျူတာနှင့် တီဗီဂိမ်းဆိုင်များရှိနံရံများတွင် ဆဲဆိုအော်ဟစ်၍ ကစားခြင်းမပြုရန်၊ တိတ်ဆိတ်ငြိမ်သက်စွာ ကစားရန် သတိပေးစာများ ကပ်ထားခြင်းဖြင့် လူငယ်၊ လူရွယ်များ၏ အမူအကျင့်ကို ဂိမ်းဆိုင်များက ပြန်လည်ထိန်းကွပ်နေရသည်။

ယနေ့လူငယ်များ လိမ္မာယဉ်ကျေးမှုရှိနေစေရန်နှင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာများ ထိန်းသိမ်းနိုင်ရေးသည် ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်၊ မိဘအုပ်ထိန်းသူများနှင့် ကျောင်းဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍက အရေးကြီးလာကြောင်း မီးမောင်းထိုးပြနေသည်။

ခေတ်နှင့်အတူ ပြောင်းလဲလာသော လူနေမှုဘဝများကြောင့် ကလေးလူငယ်များသည် မြေပြင်ကစားကွင်းများမှ ကွန်ပျူတာ၊ တီဗီဂိမ်းဆိုင်များသို့ ရောက်ရှိနေကြသည်။ ဆယ်ကျော်သက်အရွယ် လူငယ်များ အုပ်စုဖွဲ့ဂိမ်းကစားရာတွင် အော်ဟစ်ဆဲဆိုသံများ ဆူညံနေခြင်းက အလေ့အထတစ်ခုဖြစ်လာပြီး ငယ်ရွယ်သူများအနေဖြင့် ရိုင်းစိုင်းကြမ်းတမ်းသော သွင်ပြင်လက္ခဏာများ ပြသလာခြင်း ဖြစ်သည်။

ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဖြစ်လာမည့် သူများအတွက် လိမ္မာယဉ်ကျေးမှု ရှိနေစေရန်နှင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းနိုင်စေရန် ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်၊ မိဘအုပ်ထိန်းသူများနှင့် စာသင်ခန်းများ၏ အခန်းကဏ္ဍက အရေးကြီးပါသည်။

"အရင်ကထက် ကမ္ဘာမှာ မီဒီယာတွေ အရမ်းဖွံ့ဖြိုးလာတယ်။ မီဒီယာတွေ ဖွံ့ဖြိုးလာတဲ့ထဲမှာ ရုပ်ရှင်၊ ဗီဒီယိုတွေ၊ ဂိမ်းတွေမှာလည်း အကြမ်းဖက်တာ၊ ဒေါသဖြစ်တာတွေပါလာတယ်။ နိုင်ငံတကာနဲ့ နီးစပ်လာတော့ သူများဆီက ဝတ်ပုံ၊ စားပုံ၊ ပြောဆိုပုံတွေကိုအတုခိုးလာကြတယ်။ မိဘတွေကလည်း စီးပွားရေးပဲ လုံးပန်းနေတော့ သားသမီးအပေါ်မှာ အချိန်ပေးနိုင်မှု ရှားပါးလာတယ်"ဟု မော်လမြိုင်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်မြတ်ကျော်စိန်က ပြောသည်။

မြို့ပြယဉ်ကျေးမှု အပြောင်းအလဲနှင့်အခြေခံပညာသင်ကျောင်းများ၏ စာသင်ခန်းယဉ်ကျေးမှု အပြောင်းအလဲက ကလေးလူငယ်များ၏ အတွေးအခေါ်၊ ခံယူချက်၊ သဘောထားအမြင်နှင့် ယဉ်ကျေးမှုများအပေါ် သက်ရောက်မှုရှိနေပြီဖြစ်သည်။

"အရင်ခေတ်က အဘိုး၊ အဘွား၊ ဦးလေး၊ အဒေါ်တွေနဲ့မိသားစုအကြီးကြီး ပေါင်းနေတာများတယ်။ အဲ့ဒီတော့ ကလေးတစ်ယောက်ရဲ့ ပတ်ဝန်းကျင်မှာ ဒီလိုလူကြီးသူမတွေရဲ့ ဆိုဆုံးမမှုတွေ ရခဲ့တယ်။ အခုမြို့ပြယဉ်ကျေးမှုပုံစံက ကလေးနဲ့ မိဘနဲ့နေတာများသွားတယ်။ အခြေခံယဉ်ကျေးမှုလေးတွေကို အခြေခံမှာကတည်းက သင်ခဲ့ရမှာပါ။ မူလတန်း၊ အလယ်တန်း အဆင့်လောက်မှာ ဖိဖိစီးစီး မသင်တော့ ဒါတွေက အထက်တန်းတို့ တက္ကသိုလ်ထိ ပါလာတာပေါ့"ဟု ဒေါက်တာအောင်မြတ်ကျော်စိန်ကဆိုသည်။


ဆရာ၊ ဆရာမများနှင့် သင်ရိုးစာအုပ်များမှတစ်ဆင့် ကျောင်းသားလူငယ်များ အတွေးအခေါ်၊ ရင့်ကျက်မှု၊ အကောင်း အဆိုး၊ အကြောင်းအကျိုး ဝေဖန်သုံးသပ်ဆင်ခြင်မှု၊ စိတ်ကူးဉာဏ်ကွန့်မြူးမှု စသည့် အသိပညာများ ဖြစ်ပေါ်လာစေရန် စာသင်ခန်းများ၏ အခန်းကဏ္ဍက အသက်တမျှ အရေးကြီးနေသည်။

"ပြည်သူ့နီတိက မသင်တော့ဘူး။ အဲ့ဒါ လိုအပ်တယ်။ ကလေးတွေက ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုကို ခံရတာထက် လူတွေရဲ့ ဓလေ့စရိုက်ကို မူလတန်းမှာ သင်ကြားပေးနိုင်ဖို့ အရေးကြီးတယ်။ ဒါကြောင့် မူလတန်းကတည်းကလိမ္မာယဉ်ကျေးမှုရှိအောင် သင်ပေးထားသင့်တယ်။ ကလေးတွေ ယဉ်ကျေးမှု နည်းလာတာက ဆရာ၊ ဆရာမတွေကြောင့် မဟုတ်ပေမယ့် ပညာရေးစနစ်ကြောင့်လို့တော့ ထင်တယ်။ စာမေးပွဲအောင်ရင်ပြီးပြီ ဆိုတဲ့ စိတ်ဓာတ်တွေဝင်နေကြတယ်"ဟု မူလတန်းကျောင်းသားတစ်ဦး၏ဖခင်က ပြောသည်။

အခြေခံပညာကျောင်းများတွင် ကျောင်းသားလူငယ်များအား ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ သင်ကြားနေသလို လိမ္မာယဉ်ကျေးမှုအတွက် ပြည်သူ့နီတိဘာသာရပ်ကို တိုးမြှင့်သင်ကြားပေးရန် ကျောင်းသားမိဘများက ဆန္ဒရှိနေသည်။

"စာသင်ချိန်နဲ့ဆို သင်ရိုးညွှန်းတမ်းတွေက မမျှဘူးဖြစ်နေတယ်။ ကျောင်းသားတွေ စဉ်းစားတွေးခေါ်ဖို့အတွက် အချိန်ပေးဖို့ ရှေးမရှုနိုင်ဘူးဖြစ်နေတယ်။ သင်ရိုးပြီးပြတ်ဖို့ကိုပဲ ဦးစားပေးနေရတယ်။ ကလေးတွေ စဉ်းစားတွေးခေါ်တတ်မယ်၊ ပြဿနာကိုဖြေရှင်းတတ်မယ်၊ ကလေးတွေအချင်းချင်း ပူးပေါင်းတိုင်ပင်ပြီး လုပ်တတ်မယ်၊

တစ်ဖက်သို့









7DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

**တစ်ဖက်မှအဆက်**

ယုံကြည်မှုတွေ ရှိလာမယ့် သင်ကြားမှုနဲ့ သင်ရိုးပြီးသွားရင် အရမ်းကောင်းတယ်။ အဲ့လိုမဟုတ်ရင်သင်သာသင်နေတယ်။ ကျောင်းသားတွေအတွက် ထိရောက်မှာမဟုတ်ဘူး” ဟု အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးအဖြစ် အငြိမ်းစားယူထားသူက ပြောသည်။

“ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဖြစ်နေတာက သင်ရိုးတွေ အများကြီး ဖြစ်နေတယ်။ အဲ့ဒါကို လပိုင်းမာတိကာနဲ့ပြီးအောင် သင်နေရတယ်။ ဆရာတွေအနေနဲ့လည်း သူတို့ကို လာရောက်ကြီးကြပ်တဲ့ အဖွဲ့တွေကို သင်ရိုးတွေပြီးကြောင်း အာမခံဖို့လိုတယ်။ အဲ့ဒီတော့ ဆရာတွေက ကျောင်းသားတွေ စဉ်းစားတွေးခေါ်ဖို့အတွက် အချိန်ပေးဖို့ ရှေးမရှုနိုင်ဘူး ဖြစ်နေတယ်။ သင်ရိုးပြီးပြတ်ဖို့ကိုပဲ ဦးစားပေးနေရတယ်။ ကလေးတွေ စဉ်းစားတွေးခေါ်တတ်မယ်၊ ပြဿနာကို ဖြေရှင်းတတ်မယ်၊ ကလေးတွေ အချင်းချင်း ပူးပေါင်းတိုင်ပင်ပြီး လုပ်တတ်မယ်၊ ယုံကြည်မှုတွေရှိလာမယ်၊ အဲ့ဒီလိုနဲ့ သင်ရိုးပြီးသွားရင် အရမ်းကောင်းတယ်။ အဲ့လိုမဟုတ်ရင် သင်တာသင်နေတယ်၊ ကျောင်းသားတွေအတွက် ထိရောက်မှာမဟုတ်ဘူး” ဟု အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးအဖြစ် အငြိမ်းစားယူထားသူက ပြောသည်။

လက်ရှိဖြစ်တည်နေမှုတစ်ခုမှာ ကျေးလက်နှင့် မြို့ပြဒေသအ ချို့ရှိ ဆရာ၊ ဆရာမများထက် ကျောင်းသားလူငယ်များက မီဒီယာများ၊ ကွန်ပျူတာ၊ အိုင်တီပစ္စည်းများနှင့် ပိုမိုထိတွေ့ခွင့် ရရှိနေကြခြင်း ဖြစ်သည်။ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော ဆရာ၊ ဆရာမများသည် ခေတ်စနစ်နှင့် အလှမ်းကွာမှုကြီးမားနေသလို အခြားဆရာ၊ ဆရာမများသည်လည်း ကျောင်းလုပ်ငန်းတာဝန်များ၊ သင်ရိုးသင်ခန်းစာများနှင့် အချိန်ကုန်ဆုံးနေကြရသည်။

ထို့ပြင် ရုပ်သံလိုင်းများ၏ နိုင်ငံခြားဇာတ်လမ်းတွဲများက ကျောင်းသား၊ ကျောင်းသူများကို သိသိသာသာ လွှမ်းမိုးမှု ရှိနေပြီး ဆရာ၊ ဆရာမများ၏ ပြောဆိုဆုံးမသွန်သင်များကို နာခံလိုမှု လျော့ကျလာကြောင်း ဆရာ၊ ဆရာမအချို့က ဆိုသည်။

“ခုခေတ်က တီဗီတွေ၊ အင်တာနက်တွေလည်း ကြည့်ကြတော့ မြင်လွယ်၊ တတ်လွယ်လာကြတယ်။ ဆရာ၊ ဆရာမတွေရဲ့ ပြောဆိုဆုံးမမှုထက် လွတ်လွတ်လပ်လပ် တွေးခေါ်နေကြတယ်။ ဆရာမတို့ကတော့ ပြည်သူ့နီတိပိုင်းကို သင်ဖို့လည်း အချိန်မရပါဘူး။ စာမေးပွဲတွေကလည်း အမြဲစစ်နေရတော့ လိမ္မာရေးခြားရှိအောင် သင်ဖို့ အာရုံမစိုက်နိုင်ကြဘူး။ ခုဆို ကလေးတွေကြားထဲမှာ ကိုရီးယားယဉ်ကျေးမှုတွေ ပိုပြီးလွှမ်းမိုးလာတာ တွေ့ရတယ်”ဟု ဇီးကုန်းမြို့နယ်မှ အလယ်တန်းပြဆရာမတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံရှိ အခြေခံပညာသင်ရိုးညွှန်းတမ်းများသည် ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲမှုတွင် အားနည်းမှုရှိနေပြီး စာသင်ခန်းတွင်း ကလေးငယ်များ၏ အသိပညာစွမ်းရည်နှင့် သဘောထားအမြင်များ ဖွံ့ဖြိုးလာအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် လိုအပ်နေကြောင်း ပညာရှင်များက ထောက်ပြနေကြသည်။

‘ပညာရေးစနစ် ဖြစ်တည်မှုအရ ကျောင်းသား၊ ကျောင်းသူများသည် အသိဉာဏ်ပညာ ဖွံ့ဖြိုးရန်နှင့် လိမ္မာယဉ်ကျေးမှု ရှိလာစေရန် ပညာသင်ကြားခြင်းထက် အလွတ်ကျက်မှတ်၍ စာမေးပွဲရလဒ်ကောင်းမွန်ရန် ဦးစားပေးလာကြသည်။ ထို့ကြောင့် လူငယ်လူရွယ်များသည် စာသင်ကျောင်းနှင့် ကျူရှင်များတွင် အချိန်များကို အသုံးပြုနေရပြီး ပြင်ပစာပေဖတ်ရှုမှုနှင့် ဗဟုသုတရှာဖွေမှုအတွက် အချိန်အသုံးပြုမှု သိသိသာသာ လျော့ကျနေခဲ့ပြီဖြစ် သည်။

“ကျောင်းသားတွေ အားလုံးရိုင်းတယ်လို့တော့ ပြောလို့မရပါဘူး။ တကယ်လို့ ရိုင်းနေရင်လည်း သူတို့နေထိုင်ကြီးပြင်းတဲ့ ပတ်ဝန်းကျင်နဲ့လည်း ဆိုင်ပါတယ်။ ကျောင်းသင်ရိုးညွှန်းတမ်းထဲမှာ ယဉ်ကျေးလိမ္မာဖို့တော့ အဓိကမပါပါဘူး။ ဒါပေမဲ့ ဆရာတွေက လိုအပ်တာရှိရင် ဆုံးမကြပါတယ်”ဟု လှိုင်သာယာမြို့နယ်မှအထက်တန်းပြဆရာမတစ်ဦးက ပြောသည်။

ကလေးလူငယ်များ လိမ္မာယဉ်ကျေးမှုနှင့် အသိဉာဏ်ရင့်သန်လာစေရန် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရေးနှင့် စာသင်ခန်းများတွင် သင်ကြားသင်ယူမှု နည်းစနစ်နှင့် သင်ရိုးညွှန်းတမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် အစီအစဉ်များလိုအပ်နေပြီ ဖြစ်သည်။

တစ်ချိန်တွင်လူအဖွဲ့အစည်းနှင့် လုပ်ငန်းခွင်ဘဝသို့ဝင်ရောက်ကြမည့် လူငယ်များအတွက် အပြန်အလှန်နားလည်မှု၊ မျှဝေသုံးစွဲမှုဆိုင်ရာစံနှုန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားပေး ဆောင်ရွက်သွားရန် ပညာရှင်တစ်ဦးက ထောက်ပြအကြံပြုသည်။

“ဆရာတွေနဲ့ မိဘအုပ်ထိန်းသူတွေက ဘယ်လိုအရေးကြီးလည်းဆိုတော့ မျှဝေရမယ်ဆိုတဲ့ စံနှုန်းလေးတစ်ခု ကလေးတွေမှာ ဖွံ့ဖြိုးဖို့ တိုက်တွန်းမှုတွေ လိုအပ်တယ်။ ဒီအခြေခံရသွားရင်ကလေးတွေမှာ သူတို့သက်တူရွယ်တူတွေ အချင်းချင်း ဆက်သွယ်ဖို့၊ အတုံ့အလှည့်၊ ညှိနှိုင်းရင်း မျှတမှုစံကို တဖြည်းဖြည်း တည်ဆောက်သွားဖို့ပဲ။ ဒါတွေ အကြိမ်ကြိမ်လုပ်မှ သူတို့ အသက်တွေ ကြီးလာတာနဲ့ အတူ မျှဝေမှုကို သိနားလည်လာမှာပါ”ဟု ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာနမှ ပါမောက္ခဒေါက်တာ နီလာဖြူက ဆိုသည်။

**နေလင်းထွန်း၊ အေးသူစံ၊ ရဲနောင်၊ဇွဲဉာဏ်**



# ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ဘာကို တန်ဖိုးထားရမလဲ

ကိုယ့်ရဲ့နေ့စဉ်ဆုံးဖြတ်ချက်တွေဟာ ကိုယ့်ကို ဘယ်လိုလူဖြစ်လာမလဲဆိုတာကို ပုံဖော်နေတာပဲ။ ဖန်တီးနေတာပဲ။ ဆုံးဖြတ်ချက်တွေဟာ အုတ်ချပ်နဲ့တူတယ်။ အဲဒီ အုတ်ချပ်ကလေးတွေကို တစ်ချပ် ချင်းစီပြီး ဆောက်သွားတဲ့ အခါမှာ အိမ်တစ်အိမ်ဖြစ်လာသလိုပဲ အဲဒီ ဆုံးဖြတ်ချက်တွေ စုပေါင်းလိုက်တဲ့အခါမှာ လူတစ်ယောက်ဖြစ်လာတယ်။


မှန်ကန်တဲ့ ဆုံးဖြတ်ချက်ကိုချတဲ့အခါမှာ လွတ်လပ်တဲ့သူ၊ တာဝန်သိတဲ့သူ ဖြစ်လာတယ်။

တကယ် လွတ်လပ်တဲ့ လူသားတစ်ယောက်၊ တကယ်လူပီသ တဲ့ လူသားတစ်ယောက်၊ တကယ် လူဖြစ်ရကျိုးနပ်တဲ့ လူသားတစ် ယောက်၊ ကိုယ့်ဘဝကို ကိုယ် တကယ်ကျေကျေနပ်နပ်နေတဲ့ လူသားတစ်ယောက် ဖြစ်လာဖို့၊ တကယ်မြင့်မြတ်တဲ့ လူသားတစ်ယောက်ဖြစ်လာဖို့ဆိုရင် အချိန်တိုင်း၊ အချိန်တိုင်းမှာ ချနေတဲ့ ဆုံးဖြတ်ချက်တွေကို ကြည့်ပြီးတော့ ကိုယ်ဦးတည်ထားတဲ့ ဦးတည်ချက် ကို အထောက်အကူပေးမယ့် ဆုံး ဖြတ်ချက်မျိုးကိုချရမယ်။ ကိုယ် ဖြစ်လာရမယ်လို့ မှန်းထားတဲ့ လူသားတစ်ယောက် ဖြစ်လာဖို့အရေးကို ထိခိုက်သွားစေမယ့် ဆုံးဖြတ်ချက်မျိုးကို ချမယ်ဆိုရင် သတ္တိမရှိရာကျမယ်။ သစ္စာမရှိရာကျမယ်။

ပစ္စည်းဥစ္စာရဖို့ မသင့်တော်တဲ့ ဆုံးဖြတ်ချက်တွေကို ချနေမယ်ဆိုရင် သတ္တိမရှိတဲ့လူလို့ ဆိုရမယ်။ နောက်တစ်နည်းအားဖြင့်ဆိုရင်လည်း ကိုယ့်ဘဝကို အမြစ်ကနေ တူးဖြိုနေတဲ့သူလို့ ဆိုရမယ်။

တချို့က တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်ရဲတာ၊ ထိုးရဲတာ၊ ကျိတ်ရဲတာ၊ ပစ်ရဲတာ၊ ခတ်ရဲတာ၊ ခန္ဓာကိုယ်မှာ နာသွားမှ သွေးထွက်သံယိုဖြစ်သွားမှာကို မကြောက်တာ၊ အဲဒီလို မိုက်မဲတာကိုပဲ သတ္တိရှိတာလို့ အဓိပ္ပာယ်ကောက်မှားတတ်တယ်။ အမှန်တော့ သတ္တိဆိုတာ အတွင်းစိတ်ဓာတ်ရဲ့ အရည်အသွေးတစ်မျိုးဖြစ်တယ်။

**ဆရာတော် ဦးဇောတိက (မဟာမြိုင်တောရ)**



အယ်ဒီတာ့ထံ ပေးစာ

# တရားမျှတမှုများ ရှိစေချင်ပါသည်

ကျွန်မတို့သည်မိမိနေထိုင်ရာအရပ်ဒေသများနှင့်အလွန်ဝေးကွာသော တိုးချဲ့မြို့နယ်များ၏ အစွန်အဖျား တောရွာများ၌ တာဝန်ထမ်းဆောင်နေသော ကျောင်းဆရာမများဖြစ်ကြပါသည်။ ကျွန်မတို့ကဲ့သို့ မိဝေး၊ ဖဝေးနေရာများ၌ တာဝန်ထမ်းဆောင်နေရသူများ၏ အဓိကလိုအပ်ချက်မှာ မိမိနေထိုင်ရာ အရပ်ဒေသများသို့ပြန်လည်ပြောင်းရွှေ့လိုကြခြင်းသာ ဖြစ်ပါသည်။ သို့အတွက် ဘဝတူ ဆရာ၊ဆရာမ အများစုသည် အပြောင်းအရွှေ့အတွက်၊ ရာထူးတိုးများအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားကြပါသည်။

ဤတွင် မသမာသူများ၊ လာဘ်စားသူများ၊ ပွဲစားများ ပေါ်ပေါက်လာပါသည်။ ပြောင်းရွှေ့လိုသော အရပ်ဒေသများအရ ဈေးနှုန်းမှာ ငါးသိန်းမှ သိန်း ၂၀၊ ၃၀ အထိပင် ရှိကြပါသည်။ ကျောင်းဆရာများ၏ လစာ ငွေမှာ ဤငွေကြေးဖြင့် မည်သို့မှ မယှဉ်နိုင်ပါချေ။ ကျောထောက်နောက်ခံမရှိသူ ကျွန်မတို့ကဲ့သို့ ဘဝတူ ဆရာ၊ဆရာမများအနေဖြင့် တောရွာတွင် မနေထိုင်လိုတော့ပါက ဤပမာဏငွေကြေးကို မပေးနိုင်လို့လျှင် အလုပ်ထွက်ရုံမှ တစ်ပါး မည်သည့်နည်းလမ်းရှိပါသနည်း။

ကျွန်မတို့သည် တောရွာတွင် အနေအစား ဆင်းရဲစွာဖြင့် ဒုက္ခမျိုးစုံခံကာ ချမှတ်ထားသောစည်းမျဉ်းနှင့်အညီလုပ်သက်များစုဆောင်း၍ အပြောင်းအရွှေ့များတင်ခဲ့မိပါသည်။ အကြိမ်ကြိမ်တင်ခဲ့သော်လည်း ပြောင်းရွှေ့ခွင့်မရသောအခါ ဦးစီးဌာနမှ တာဝန်ရှိသူများထံ ဝင်ရောက်၍ မေးမြန်းစုံစမ်းမိပါသည်။ ထိုအခါ ကျွန်မတို့လျှောက်သော မြို့နယ်သည်လစ်လပ်မရှိသောကြောင့်ဟူ၍လည်းကောင်း၊ အသနားခံစာမတင်သောကြောင့်ဟူ၍လည်းကောင်း၊ မိဘများအား စောင့်ရှောက်ရန်ဟူသော အကြောင်းပြချက်သည် ရိုးစင်းလှသော အကြောင်းပြချက်၊ လိမ်ညာသောအကြောင်းပြချက်ဖြစ်သည်ဟူ၍လည်းကောင်းဆို၍ လျှောက်လွှာအား ပယ်ချခဲ့ရပါသည်ဟု ဖြေရှင်းချက်ပေးခဲ့ပါသည်။

ဘွဲ့မရသေးသော လုပ်သက်နည်းသော အသိဆရာမများ သူတို့မြို့နယ်များအတွင်းသို့ ပြန်လည်ရောက်ရှိသွားခြင်းကိုမူ နေရာလစ်လပ်သောကြောင့်ဟုဆိုပါသည်။

ကျွန်မတို့ကဲ့သို့ ဘဝတူဆရာ၊ဆရာမများသည် အပြောင်းအရွှေ့အတွေ့အကြုံမရှိသောကြောင့်ဖြစ်စေ၊ ပွဲစားများနှင့် အဆက်အသွယ်မရှိသောကြောင့်ဖြစ်စေ၊ အပြောင်းအရွှေ့လျှောက်လွှာတွင် ဦးစားပေးမြို့နယ်များ အရေးမှားခြင်း၊ အသနားခံစာတင်ရခြင်းအကြောင်းများကို မသိခြင်းများကြောင့် တစ်နှစ်နောက်ကျရခြင်းများမှာ အလွန်နစ်နာလှသည်ဟု ထင်ပါသည်။ ထို့ကြောင့် ဦးစီးဌာနသည် မိမိရပ်ရွာသို့ ပြန်လည်ရောက်ရှိရန် အပြောင်းအရွှေ့လျှောက်ထားသူများ၏ ဦးစားပေးမြို့နယ်မှ အသနားခံစာများအား အဓိကမစဉ်းစားဘဲ ထိုသူများနေထိုင်ရာ မြို့နယ်နှင့် အနီးစပ်ဆုံး စည်ပင်မြို့သစ်မြို့နယ်များ အား လုပ်သက်ဖြင့် ဦးစားပေးစိစစ်၍ တရားမျှတစွာ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ တိတိကျကျ မှန်မှန်ကန်ကန် နေရာချထားပေးပါရန် တောင်းဆိုအပ်ပါသည်။ ထိရောက်အောင်မြင်သော သင်ကြားမှုတစ်ခုဖြစ်စေရန် ဝန်ထမ်းများ၏ စိတ်ခံစားမှုသည် များစွာအရေးကြီးပါသည်။ ဤသည်ကို ဦးစီးဌာနအနေဖြင့် စာနာထောက်ထားစွာဖြင့်မှန်ကန်စွာစိစစ်ပေးပါရန်တောင်းဆိုအပ်ပါသည်။ လာဘ်စားမှုမသမာမှုများကိုလည်း ဖြေရှင်းပေးပါရန် 7Day News ပေးစာကဏ္ဍမှ တစ်ဆင့် တောင်းဆိုအပ်ပါသည်။

**ကေသီ**

မအေးအေးမော်ဦးစီးသော နီလာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
နီလာ
Shopping

7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

မျက်နှာဖုံးမှ

## အစိုးရနှင့် ကေအိုင်အို စစ်ပြေငြိမ်းရေး အမြန်အကောင်အထည်ဖော်ရန်သဘောတူ

ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သော ကေအိုင်အေဒုတိယစစ်ဦးစီးချုပ်ဗိုလ်ချုပ်ဂွန်မော်က "အတော်အသင့် ကျေနပ်အားရပါတယ်။ ရှေ့ဆက်မယ့်ဆွေးနွေးပွဲတွေအတွက် အစပြုနိုင်တယ်လို့ ပြောနိုင်ပါတယ်"ဟု 7Day News ၏ ဆက်သွယ်မေးမြန်းချက်ကို အွန်လိုင်းမှတစ်ဆင့်ဖြေကြားသည်။

ပဋိပက္ခ၏ အဓိကပြဿနာဖြစ်နေသော နှစ်ဖက်တပ်များရောထွေးနေခြင်းနှင့် တပ်များနီးကပ်နေသည့်အတွက် တပ်များနေရာချထားရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ခြင်းရှိ၊ မရှိ မေးမြန်းရာ ယခုဆွေးနွေးပွဲတွင် တပ်ကိစ္စမပါသေးဘဲ မူအရဆွေးနွေးရေးနှင့် အဖြေရှာရန်၊ စစ်အရှိန်လျှော့ရန် အဓိကဆွေးနွေးဖြစ်ခဲ့ကြောင်း ဗိုလ်ချုပ်ဂွန်မော်က ဖြေကြားသည်။

"လူထုရဲ့စိတ်ဓာတ်လုံခြုံရေးရဖို့ကြိုးစားရဦးမှာဖြစ်ပါတယ်"ဟု ဗိုလ်ချုပ်ဂွန်မော်က 7Day News ကို ဖြေကြားသည်။

ဆွေးနွေးပွဲတွင်ပါဝင်ခဲ့သော မြန်မာငြိမ်းချမ်းရေးစင်တာမှ တာဝန်ရှိသူ ဦးလှမောင်ရွှေက ဆွေးနွေးပွဲနှင့်ပတ်သက်ပြီး "တော်တော်လေးအားတက်မိတယ်။ အလားအလာကောင်းတဲ့ဆွေးနွေးပွဲတစ်ခုလို့ ပြောလို့ရပါတယ်။ ပဋိပက္ခတွေ ဒီလောက်ဖြစ်ပြီးရာကနေ ဆွေးနွေးရာမှာ တစ်ဖက်နဲ့တစ်ဖက် အပြစ်မတင်ဘဲနဲ့ ငြိမ်းချမ်းရေးရအောင် ဘယ်လိုလုပ်မလဲဆိုတာကို ဦးတည်ဆွေးနွေးခဲ့ကြတယ်။ မျှော်လင့်ချက်အများကြီးရခဲ့တယ်" ဟု ပြောကြားသည်။

ယခုဆွေးနွေးပွဲ၏ ထူးခြားမှုမှာ တရုတ်အစိုးရမှ ကြားနေသက်သေအဖြစ် ဆောင်ရွက်ပေးခြင်းနှင့် တတိယအဖွဲ့အစည်းများဖြစ်သော ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)မှဥက္ကဋ္ဌဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)မှ ဗိုလ်မှူးချုပ်စိုင်းလူး စသူတို့က သက်သေအဖြစ် ဆွေးနွေးပွဲတွင် ပါဝင်ခဲ့ကြခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် ဆက်သွယ်ရေးလမ်းကြောင်း ထားရှိရေး၊ နှစ်ဖက် စစ်ရေးတင်းမာမှုများ လျှော့ချနိုင်ရေး၊ ဆက်လက်ပြုလုပ်မည့် ဆွေးနွေးပွဲများတွင် လေ့လာသူများနှင့် သက်သေများအဖြစ် ပါဝင်မည့် အဖွဲ့အစည်းများ ဖိတ်ခေါ်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး နောက်တစ်ကြိမ်ဆွေးနွေးပွဲကို ကေအိုင်အေအနေနှင့် ညီညွတ်သော တိုင်းရင်းသားဖက်ဒရယ်ကောင်စီ (UNFC)နှင့် ညှိနှိုင်းပြီးနောက် ဖေဖော်ဝါရီလမကုန်မီကျင်းပနိုင်ရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပသွားရန် သဘောတူညီခဲ့ကြောင်း ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၁ ရက်နေ့စွဲဖြင့် ကေအိုင်အိုဘက်မှကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ရာ မြန်မာ့တပ်မတော်အနေနှင့် ထိုးစစ်များ ဆင်နွှဲခြင်းကို ရပ်ဆိုင်းပါက ကေအိုင်အေကလည်း ပြဿနာဖြစ်ပွားနိုင်မည့်စစ်ရေးလှုပ်ရှားမှုများကိုပြုလုပ်မည်မဟုတ်ဘဲ ကေအိုင်အိုအနေနှင့် နိုင်ငံရေးပြဿနာများကို ဆွေးနွေးခြင်းဖြင့် အဖြေရှာနိုင်မည်ဟု ယုံကြည်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ နောက်တစ်နေ့မှာပင်အစိုးရဘက်မှ ကြေညာချက်တစ်စောင် ထုတ်ပြန်ရာတွင်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီနှင့် ကေအိုင်အို၊ ကေအိုင်အေနှင့် ဆွေးနွေးပွဲများ စတင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင်အဖွဲ့အစည်းများ အပါအဝင် အခြားသော အဖွဲ့အစည်းများကတွေ့ဆုံဆွေးနွေးရေး ဆောင်ရွက်နိုင်ရန် ကူညီနေမှုများကို အသိအမှတ်ပြုကြောင်း ပြောကြားခဲ့သည်။

ထိုသို့ ထုတ်ပြန်ပြီး နှစ်ရက်အကြာတွင် ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော လေးလအကြာ ၂၀၁၂ခုနှစ် စက်တင်ဘာ ၃၀ ရက်က အစိုးရနှင့်ကေအိုင်အိုတို့ရွှေလီမြို့မှာပင် တွေ့ဆုံဆွေးနွေးခဲ့ပြီး ထိုတွေ့ဆုံပွဲတွင် နိုင်ငံရေးအရ ဆွေးနွေးရန် အစိုးရဘက်မှ သဘောတူညီပြီး ဇန်နဝါရီတွင်ပြန်လည်တွေ့ဆုံရန် ကမ်းလှမ်းခဲ့သော်လည်း ဒီဇင်ဘာလဆန်းမှစကာ ကေအိုင်အိုဌာနချုပ်ရှိရာ လိုင်ဇာအနီး လဂျားယန်ဒေသတွင် တိုက်ပွဲများ ပြင်းထန်ခဲ့သည်။ ဖားကန့်ဒေသတွင်လည်း တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ကာ နှစ်လကျော်အတွင်း တိုက်ပွဲအကြိမ်ရေ အများဆုံးနှင့် အတင်းမာဆုံး အခြေအနေသို့ ရောက်ရှိခဲ့သဖြင့် တွေ့ဆုံနိုင်ခဲ့ခြင်းမရှိပေ။ အစိုးရဘက်မှ လေကြောင်းပစ်ကူမှုများကို တစ်လနီးပါးကြာ အသုံးပြုခဲ့ပြီး နိုင်ငံတကာနှင့်ကုလသမဂ္ဂမှလေကြောင်းအသုံးပြုခြင်းရပ်တန့်ရန် ဖိအားပေးတောင်းဆိုမှုများကြောင့် တစ်လအကြာတွင် ရိက္ခာပို့ရန်အတွက်သာ အသုံးပြုခဲ့သည်။ လိုင်ဇာအနီးဖြစ်ပွားသော တိုက်ပွဲများတွင် တရုတ်နိုင်ငံဘက်ခြမ်းသို့တိုင်အောင် လက်နက်ကြီးများ ကျရောက်မှုရှိခဲ့သည်။

ထိုသို့ ပဋိပက္ခများကြီးထွားလာပြီးနောက် တရုတ်နိုင်ငံအစိုးရ၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် ရွှေလီမြို့တွင် ထပ်မံတွေ့ဆုံနိုင်ခြင်းဖြစ်သည်။ ပဋိပက္ခများ ပြေလည်စေရန် ဆွေးနွေးညှိနှိုင်းမှုများ အကြိမ်ကြိမ်ပြုလုပ်ကာ နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာရန် လိုအပ်ကြောင်း နိုင်ငံရေးလေ့လာစောင့်ကြည့်သူများက သုံးသပ်သည်။

---

မျက်နှာဖုံးမှ

## သားဖွားမီးယပ်ဆရာဝန်တစ်ဦးအား ကုသခွင့်လိုင်စင် ငါးနှစ်ပိတ်

အဆိုပါ ဖြစ်စဉ်အား နစ်နာသူဘက်မှ လွန်ခဲ့သည့် တစ်နှစ်ကျော်က စာနယ်ဇင်းရှင်းလင်းပွဲများ ပြုလုပ်၍ ဂျာနယ်များတွင် ဖော်ပြနိုင်ရန် ကြိုးစားခဲ့သော်လည်း စာပေစိစစ်ရေးမူဝါဒများကြောင့် ဂျာနယ်တစ်စောင်တွင်သာ ဖော်ပြခဲ့သည်။

ထိုဆရာဝန်အား လိုင်စင်ပိတ်သိမ်းထားသည့် အကြောင်းအား ပြည်ထဲရေး ဝန်ကြီးဌာန၊ တိုင်းဦးစီးမှူးရုံးစသည့် သက်ဆိုင်ရာ အဖွဲ့အစည်း အားလုံးထံသို့ အကြောင်းကြားထားပြီး ဖြစ်သည့်အတွက် နောက်ထပ်ပြောကြားရန် မရှိကြောင်း ဆေးကောင်စီဥက္ကဋ္ဌက ဆက်လက်ပြောသည်။

လိုင်စင်ပိတ်သိမ်းခံရသည့် သားဖွားမီးယပ် ဆရာဝန်အမျိုးသမီးသည် လူနာဖြစ်သူအား ကိုယ်ဝန်စောင့်ရှောက်စဉ် ခန့်မှန်းမွေးဖွားရက် တွက်ချက်ရာတွင် မှားယွင်းခြင်း၊ ခွဲစိတ်မွေးဖွားရန် ဆုံးဖြတ်ချက်မှားယွင်းခြင်း၊ ခွဲစိတ်ခြင်း မပြုခင် လူနာအားလုံလောက်သော ရှင်းပြခြင်း မရှိခြင်းနှင့်ခွဲစိတ်မွေးဖွားပြီးနောက်ကလေးနုနေမှန်းသိပြီး လုံလောက်သော ကုသမှုများ လုပ်ဆောင်ခဲ့သော်လည်း လူနာရှင်နှင့် ဆက်ဆံရာတွင်လိုအပ်ချက်များ ရှိနေခြင်းများ ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု မြန်မာနိုင်ငံ ဆေးကောင်စီ၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

"ဒီဖြစ်စဉ်က ဘာကြောင့်ဖြစ်တယ်ဆိုတာတော့ သေချာမသိပါဘူး။ နေရာတိုင်းမှာတော့ဖြစ်နေတယ်။ အဲဒီအတွက် လူနာတွေဘက်ကိုလည်း မနစ်နာအောင်၊ ဒီလိုပြဿနာတွေဖြစ်လာရင် အကြောင်းကြားတိုင်တန်းနိုင်တဲ့နေရာမျိုးတွေ လိုအပ်တဲ့အပြင် ဆရာဝန်တွေဘက်ကိုလည်း တရားတပေါင်ဖြစ်လာရင် ကူညီဖြေရှင်းပေးမယ့်အဖွဲ့အစည်းတွေနဲ့ ဘက်မျှအောင်လုပ်ဖို့လိုတယ်လို့ထင်တယ်"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လည်းဖြစ် အထွေထွေရောဂါကုဆရာဝန်လည်းဖြစ်သည့် ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။

၂၀၀၉ ခုနှစ်အတွင်းကလည်း ပုဂ္ဂလိက ဆေးရုံတစ်ခုတွင် သွေးလွန်တုပ်ကွေးရောဂါနှင့် အူအတက်ရောင်ရောဂါ မှားယွင်းကုသမှုကြောင့် အမျိုးသမီးငယ်တစ်ဦး သေဆုံးသွားခဲ့သည့် အတွက် ထိုကုသခဲ့သည့် အထူးကုဆရာဝန်အား လိုင်စင်ပိတ်သိမ်းအရေးယူခဲ့သည့် ဖြစ်စဉ်တစ်ခုဖြစ်ပွားခဲ့ဖူးပြီး ထိုဖြစ်စဉ်ပြီးနောက် အလားတူ ပြဿနာများ မကြာခဏ ပေါ်ပေါက်လာပြီး အရေးယူတိုင်ကြားမှုများလည်း ရှိလာသည်။

ပြဿနာဖြစ်ပွားမှ အရေးယူခြင်းဖြင့် နှစ်ဦးနှစ်ဖက် ပြဿနာပိုမိုကြီးထွားလာစေသည့်အတွက် ဆရာဝန်များကလည်း ဆရာဝန်ကျင့်ဝတ်အား လိုက်နာရန်နှင့် လူနာဘက်တွင်လည်း အခြေအနေတစ်ခုတွင် ဖြစ်လာနိုင်သည့် နောက်ဆက်တွဲအခြေအနေများအား သိရှိသည့်အသိပညာများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဒေါက်တာမြတ်ဉာဏစိုးက ဆက်လက်ပြောသည်။

ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်
GRACE MANAGEMENT & CONSULTANCY SERVICES PTE., LTD
SINGAPORE
အောင်ချမ်းမြေ့
အမှတ်(၂၄၉)၊ 2B,5B,6B,7B ထပ်၊ ဘားဂရာလမ်းမကြီး၊
အမှတ်(၂၅၁)၊ (6B,7B ထပ်)၊ ဘားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။
(Open 7:00 am To 7:00 pm)
"အောင်" ပြီး "ချမ်းမြေ့" မှုတွေရရှိရန် "အောင်ချမ်းမြေ့"
ကိုလာခဲ့ပါ။
(Sat & Sun) (Wed&Thur)
(Mon&Tue) (Thur&Fri)
(Tue&Wed)
(Sat Only)
(Sun Only)

| | | | |
|---|---|---|---|
| (I) | 07:00 am to 09:00 am | (IV) | 11:00 am to 02:00 pm |
| (II) | 08:00 am to 11:00 am | (V) | 01:00 pm to 04:00 pm |
| (III) | 09:00 am to 12:00 pm | (VI) | 05:30 pm to 07:30 pm |


---

စာ(၃)မှ

## အစိုးရတွင် နိုင်ငံတကာသို့ ပြန်ဆပ်ရမည့်ကြွေး ကန်ဒေါ်လာ သန်းကိုးထောင်ကျော်ရှိ

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပဲရစ်ကလပ်တို့မှ ချေးငွေမရတော့သဖြင့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ ဆာဗီးယားနှင့် ဂျပန်နိုင်ငံတို့မှ ချေးယူခဲ့ရပြီး တရုတ်နိုင်ငံကို ပေးရန် အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော် ကျန်ရှိကြောင်း ဝန်ကြီးဦးဝင်းရှိန်က ပြောသည်။

"အုပ်ချုပ်မှု ညံ့ဖျင်းတဲ့အတွက် သုံးထားတဲ့အပေါ်မှာ အောင်မြင်သင့်သလောက် မအောင်မြင်ဘူး။ သုံးထားတဲ့ ဘတ်ဂျက်ကိုပြန်ကြည့်ရင် ဒီထက် တိုးတက်သင့်တယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးနှင်းဦးက သုံးသပ်သည်။

ယခုကဲ့သို့ အကြွေးအချို့တစ်ဝက် ပြန်ဆပ်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံက ချေးငွေတစ်ချို့ ထပ်မံရရှိလာမည်ဖြစ်သည်။

"ဒီလိုရရှိမယ့် သန်းပေါင်းများစွာသော ရန်ပုံငွေတွေကို ကမ္ဘာ့နိုင်ငံများအလယ်မှာ တာဝန်သိတဲ့၊ ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ဖို့၊ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးဖို့အတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချဖို့၊ အရေးကြီးတဲ့ စာသင်ကျောင်းတွေ၊ ဆေးရုံတွေ၊ လမ်းတံတားတွေဆောက်ဖို့၊ လျှပ်စစ်ဓာတ်အားတွေ ထုတ်လုပ်ဖို့နဲ့ ရေကောင်းရေသန့်တွေ ရရှိနိုင်ဖို့ အသုံးပြုနိုင်မှာဖြစ်ပါတယ်" လို့ သမ္မတဦးသိန်းစိန်က ဖေဖော်ဝါရီလ ၁ ရက်တွင်ရေဒီယိုမှတစ်ဆင့်အများပြည်သူကိုပြောသော မိန့်ခွန်း၌ ထည့်သွင်းပြောကြားခဲ့သည်။

ကျန်ရှိနေသော ကြွေးမြီများနှင့် ပတ်သက်၍ စီးပွားရေးပညာရှင်တစ်ဦးဖြစ်သော ဒေါက်တာ ဇော်ဦးက "ကျန်နေတဲ့ အကြွေးတွေကို ကျွန်တော်တို့ ဆပ်နိုင်မှာပါ။ ဆပ်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့နိုင်ငံရဲ့ အလားအလာကောင်းတွေ အများကြီးရှိနေတယ်" ဟု သုံးသပ်သည်။

ယခုပေးရန် ကျန်ရှိသော အကြွေးများထဲမှ ကမ္ဘာ့ဘဏ်အကြွေးအတွက် အတိုးနှုန်း ၀ ဒသမ ၇၅ ရာခိုင်နှုန်းဖြင့် နှစ် ၄၀ ပြန်ဆပ်ရမည်ဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်ကို ပေးရန်ရှိသော ငွေအား ၁ ရာခိုင်နှုန်းအတိုးနှုန်းဖြင့် ၂၄ နှစ်ပြန်ဆပ်ရမည်ဖြစ်ကာ ပဲရစ်ကလပ်သို့ ပေးရန်ရှိအကြွေးအား ၁၅ နှစ်အတွင်း ပြန်ဆပ်ရမည်ဖြစ်သည်။

ထိုအကြွေးများအား တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့် ပြန်လည်ပေးဆပ်ရန် အကြမ်းဖျင်း စီစဉ်ထားကြောင်း ဘဏ္ဍာအခွန်ဝန်ကြီး ဦးဝင်းရှိန်က ပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီလ ၂၇ ရက်က ဂျပန်နိုင်ငံအကူအညီဖြင့် ကမ္ဘာ့ဘဏ်သို့ ပေးရန်ရှိသော အမေရိကန်ဒေါ်လာ ၈၉၂ ဒသမ ၉၉၄ သန်းမှ သန်း ၄၃၀ ဆပ်ခဲ့ပြီး အာရှဖွံ့ဖြိုးရေးဘဏ်ချေးယူထားသော အမေရိကန်ဒေါ်လာ ၆၉၇ ဒသမ ၁၃၃ သန်းမှ ၅၁၁ ဒသမ ၅၂၉ သန်း ပြန်ဆပ်ခဲ့ကာ ပဲရစ်ကလပ်သို့ ပေးရန်ရှိသော အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၂၇ ဘီလီယံမှ ၅၀ ရာခိုင်နှုန်းကို ပဲရစ်ကလပ်က လျှော်ပစ်ပေးခဲ့သည်။

အရပ်သားအစိုးရတက်လာပြီးနောက် ကြွေးမြီလျှော်ပေးခဲ့သည်များနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတက ယခုလိုအရေးကြီးသည့်အချိန်တွင်မိတ်ဆွေကောင်းဖြစ်ကြောင်းပြသခဲ့သော နော်ဝေးနိုင်ငံနှင့်ဂျပန်နိုင်ငံအပါအဝင်ပဲရစ်ကလပ်ဝင်နိုင်ငံများ၏အကူအညီများကိုလည်း အသိအမှတ်ပြု မှတ်တမ်းတင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Health
7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

# ကင်ဆာပြဿနာ ကြီးထွားလာ



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ဝတ်ရည်အောင်**

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကင်ဆာရောဂါ အဖြစ်အများဆုံး နိုင်ငံ ၁၀ နိုင်ငံတွင် နံပါတ် ၂ နေရာ၌ ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မကြာသေးမီက ထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် ပါရှိခဲ့သည်။

ကမ္ဘာ့နံပါတ်(၂)အဖြစ် အာဆီယံဒေသတွင်းနိုင်ငံများတွင် ကင်ဆာဖြစ်ပွားမှုအများဆုံးဆိုသည့်ဂုဏ်ရပ်များရရှိထားသော မြန်မာနိုင်ငံတွင်နေထိုင်ကြသူများမှာ ကင်ဆာရောဂါနှင့်ပတ်သက်သည့် ဗဟုသုတနှင့် ဂရုပြုဆင်ခြင်မှုအပြင် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တားဆီးအရေးယူမှုများလည်း စိုးရိမ်ဖွယ်ရာ နည်းပါးနေသေးကြောင်း ပညာရှင်များက ထောက်ပြပြောဆိုနေကြသည်။

လူနာ ၄၀ ခန့်နေ့စဉ်ကုသသည့် ဆေးခန်းတစ်ခုတွင် လူနာလေးဦးတွင် တစ်ဦးမှာ ကင်ဆာရောဂါရှင်ဖြစ်နေပြီး ထိုလူဦးရေသည် လွန်ခဲ့သည့် နှစ် ၂၀ခန့်နှင့် စာလျှင် လွန်စွာများပြားလာသည့် လူဦးရေဖြစ်ကြောင်း ဒေါက်တာခင်မောင်လွင်(Fame)က ၎င်း၏ အတွေ့အကြုံကိုပြောသည်။

"အခုနာရေးဖြစ်တဲ့ အိမ်နှစ်လုံးစလုံးက ကင်ဆာရောဂါနဲ့ ဆုံးတဲ့လူကြီးပဲ။ အရင်က တို့ရွာတွေမှာသေရင်လူကြီးရောဂါကြောင့်ပဲ။အခုနှစ်ပိုင်းမှာတော့အများဆုံးသေကြတာ ကင်ဆာကြောင့်ပဲ။ လူငယ်တွေရော လူကြီးတွေရော ဖြစ်လိုက်သေလိုက်ကြတာ။ရောဂါရှိမှန်းသိတာနဲ့မကြာဘူးလပိုင်းပဲခံတယ်"ဟု ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်းမြို့နယ်မှတောင်သူတစ်ဦးကလည်း ကင်ဆာရောဂါကြောင့် သေဆုံးမှုများအပေါ် ပြောသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ ၁၀ သန်းခန့် ကင်ဆာရောဂါများဖြင့် သေဆုံးနေပြီး မြန်မာနိုင်ငံတွင်စာရင်းအတိအကျမရှိသော်လည်း ကင်ရောဂါဖြစ်ပွားသေဆုံးမှုများမှာ တဖြည်းဖြည်းသိသာများပြားလာကြောင်းသိရသည်။

ကင်ဆာရောဂါသည် နေ့စဉ်မဖြစ်မနေစားသောက်နေသည့် အစားအသောက်ကြောင့်အဓိကဖြစ်ပွားခြင်းဖြစ်သည်။မြန်မာနိုင်ငံတွင်ကင်ဆာရောဂါဖြစ်ပွားမှုများပြားရခြင်းမှာ ကင်ဆာဖြစ်စေသည့် အဆိပ်အတောက်ဓာတ်ပစ္စည်းများပါဝင်သည့်အစားအစာများနေ့စဉ်စားသုံးနေခြင်းကြောင့်ဖြစ်ကြောင်းသိရသည်။

"မီးခိုးထွက်နေတဲ့ အကင်တွေ၊ အချဉ်ရည်တွေကိုစားနေကြတာ ကင်ဆာမဖြစ်ဖြစ်အောင် ထိုင်စားနေကြသလိုပဲ။ အဲဒါတွေကြောင့်ဖြစ်မှန်းလည်းမသိကြဘူးနဲ့တူတယ်"ဟုဒေါက်တာခင်မောင်လွင်ကပြောသည်။

စာ(၁၄)သို့

# နှလုံးရောဂါဖြစ်ပွားမှု ၈၀ ရာခိုင်နှုန်းကို ကြိုတင်ကာကွယ်နိုင်

**ရိုချက်စတာ၊ဖေဖော်ဝါရီ-၁**

အမေရိကန်နိုင်ငံတွင်နှလုံးရောဂါသည် နံပါတ်တစ် လူသတ်သမားဖြစ်သော်လည်း နှလုံးရောဂါဖြစ်ပွားမှု ၈၀ ရာခိုင်နှုန်းကို ကြိုတင်ကာကွယ်နိုင်ကြောင်း အမေရိကန်နိုင်ငံ Mayo ဆေးရုံမှ နှလုံးအထူးကုဆရာဝန်ကြီးများက ပြောသည်။

နှလုံးရောဂါဖြစ်ပွားနိုင်မှုအန္တရာယ်ကို လျှော့ချနိုင်သောနည်းလမ်းများစွာရှိကြောင်း ယင်းဆေးရုံမှ ဒေါက်တာဂေါ်ဂန်ဂရိဂန်က ပြောကြားသည်။ ကိုယ်လက်လှုပ်ရှားမှုနည်းသော ဘဝနေထိုင်မှုပုံစံမှာဆေးလိပ်သောက်ခြင်းကဲ့သို့ပင် နှလုံးအတွက် အန္တရာယ်များပြီး နေ့စဉ် ၁၀ မိနစ်ခန့် လှုပ်လှုပ်ရှားရှား လုပ်ပေးပါက နှလုံးရောဂါဖြစ်ပွားနိုင်ခြေကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်ဟု ၎င်းကပြောကြားသည်။

ရုံးတွင် လုပ်ကိုင်သူများအနေဖြင့် အီးမေးလ်ပို့မည့်အစား အနားသွား၍ စကားပြောခြင်း၊ ဖုန်းပြောနေစဉ် အိမ်အတွင်း၌ လှည့်ပတ်လမ်းလျှောက်ခြင်းများ လုပ်ဆောင်နိုင်ကြောင်း ဒေါက်တာဂရိဂန်က အကြံပြုသည်။

အမေရိကန်နိုင်ငံသားများမှာ မိမိကိုယ်ကို လိမ်ညာ၍ အိပ်စက်မှုများနေကြောင်း၊ သို့သော် ယင်းအပြုအမူမှာနောက်ပိုင်းတွင် နှလုံးကို ဒုက္ခပေးနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"အိပ်ရေးဝဝအိပ်ဖို့လိုပါတယ်။ ဒါပေမဲ့ ဇိမ်ခံဖို့တော့ မဟုတ်ပါဘူး"ဟု ဒေါက်တာဂရိဂန်ကဆက်လက်ပြောသည်။ Ref: UPI

# မန္တလေးဆေးရုံကြီး အရေးပေါ်ဌာနသို့ ရောက်ရှိလာသည့် လူနာများအား အခမဲ့ဆေးကုသပေး

**မောင်တာ**

**မန္တလေး၊ ဖေဖော်ဝါရီ-၂**

မန္တလေးဆေးရုံကြီး အရေးပေါ် လူနာလက်ခံကုသဌာန(ERC)သို့ ရောက်ရှိလာသော လူနာများအား ဇန်နဝါရီ ၂၁ ရက်မှ စတင်ကာ အခမဲ့ဆေးဝါးကုသပေးနေကြောင်း မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းကပြောသည်။

ထိခိုက်ဒဏ်ရာ ရရှိလာသူများ၊ ခွဲစိတ်ရမည့်လူနာများအား အခမဲ့ဆေးဝါးကုသပေးနေသလို ဆေးဝါးနှင့်ပတ်သက်သည်များ၊ ဓာတ်မှတ်ရိုက်ခြင်း၊ ECG (နှလုံး)ရိုက်ခြင်း၊ RBS(ဆီးချိုဖောက်ပေးခြင်း)များကိုပါ အခမဲ့ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းမန္တလေးပြည်သူ့ဆေးရုံကြီး ဆေးကုသမှု ဆက်ဆံရေးမှ ဦးမင်းလွင်က ပြောသည်။

အခမဲ့ဆေးဝါးကုသပေးခြင်းကို လာမည့်မတ်လကုန်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး မန္တလေးဆေးရုံကြီးအတွက် ဆေးဝါးဝယ်ယူဖြည့်တင်းရန် သုံးလစာအတွက် ကျပ်သိန်းတစ်ထောင်ရရှိထားကြောင်းနှင့် မြွေကိုက်လူနာအတွက် ပထမအဆင့် အခမဲ့ဆေးထိုးပေးခြင်းတို့ကိုပါ စမ်းသပ်ကာလအဖြစ် လုပ်ဆောင်နေပြီး နောက်ပိုင်းတွင် ထိုသို့ဖြစ်ပွားသူများအတွက် အလုံးစုံ အခမဲ့ဆေးဝါးကုသပေးနိုင်ရန် ကြိုးစားလုပ်ဆောင်နေကြောင်း ဒေါက်တာမောင်ဝင်းကပြောသည်။

ပြီးခဲ့သည့်မန္တလေးတိုင်းဒေသကြီးလွှတ်တော်ပထမအကြိမ် ပဥ္စမပုံမှန်အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခုတင် ၂၀၀နှင့်အထက် ပြည်သူ့ဆေးရုံကြီးများအား ပြည်သူလူထုကျန်းမာရေးအတွက်တစ်လလျှင်ကျပ်သိန်း၅၀၀ ဘတ်ဂျက်ချထားပေးရန် ဆွေးနွေးအပြီး ယခုကဲ့သို့ အခမဲ့ဆေးဝါးကုသပေးခြင်းများ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

မန္တလေးပြည်သူ့ဆေးရုံကြီးနည်းတူ မန္တလေးတိုင်းအတွင်းရှိ အခြားဆေးရုံကြီးများတွင်လည်း ရရှိသည့်ဘတ်ဂျက်နှင့်ဆေးဝါးဝယ်ယူ ဖြည့်တင်းနိုင်မှုပေါ် မူတည်၍ အခမဲ့ဆေးဝါးကုသပေးခြင်းကို ကိုယ်ပိုင်အစီအစဉ်ဖြင့် လုပ်ဆောင်ရန် စီစဉ်နေကြောင်းမန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတင်းရရှိသည်။







# Regional

7Day News Journal

Vol.11, No.48 • FEBRUARY 7 , 2013


## စားသုံးဆီအချို့တွင် ဆီမခဲစေသည့် ဓာတုအမှုန့်များ ရောနှောရောင်းချနေ

**ညီညီဇော်**

**မန္တလေး၊ ဖေဖော်ဝါရီ - ၂**

မန္တလေးမြို့တွင်ရောင်းချနေသောစားသုံးဆီအချို့တွင်မခဲစေသည့်ဓာတုအမှုန့်တစ်မျိုး ရောနှောထည့်သွင်းရောင်းချခြင်းမျိုးရှိနေကြောင်း ဆီလုပ်ငန်းရှင် အချို့ထံမှ သတင်းရရှိသည်။

ဆီလုပ်ငန်းအတွက် သုံးစွဲရန်မဟုတ်ဘဲ ဖယောင်းလုပ်ငန်းလုပ်ကိုင်ရာတွင် သုံးစွဲသည့် ဓာတုအမှုန့်တစ်မျိုးကို သုံးစွဲနေသည်ဟု ယူဆရကြောင်း၊ ၎င်းဓာတုအမှုန့်သည် တရုတ်နိုင်ငံဘက်မှ ဝင်ရောက်ခြင်းဖြစ်ကြောင်း၊ စစ်ဆေးပေးရန်အတွက်လည်း မန္တလေးမြို့တော်စည်ပင်နှင့် တရားမဝင်ကုန်ပစ္စည်းများကို စစ်ဆေးအရေးယူနေသော မိုဘိုင်းအဖွဲ့များသို့သွားရောက်တိုင်ကြားထားပြီး ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးထွန်းထွန်းက ပြောသည်။

"အဲဒီအမှုန့်တွေကဖယောင်းကို အရည်ဖျော်တဲ့နေရာမှာသုံးတာ၊ ဖယောင်းအရည်ကို လုံးဝမခဲစေတော့ဘူး။ အန္တရာယ်တော်တော်များပါတယ်"ဟုမန္တလေးမြို့မှ ဆီစက်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခင်က မြေပဲဆီနံ့ရစေရန် ဓာတုဆေးများဖြင့် ပြုလုပ်ထားသောအနံ့များ ထည့်သွင်းလေ့ရှိပြီးယခုအခါဆီမခဲစေရန်အတွက် ဓာတုအမှုန့်များ ထည့်သွင်းလာခြင်းဖြစ်သည်။ တရုတ်နိုင်ငံဘက်မှလည်း စားသုံးဆီများ ဝင်ရောက်နေပြီး ယင်းဆီများကလည်းလုံးဝမခဲကြောင်း၊စားသုံးဆီအတွက်ပိုမိုအန္တရာယ်များလာကြောင်းဆီလုပ်ငန်းရှင်အချို့က သုံးသပ်သည်။

မခဲစေသည့် အမှုန့်ထည့်ထားသည့်စားသုံးဆီ အချို့သည် မြေပဲဆီသန့်ဟု ရေးထိုးထားကာ ဈေးနှုန်းမှာမူ မြေပဲဆီစစ်စစ်ဈေးနှုန်းထက် များစွာဈေးသက်သာကြောင်း၊ ပဲဆီစစ်စစ်ဈေးမှာကျပ် ၃,၄၀၀ ထက်မနည်းနိုင်ကြောင်း၊ဆီလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အမရပူရမြို့မှ အသက် ၃၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးက "မြေပဲဆီ အစစ်ဈေးက ကိုယ်နဲ့ အလှမ်းကွာတော့ သင့်ရာပဲ ဝယ်စားနေရတယ်။ ရောဂါဖြစ်တော့မှ ဖြစ်တော့ရောက်ရာပဲ " ဟု ပြောသည်။

"စားတဲ့သူတွေကိုလည်း ရွေးချယ်စားသုံးစေချင်ပါတယ်။ မခဲတိုင်းပဲဆီနံ့ရတိုင်း ပဲဆီမဟုတ်တာ သိစေချင်တယ်။ လုပ်တဲ့သူတွေကိုလည်း သံသရာပါမယ့်အလုပ်တွေမလုပ်စေချင်ဘူး။ ကျင့်ဝတ်လေးနဲ့အညီ လုပ်စေချင်ပါတယ်" ဟု ဆီအသင်းအတွင်းရေးမှူးက ပြောသည်။

လက်ရှိတွင် ယင်းဓာတုမှုန့် သုံးစွဲထားသည်ဟုယူဆရသည့်စားသုံးဆီတံဆိပ်မျိုးစုံမှာ ဈေးကွက်အတွင်းသို့ ကျယ်ပြန့်စွာ ရောက်ရှိနေပြီဖြစ်ပြီး(၅၀)ကျပ်သားပါတစ်ဘူးလျှင်ကျပ်၁,၅၀၀ ဝန်းကျင်ရှိသည်။

## မုံရွာမြို့နယ်ရှိ လယ်ယာလုပ်သားအများစု အခြားလုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်လာ

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ-၁**



ဓာတ်ပုံ - မျိုးမင်းဦး

မုံရွာမြို့နယ်အတွင်းရှိ လယ်ယာလုပ်သားအများစုမှာ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများတွင် ပြောင်းရွှေ့လုပ်ကိုင်သူများလာကြောင်း မုံရွာဒေသခံ လယ်ယာလုပ်သားများ၏ ပြောကြားချက်အရ သိရှိရသည်။

"လွန်ခဲ့တဲ့ဆယ်နှစ်လောက်တုန်းက ပြည်ပနိုင်ငံတွေ ထွက်ပြီး အလုပ်လုပ်လို့ လယ်ယာလုပ်သားတွေ လျော့သွားတယ်။ အခုနောက်ပိုင်း ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းတွေ၊စက်မှုလက်မှု လုပ်ငန်းတွေက ဝင်ငွေပိုရလို့ လယ်ယာလုပ်သားအဖြစ် လုပ်ကိုင်သူနည်းလာတယ်။ရှိတဲ့လယ်ယာလုပ်သားတွေကလည်း အရင်လိုနေ့စားနဲ့ လုပ်တာထက် အပြတ်စိုက်စနစ်တို့လို ကန်ထရိုက် သဘောနဲ့လုပ်ကိုင်သူ ပိုနည်းတယ်။ ရှိတဲ့ လယ်ယာလုပ်သားတွေကလည်း အရင်လိုနေ့စားနဲ့ လုပ်တာထက် အပြတ်စိုက်စနစ်တို့လို ကန်ထရိုက်သဘောနဲ့ လုပ်အားခယူလာကြတယ်"ဟုမုံရွာမြို့နယ်မင်းရွာကျေးရွာဒေသခံလယ်ယာလုပ်သားတစ်ဦးက ပြောသည်။

မုံရွာမြို့ ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေသော လယ်ယာလုပ်သားတစ်ဦးကလည်း "တောင်သူလုပ်ငန်းဆိုတာ နွားနဲ့ ဖက်ရုန်းရတာ။ တောင်သူလုပ်ငန်းက ရာသီကဖျက်၊ ဈေးကွက်ကဖျက်၊ ပွဲစားကဖျက်နဲ့ အခုနောက်ပိုင်း အကြွေးသိပ်တင်တာ။ တောင်သူလုပ်သားလုပ်တာ နှစ်ပေါင်း နှစ်ဆယ်ကျော်ပြီ။ တစ်ရက်ကို လုပ်အားခအနေနဲ့ ယောကျ်ားလေး နှစ်ထောင့်ငါးရာ၊ မိန်းကလေး တစ်ထောင့်ငါးရာ ဒါတောင် ပုံမှန်မလုပ်ရဘူး။ ဆောက်လုပ်ရေးလုပ်ငန်းမှာက အနိမ့်ဆုံး ကျပ်သုံးထောင့်ငါးရာကနေ ကျပ် ခြောက်ထောင်အထိ ကျွမ်းကျင်မှုအပေါ် မူတည်ပြီးရတယ်" ဟု ဆိုသည်။

မုံရွာမြို့နယ်အတွင်း လယ်ယာလုပ်သားများ တစ်နှစ်ထက်တစ်နှစ်ရှားပါးလာခြင်းကြောင့် အနီးပတ်ဝန်းကျင် မြို့နယ်များရှိ ကျေးရွာများမှ လယ်ယာလုပ်သားများ ငှားရမ်းလုပ်ကိုင်ရသည်အထိ ဖြစ်ပေါ်လာကြောင်း မုံရွာမြို့နယ် သမန္တာကျေးရွာဒေသခံကြက်သွန်စိုက်တောင်သူများ ပြောပြချက်အရ သိရသည်။

ရာသီဥတုဒဏ် ဈေးကွက်အနေအထားနှင့် စိုက်ပျိုးစရိတ်မြင့်တက်လာမှုများကြောင့် စိုက်ပျိုးရေး လုပ်ကိုင်သော တောင်သူအချို့ အခြားစီးပွားရေးလုပ်ငန်းများ ပြောင်းလဲလုပ်ကိုင်လာသည့်နောက်ပိုင်း လယ်ယာလုပ်သားအများစုမှာလည်း အခြားသောလုပ်ငန်းများတွင် ပြောင်းရွှေ့လုပ်ကိုင်သူ ပိုမိုများပြားလာခြင်းဖြစ်ကြောင်း သိရသည်။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူများကြောင့် လယ်ယာလုပ်သား အခက်ကြုံတွေ့ခဲ့ရပြီး ၂၀၁၀ နောက်ပိုင်းတွင် ပြည်တွင်းဆောက်လုပ်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်သူ ပိုမိုများပြားလာကြောင်း ဒေသခံတောင်သူများပြောပြချက်များအရ သိရသည်။

## ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်စခန်း စီမံကိန်းအတွက် လယ်သိမ်းခံရသူများ ပိုလျှံမြေများ ပြန်လည်တောင်းခံ

**ညီညီဇော်**

**မန္တလေး၊ ဇန်နဝါရီ -၃၀**

မန္တလေးမြို့၊ စွယ်တော် စေတီတော်အနီး ပြည်ကြီးမင်္ဂလာကုန်တင် ယာဉ်ရပ်နားစခန်း စီမံကိန်း ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ပိုလျှံမြေဧက ၅၀ ခန့်ကို နိုင်ငံတော်သမ္မတထံ တင်ပြတောင်းခံထားကြောင်း စီမံကိန်းအတွက် လယ်မြေ အသိမ်းခံခဲ့ရသည့် နတ်ရေကန်ကျေးရွာမှ တောင်သူ ၄၂ ဦးထံမှ သတင်းရရှိသည်။

၁၉၉၇ ခုနှစ်ခန့်က လယ်မြေစုစုပေါင်း ၁၀၅ ဧကကို စီမံကိန်းအတွက် သိမ်းဆည်းခံခဲ့ရပြီး ထိုစဉ်က လယ်မြေတစ်ဧကလျှင် ပေ ၄၀၊ ပေ ၆၀) တစ်ကွက်နှုန်းပေးမည်ဆိုသော်လည်း ယနေ့အချိန်ထိ မရသေးဟုဆိုသည်။

ကုန်တင်ယာဉ်ရပ်နားစခန်းအတွက် လယ်မြေဧက ၆၂ ဒသမ ၈ ဧကသုံးစွဲခဲ့သည်ဟု သိရသဖြင့် အသုံးမပြုဘဲ ကျန်ရှိသည့် ပိုလျှံမြေဧက ၅၀ ဝန်းကျင်ကို မိမိတို့တောင်သူ ၄၂ ဦးအတွက် ပြန်ပေးစေလိုသဖြင့် တင်ပြရခြင်း ဖြစ်ကြောင်း ယင်းတောင်သူများက ဆိုသည်။

"ဘေးကပ်လျက်က ကုန်စည်ဒိုင်စီမံကိန်းအတွက် အသိမ်းခံရတဲ့ တောင်သူတွေကျတော့ လျော်ကြေးတွေရတယ်လို့ကြားပါတယ်။ ကျွန်တော်တို့ကျတော့ နစ်နာကြေးလည်း မပေး၊ နေရာအစားလည်း ပြန်မရ၊ ဘာမှလည်း လုပ်မပေးပါဘူး။ ဒါကြောင့် ပိုတဲ့မြေနေရာလေး ပြန်တောင်းတာပါ" ဟု တောင်သူဦးသောင်းထွန်းက ပြောသည်။

ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်းသစ်သည် ၆၂ ဒသမ ၀၈ ဧက ကျယ်ဝန်းပြီး ကုန်တင်ဂိတ်ခန်းပေါင်း ၂၈၉ ခန်း ပါဝင်သည်။

မြို့တွင်းရှိ ကုန်တင်ကားဂိတ်များကိုလည်း ယင်းကုန်တင်ယာဉ်ရပ်နားစခန်းအသစ်သို့ ဖေဖော်ဝါရီလ ၁၅ ရက် နောက်ဆုံးထား ရွှေ့ပြောင်းရန် မြို့တော်ဝန်က အသိပေးထားသော်လည်း အခန်း တန်ဖိုးများ မြင့်မားနေမှုကြောင့် ကုန်တင် ဂိတ်ပိုင်ရှင်များ မပြောင်းရွှေ့ကြသေးကြောင်း သတင်းရရှိသည်။

## ရန်ကုန်-မြိတ် ပုဂ္ဂလိက အထူးအမြန်ရေယာဉ်ပြန်လည်ပြေးဆွဲမည်

**ရန်မျိုးနိုင်၊ မိုးညို**

**ရန်ကုန်၊**

**ဇန်နဝါရီ-၃၀**

သုံးနှစ်ကြာ ရပ်နားထားသော ရန်ကုန်-မြိတ် ရေကြောင်းခရီးစဉ်အား ပုဂ္ဂလိကပိုင် ရေယာဉ်လိုင်းတစ်ခုကဖေဖော်ဝါရီလပထမပတ်အတွင်းပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရေမိုင် ၃၄၀ ကွာဝေးသော အဆိုပါ ခရီးစဉ်ကို Fortune Express ရေယာဉ်လိုင်းမှ ခရီးသည် ၃၅၀ စီးနင်းနိုင်သော အထူးအမြန်ရေယာဉ် ဖ(၇၂၇)ဖြင့် ဖေဖော်ဝါရီ ၂ ရက်မှ စတင်ပြေးဆွဲမည်ဖြစ်ကြောင်း ယင်းရေယာဉ်လိုင်းပိုင်ရှင် ဦးကျောက်စိမ်းက ပြောသည်။

ရန်ကုန်-မြိတ် ခရီးစဉ်မှာ ၁၂ နာရီခန့်ကြာမြင့်မည်ဖြစ်သည့်အတွက် ခရီးသည် တစ်ဦးလျှင် လက်မှတ်ခ လေးသောင်းကျပ် သတ်မှတ်ထားပြီး ဗိုလ်တထောင်ဆိပ်ကမ်းမှ လေးရက်လျှင် တစ်ကြိမ်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

ယခင်ကမြန်မာနိုင်ငံတောင်ပိုင်းရှိ မြို့များသို့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလိုင်းမှ ပြေးဆွဲပေးခဲ့သော်လည်း ယင်းသင်္ဘောလိုင်းကိုမြန်မာ့စီးပွားရေးဦးပိုင်ကုမ္ပဏီလီမိတက်မှ လက်လွှဲယူချိန်မှစပြီး ပြေးဆွဲခြင်းမပြုတော့သည်မှာ သုံးနှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ဒုတိယအထွေထွေမန်နေဂျာ ဦးလေးသွင်ကပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံတောင်ပိုင်း မြို့များသို့ လေကြောင်းခရီးဖြင့်သာ အဓိကသွားရောက်ကြပြီး မြန်မာ့လေကြောင်း၊ အဲပုဂံ၊ အဲကမ္ဘောဇ လေကြောင်းလိုင်းများက နေ့စဉ်ပျံသန်းပေးနေကာလေယာဉ်လက်မှတ်ခမှာကျပ် တစ်သိန်းဝန်းကျင်ကုန်ကျကြောင်း ဒေသခံများထံမှ သိရသည်။

"မြိတ်ကနေ ရန်ကုန် လာရင် ကားလမ်းကဆိုးတယ်။ တစ်ယောက်ကို ကျပ် ၁၈,၀၀၀ ကျတယ်။ ထားဝယ်မှာတစ်ညအိပ်ရတယ်"ဟု မြိတ်မြို့ဒေသခံ ကိုလှမောင်က ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

## မန်းစည်ပင်အကြံပေးအဖွဲ့ ဖွဲ့စည်း

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ-၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အကြံပေးအဖွဲ့ကို မြို့မိမြို့ဖ ၁၀ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း ဇန်နဝါရီ ၃၁ ရက်က မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်က ပြောသည်။

ယင်းအကြံပေးအဖွဲ့အား မန္တလေးရှိမြို့နယ် ခြောက်မြို့နယ်ရှိ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က မြို့နေလူထုနဲ့ အစဉ်ထိတွေ့ပြီး မြို့လူထုရဲ့ အသံ၊ မြို့လူထုရဲ့ ခံစားချက်တွေကို မြို့တော်ဝန်နဲ့ မြို့တော်စည်ပင်ကော်မတီတို့က အသိပေးတင်ပြပြီး မြို့လူထု အကျိုးအတွက် ဆောင်ရွက်ရမှာပါ" ဟု အကြံပေးအဖွဲ့တွင် ပါဝင်သည့် မဟာအောင်မြေမြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင် ဦးကျော်ဝင်းက ပြောသည်။



ဓာတ်ပုံ - မျိုးမင်းဦး

လက်ပံတောင်းတောင်ကြေးနီ စီမံကိန်း ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့သည့် သပိတ်စခန်းများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ဖြိုခွင်းနှိမ်နင်းခြင်း နှစ်လပြည့်အထိမ်းအမှတ်အဖြစ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်း သားများသမဂ္ဂအဖွဲ့ ကျောင်းသား၊ ကျောင်းသူများ၊ ဆားလင်းကြီးမြို့နယ်၊ တုံကျေးရွာ၊ ရွှေလှေကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာဒေသခံပြည်သူများဦးဆောင်၍ ဒေသခံ ၃၀၀ ကျော်တို့သည် ဇန်နဝါရီ ၂၉ ရက် နေ့လယ်ပိုင်းက ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြောင်း သတင်းရရှိသည်။

## နေပြည်တော်နယ်မြေအတွင်း တရားမဝင်ဆိုင်ကယ်ဖြင့် ပြစ်မှုကျူးလွန်သူများ ဖမ်းမိ

**သန်းထူး**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၁**

နေပြည်တော်ကောင်စီနယ်မြေအတွင်း တရားမဝင်ဆိုင်ကယ်ဖြင့် ကျူးလွန်သည့် လုယက်မှုရှစ်မှု၏ တရားခံများအား ဖမ်းဆီးရမိထားပြီဖြစ်ကြောင်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီဝင်တစ်ဦးက ပြောကြားသည်။

ရာဇဝတ် ကျူးလွန်သူများသည် တရားမဝင်ဆိုက်ကယ်များဖြင့် အခြားဆိုင်ကယ် အသုံးပြုသူများထံမှ ပိုက်ဆံအိတ်နှင့် ဆွဲကြိုးများ လုယူဖြတ်ပြေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လုယက်မှုရှစ်မှုတွင် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က ခုနစ်မှုနှင့် ယခုနှစ် ဇန်နဝါရီလက တစ်မှုဖြစ်သည်။

နေပြည်တော် နယ်မြေအတွင်း တရားမဝင် ဆိုင်ကယ်များအပြင် တရားမဝင် မော်တော်ယာဉ်များကိုပါ အသုံးပြုလျက်ရှိသည့်အတွက် စစ်ဆေးရေးအဖွဲ့များက ယာဉ်အားလုံးကို စစ်ဆေးလျက်ရှိပြီး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ရုံးများကိုလည်း ကြိုတင်အကြောင်းကြားထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

## ကမ္ဘာလှည့်ခရီးသွားများ မြောက်ဦးသို့သွားရန် ခွင့်ပြုချက်တောင်းနေရဆဲ

**မြတ်စုမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ကမ္ဘာလှည့်ခရီးသည်များ တရားဝင်သွားရောက်လည်ပတ်ခွင့် မရှိသေးဘဲ ခွင့်ပြုမိန့် တောင်းရန် လိုအပ်နေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းမှ သတင်းရရှိသည်။


"သိပ်ဖွင့်ပေးတဲ့ အနေအထား မဟုတ်သေးဘူး။ ဟိုတယ်က တာဝန်ခံနိုင်တယ်ဆိုရင် ခွင့်ပြုမိန့်အတွက် ဝန်ကြီးဌာနကို အဆင့်ဆင့် တင်ပြဖို့လိုတဲ့အကြောင်း သိပ်မကြာသေးခင်က လုပ်တဲ့ ဝန်ကြီးနဲ့ တွေ့ဆုံပွဲမှာ ပြောပါတယ်။ ငပလီကတော့ ရတယ်။ မြောက်ဦးဘက်က မရသေးဘူး" ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်း ပြန်ကြားရေး တာဝန်ခံ ဦးထွန်းမြတ်က ပြောသည်။

ထို့ပြင် ယခုနှစ် ပွင့်လင်းရာသီတွင် ငပလီသို့ ကမ္ဘာလှည့် ခရီးသည်လာရောက်လည်ပတ်မှုနှုန်းမှာ မနှစ်ကနှင့်ယှဉ်လျှင် ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း ငပလီကမ်းခြေဟိုတယ်ဇုန် ဥက္ကဋ္ဌက ပြောသည်။

၂၀၁၂ နှစ်လယ်ပိုင်းမှ စတင်ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်တွင်း လူမျိုးရေး ပဋိပက္ခများနှင့်မကြာသေးမီကဖြစ်ပွားခဲ့သည့် လေယာဉ်မတော်တဆမှု၊ မော်တော်ယာဉ်မတော်တဆမှုများကလည်း ဧည့်သည်လာရောက်နှုန်းကို ကျဆင်းစေသည့် အချက်များဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"ဟိုတယ်အခန်းခတွေကလည်း မြင့်လာတယ်။ ပြီးတော့ ဒီနှစ်မှာ ကမ္ဘာ့စီးပွားရေးကလည်း ကျတယ်။ ဖေဖော်ဝါရီအတွက်လည်း ဘွတ်ခ်ကင် ရထားတာကနည်းနေတယ်" ဟု ငပလီကမ်းခြေဟိုတယ်ဇုန် ဥက္ကဋ္ဌ ဦးကျော်စွာမောင်မောင်က ပြောသည်။

ငပလီကမ်းခြေသို့ ယခုနှစ်မှ စတင်လာရောက်လည်ပတ်သည့် နိုင်ငံခြား ခရီးသွားများမှာ ပဋိပက္ခဖြစ်ပွားခဲ့စဉ်က ညမထွက်ရအမိန့်ထုတ်ခဲ့သည့် သံတွဲမြို့သို့ သွားရောက်လည်ပတ်မှု လျော့နည်းသွားကြောင်း ဒေသခံ ကိုကျော်စိုးထွန်းက ပြောသည်။



# ဒုဋ္ဌဝတီမြစ်ရေကို သန့်စင်၍ မန္တလေးမြို့တွင် ရေပေးဝေနိုင်ရန် ကြိုတင်လေ့လာမှုပြုလုပ်နေ

**မောင်တာ**

**မန္တလေး၊ ဖေဖော်ဝါရီ -၁**

ဒုဋ္ဌဝတီမြစ်ရေကိုသန့်စင်၍ မန္တလေးမြို့အား ရေပေးဝေနိုင်ရန် အကြိုလေ့လာမှုပြုလုပ်နေကြောင်း မန္တလေးစည်ပင်ရေနှင့် ရေသန့်ဌာနမှသတင်းရရှိသည်။

လွန်ခဲ့သည့်နှစ်လခန့်မှစတင်၍ မလေးရှား၊ ဂျပန်ကုမ္ပဏီများမှ ကွင်းဆင်းလေ့လာနေခြင်းဖြစ်ပြီး ဖြစ်နိုင်ခြေကုန်ကျစရိတ်ပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ရန်စီစဉ်ထားကြောင်း ဒုဋ္ဌဝတီမြစ်ရေကိုသန့်စင်၍ မန္တလေးမြို့အတွက်ရေပေးဝေနိုင်ရန်အတွက် ရေသန့်စင်စက်ရုံ၊ ပိုက်လိုင်းစနစ်များ၊ ရေတွန်းစက်များလိုအပ်မည်ဖြစ်ပြီး ကုန်ကျစရိတ်များပြားမည်ဖြစ်ကာတိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့်ချေးငွေများဖြင့်ဆောင်ရွက်ရန်စီစဉ်ထားကြောင်း မန္တလေးစည်ပင်ရေနှင့်ရေသန့်ဌာနမှ တာဝန်ရှိသူက ပြောသည်။

လက်ရှိမန္တလေးမြို့ ရေပေးဝေမှုစနစ်တွင်မြို့၏မြောက်ဘက်ပိုင်းမြို့နယ်များဖြစ်သော အောင်မြေသာစံ၊ ချမ်းအေးသာစံ နှင့် မအောင်မြေမြို့နယ်များကိုသာ ရေပိုက်လိုင်းစနစ်ဖြင့် ရေပေးဝေနိုင်ပြီး မြို့သစ်ပိုင်းတောင်ဘက်ခြမ်းမြို့နယ်များဖြစ်သော ချမ်းမြသာစည်နှင့်ပြည်ကြီးတံခွန်မြို့နယ်တို့မှာပိုက်လိုင်းစနစ်မှရေမရှိပဲကိုယ်ပိုင်တူးရေတွင်းများကိုသာ အဓိကအားထားသုံးစွဲနေရသည်။

ကိုယ်ပိုင်ရေတွင်းမတူးနိုင်သူများမှာ နီးစပ်ရာအိမ်နှင့် မန်းစည်ပင်မှ တူးပေးထားသည့်ရေတွင်းများကိုသာ မှီခိုသုံးစွဲနေရပြီး နွေရာသီရေထွက်နည်းချိန်တွင် ရေမလုံလောက်ဘဲ အခက်ခဲများစွာကြုံတွေ့နေရကြောင်းချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့ခံများကပြောသည်။

ပိုက်လိုင်းစနစ်ဖြင့် ဖြန့်ဝေပေးသည့်ရေမလုံလောက်၍ ရေတွင်းများတူးဖော်သုံးစွဲနေကြရာ မန္တလေးမြို့တွင် ရေတွင်းပေါင်း (၂၁,၀၇၀ ) တွင်းရှိကြောင်း မန္တလေးစည်ပင် စာရင်းဇယားများအရသိရှိရသည်။

ပိုက်လိုင်းစနစ်ဖြင့် ရေဖြန့်ဝေပေးသောသုံးခွမြို့နယ်အတွက် နေ့စဉ်ရေဂါလန်(၃၅) သန်းကျော် ဖြန့်ဖြူးပေးနိုင်ရန်လိုအပ်လျက်ရှိရာလက်ရှိတွင်မန္တလေးစည်ပင်မှ ပျမ်းမျှ(၂၂) သန်းမှ (၂၄) သန်း အထိသာပေးဝေနိုင်ပြီး ထပ်တိုးပေးဝေနိုင်ရန်အတွက် ဧရာဝတီမြစ်ရေကို သန့်စင်၍ နေ့စဉ်ရေဂါလန်(၁၀) သန်းဖြန့်ဝေပေးနိုင်မည့်ရေတွန်းစက်ရုံကို ဧရာဝတီမြစ်ကမ်းတွင်ကျပ်သိန်း(၄၅၀၀၀) ကျော် အကုန်ကျခံတည်ဆောက်ပြီးစီးပြီဖြစ်ကြောင်းမန်းစည်ပင်မှ သိရသည်။

မန္တလေးမြို့ ရေသုံးစွဲမှု အတွက် စက်ရေတွင်းများမှ ထွက်ရှိသောမြေအောက်ရေကိုသာအဓိက အားထားနေရကြောင်း အချိန်ကြာသည်နှင့်အမျှ ရေထွက်နှုန်းနည်းပြီးရေသယံဇာတလျော့နည်းလာသဖြင့် ရေရှည်တွင်မြေပေါ်ရေဖြစ်သောမြစ်ရေကိုသန့်စင်ပြီး အသုံးပြုနိုင်ရန်စီစဉ်နေကြောင်း မန္တလေးမြို့စည်ပင်မှ စုံစမ်းသိရှိရသည်။

# တောင်သူများအတွက် တိုးမြှင့်ချေးငွေများအား အချောင်သမားများ လိမ်လည်ရယူမည်ကိုစိုးရိမ်ဟု ဝန်ကြီးဦးမြင့်လှိုင်ဆို

**ဝင်းကျော်ဝင်း**

**နေပြည်တော်၊ဇန်နဝါရီ-၂၆**

တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေအဖြစ် စပါးသီးနှံတစ်ဧက ကျပ်တစ်သိန်း၊ ကြံသီးနှံတစ်ဧက ကျပ်တစ်သိန်းနှင့် ရာသီ သီးနှံ တစ်ဧက ကျပ်နှစ်သောင်း ထုတ်ပေးမည့်အပေါ် အချောင်သမားများက နည်းလမ်းမျိုးစုံဖြင့် လိမ်လည်ရယူကြမည့်အရေး စိုးရိမ်ပူပန်မိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

ဝန်ကြီးဦးမြင့်လှိုင်က ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့်လယ်မြေ တာ၃,၀၀၀ဖော်ထုတ်ရေးလုပ်ငန်းခွင်၌ တောင်သူလယ်သမားများနှင့်တွေ့ဆုံစဉ်အထက်ပါအတိုင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

“အချောင်သမားတွေက တောင်သူတွေကို ငွေထုတ်ပေးမယ့်အချိန်မှာ လောင်းကစားဝိုင်းအမျိုးမျိုးလုပ်ကြမယ်။ နှစ်လုံးထီ၊ သုံးလုံးထီတွေ ရောင်းမယ်ဆိုရင် စိုက်ပျိုးစရိတ်ငွေ အလဟဿဖြစ်ကုန်မှာ စိုးရိမ်တယ်။ လောင်းကစားမှုတွေ ပပျောက်အောင်၊ ကျေးရွာတွေမှာလုံးဝအမြစ်ပြတ်အောင် လုပ်နိုင်မှ လယ်သမားတွေရဲ့အရင်းအနှီးတွေ မပျောက်မှာ။ အဲဒါကို ဒေသမှာ တာဝန်ရှိတဲ့ အုပ်ချုပ်ရေးမှူးတွေ၊ ပြည်သူ့ရဲတွေနဲ့ တာဝန်သိပြည်သူတွေပူးပေါင်းကြပ်မတ်ဖို့လိုအပ်ပါတယ်”ဟု ဝန်ကြီးက ပြောကြားခဲ့သည်။

ထို့အပြင် မသမာသူများမှ လောင်းကစားနှင့် တွဲဖက်၍ တောင်သူများအား မူးယစ်ဆေးဝါး၊ အရက်သေစာများပါ ရောင်းချလာပါက တောင်သူများ နစ်နာနိုင်ကြောင်း၊ ဌာနအနေဖြင့် ချေးငွေများ ချပေးရာတွင်တောင်သူများ လက်တွင်းသို့ အပြည့်အဝ ရရှိစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ယခုအချိန်တွင် တောင်သူလယ်သမားများကို စိုက်ပျိုးချေးငွေထုတ်ပေးနိုင်ရေးအတွက်စိုက်ဧက စာရင်းဇယား မှန်ကန်ရေးနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်အထောက်အထားများရရှိရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနတို့မှ ကွင်းဆင်းစာရင်းကောက်ယူခြင်းများကိုအချိန်နှင့်တစ်ပြေးညီဆောင်ရွက်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ-သန်းထူး

# စက်မှုလုပ်ငန်းရှင်များ မဖြစ်မနေ ရေဆိုးသန့်စင်စွန့်ထုတ်ရန် မန်းစည်ပင်ညွှန်ကြား

**ညီညီဇော်၊ မောင်တာ**

**မန္တလေး၊**
**ဖေဖော်ဝါရီ -၂**

စက်ရုံထုတ်ရေဆိုးများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းပြီးမြို့၏ သာယာလှပရေး ထိခိုက်မှုမရှိစေရန်အတွက်မန္တလေးစက်မှုဇုန်တွင် လည်ပတ်လုပ်ကိုင်နေသော စက်ရုံများအနေဖြင့် မဖြစ်မနေရေဆိုးသန့်စင်စွန့်ထုတ်ရန် မန္တလေးစည်ပင်ကဇန်နဝါရီ၃၀ရက်တွင်ထပ်မံညွှန်ကြားထားကြောင်း သတင်းရရှိသည်။

စက်ရုံများအနေဖြင့် ရေဆိုးသန့်စင်စွန့်ထုတ်ရန် ၂၀၁၂ ခုနှစ်အတွင်းကသုံးကြိမ်ခေါ်ယူတွေ့ဆုံပြောကြားပြီး မြို့တော်ဝန်က စက်မှုဇုန်လုပ်ငန်းရှင်များအား ကိုယ်ပိုင်ရေဆိုးသန့်စင်စနစ်ဖြင့် စွန့်ထုတ်၍ဖြစ်စေ၊မန်းစည်ပင်နှင့် ပူးပေါင်း၍ဖြစ်စေစွန့်ထုတ်ရန်နှင့် မလုပ်ဆောင်ပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန်းစည်ပင်မှ သိရသည်။

စက်မှုဇုန်ရေဆိုးများနှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရေထု၊ လေထု၊ မြေထုကို ညစ်ညမ်းမှုဖြစ်ပေါ်စေကြောင်း၊ တောင်သမန်အင်းနှင့် ပတ်ဝန်းကျင်ကိုညစ်ညမ်းစေခြင်း၊ ဂေဟစနစ်ကိုထိခိုက်စေခြင်းများရှိကြောင်း၊တောင်အင်းမြောက်အင်းဒေသကို ဖြတ်၍စွန့်ထုတ်သောရေဆိုးများမှာ ဒုဋ္ဌဝတီမြစ်မှတစ်ဆင့် ဧရာဝတီမြစ်အတွင်းစီးဝင်ပြီးမြစ်ရေသန့်ရှင်းမှုကိုပါထိခိုက်မှုရှိစေကြောင်း မန္တလေးမြို့တော်ဝန်ဦးအောင်မောင်းက စက်မှုဇုန်လုပ်ငန်းရှင်များအား ပြောသည်။

ကိုယ်ပိုင်ရေဆိုးသန့်စင်စက်ရုံမတည်ဆောက်နိုင်သူများအတွက် မန်းစည်ပင်မှ ရေဆိုးသန့်စက်ရုံတည်ဆောက်ရန် စီစဉ်နေပြီး စက်ရုံတစ်ခုချင်းစီအနေဖြင့် စွန့်ထုတ်သည့်ရေဆိုးဂါလန် ပမာဏ အပေါ် မူတည်၍ အခွန်ပေးဆောင်ကာ ရေဆိုးစွန့်ထုတ်မည်ဖြစ်ကြောင်း သိရသည်။

မန်းစည်ပင် နယ်နိမိတ်အတွင်း ရေဆိုးစွန့်ထုတ်သော အရက်၊ သားရေ၊ သကြား၊ သကြားလုံး၊ စက္ကူ၊ ဓာတ်ခဲ၊ ဆပ်ပြာ၊ နို့ချက်နှင့် ဆိုးဆေးစက်ရုံစသည်ဖြင့် စက်ရုံ ၉၀ ကျော်ရှိပြီး လတ်တလော ဗဟိုရေဆိုးသန့်စင်မှုစနစ်မဆောင်ရွက်နိုင်မီ ကိုယ်ပိုင်အစီအစဉ်ဖြင့် ရေဆိုး သန့်စင်စွန့်ထုတ်ရန် မန်းစည်ပင်မှ ညွှန်ကြားထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ဗဟိုရေဆိုးသန့်စင်မှုစနစ်လုပ်ငန်းကို ပြုလုပ်ရန် လတ်တလော အနေဖြင့် မြန်မာနှင့် ထိုင်းပူးပေါင်းဆောင်ရွက်သည့်ကုမ္ပဏီတစ်ခု လာရောက်လေ့လာနေပြီး စိတ်ပါဝင်စားသူများအတွက် မကြာမီ တင်ဒါခေါ်ယူမည်ဖြစ်ကြောင်းမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဦးထွန်းကြည်ကပြောသည်။

စင်ကာပူ နိုင်ငံတွင်လုပ်ရန်
1.Mechinery Fitter (၂၀) ဦး SS25~30
(G.T.I and City &Guilds (M.P/M.T/M.C)) (B.A/B.Sc)
License No.14/2013
ကောင်းလာဘ်စံ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ

GOLDEN PASS
TRAVELS & TOURS CO.,LTD.
Grand Palace, Emerald Buddha
Dream World, Coral Island,
Alazcar Gay Show,
Nong Nooch Tropical,
Shopping Centers

TRADEMARK CAUTION
CHEK HUP SDN BHD a Company incorporated in Malaysia at SD2567-D, LOT NO.34144, 2½, MILES, JALAN JELAPANG ,30020 IPOH PERAK, Malaysia is the Owner and Sole Proprietor of the following Trademark:

CHEKHUP

Reg : No.4/220/2013
In respect of : Coffee and coffee products; tea; cocoa and cocoa products; chocolate; cocoa powder; sugar; artificial coffee; beverages (chocolate-based-); beverages (cocoa-based-); beverages (coffee-based-); beverages (tea-based-); coffee (unroasted-); coffee beans; coffee substitutes; coffee mixtures; instant coffee mixtures; coffee concentrates; chocolate flavorings; coffee flavorings, other than essential oils, for beverages; chocolates beverages with milk; cocoa beverages with milk; coffee beverages with milk; iced tea; chicory [coffee substitute]; all included in class 30. Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 7 Feb 2013

7DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

# ရှမ်းနှင့် ကယားပါတီ အဖွဲ့အစည်းများ၏ နိုင်ငံရေးဘုံသဘောတူညီချက် သမ္မတထံတင်ပြမည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဇန်နဝါရီ-၃၀**

ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ၏ နိုင်ငံရေးဘုံ သဘောတူညီချက်ကို နိုင်ငံတော် သမ္မတထံ တင်ပြမည်ဖြစ်ကြောင်း ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်က ပြောသည်။

သမ္မတထံ တင်ပြနိုင်ရန်အတွက် မတ်လ ပထမပတ်တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၌ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ ပါဝင်သော ညီလာခံကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ညီလာခံတွင် ပြည်နယ်နှစ်ခုအတွင်းရှိ တိုင်းရင်းသား ဒေသခံများ၏ လိုအပ်ချက်များကို ဆွေးနွေးမည်ဖြစ်ပြီး တက်ရောက်လာသော အဖွဲ့အစည်းများ၏ မြန်မာနိုင်ငံရေးပေါ်ထားရှိသော ဘုံနိုင်ငံရေးသဘောထား တစ်ခုရရှိအောင် ဆွေးနွေးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ညီလာခံကျင်းပနိုင်ရေးအတွက် ဖြစ်မြောက်ရေးကော်မတီတွင် လက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သော ရှမ်းပြည်တိုးတက်ရေးပါတီနှင့် ကယန်းပြည်သစ်ပါတီတို့ ပါဝင်ပြီး ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကယန်းအမျိုးသားပါတီ၊ ကိုးကန့်ဒီမိုကရက်တစ်ညီညွတ်ရေးပါတီ၊ ခနုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် 'ဝ'အမျိုးသားစည်းလုံးညီညွတ်ရေးပါတီတို့ဖြင့် ဖွဲ့စည်းထားသည်။

ရှမ်းပြည်နယ်အတွင်းရှိနိုင်ငံရေးပါတီများ၊ လက်နက်ကိုင် အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများပါဝင်သောညီလာခံတစ်ရပ်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ သုံးရက်ကြာ ကျင်းပခဲ့သည်။

စာမျက်နှာ(၄၂)မှ

## နိုင်ငံတကာ ခရီးသွားမြှင့်တင်ရေးပွဲများတွင် မြန်မာမျက်နှာပန်းပွင့်လာ

မြန်မာနိုင်ငံ၏ ခရီးသွားနှစ်အဖြစ် သတ်မှတ်ခဲ့ဖူးသည့် ၁၉၉၆ ခုနှစ်ထက် ၂၀၁၁-၂၀၁၂ ခရီးသွားရာသီမှာ အအောင်မြင်ဆုံးဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက် မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက "ခရီးသွားလုပ်ငန်းက ဦးစားပေးကဏ္ဍမှာ ပါတယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေကလည်း အကောင်းဘက်ကို ဦးတည်နေတယ်။ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေက ခရီးသွားလုပ်ငန်းကို တိုးတက်စေဖို့အတွက် စေ့ဆော်ပေးနေတဲ့ အချက်တွေပဲ" ဟု ပြောသည်။

၎င်းပွဲတွင် အထူးခြားဆုံးအဖြစ်မြန်မာနိုင်ငံမှကိုယ်စားလှယ်များအား နိုင်ငံတကာ ကိုယ်စားလှယ်များက ထူးခြားသော ဆက်ဆံရေး၊ ဆွေးနွေးပျူငှာမှုများပင် ရှိနေသည်ဟု အတွေ့အကြုံရှိသော မြန်မာကိုယ်စားလှယ်များက ဆိုသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဝင်ရောက်လာသော နိုင်ငံခြားသားခရီးသည် အရေအတွက်မှာ ငါးသိန်းခွဲကျော်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ စာရင်းများအရ သိရှိရသည်။



ORIENT CLINIC
အရှေ့တိုင်း ဆေးခန်း
ဝိတ်ရက်မရှိပါ။ ဆေးခန်းဖွင့်ချိန် နံနက်(၈း၀၀)နာရီမှ ည(၈း၀၀)နာရီအထိ
လာရောက်ကုသသောလူနာအားလုံးအတွက် 30 % Discount
ရောဂါဖြစ်နေလား အရှေ့တိုင်းကိုသွား။ အရှေ့တိုင်းကိုလည်းရောက် ရောဂါစုံလည်းပျောက်။
အရှေ့တိုင်း ကျန်းမာရေး ဆေးခန်း
လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း
Ph : 01 226917, 01 227285

## ဒီချုပ်ပညာရေးကွန်ရက် မဲဆောက်ရှိ ကျောင်း ၉ ကျောင်းသို့ ကျပ်သိန်း ၁၀၀ ကျော် လှူဒါန်း

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇန်နဝါရီ-၃၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်က မဲဆောက်ရှိကျောင်း ၉ ကျောင်းသို့ ပညာရေး အထောက်အပံ့အနေနှင့် အလှူငွေကျပ်သိန်း ၁၀၀ ကျော်ကို ဇန်နဝါရီ ၂၇ ရက်က လှူဒါန်းခဲ့ကြောင်း ပညာရေးကွန်ရက် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသိန်းလွင်က ပြောသည်။

ပညာရေးကွန်ရက်၏ နယ်စပ်ဒေသရှိရွှေ့လျားကျောင်းများအတွက် လှူဒါန်းသွားမည့် အစီအစဉ်၏ ပထမဆုံးလှူဒါန်းခြင်းဖြစ်ပြီး ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ဒီဇင်ဘာလကုန်ပိုင်းက ပြုလုပ်ခဲ့သော ရန်ပုံငွေရှာဖွေရေး ဂီတပွဲတော်မှရရှိသော အလှူငွေများဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

လှူဒါန်းခဲ့သော မဲဆောက်မှ ကျောင်း ၉ ကျောင်းမှာ မိဘမဲ့ကလေးကျောင်းနှစ်ကျောင်းနှင့် မဲဆောက်ရှိမြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများကို ပညာသင်ကြားပေးနေသော ကျောင်း ၇ ကျောင်းဖြစ်ပြီး အလှူငွေစုစုပေါင်း ကျပ် ၁၂၆ သိန်းလှူဒါန်းခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ(၃၂)မှ

## မိဘ၊ သားသမီးမြေးနှင့်မြစ်

ထို့ကြောင့် ပညာရေးအတွက် ကုန်ကျစရိတ် များလာသည်။ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်ခတာဝန်ကြီးလာသောအခါ မိသားစုတိုင်း၊ အိမ်ထောင်တိုင်းက သားသမီးများများ မွေးဖွားရန် ဝန်လေးလာကြတော့သည်။

အမှန်စင်စစ် မိသားစုတစ်ခုမှာ မျိုးဆက်ဦးရေ အချိုးအဆညီမျှဖို့ အရေးကြီးသလို နိုင်ငံတစ်ခုအတွက်လည်း မျိုးဆက်အချိုးအဆ ညီညွတ်မျှတရန် အရေးကြီးသည်။

လူအို၊ လူကြီး၊ လူလတ်၊ လူငယ်၊ ကလေး သူ့အချိုးအဆနှင့်သူ ရှိသင့်သလောက် ရှိရမည်။ ဒါမှလည်း ကလေးသူငယ်စောင့်ရှောက်ရေး၊ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးတာဝန်တို့ကို အလုပ်လုပ်နိုင်သူ၊ ဝင်ငွေဖန်တီးနိုင်သူတို့က တာဝန်ကျေကျေလုပ်နိုင်မည်။ ဘက်မျှရမည်။ ဘက်မမျှလျှင် ပြဿနာဖြစ်နိုင်သည်။

ရှေ့က မျိုးဆက်တစ်ခုကို နောက်မျိုးဆက်တစ်ခုက စောင့်ရှောက်ရမည်မှာလည်း လူ့ယဉ်ကျေးမှု၏ တာဝန်တစ်ရပ် ဖြစ်သည်။ ရှေ့မျိုးဆက်၏တာဝန်ကို နောက်မျိုးဆက်က တာဝန်ယူရန်အတွက်လည်း ဝန်ထုပ်ဝန်ပိုးလည်း မဖြစ်စေသင့်။ နောက်မျိုးဆက်အတွက် ရှေ့မျိုးဆက်မှာလည်း တာဝန်မကြီးလေးသင့်။ ဤကိစ္စသည် မိသားစုတိုင်း၊ နိုင်ငံတိုင်း လေ့လာသုံးသပ်သင့်သော အရာဖြစ်လိမ့်မည်။ များလွန်းလျှင်လည်း မကောင်း၊ နည်းလွန်းလျှင်လည်း မကောင်း။ အချိုးညီလျှင် မျှတလျှင်ကောင်း၏။

လက်ရှိအနေအထားအရ မြန်မာပြည်အတွက် မိသားစုတစ်ခုမှာ အကြင်တို့လင်မယား ဇနီးမောင်နှံတစ်စုံအတွက် ပျမ်းမျှအားဖြင့် သားသမီးသုံးဦးမျှတော့ မွေးဖွားသင့်သည်ဟု ထင်မြင်မိသည်။ သည့်ထက်လည်း မများသင့်။ သည့်ထက်လည်းမနည်းသင့်။ များလွန်းလျှင်လည်း လူနေမှုဘဝ ပြဿနာတွေရှိနိုင်သည်။ နည်းလွန်းလျှင်လည်း လူနေမှုဘဝပြဿနာတွေရှိလာနိုင်သည်။

လူအို၊ လူကြီးနှင့် လူငယ်၊ ကလေးများက သဘာဝဘေးသင့်သည့်အခါမျိုး၊ ကပ်ရောဂါတွေဖြစ်ကြသည့်အချိန်မျိုးမှာ ဒဏ်မခံနိုင်ကြ။ ဤအချက်ကိုလည်း ထည့်သွင်းစဉ်းစားရမည်။ မျိုးဆက်သစ်အတွက် အသက်အန္တရာယ်ကို မတိမ်းသာ မစောင်းသာ မဖြစ်သင့်။ လူအို၊ လူကြီးပြဿနာနှင့် လူငယ်၊ ကလေးပြဿနာသည် ခက်ခဲနက်နဲသည်။ ရှေ့လူနှင့် နောက်လူ၊ ရှေ့မျိုးဆက်နှင့် နောက်မျိုးဆက် ချိန်ဆလျှင် မြန်မာနိုင်ငံအတွက် ပျမ်းမျှအားဖြင့် မိသားစုတစ်စု သုံးယောက်နှုန်း၊ မိသားစုတစ်စုချင်းဆိုပါလျှင် သားသမီးဦးရေအနည်းဆုံး နှစ်ယောက်မှ လေးယောက်အထိ မွေးဖွားစေချင်သည်။

ဤသို့ဆိုလျှင် အချို့သော မိသားစုများက လက်ရှိစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများကြောင့် ခက်ခဲပင်ပန်းလွန်းနေသည်မှာလည်း သေချာသည်။

မိဘ၊ သားသမီး၊ မြေး၊ မြစ် အချိုးညီညီဖြင့် ပြေပြေလည်လည်ဖြင့် ရှေ့သို့ချီတက်နိုင်ပါစေ။ ။

TRADEMARK CAUTION
Morakot Industries Public Company Limited. a company incorporated in Thailand at 63/1-6, Sukhumvit 26, Klong-toey, Bangkok 10110, Thailand and is the Owner and Sole Proprietor of the following Trademarks:-
Emerald
Reg : No.4/812/2002
翡翠
Reg : No.4/813/2002
In respect of : Int'l Class 29 : Cooking oil and fats.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs (Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph:371990 7 Feb 2013

7DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013



# ပြည်တွင်းကုမ္ပဏီများ အလုပ်ခေါ်ယူမှု တိုးမြင့်လာ

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

ပြည်ပမှလာရောက် ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများထက်ပြည်တွင်းကုမ္ပဏီများ လုပ်ငန်းတိုးချဲ့၍ အလုပ်ခေါ်ဆိုမှု ပိုများလာကြောင်း ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအချို့ထံမှ သတင်းရရှိသည်။

ပြည်တွင်းကုမ္ပဏီအများစုမှာ လုပ်ငန်းတိုးချဲ့ လုပ်ကိုင်လာသကဲ့သို့ အိမ်တွင်းလုပ်ငန်းများသည်လည်း ကုမ္ပဏီလုပ်ငန်းပုံစံပြောင်းလဲလုပ်ကိုင်လာသကဲ့သို့ အိမ်တွင်းလုပ်ငန်းများသည်လည်း ကုမ္ပဏီလုပ်ငန်းပုံစံ ပြောင်းလဲလုပ်ကိုင်လာကြသဖြင့် အလုပ်ခေါ်ဆိုမှုများလာကြောင်း သိရသည်။ သို့သော် အလုပ်အကိုင်အခွင့်အလမ်းများ တိုးလာသော်လည်း ဝန်ထမ်းလိုအပ်ချက်များရှိခြင်းကြောင့်ဝန်ထမ်းရှာဖွေရာ၌ အခက်အခဲရှိကြောင်း သိရသည်။

အရင်တုန်းကတော့ ဘယ်လုပ်ငန်းအတွက် လုပ်မှာမို့အရေး



*နိုင်ငံသားလုပ်ငန်းရှင်ပိုင် ကုမ္ပဏီရုံးခန်းတစ်ခု*

ဓာတ်ပုံ-သီဟ

ပေါ်အနေနဲ့ ခေါ်တာရှိတယ်။ အခုကြိုပြီးတော့ အစီအစဉ်ဆွဲပြီး ခေါ်တာရှိလာတယ်။ လုပ်ငန်းအသစ်တွေတော်တော်များများ တိုးလာတယ်။ ဝန်ထမ်းရဖို့ ရှားလာတယ်" ဟု Market Care ပြည်တွင်း အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီမှမန်နေဂျင်းဒါရိုက်တာ ဦးအောင်မြင့်က ပြောသည်။

"လုပ်ငန်းတိုးချဲ့တာက ဝန်ထမ်းတွေ ထွက်သွားတာရယ်။ အဓိကတော့ လုပ်ငန်းအသစ်ပေါ်လာတော့ ရှိပြီးသားဝန်ထမ်း ထပ်တိုးခေါ်လာတာ" ဟု ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ တင်ဦးက ပြောသည်။ အလုပ်လျှောက်ကြသည့်လူငယ်များဘက်မှလည်း ပြည်တွင်းကုမ္ပဏီများမှ အလုပ်သင်ဝန်ထမ်းအဖြစ် ခေါ်ယူရာတွင် လုပ်ခလစာငွေကျပ်၄၀,၀၀၀မှ၆၀,၀၀၀ အထိပေး၍ ခေါ်ဆိုမှုအပေါ် စိတ်ဝင်စားမှုအားနည်းကြောင်း သိရသည်။

"ကျောင်းဆင်းတွေအနေနဲ့က သင်တန်းတွေတက်လာပြီး လက်မှတ်တွေရတော့ သူတို့တောင်းဆိုမှုက မကိုက်ညီဘူး။ သာမန်လေး၊ ငါး၊ ခြောက်သောင်းလောက် လာပေးရင် မလုပ်ချင်ကြတော့ဘူး။ လစာတစ်သိန်းကတော့ ဒါတော့ရတဲ့သူရမှာပေ့ါ။ အတွေ့အကြုံရှိအောင်တော့ လုပ်သင့်တယ်" ဟု Market Care မှ ဦးအောင်မြင့်က ပြောကြားသည်။

## မြန်မာလုပ်သားတစ်ဦး မလေးရှားတွင် ပြစ်မှုမထင်ရှားဘဲ သုံးလခန့် ထိန်းသိမ်းခံရကြောင်း အလုပ်ရှင်ပြောကြား

**ကွာလာလမ်ပူ၊ ဇန်နဝါရီ-၃၀**

မလေးရှားကုန်စုံဆိုင်ပိုင်ရှင်တစ်ဦးက ၎င်း၏မြန်မာအလုပ်သမားတစ်ဦးသည် ပြီးခဲ့သည့် စက်တင်ဘာလတွင် ဆယ်လာယန် လက်ကားဈေးကြီးအနီးတွင် အကြောင်းပြချက် တစ်စုံတရာမရှိဘဲ သုံးလခန့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရကြောင်း ပြောကြားလိုက်သည်။

အဆိုပါ မြန်မာလုပ်သားမှာ ၂၆နှစ်အရွယ်ရှိ သန်းဌေးဝင်းဟုခေါ်သူဖြစ်ပြီး ၎င်းအား ရဲက စက်တင်ဘာ ၂၈ရက်တွင် ခေါ်ယူသွားခဲ့ကြောင်း၊ ၎င်းသည် ပတ်စ်ပို့နှင့်အလုပ်လုပ်ကိုင်ခွင့် Work Permit မပြသနိုင်၍ ဂျင်ဂျန်းရဲစခန်းတွင် ထိန်းသိမ်းခံခဲ့ရကြောင်း ဆိုသည်။ ထို့နောက်အလုပ်ရှင်က ရဲစခန်းသို့သွားရောက်ကာ တရားဝင်လုပ်သားဖြစ်ကြောင်း အထောက်အထားများ ပြသခဲ့သော်လည်း ရဲက တရားရုံးသို့ လွှဲပြောင်းပေးခဲ့ပြီးနောက် Work Permit စည်းကမ်းများ ချိုးဖောက်မှုဖြင့် ထောင်ဒဏ်ကျခံခဲ့ရကြောင်း ဆိုသည်။

အလုပ်ရှင် ခိုကင်မ်ချွန်းက သန်းဌေးဝင်းသည် တရားရုံးအချုပ်တွင် သုံးလခန့် ကျခံခဲ့ရပြီးနောက် ၎င်းနှင့်အတူ ပါသွားခဲ့သော ရင်းဂစ် ၁၀၀ နှင့် ဟန်းဖုန်းတို့မှာလည်း ပြန်မရခဲ့ကြောင်း ပြောသည်။ မစ္စတာခိုက ၎င်းသည် မိမိ၏မြန်မာလုပ်သားနှင့် ပတ်သက်၍ ရဲချုပ်ထံ အမှုကိုပြန်လည်စစ်ဆေးပေးရန် တိုင်ကြားစာရေးပို့သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

—Ref: malaysia-chronicle

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
၁။ Digital (ကောက်/ဖြောင့်/ညှပ်) ကျွမ်းကျင် မ (၅) ဦး
၂။ ခေါင်းလျှော် မ (၅) ဦး
၃။ လက်သည်းအလှပုံဖော် ကျွမ်းကျင် မ (၅) ဦး **ဖုန်း - ၀၉-၇၃၀၂၇၂၉၃**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Elegent Myanmar Tours Co., Ltd.
၁။ Assistant Manager (၁)ဦး
၂။ Operation Assistant (၂) ဦး
၃။ Reservation and Ticketing (၂)ဦး
၄။ Office Staff (၂) ဦး
**အမှတ် (၂၀)၊ အဆောက်အအုံ (E) ၊ ပုလဲလမ်း၊ ဗဟန်းမြို့နယ်။**
**ဖုန်း - ၀၉-၄၂၁၀၇၄၇၂**

--------------------------------

**Fusion Myanmar အတွက် ဝန်ထမ်းများအလိုရှိသည်**
1. Operatioon Manager (F/M) 2 Posts
2. Marketing Executive (F/M) 2 Posts
3. Sale Supervisor (F/M) 2 Posts
**အမှတ် (၄၅၉/ဘီ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်။**
**၀၉-၄၉၉၂၅၅၃၅၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Adler အမျိုးသမီးအဆောင်
အဆောင်ဝန်ထမ်း မ (၃) ဦး
**အမှတ် ၁၈-ဘီ၊ အခန်း ၁၀၂ (ပထမထပ်)၊ ၅၆ လမ်းတို၊ ပုဇွန်တောင်မြို့နယ်။**
**၀၉-၇၃၁၅၇၄၈၀၊ ၀၁-၂၉၅၀၅၂**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
VOiP Telecom Assistant
Male or Female (3) Posts
**Infinity Innovation Co., Ltd.**
**Bul(C-1), Room (010), High Way Complex, Nar Nat Taw Road, Kamayut Township, Yangon.**
**Ph - 01-515006, 09-421174707**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ ယာဉ်မောင်း (အရောင်းကား) ကျား (၂) ဦး
၂။ အထွေထွေပစ္စည်းထိန်း မ (၂) ဦး
**Apple Production Co., Ltd.**
**အမှတ် (၉၇၂/ခ)၊ သံသုမာလမ်း၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ (နှစ်ပတ်အတွင်း)**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အင်တာနက်ဆိုင်ဝန်ထမ်း ကျား (၂) ဦး
တောင်ဥက္ကလာအနီးနေသူ ဦးစားပေးမည်။
**Zarni Internet ဆိုင်**
**အမှတ် (၅၅/ဘီ)၊ သံသုမာလမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
(အသစ်ဖွင့်မည့် ကိုယ်ပိုင်ကျောင်းနှင့် ဘော်ဒါဆောင်တွင် ခန့်ထားရန်)
၁။ အထက်တန်းကျောင်းအုပ် (ကျား/မ)
၂။ အလယ်တန်း/အထက်တန်း ဘာသာရပ်သင် ဆရာ/မများ
၃။ အဆောင်မှူး (ကျား/မ) study guide များ
၄။ ကွန်ပျူတာကျွမ်းကျင် Staff
၅။ ယာဉ်မောင်း
**၂၀. ၂. ၂၀၁၃ နောက်ဆုံးလျှောက်ရန်**
**၁၀၅ (B) ၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင် လုံးချင်းအိမ်ရာ၊ စံရိပ်ငြိမ်၊ ကမာရွတ်။**
**ဖုန်း-၅၁၂၄၂၁၊ ၀၉-၅၁၁၈၂၅၄၊ ၀၉-၅၁၁၈၂၅၃**

--------------------------------

**ဝန်ထမ်းအလိုရှိသည်။**
Beauty Saloon အတွက် လျှော်၊ ညှပ်၊ ကောက်၊ ဖြောင့်၊ လက်သည်း၊ ခြေသည်းပုံဖော်၊ spa အတွက် ကျွမ်းကျင် အမျိုးသမီးအလိုရှိသည်။ လစာကောင်းပေးမည်။ နေ၊ထိုင်စရိတ် စီစဉ်ပေးမည်။
**ဖုန်း - ၀၉-၅၀၀၃၈၅၈၊ ၀၉-၅၀၆၆၆၂၂**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
**P.S.A Co., Ltd.**
1. Project Engineer (B.E Civil) 1 Nos (Male)
2. Site Engineer (A.G.T.I/B.Tech/B.E Civil) 3 Nos (Male)
3. Accountance (B.Com/L.C.C.I Level III) 1 Nos (Female)
4. Auto CAD 2D/3D နှင့် B.E(Civil) 1 Nos (Female) ခန့်မှန်းခြေ စာရင်းရေးဆွဲနိုင်သူ
**တိုက် ၁၁၊ (ပထမထပ်/ညာ)၊ သီရိမြိုင် ဘူတာအနီး၊ ဗဟိုလမ်း၊ ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း - ၀၉-၈၅၆၈၁၁၁၊ ၀၉-၄၉၇၁၆၀၆၀၊ ၀၉-၇၃၁၄၈၁၁၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Frenzo Living Mall (Furniture Showroom)
၁။ Internal Audit r မ (၁) ဦး
၂။ Driver (ကားကြီး၊ ကားလေး မောင်းနိုင်ရမည်) ကျား (၁) ဦး
၃။ Sale & Marketing မ (၇) ဦး
၄။ အထွေထွေဝန်ထမ်း ကျား (၂) ဦး
**No. 15(A-5), Pyay Road, A1 (9 miles), Mayangone Township, Yangon. 01-664026, 656970**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Sales & Marketing Manager M/F (1) Post
2. Sales Executive M/F (3) Posts
3. Chief Auditor F (1) Post
4. Sales Girl F (4) Posts
5. Purchaser F (2) Posts
6. Store Keeper M/F (3) Posts
7. Driver M (3) Posts
**အမှတ် (၁၆၄)၊ ဗိုလ်ရွဲလမ်း၊ လသာ။**
**ဖုန်း - ၃၈၉၅၂၃၊ ၃၈၄၇၃၀**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Pharmacist မ (၃) ဦး
၂။ Pharmacy Sales (ဆေးဝါးအရောင်း) မ (၅) ဦး
၃။ Medical Imaging Technologist (Radiographer) မ (၂) ဦး
၄။ Office Staff မ (၂) ဦး
၅။ Receptionist မ (၅) ဦး
၆။ Nurse-Aid (သူနာပြုအကူ) မ (၁၀) ဦး
**ကန်တော်ကလေးအထူးကုဆေးခန်း**
**အမှတ် ၈၆၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်ကလေး (၈၇-၈၈) လမ်းကြား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၃၉၉၄၂၈၊ ၃၈၄၀၄၃၊ ၂၄၆၅၃၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Sale Man ကျား (၅) ဦး
ယာဉ်မောင်း ကျား (၃) ဦး
အမှတ် (၄၂)၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်း မ (၁) ဦး
မင်္ဂလာဈေးအထည်အရောင်း အတွေ့အကြုံရှိသူ
**ဖုန်း-၀၉-၇၃၀၇၈၉၀၅၊ ၀၉-၅၁၈၆၂၈၆**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Executive/Level Driver M (1) P
No. 60(C), Pyay Road, Hlaing.
**Ph - 01-655751~53**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Operation Manager M/F (2) Posts
2. Customer Service Manager M/F (2) Posts
3. Senior Accoutant M/F 2 Posts
4. Accountant M/F 2 Posts
**SA-2, Aung Zaya Complex, Corner of Ahlone and Kan Nar Street, Ahlone Township, Yangon. 01-214148, 214150**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
**မျိုးမြန်မာ ကုမ္ပဏီလီမိတက်**
၁။ Marketing ကျွမ်းကျင် ကျား (၂) ဦး၊ မ (၄) ဦး
၂။ လက်ထောက် Marketing ကျွမ်းကျင် ကျား (၂) ဦး၊ လ (၄) ဦး
**တိုက်(၁)၊ အခန်း (4-A) ၊ ဥယျာဉ်လမ်း၊ ကျောက်မြောင်း။**
**ဖုန်း-၀၉-၄၃၀၅၂၅၁၇၊ ၀၉-၇၃၀၄၆၅၉၉**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Manager M/F (1) Post
Room 302, 3th Floor, Building (B), Pyinnyawadi Avenue, Yankin Township, Yangon.
**Ph : 546306, 550476**

--------------------------------

**အမျိုးသမီးဝန်ထမ်းအလိုရှိသည်**
ခေါင်းလျှော်စက်ဆွဲကျွမ်းကျင် မ (၃) ဦး
လက်သည်းခြေသည်းပန်းချီကျွမ်းကျင် မ (၂) ဦး
**ဖုန်း-၀၉-၄၉၅၈၅၄၀၄၊ ၀၁-၅၈၀၃၈၇**

--------------------------------

**ယာဉ်မောင်း (၃) ဦးအလိုရှိသည်**
(ရုံးကားနှင့် အိမ်ကားမောင်းရန်)
**ဆရာစံလမ်း၊ ဗဟန်း။**
**ဖုန်း-၀၁-၅၄၁၂၂၅၊ ၀၁-၅၅၃၇၇၉**

--------------------------------

ဝန်ထမ်းအလိုရှိသည်။
1. Accountant (LCCI-III) မ (၅) ဦး
2. Marketing/အရောင်း ကျား/မ (၅)ဦး
3. Computer Operator ကျား/မ (၅) ဦး
4. Office Staff ကျား/မ (၅) ဦး
5. Sale Driver ကျား (၅) ဦး
6. Sale Promoter ကျား/မ (၅) ဦး
**ဖုန်း - ၂၄၃၈၁၉**

--------------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



သရဖူ စိုးမြင့်
2013
THE MOST AMAZING
EXHIBITION and CAR SHOW
တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသော
၂၀၁၃ မော်ဒယ်ကားများကို
အံ့သြဖွယ်ရာဈေးနှုန်းဖြင့် ရောင်းချပေးနေပါပြီ။
30%
Date : 8th to 11th February, 2013. Time: 9 am to 9 pm. Place: MCC Hall, Yangon.
နေ့ရက် - ၂၀၁၃၊ ဖေဖော်ဝါရီ ၈ရက် မှ ၁၁ရက်နေ့ အထိ။ အချိန် - နံနက် ၉ နာရီမှ ည ၉ နာရီအထိ။




SAMSUNG
ကျပ်သိန်း(၁၅၀၀)တန်ဖိုးရှိ မြန်မာပြည်၏အထူးခြားဆုံး
Samsung GALAXY
Lucky Draw Festival
(Samsung Official Warranty)
Warranty Card
ကံစမ်းမဲကာလမှာ မတ်လ(၁၀)ရက်အထိဖြစ်ပါသည်။
ကံထူးရှင်များကို မတ်လ(၁၅)ရက်တွင် ကံစမ်းမဲဖောက်ပေးမည်ဖြစ်ပါသည်။
GT-XXXXXXX THL
SAMPLE
COLOR : White
GT-N8000ZWATHL
RF1CA3RBC1Z
Korea
ကံစမ်းမဲထည့်သွင်းရန်နေရာများ
Samsung Mobile Brand Shop
F-121, Junction Square Centre,
Samsung Brand Corner
emart
Samsung Customer Service Plaza

Education
7DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

# မြန်မာအိမ်ထောင်စုများ ဝင်ငွေရာခိုင်နှုန်းအရ ပညာရေးစရိတ် နိုင်ငံတကာထက် သုံးဆကျော် သုံးစွဲနေ

**နေလင်းထွန်း**

**ရန်ကုန်၊ဇန်နဝါရီ-၃၁**

မြန်မာနိုင်ငံရှိအိမ်ထောင်စုများ၏ ပညာရေးဆိုင်ရာ အသုံးစရိတ်များသည် ဝင်ငွေရာခိုင်နှုန်းအရ နိုင်ငံတကာရှိ ပျမ်းမျှနှုန်းများ၏ သုံးဆကျော် ပိုမိုမြင့်မားနေကြောင်း မြန်မာနိုင်ငံ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးစာတမ်း (CESR)တွင် ဖော်ပြထားသည်။

ဒေသတွင်းနိုင်ငံများမှ အိမ်ထောင်စုများအနေဖြင့် ၎င်းတို့ဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းခန့်ကို ပညာရေးအသုံးစရိတ်အတွက် အသုံးပြုနေရချိန်တွင်မြန်မာအိမ်ထောင်စုများသည်မိမိတို့ဝင်ငွေ၏ ၇၀ ရာခိုင်နှုန်းကို ပညာရေးအသုံးစရိတ်အတွက် အသုံးပြုနေရခြင်းဖြစ်သည်။

အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သော လာအိုနိုင်ငံတွင် အိမ်ထောင်စုများ၏ ပညာရေးအသုံးစရိတ်မှာ ၂၀၀၈ ခုနှစ်တွင် ၂၁ ရာခိုင်နှုန်းရှိနေပြီး ကမ္ဘာ့ဘဏ်၏ နိုင်ငံအသီးသီးအပေါ် လေ့လာချက်များအရ အိမ်ထောင်စုများမှ ကျခံသော ပညာရေးအသုံးစရိတ်မှာ ပျမ်းမျှအားဖြင့် ၎င်းတို့ဝင်ငွေ၏ ၁၈ ဒသမ ၅ရာခိုင်နှုန်းရှိနေသည်။

၂၀၁၀ပြည့်နှစ် မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှုစစ်တမ်း (IHLCS)အရပညာရေးဆိုင်ရာ အသုံးစရိတ်စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းမှာ အိမ်ထောင်စုများမှ ကုန်ကျသော အသုံးစရိတ်ဖြစ်ပြီး အစိုးရ၏ ပညာရေးအသုံးစရိတ်မှာ ၂၅ ရာခိုင်နှုန်းသာရှိနေသည်။

မြန်မာအိမ်ထောင်စုများအနေဖြင့် ပညာရေးဆိုင်ရာ အသုံးစရိတ်တွင် ကျောင်းသုံးစာရေးကိရိယာ ကုန်ကျစရိတ်မှာ အမြင့်မားဆုံးဖြစ်နေကာ ကျူရှင်စာသင်စရိတ်၊ ကျောင်းလခ၊ ကျောင်းသုံးပုံနှိပ်စာအုပ်စရိတ်များလည်း မြင့်မားနေကြောင်း အထက်ပါစာတမ်းတွင် သုံးသပ်ထားသည်။

ပညာရေးဆိုင်ရာ ကုန်ကျစရိတ်များပြားခြင်းနှင့် စီးပွားရေးကျပ်တည်းခြင်းများသည် ပညာသင်ယူမှုကို အဟန့်အတားဖြစ်နေပြီး ကျောင်းမထားနိုင်သော ကလေးမိသားစု အများစု၏ အကြောင်းရင်းမှာ ပညာရေးကုန်ကျစရိတ်နှင့်သော်လည်းကောင်း၊ မိသားစုစီးပွားရေးနှင့်သော်လည်းကောင်း ဆက်စပ်နေကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ အသုံးစရိတ်အတွက် ဂျီဒီပီ (နိုင်ငံတစ်နိုင်ငံ၏ နှစ်စဉ်ထုတ်ကုန်နှင့် ဝန်ဆောင်မှု စုစုပေါင်းတန်ဖိုး)မှ ခွဲဝေချထားမှု ရာခိုင်နှုန်းမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ဝ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အာဆီယံနိုင်ငံများအနက် အနည်းဆုံးဖြစ်ခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၁ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဒုတိယအနည်းဆုံးနေရာသို့ တက်လာကြောင်း အဆိုပါစာတမ်းအရ သိရသည်။



*သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတစ်ခု၏ စာသင်ခန်းမြင်ကွင်း* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဘုန်းတော်ကြီးသင်ပညာရေးနှင့် ရပ်ရွာအခြေပြုပညာရေးအတွက် ဗြိတိန်နှင့် ဩစတြေးလျ ကူညီမည်

**နေလင်းထွန်း**

**ရန်ကုန်၊**
**ဇန်နဝါရီ-၃၁**

ဗြိတိန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (UK Aid နှင့် Australian Aid)တို့သည် ပြည်တွင်းရှိ အဆင်းရဲဆုံးနှင့် ဝေးလံခေါင်ဖျားသော ဒေသများရှိ ဘုန်းတော်ကြီးသင်ပညာရေးနှင့် ရပ်ရွာအခြေပြုပညာရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၂၂သန်း ထောက်ပံ့ကူညီမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ အဆင်းရဲဆုံးကလေးငယ် နှစ်သိန်းကျော်၏ မူလတန်းပညာရေးအတွက် မြန်မာ့ပညာရေးအကျိုးတူပူးပေါင်းအဖွဲ့အစည်းမှတစ်ဆင့် ကူညီထောက်ပံ့သွားမည်ဖြစ်ပြီး ထောင်စုနှစ် ရည်မှန်းချက်ဖြစ်သော ကလေးငယ်များအားလုံးမှ လတန်းပညာရေး ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရန် ရည်ရွယ်ပံ့ပိုးခြင်းဖြစ်ကြောင်း ၎င်းအဖွဲ့အစည်းနှစ်ခုက သတင်းထုတ်ပြန်ထားသည်။

ဗြိတိန်နှင့် ဩစတြေးလျအဖွဲ့အစည်းနှစ်ခု၏ အကြီးအကဲနှစ်ဦး မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၂၉မှ ၃၁ ရက်တွင်လာရောက်သည့်ခရီးစဉ်မှ ပညာရေးဆိုင်ရာ ထောက်ပံ့ကူညီမှုကိုပထမဆုံးအကြိမ်ဆောင်ရွက်ရန် သဘောတူလိုက်ခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ၏ ညွှန်ကြားရေးမှူးချုပ် မစ္စတာ Peter Baxter က "မြန်မာနိုင်ငံကို အတူတကွ လာရောက်လည်ပတ်ခြင်းက ဩစတြေးလျနိုင်ငံနဲ့ ဗြိတိန်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုအတွက် ကတိကဝတ်တစ်ခုဖြစ်ပါတယ်။ အခြားနိုင်ငံက အလှူရှင်တွေနဲ့အတူ မြန်မာနိုင်ငံအတွင်း စတင်နေတဲ့ ထူးခြားတဲ့ပြောင်းလဲမှုတွေကို ထောက်ပံ့သွားမှာဖြစ်ပါတယ်"ဟု ဆိုသည်။

ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံသည် ၂၀၁၁-၂၀၁၅ခုနှစ်များအတွင်းမြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေါ်လာ သန်း ၅၀၀ ကျော် ထောက်ပံ့သွားမည်ဖြစ်ပြီး ကလေးငယ်များ၏မူလတန်းပညာရေးအပြင် လယ်သမားများဝင်ငွေတိုးတက်ရေး၊ အမျိုးသမီးနှင့် မိန်းမငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေး၊ တိုင်းရင်းသားလူမျိုးစုများ၏ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကျယ်ပြန့်လာစေရေး၊ စီးပွားရေးကူညီထောက်ပံ့ရေး၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရေး၊ လွှတ်တော်လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ကူညီပံ့ပိုးသွားမည်ဖြစ်သည်။

# ဩစတြေးလျပညာတော်သင်ဆုအတွက် မြန်မာကျောင်းသားနှစ်ဆ တိုးမြှင့်ခေါ်ယူမည်

**နေလင်းထွန်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၂**

ဩစတြေးလျအစိုးရ ပညာတော်သင်ဆုအတွက် ယခုနှစ်တွင် မြန်မာကျောင်းသား ၄၀ဦးထိ တိုးမြှင့်ခေါ်ယူသွားမည်ဖြစ်ပြီး ဘွဲ့ကြိုနှင့် ပါရဂူဘွဲ့သင်တန်းတက်ရောက်မည့် ကျောင်းသားများလည်း လျှောက်ထားနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ပထမအကြိမ်တွင် မဟာဘွဲ့သင်တန်းတက်ရောက်မည့် မြန်မာကျောင်းသား ၁၀ဦးနှင့် ဒုတိယအကြိမ်တွင် ၂၁ ဦး ရွေးချယ်ခဲ့ရာမှ ယခုနှစ်တွင် မြန်မာကျောင်းသားနှစ်ဆထိ တိုးမြှင့်ခေါ်ယူမည်ဖြစ်ပြီး ဘွဲ့ကြိုသင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းအတွက် အကန့်အသတ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ အစာရေစာဖူလုံရေးနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ဘာသာရပ်နယ်ပယ်များအား ဦးစားပေးသွားမည်ဖြစ်ပြီး ကျား၊မညီမျှရေး၊ လူအခွင့်အရေး၊ သဘာဝဘေးစီမံမှု၊ ဖွံ့ဖြိုးရေး၊ ဥပဒေ၊ ပြည်သူ့ရေးရာမူဝါဒနှင့် နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်များ သင်ယူလေ့လာမည့် ကျောင်းသားများကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။

ဩစတြေးလျ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (AusAID)၏ ထောက်ပံ့ကူညီမှုဖြင့် ပညာသင်ယူခွင့်ရရှိခဲ့သော မြန်မာကျောင်းသားများ၏ အရည်အချင်းမှာ အထင်ကြီးလေးစားဖွယ်ရှိခြင်းကြောင့် ပညာသင်ဆုပေးအပ်သော အရေအတွက်ကို တိုးမြှင့်ပေးအပ်နေခြင်းဖြစ်ကြောင်း ဩစတြေးလျသံရုံး၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ အနာဂတ်စိန်ခေါ်မှုများအတွက် ခေါင်းဆောင်မှုစွမ်းရည်ရှိသူများ၊ အရည်အချင်းရှိသူများကို ပညာသင်ယူရန် အခွင့်အလမ်းများပေးအပ်သွားမည်ဖြစ်ပြီး နိမ့်ကျနေသော အခြေခံပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှု မြှင့်တင်ရန်၊ ဆင်းရဲနေသော ကျေးလက်ဒေသ လူနေမှုမြှင့်တင်ရန်၊ ပဋိပက္ခနှင့် သဘာဝဘေးသက်ရောက်နေသော ပြည်သူများ၏ လိုအပ်ချက်ကို ထောက်ပံ့ရန်၊ စီမံအုပ်ချုပ်မှု အရည်အသွေးမြင့်မားလာစေရန်နှင့် ပြုပြင်ပြောင်းလဲရေးကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၁၄ ခုနှစ်တွင် သွားရောက်ပညာသင်ယူရမည့်ဩစတြေးလျအစိုးရပညာသင်ဆုအခွင့်အလမ်းအတွက် ဧပြီလကုန်နောက်ဆုံး လျှောက်ထားရမည်ဖြစ်ပြီး http://www.ausaid.gov.au/australia-awardsတွင်အသေးစိတ်အချက်အလက်များကိုကြည့်ရှုလေ့လာနိုင်သည်။

သို့/

ဘကြီး

ချိုင့်ဆွဲမှာမလို့ဆို ...

ဘကြီးတူမ ယူတဲ့ဆိုင်မှာတယ် ဒီဆိုင်မှာယူတာ နာရီမတိုင်ခင်ကတည်းက၊ နာရီလိုနေမျိုးမှာတောင် အိမ်အရောက်ပို့ပေးလို့ ဝန်ဆောင်မှုကောင်းတယ်ဆိုပြီး ယူနေတာ နှစ်ပေါက်နေပြီ၊ တစ်လောက စမ်းချောင်းဘက်ဆိုရင်ပို့နိုင်တဲ့ ချိုင့်အရေအတွက်ပြည့်နေလို့ မှာချင်တဲ့သူတွေ စောင့်ခဲ့ရတယ်။

ဒီဆိုင်ကအပေါ်ယံလေးလုပ်ပြီး ကြက်ကန်းဆန်အိုးတိုးလို့ ဖြစ်လာတာမဟုတ်ဘူး။ အခုလည်း မြန်မာဟင်းတွေနဲ့ပတ်သက်ပြီး စားသုံးသူတွေအတွက် Unilever Food Solutions (Bangkok) နဲ့ပေါင်းပြီး Project တစ်ခုလုပ်နေတယ်။ ဆိုင်ခွဲတွေနဲ့ Main Kitchen ကို သွားလေ့လာလိုက်ရင် ရေတိုသိမ္မနဲ့ကြိုတ်တာကအစ၊ ချက်ပြုတ်ပြင်ဆင်တာအဆုံး အဓိက,က ဘာလဲဆိုတာ ဘကြီး သဘောပေါက်သွားမှာပါ။

(ယခုပေးစာတွင်ပါရှိသော စာသားအချို့ကိုပြောကြားပေးသော မိတ်ဆွေများကို အထူးကျေးဇူးတင်ပါသည်။)

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ...

မြို့လယ်ဆိုင်ခွဲ (Breakfast) - ...

ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ ...

www.khaingkhaingkyawfoodcenter.com

Technology
7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# ဗီဇာကတ်ဖြင့် ငွေပေးချေသည့် ဝန်ဆောင်မှု MOBဘဏ် စတင်

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

အမေရိကန်၏ အီလက်ထရွန်နစ် နည်းပညာကုမ္ပဏီဖြစ်သော Visa Inc. ၏ ဗီဇာကတ် အသုံးပြု ငွေပေးချေခြင်းကို ပြုလုပ်နိုင်မည့် ဝန်ဆောင်မှုကို မြန်မာအရှေ့တိုင်းဘဏ် (MOB) က စတင်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။



ထိုဝန်ဆောင်မှုမှာ MOB ဘဏ်နှင့် ချိတ်ဆက်ထားသော စားသောက်ဆိုင်များ၊ အရောင်းဆိုင်များ၊ ကုန်တိုက်များနှင့် ဈေးဝယ်စင်တာများတွင် ပြုလုပ်သည့် အရောင်းအဝယ်ကိစ္စများ၌ အဆိုပါဗီဇာကတ်များကို အသုံးပြုသူကမ္ဘာလှည့်ခရီးသွားများသည် ATM အလိုအလျောက် ငွေထုတ်စက်များတွင် ငွေသားထုတ်ယူရန် မလိုဘဲ POS (Point of Sale) ဟုသည့် အီလက်ထရွန်နစ် စက်များထားရှိသည့် မည်သည့်နေရာတွင်မဆို ကြိုက်နှစ်သက်ရာ ကုန်ပစ္စည်းဝယ်ယူနိုင်သည့်စနစ် ဖြစ်သည်။

Visa Inc. ၏ ဗီဇာကတ်များနှင့် ကမ္ဘောဇဘဏ်၊ CB ဘဏ်တို့၏ ATM စက်များတွင် ငွေသားထုတ်ယူနိုင်သည့် ဝန်ဆောင်မှုကို ပြီးခဲ့သည့် ၂၀၁၂ ဒီဇင်ဘာလအတွင်းက ပထမဆုံးစတင်ခဲ့သည်။

ယခု မြန်မာအရှေ့တိုင်းဘဏ်နှင့် ထိုကုမ္ပဏီတို့ ပူးပေါင်းထားသည့် ဝန်ဆောင်မှုမှာ ATM စက်များတွင် ဗီဇာကတ်များကို ထည့်ကာ ငွေထုတ်ယူနိုင်သည့်စနစ် မဟုတ်ဘဲ POS စက်များရှိသော ဈေးဝယ်နေရာများတွင် အဆိုပါကတ်များဖြင့် ငွေပေးချေခြင်းကို ပြုလုပ်နိုင်သည့် ဝန်ဆောင်မှုဖြစ်သည်ဟု ယင်းဘဏ်၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်ကြည်ကြည်သန်းက ပြောသည်။

MOB ဘဏ်သည် အမေရိကန်ကုမ္ပဏီက ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် ရွေးချယ်ထားသော ပြည်တွင်း၏ ပုဂ္ဂလိကဘဏ် သုံးဘဏ်တွင် ပါဝင်သော ဘဏ်လုပ်ငန်းတစ်ခုဖြစ်ပြီး အခြားဘဏ်နှစ်ဘဏ်မှာ ကမ္ဘောဇနှင့် စီဘီဘဏ်တို့ ဖြစ်ကြသည်။

# မြန်မာအိတ်စ်ပရက်စ် ဝက်ဘ်ဆိုက်အား အလဲဗင်းမီဒီယာ တရားစွဲ

**သန်းဌေး၊ အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ-၃၀**

အလဲဗင်း မီဒီယာဂရုပ်က မြန်မာအိတ်စ်ပရက်စ်ဒေါ့နက်ခ်အား အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးပုဒ်မဖြင့် တရားစွဲဆိုလိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံမှ သတင်းရရှိသည်။

ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီခန့်က Eleven Media Group ၏ ဝက်ဘ်ဆိုက်အား www.myanmarExpress.net ဝက်ဘ်ဆိုက်က လိမ်ညာအပုပ်ချသတင်းလွှင့်သော "Eleven အား DDOS ဖြင့် တိုက်မည်" ဟု ဖော်ပြထားခြင်းနှင့် Eleven ဝက်ဘ်ဆိုက်အား ယင်းနေ့နေ့လယ် ၂ နာရီတွင် တစ်ကြိမ်၊ ဇန်နဝါရီ ၁၆ ရက်နေ့လယ် နှစ်နာရီခွဲတွင် တစ်ကြိမ်စီ ဝင်ရောက်ကြည့်ရှုခြင်း မပြုနိုင်ရန် နှောင့်ယှက်ဖျက်ဆီးခဲ့သဖြင့် Myanmar Express ဝက်ဘ်ဆိုက်နှင့် နှောင့်ယှက်သူအပေါ် စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် တာမွေရဲစခန်းသို့ Eleven Media Group ၏ ဒါရိုက်တာ ဦးဇော်ရဲနောင်က တရားလိုပြုလုပ် တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

တာမွေရဲစခန်းက အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးပုဒ်မ ၃၄(က)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရဲစခန်းတွင် အမှုဖွင့် တိုင်တန်းသူ ဦးဇော်ရဲနောင်က ပြောသည်။

"ကျွန်တော်တို့ဝက်ဘ်ဆိုက်ကို တိုက်ခိုက်မယ်လို့ Myanmar Express က လှုံ့ဆော်တဲ့သတင်းတွေ တင်တယ်။ ဒေါက်တာဆိတ်ဖွားမှာ အသရေဖျက်တဲ့ အရေးအသားတွေကို ထပ်တင်တယ်။ ကျွန်တော်တို့ဝက်ဘ်ဆိုက် အတိုက်ခိုက်ခံရမှာကို သူတို့က ကြိုသိနေတယ်။ ဒါဟာ တိုက်ခိုက်တဲ့အဖွဲ့တွေထဲမှာ သူတို့ပါတယ်ဆိုတာ ဖော်ပြနေတယ်။ ဒီ Myanmar Express ကို ဘယ်သူကြိုးကိုင်နေတယ်ဆိုတာတော့ မသိဘူး။ ရဲတွေက ဖော်ထုတ်ပေးရမှာပါ" ဟု ဦးဇော်ရဲနောင်က ပြောသည်။

ဤကဲ့သို့ဝက်ဘ်ဆိုက် တိုက်ခိုက်ခြင်းခံရသည့်အတွက် နေ့စဉ်သတင်းများ ဝင်ရောက်ဖတ်ရှုနေကြသည့် စာဖတ်ပရိသတ်များ အသုံးပြုမရခြင်း၊ ဂုဏ်သိက္ခာပိုင်းအရ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်သည့်အတွက် ရဲစခန်းတွင် တရားစွဲဆိုခြင်းဖြစ်ကြောင်း ဦးဇော်ရဲနောင်က ပြောသည်။

အွန်လိုင်းပေါ်မှ ဘလော့တစ်ခုအား ယင်းသို့ တရားစွဲဆိုခြင်းနှင့် ပတ်သက်၍ အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးပုဒ်မဖြင့် ထောင်ဒဏ်နှစ်ရှည်

**စာမျက်နှာ(၂၄)သို့ »**

# မိုဘိုင်းကွန်ရက်တွင် မိတ်ဆက်ဖွယ်ရှိသော နည်းပညာပစ္စည်းသစ်များ



**ဆန်ဖရန်စစ္စကို၊ ဖေဖော်ဝါရီ-၂**

စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ဖေဖော်ဝါရီ ၂၄ မှ ၂၈ ရက်အထိ ကျင်းပမည့် Mobile World Congress ပွဲကြီး နီးကပ်လာသည်နှင့်အမျှ ယင်းပွဲတွင် ထုတ်ဖော်ပြသမည့် ပစ္စည်းသစ်များအကြောင်း သတင်းပေါက်ကြားမှုများလည်း များပြားလာသည်။

ဆမ်ဆောင်းကုမ္ပဏီက ယင်းပြပွဲတွင် Galaxy Tab 3 အား စတင်မိတ်ဆက်သွားဖွယ်ရှိသည်။ မျက်နှာပြင်အကျယ် ၇ လက်မ၊ ၇ ဒသမ ၇ လက်မမှ သင်ပုန်းကွန်ပျူတာများထက် အရွယ်အစားကြီးပြီး ၈ လက်မဖြစ်နိုင်သည်ဟု ခန့်မှန်းကြသည်။ ဈေးနှုန်းမှာမူ ဂူးဂဲလ် Nexus 7 ကို ယှဉ်ပြိုင်နိုင်ရန် ဒေါ်လာ ၂၀၀ ဝန်းကျင်သာ သတ်မှတ်ထားနိုင်သည်။


HTC ကုမ္ပဏီကလည်း ယင်းပြပွဲတွင် ၎င်း၏ နောက်ဆုံးထုတ် စမတ်ဖုန်းကို ထုတ်ဖော်ပြဖွယ်ရှိသည်။ ကုမ္ပဏီနှစ်ပတ်လည်ပွဲတွင်ကုမ္ပဏီစီအီးအိုပီတာချူးက 'M7'ဟုကြွေးကြော်ထားသော ဗီဒီယိုများ၊ ဓာတ်ပုံများမှာ ဝက်ဘ်ပေါ်တွင် ပျံ့နှံ့နေသည်။ HTC M7 မှာ မျက်နှာပြင်အကျယ် ၅ လက်မနှင့် Android 4.2 စနစ်ပါဝင်ကာ ပုံရိပ်အရည်အသွေးအမြင့်ဆုံးကင်မရာ ပါဝင်နိုင်ကြောင်းနှင့် Qualcomm Snapdragon Pro စနစ်ပါဝင်နိုင်ကြောင်း သုံးသပ်ကြသည်။

တောင်ကိုရီးယားမှ LG နှင့် ဂူးဂဲလ်တို့ ပူးပေါင်းထုတ်လုပ်သော Google Nexus 4 စမတ်ဖုန်းများကိုလည်း မိုဘိုင်းပြပွဲတွင် စတင်ရောင်းချဖွယ်ရှိသည်။ Nexus 4 အား 8GB, 16 GB မှတ်ဉာဏ်များဖြင့် ရောင်းချဖွယ်ရှိသည်။

*—Ref: Gigaom*







**ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု**

ထုတ်လုပ်ထားသော 'မြန်မာ့လွတ်လပ်ရေးဗိသုကာ' ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်ငယ်ကို အမြတ်တနိုး သိမ်းဆည်းထားလိုသူများနှင့် နိုင်ငံတကာသို့ အမှတ်တရ လက်ဆောင်ယူသွားလိုသူများအတွက် ရည်ရွယ်ပြီး ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။




**အရောင်း၊အဝယ်၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်**

iLedger® ကို INTEGRA Systems Company

ဆက်သွယ်ရန်ဖုန်း 01-703625, 09-73085653

# Technology

## Microsoft Office 2013 ကို တရားဝင်စတင်ရောင်းချ


**နယူးယောက်၊ ဖေဖော်ဝါရီ-၂**

မိုက်ကရိုဆော့ဖ်ကုမ္ပဏီသည် Office 2013 နှင့် Office 365 စနစ်များကိုဇန်နဝါရီလ ၂၉ ရက်မှ တရားဝင်စတင်ရောင်းချနေပြီဖြစ်ရာ အသုံးပြုလိုသူများအနေဖြင့် office.com ဝက်ဘ်ဆိုက်နှင့် အခြားလက်လီအရောင်းဆိုင်များတွင်ပါဝယ်ယူရရှိနိုင်ပြီဖြစ်သည်။

အသုံးပြုသူများအနေဖြင့် ပုံမှန်အတိုင်း စားပွဲတင်ကွန်ပျူတာများအတွက် Office 2013 စနစ်ကို ဝယ်ယူနိုင်သလို ပထမဆုံးအကြိမ်အဖြစ် ကုမ္ပဏီသို့ မိမိ၏ အမည်စာရင်းပေးသွင်းဝယ်ယူသည့် စနစ်ဖြင့်လည်းဝယ်ယူနိုင်ကြောင်း သိရသည်။ အမည်စာရင်း ပေးသွင်းဝယ်ယူခြင်းစနစ်၌ ကွန်ပျူတာပေါင်းများစွာအတွက်ဝယ်ယူလျှင်စရိတ်စကသက်သာမည်ဖြစ်သည်။

ထို့အပြင် Office 365 စနစ်အား အင်တာနက် ချိတ်ဆက်ထားသော ကွန်ပျူတာများအတွက် သုံးစွဲရလွယ်ကူစေပြီး Cloud စနစ်ဖြင့် အပြည့်အဝ ချိတ်ဆက်ထားသည်။

Office 2013 အိမ်နှင့် ကျောင်းသားသုံးစနစ်အား ကန်ဒေါ်လာ ၁၄၀ ဖြင့် ရောင်းချသည်။ အိမ်နှင့် စီးပွားရေးလုပ်ငန်းသုံးအတွက် ကန်ဒေါ်လာ ၂၂၀၊ Office 2013 Pro အတွက်ဆိုပါက ကန်ဒေါ်လာ ၄၀၀ ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ မိုက်ကရိုဆော့ဖ်၏ နောက်ဆုံးထုတ် OS မှာ တို့ထိမျက်နှာပြင်စနစ်များကို ကောင်းစွာအသုံးချထားပြီး i Pad နှင့် ဂူးဂဲလ်၏ Android စနစ်သုံး နည်းပညာများကို ကောင်းစွာ တန်ပြန်ထားကြောင်း သုံးသပ်ကြသည်။ *—Ref: PC world*







စာမျက်နှာ(၂၃)မှ

## မြန်မာအိတ်စ်ပရက်စ် ဝက်ဘ်ဆိုက်အား အလဲဗင်းမီဒီယာ တရားစွဲ

ကျခံခဲ့ရဖူးသူ စာရေးဆရာ ဇာတ်ညွှန်းရေးဆရာ ဇော်သက်ထွေးက " Myanmar Express ဆိုက်က တင်တဲ့ သတင်းတွေက အခြေအမြစ်လည်းမရှိဘူး။ ခိုင်မာမှုလည်း မရှိတာကိုတော့ လက်ခံပါတယ်။ ဒါပေမဲ့ အီလက်ထရွန်နစ် ပုဒ်မ ၃၄(က)ကတော့ ဒီမိုကရေစီခေတ်မှာ ဆူးငြောင့်ခလုတ်ဖြစ်နေတဲ့ ဥပဒေပါ။ ငွေဒဏ်နဲ့ ထောင်ဒဏ်ဆိုလည်း လပိုင်းလောက်ပဲ ဖြစ်စေချင်ပါတယ်။ ခုတော့ ၁၅ နှစ်ဆိုပြီး ပြဋ္ဌာန်းထားတာ အရင်နအဖအစိုးရရဲ့ အင်တာနက်သုံးတဲ့သူတိုင်းကို ကြောက်လန့်သွားအောင် လုပ်ထားတဲ့ လုပ်ရပ်ပါ" ဟုပြောသည်။

ဇန်နဝါရီ ၂၉ ရက်က ပြည်သူ့လွှတ်တော်အစည်းအဝေး၌ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်က ၂၀၀၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို တင်သွင်းခဲ့ရာတွင် ခေတ်စနစ်နှင့် လျော်ညီအောင် ပြင်ဆင်သင့်ကြောင်း၊ ယင်းဥပဒေအရ ရာဇဝတ်ကြောင်း၊ ပြစ်မှုကြောင်းအရ တရားစွဲဆိုနိုင်ပြီး ယခင် အစိုးရလက်ထက်က အီးမေးလ်လိပ်စာ တစ်ခုရှိရုံဖြင့် ယင်းပုဒ်မဖြင့် တရားစွဲခံရပြီး ထောင်ဒဏ် ၁၅ နှစ်အထိ ကျခံရနိုင်ခြေရှိနေရာ ယင်းဥပဒေကို ပြင်ဆင်သင့်ကြောင်း စသဖြင့် အချက်များပါဝင်သည်။ ယင်းအဆိုကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန ဒုဝန်ကြီး ဦးသောင်းတင်ကလည်း ပြစ်မှုနှင့် ပြစ်ဒဏ်များကို ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်း ပြန်လည်ပြောကြားထားသည်။

တာမွေရဲစခန်းတွင်ဇန်နဝါရီ ၂၈ ရက်က အမှုဖွင့်ထားပြီး အမှုဖွင့်ပြီး သုံးရက်အတွင်း တစ်စုံတစ်ရာ တရားစွဲဆိုထားသော်လည်း ဒေါက်တာဆိတ်ဖွား၏ Eleven Media Group အား အသရေဖျက်သည့် အရေးအသားများပေါ် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ရန်ကိုမူ လတ်တလော ဆိုင်းငံ့ထားကြောင်း ဦးဇော်ရဲနောင်က ပြောသည်။

**TRADEMARK CAUTION**

PT.Purinusa Ekapersada and PT. Indah Kiat Pulp & Paper Tbk. A company incorporated in Indonesia at Plaza B II Tower II, 7th Floor, Jl. M.H. Thamrin No.51, Jakarta 10350, Indonesia is the Owner and Sole Proprietor of the following Trademark:

SINAR VANDA

Reg : No.4/14207/2012
In respect of : Int'l Class: 16
Description of goods: Paper, cardboard and goods made from these materials, not included in other classes; printed matter; bookbinding material; photographs; stationery; adhesives for stationery or household purposes; artists' materials; paint brushes; typewriters and office requisites (except furniture); instructional and teaching material (except apparatus); plastic materials for packaging (not included in other classes); printers' type; printing blocks.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint-ip-law@myanmar.com.mm
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 7 Feb 2013

# ဂန္ဓလရာဇ် ခရီးသည် (၁၁)

ကျော်ဝင်း

မြို့ပြမှ ကျေးလက်သို့ (၇၊ နိုဝင်ဘာ ၂၀၁၂)

**ကဗျာမြို့**

'ချီကျိုး'မှာကျွန်တော်တို့ဆီမှာနယ်မြို့လေးတွေလိုကျေးလက်နောက်ခံအားကောင်းသော မြို့တစ်မြို့ဖြစ်လိမ့်မည်ထင်သည်။ အကြောင်းမှု ချီကျိုးသို့ လာရာလမ်း တစ်လျှောက်ကားလမ်းဘေးတွင် ရွာစုလေးတွေကို မပြတ်သလောက်တွေ့ခဲ့ရသောကြောင့် ဖြစ်ပါသည်။ သို့နှင့်တိုင် ကျွန်တော်တို့ ရွာတွေနှင့်တော့ မတူပါ။ မြန်မာရွာတွေမှာ သစ်ပင်အုပ်အုပ်ကြားမှာ ကပါနိုးကပ်ကာ တဲစုလေးတွေသာများသည်။ သူတို့ရွာတွေကား သစ်ကြီးဝါးကြီးပင် သိပ်မတွေ့။ အားလုံးအုတ်တိုက်လေးတွေဖြစ်သည်။ နောက်မှ အသစ်ဆောက်ထားသော ရွာသစ်တွေ ဖြစ်လေမည်လား တွေးမိသည်။

မနေ့ညကမှ အင်တာနက်တွင် ရှာကြည့်ရာ ချီကျိုးအကြောင်းကိုပိုသိရသည်။ အမှန်စင်စစ် ချီကျိုးမှာ ကွေ့ချိုခရိုင်၊ သုန်းကျိ ရှစ်တိုင်နှင့်ချင်ယန်းကျေးလက်ဒေသသုံးခုနှင့် ကျိုဟွတောင်ပေါ် ဒေသတို့ကို စုစည်းထားသော နယ်မြို့ကြီးတစ်မြို့ ဖြစ်လေသည်ကော။ သို့တစေ မြန်မာနိုင်ငံမှ နယ်မြို့တွေလို ရှုပ်ရှုပ်ထွေးထွေး၊ မသပ်မရပ်တော့ ကားမဟုတ်။ ပေကျင်းတို့ နန်ကျင်းတို့နှင့် အပြိုင်သပ်ရပ်သားနားသော မြို့ကြီးတစ်မြို့ ဖြစ်သည်။ ကျေးလက်ဒေသ၏ အေးချမ်းငြိမ်ဆိတ်မှု အငွေ့အသက်ရှိနေဆဲ ဖြစ်သည့်တိုင် အထိုက်အလျောက် စည်ကားသော မြို့တစ်မြို့လည်း ဖြစ်ပါသည်။

ထို့ထက် ချီကျိုးမှာ သက်တမ်းရှည်ကြာလှပြီဖြစ်သောယဉ်ကျေးမှုမြို့တော်ကြီးလည်း ဖြစ်သည်။ အေဒီ ၆၂၁ ခုနှစ် တန်မင်းဆက်ခေတ်က တည်ထားခဲ့သည်ဟု အမှတ်အသားရှိရာ မြို့သက်နှစ်ပေါင်း ၁,၄၀၀ ခန့်ရှိနေပြီ ဖြစ်သည်။

တရုတ်စာပေသမိုင်းတွင် ကျော်ကြား ထင်ရှားလှသော ထောင်ယွမ်မင်းလို၊ လီပိုင်လို၊ သုမူလို၊ ပေါင်ကျန်းလို ခေတ်အဆက်ဆက် စာပေကဝိများ ချီကျိုးသို့ရောက်ဖူးကာ ချီကျိုးဘွဲ့ကဗျာတွေ မနည်းမနောရေးခဲ့ကြသည်။ မင်းဆင်းတိုင်း ကဗျာဆရာများ၏ ပျော်မွေ့ရာ 'ကဗျာမြို့' ဟူ၍ပင် တင်စားခံရသော မြို့ဖြစ်သည်။

ကဗျာမြို့က ကျွန်တော်တို့ကို ဘယ်ပုံကြိုလေမည်နည်း။

**ဖွံ့ဖြိုးရေးဇုန်**

ပထမဆုံးအတွေ့က ကဗျာမဆန်လှပါ။ မနက်ပိုင်း အစီအစဉ်က ချီကျိုးဟိုင်းတက်(ချ်)ဖွံ့ဖြိုးရေးဇုန်ကို လေ့လာကြရမည်ဖြစ်ရာ 'အန်ဝေဆန်းသကျိုး'အထည်ချုပ်စက်ရုံကို အရင်ဆုံးလိုက်ပြသည်။ ခန်းမထဲ ဝင်လိုက်သည်နှင့် မော်တာသံ 'တဂျောင်းဂျောင်း'က ကြိုနှင့်သည်။ တောင်နှင့်ချီရှိလိမ့်မည် ခန့်မှန်းရသော အပ်ချုပ်စက်များ။ စက်ခုံတိုင်းတွင် ခေါင်းမဖော်တမ်း အလုပ်လုပ်နေကြသော အလုပ်သမ မိန်းကလေးများကိုလည်း တွေ့ရသည်။ ကဗျာအတွေးဖြင့် ငေးရီရီနေလို့ မရသော အလုပ်သမလေးတွေ ဖြစ်ပါလိမ့်မည်။ သူတို့ ကိုင်တွယ်ရသော အလုပ်နှင့် သူတို့ကျင်လည်ရသော စည်းပတ်လမ်းက ကဗျာမှုကို ခွင့်ပြုလိမ့်မည်မထင်။

အနောက်တိုင်း ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စံနှင့် ကြည့်လျှင်မူ ဤသို့သော အထည်ချုပ် စက်ရုံလေးများမှာ 'ချွေးစက်ရုံ'(Sweatshop) တွေသာဖြစ်ပါလိမ့်မည်။ တကယ်တော့ တရုတ်ပြည်ကြီး ဖွံ့ဖြိုးရေးလှေကားထစ်ပေါ် တက်လာနိုင်ခဲ့သည်မှာသူတို့တစ်တွေ၏ လုပ်အားဖြင့် အစပြုခဲ့ရသည်ဟု ဆိုနိုင်ပါလိမ့်မည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေ၊ တရုတ်ပြည်ကြီးကို စိတ်ဝင်စားကြသည်မှာလည်း သူတို့တစ်တွေ၏ ဈေးချိုသော လုပ်အားကြောင့် ဖြစ်နိုင်ပါသည်။ ပြောရလျှင် ဖွံ့ဖြိုးတိုးတက်လာသော တရုတ်ပြည်ကြီး၏ ကျေးဇူးရှင်များဟု ဆိုရပါလိမ့်မည်။

အဆိုပါ ကျေးဇူးရှင်များကို တရုတ်အစိုးရက ဘယ်လိုကျေးဇူးတုံ့ပြန်ပေးပါသနည်း။ သူတို့ ရရှိသော လုပ်ခ၊ သူတို့၏ လုပ်ငန်းခွင် အခြေအနေနှင့် သူတို့လူနေမှုအဆင့်ကိုထဲထဲဝင်ဝင်သိခွင့်ရလျှင်မူ အနောက်မှစွပ်စွဲသော 'ချွေးစက်ရုံ'ဟုတ်၊ မဟုတ် အကဲဖြတ်နိုင်ပါလိမ့်မည်။ ယခုလို ပန်းခင်းကို မြင်းစီးဖြတ်ရသလိုမျိုးနှင့်တော့ ဘာမှမည်မည်ရရမသိ၍ ဘာသဘောထားမှ မပေးတတ်ပါ။ သူတို့ မျက်နှာလေးတွေ လန်းလန်းဆန်းဆန်း မရှိလှသည်ကိုတော့ သတိပြုမိသည်။

ကံအားလျော်စွာ အထည်ချုပ် စက်ရုံပိုင်ရှင်နှင့်တော့ တွေ့ခွင့်ရခဲ့သည်။ သူက ဂျပန်လူမျိုး။ တရုတ်ပြည် ရောက်နေသည်မှာ အနှစ်သုံးဆယ် ရှိနေပြီဟု ဆိုသည်။ တရုတ်အမျိုးသမီးနှင့်ပင် အိမ်ထောင်ကျပြီး သားသမီးများ ရှိသည်ဟု သိရသည်။ အနှစ်သုံးဆယ်ဆိုတော့ ယဉ်ကျေးမှု တော်လှန်ရေးကို သိမီလိုက်သူဖြစ်ကောင်း ဖြစ်လိမ့်မည်။ သူ့မျက်နှာကား ခပ်ငြိမ်ငြိမ်၊ ခပ်အေးအေး။ အေးတိအေးစက်ဟူ၍ပင် ဆိုနိုင်သည်။ ဘဝ၏ အထုအထောင်းအ လှည့်အပြောင်းများကြောင့် ခံစားမှု သွေးအေးသွားသည့်ပုံမျိုး။

"ရှန်ဟိုင်းလို နန်ကျင်းလိုမြို့ကြီးတွေမှာ မဟုတ်ဘဲ အခုလို မြို့လေးမှာ ဘာစိတ်ကူးနဲ့ လာအခြေချတာပါလဲ"

မြန်မာအဖွဲ့ ခေါင်းဆောင် ဦးကိုကိုလှိုင်က စုံစမ်းတော့ စက်ရုံပိုင်ရှင် ဂျပန်ကြီးက အသံတိမ်တိမ်ဖြင့် ဖြေသည်။

"ဘယ်နေရာမှာ ဘယ်စက်ရုံ ဆောက်ရမယ်ဆိုတာ အစိုးရက ညွှန်ကြားတာပါ"

"ဪ ဒီလိုကိုး" ကျွန်တော့်အတွက်တော့ တွေးစရာတွေ အတော်ရသွားသည်။

တရုတ်ဈေးကွက်ကြီးကို ရောင်းလိုအားနှင့် ဝယ်လိုအားက မောင်းနှင်သလော (သို့မဟုတ်)ပေါ်လစီနှင့် မောင်းနေသလော။

သည်မှာပင် ကျွန်တော်တို့နှင့်အတူ လိုက်ပါလာသော ချီကျိုးမြို့တော်ဝန် မစ္စကျောင်းရှင်ချင်က ဝင်ရှင်းသည်။

"ချီကျိုးက အထူးဦးစားပေး ဖွံ့ဖြိုးရေးဇုန်မို့ နောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ချီကျိုးမှာ ဝင်လာဖို့ နိုင်ငံတော်က အကြံပြုတာပါ"

ကျွန်တော် ဂျပန်ကြီး၏ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။ သူ့မျက်နှာမှာ မပြုံးမရီ၊ ငေးရီရီ။

အထည်ချုပ်စက်ရုံမှ အပြန် ရောက်သွားသည်ကား လီချန်းစက်ပစ္စည်းစက်ရုံ။ ပစ်စတင်တိုးသံ 'တဒိုင်းဒိုင်း' အောက်တွင် အဆိုင်းလိုက်ခွဲ အလုပ်လုပ်နေကြသော အလုပ်သမားတွေကို တွေ့ရသည်။ စက်မှုခေတ်ဦး၏ သင်္ကေတ 'စည်းပတ်လမ်း'ကိုကား တွေ့နေရဆဲပင်။ စည်းပတ်လမ်းပျောက်အလုပ်ရုံတစ်ခုကိုလည်း လိုက်ပို့ပါသေးသည်။ ကွန်ပျူတာ အစိတ်အပိုင်းများ ထုတ်လုပ်သည့် စက်ရုံဆိုလားပင်။ သို့တစေ ဝန်ထမ်းများများ မတွေ့ရ။ လေး၊ ငါး၊ ဆယ်ယောက်ထက် မပို။ စတင်ခါစ လုပ်ငန်းသစ် ဖြစ်မည်ထင်သည်။

**သဲရှန်းနှင့် ဝူရှီး**

နောက် ခရီးတစ်တောက်မှာ ကွေ့ချိုခရိုင် သွန်းရှုန်မြို့နယ်စုရှိ သဲရှန်တိရစ္ဆာန်မွေးမြူရေး စခန်း ဖြစ်သည်။ မြို့ပြကို ခွာ၍ ကျေးလက်စပ် ဆင်ခြေဖုံးသို့ သွားရသော ခရီး။ လယ်ကွင်းကျယ်ကြီးတွေ စားကျက်မြေတွေကိုဖြတ်သွားရသည်။ ရွာစုလေးတွေကိုလည်း တွေ့ရသည်။

သဲရှန်မှာ ကုမ္ပဏီပိုင် မွေးမြူရေးစခန်းဆိုသော်လည်း ရွာလေးတစ်ရွာလိုပင်ဖြစ်နေပါပြီ။ဟိုး . . အဝေးတောရိပ်တောင်ရိပ်တွေကြားမှ လှပသပ်ရပ်သော ရွာကလေးတစ်ရွာပင်။ ရွာဆိုသော်လည်း လယ်သမားအိမ်လေးများမှာ ဘန်ဂလိုဆန်ဆန် လှလှပပလေးများဖြစ်၍ တောင်စခန်းမြို့လေးနှင့်ပင် တူသေးတော့သည်။

စခန်းအဝင် ရေအိုင်လေးကို ဖြတ်၍ ကျွန်တော်တို့ကားလေးက စခန်းထဲသို့ ဝင်လာသည်။ ထိုရေအိုင်လေးတွင် ပိုးသတ်ဆေးခတ်ထားသည်ဟု သိရသည်။ စခန်းထဲသို့ဝင်လာသမျှ ကားတိုင်း၊ လူတိုင်း ဤရေအိုင်လေးကို ဖြတ်ရစမြဲ ဖြစ်သည်။ စခန်းတွင်းမှ တိရစ္ဆာန်တွေ ရောဂါပိုး မကူးစက်ရအောင် လုပ်ထားသော အစီအမံဖြစ်သည်။ ကျွန်တော်တို့ဆီမှ ကြက်ခြံများအဝင်ဝတွင် ထုံးဖြူးထားသည်ကို သတိရမိ၍ ပြုံးရသေးသည်။

စခန်းတာဝန်ခံက ကျွန်တော်တို့အဖွဲ့ကို လှည့်လှည်ပြသသည်။ ဝန်ခံရလျှင် တိရစ္ဆာန်တွေကို စာရေးသူ စိတ်မဝင်စားပါ။ ကျွန်တော့်ဘေးတွင် ကပ်ပါလာသော ကျန်းယီကိုသာ သိလိုသမျှ မေးမြန်းစုံစမ်းရသည်။


"ဒီကုမ္ပဏီကို ဘယ်သူပိုင်တာလဲဗျ"

"ရွာသားတွေ ပိုင်တာပေါ့"

ထုံးစံအတိုင်း သူက သွက်သွက်လက်လက် အဖြေပေးသည်။ နောက် . . . ယူဝံ့ကြွားစွာဖြင့်။

"ဪ . ဒါဖြင့် ဘုံအဖွဲ့ သဘောမျိုးပေါ့"

"နိုး . . နိုး . . နိုး"



ဒီတစ်ခါလည်း ခပ်သွက်သွက်၊ သို့သော် မျက်နှာကတော့ ခပ်ပျက်ပျက်။ သို့တိုင်အောင် ခပ်တင်းတင်းပင် ဆက်ပြောသည်။

"တရုတ်ပြည်မှာ ဘုံအဖွဲ့တွေ ဖျက်သိမ်းခဲ့တာ ကြာပါပြီ။ ဒီနေ့ ဘုံအဖွဲ့တစ်ခုမှ မရှိတော့ပါဘူး"

"ဒါဖြင့် အရင်းအနှီးဘယ်လိုစုကြလဲ"

"ရွာသားတွေရဲ့ အရင်းအနှီးနဲ့ မတည်တာပေါ့။ ပြည်နယ်အစိုးရက ကူညီတာလည်း ရှိတယ်"

"ဒီစခန်းက ထွက်တဲ့ ထွက်ကုန်တွေကိုရော ဘယ်လိုရောင်းလဲ"

"ပြည်နယ်အစိုးရကပဲ တာဝန်ယူဈေးကွက်တင်ပါတယ်"

"ရွာသားတွေအတွက် ခံစားခွင့်ကရော"

"လစာပေးတယ်လေ။ ပြီးတော့ ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံတော်ကပဲ တာဝန်ယူတယ်"

ယနေ့တရုတ်ပြည်၏ တရားဝင်အိုင်ဒီအိုလိုဂျီ'ဆိုရှယ်လစ်ဈေးကွက်'ဆိုသည်ကို ဆဝါးမိလိုက်ပါသည်။ ဈေးကွက်တော့ ဈေးကွက်ပင်။ သို့တစေ ဘုံအဖွဲ့ အငွေ့အသက် မကင်းတတ်သေး။

စခန်းတွင်း အလုပ်သမားအချို့ကို တွေ့ရသော်လည်း စကားပြောခွင့်မသာခဲ့ပါ။ ရွာသားတွေကိုတော့ တစ်ယောက်မှမတွေ့။ သူတို့၏ သီရိဂေဟာ ဟုဆိုသော တိုက်လှလှလေးတွေကိုတော့မြင်ခဲ့ရသည်။

နေ့လယ်စာကို မွေးမြူရေးစခန်းနှင့် မနီးမဝေးရှိ 'ဝူရှီး' ဟိုတယ်မှာပဲ စီစဉ်ထားသည်။ ဝူရှီးမှာ Resort Hotel အမျိုးအစားဖြစ်သည်။ နိုင်ငံခြား ခရီးသွားများအတွက် ရည်ရွယ်ဆောက်လုပ်ထားဟန်တူပါသည်။ အစားအသောက်ကောင်းသည်။ ဝန်ဆောင်မှုအဆင့်မြင့်သည်။ ရှုခင်း အထူးလှသည်။

အထူးသဖြင့် ကျွန်တော်တို့ နေ့လယ်စာစားရာ ပထမထပ်ကြမ်းပြင်ကျယ်ကြီးမှာ လှပသော ပန်းချီကားချပ်ကြီးတစ်ခုထဲ ရောက်နေသလား အောက်မေ့ရသည်။ စိမ့်ညိုပြာမှိုင်းသော တောင်တန်းကြီးများ ဝိုင်းရံလျက်ရှိသော ရေကန်သာ။ ရေကန်အလယ်ဖြတ် ဖောက်ထားသည့် မေတ္တာပေါင်းကူးတံတားဖြူဖြူ။ ထို့နောက် တောင်တန်းပြာနှင့် ကန်သာစိမ်းကို ကူးချည်ဖြတ်ချည် အုပ်ဖွဲ့ပျံသန်းနေကြသော တေးဆိုငှက်လေးများ။ တကယ့်ကို တရုတ်ရိုးရာပန်းချီကားလှလှလေးထဲဝင်ပြီး နေ့လယ်စာစားရသလိုပင်။

ကျွန်တော့်မှာ သဲရှန်းတွင် တရုတ်တို့၏ ဘဝ တစ်စိတ်တစ်ဒေသကို လှစ်ခနဲ မြင်လိုက်ရသလိုရှိပြီး ဝူရှီးတွင်မူ တရုတ်တို့၏ အနုပညာခံစားမှုကို တနင့်တပိုးကြီးထိတွေ့လိုက်ရသလို ရှိတော့သည်။

**စံပြရွာ**


နေ့လယ်စာစားပြီးသည်နှင့် ကျွန်တော်တို့အဖွဲ့ကို လိုက်ပို့ပါသည်။ ယန်းချွန်မှာ စံပြကျေးရွာဖြစ်သည်။ ရွာအဝင်မုခ်ဦးကပင် ကျွန်တော်တို့ဆီမှ ဘုန်းကြီးကျောင်း အဝင်ဝလို ခန့်ထည်လှသည်။ မုခ်ဦးအနီး ဧရာမဆိုင်းဘုတ်ကြီးပေါ်တွင်လည်း ရွာ၏အပေါ်စီးအမြင် မြေပုံကြီးတစ်ချပ်ကို ကျကျနနစိုက်ထူထားသည်။

ရွာအဝင် နိုင်လွန် ကတ္တရာလမ်းမကြီးမှာ 'ရွာ' ဆိုသာ အခင်းအကျင်းနှင့် ဘာမှမဆိုင်လောက်အောင် ခန့်ညားသပ်ရပ်လှသည်။ ရွာလယ် လမ်းမတစ်လျှောက် ဘယ်မှာကြည့်ကြည့် ပုံစံကျကျတိုက်အိမ်လေးတွေချည်း။ ကပ်မိုးကပ်ကာ တဲသာသာမဆိုနှင့် ပျဉ်ထောင်သွပ်မိုးပင်မရှိ။ အားလုံးကွန်ကရစ်တိုက်တွေချည်းဖြစ်နေသည်။

ရွာသားတွေကိုတော့ ဟိုတစ်စု၊ ဒီတစ်စု တွေ့ရသည်။ ကျွန်တော်တို့အဖွဲ့ကို ခပ်လှမ်းလှမ်းမှ ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသည်။ စကားသွားပြောကြည့်တော့ ခေါင်းသာ တွင်တွင်ခါပြသည်။ အင်္ဂလိပ်စကား တကယ်မတတ်သည်လား၊ မတတ်ချင်ယောင်ဆောင်ကြသည်လားမသိ။ မတတ်နိုင်၊ နိုင်ငံတကာသုံးဘာသာစကား လက်ဟန်ခြေဟန်ကိုသာ သုံးရသည်။

စာမျက်နှာ(၄၀)သို့

7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013



# မပေးသော်လည်း ယူအပ်သည့်အရာ

သင်းရီ

စင်စစ်တော့ အဲ့ဒါသည် တာဝန်ဖြစ်၏။ တာဝန်ဆိုသည်မှာပေးမှ ယူရသည့် တာဝန်ချည်း သက်သက်ရှိသည်မဟုတ်။ မပေးဘဲလည်းယူအပ်သည့် တာဝန်ရှိလေသည်။ မိမိရောက်ရှိနေသော အရပ်ဒေသနှင့်မိမိထမ်းဆောင်နေသော အလုပ်တို့၌မပေးသော်လည်း မိမိဘာသာဖန်တီးယူအပ်သည့် တာဝန်ဆိုသည်မှာ ရှိလေ၏။ မိမိဘာသာဖန်တီးယူသည့် ထိုတာဝန်သည် မိမိရောက်ရှိနေသောအရပ်ဒေသနှင့် မိမိထမ်းဆောင်နေသော အလုပ်တို့အပေါ်ထားရှိသည့် မိမိ၏မေတ္တာစေတနာတို့၌ မြစ်ဖျားခံလေသည်။

သို့တိုင် အချို့က ထိုတာဝန်ကို ပေါ့ဆကြသည်။ တချို့က မေ့လျော့ကြသည်။ အချို့ကမူ တာဝန် ရှိသည်ဟုပင် ထင်ကြပုံမရကြ ပြောပေ့ါပေ့ါ၊ လုပ်ပေ့ါပေ့ါတွေက များလှသည်။

ဒါကလည်း ကိုယ့်တာဝန်ကိုယ်ဖန်တီးယူရသည် ဆိုခြင်းထက် အမိန့်ပေး အမိန့်ခံဘဝတွင်သာ ကျင်လည်ခဲ့ရချိန်တွေ၊ ဆယ်စုနှစ်များစွာနှင့်ချီကာ ကြာညောင်းလာခဲ့သဖြင့် မိမိဘာသာ ဖန်တီးယူရသည့် တာဝန်စိတ်ဓာတ်ခြောက်ခန်းသွားခဲ့ကြခြင်းလည်း ဖြစ်ပုံရလေသည်။

မည်သို့ဆိုစေ ထိုသို့သော တာဝန်မဲ့မှုကြောင့် လူ့အသက်တွေ အဟောသိကံ ဆုံးရှုံးခဲ့ရခြင်းများ၊ မြန်မာ့သမိုင်းထဲမှာ ဟောတစ်ခုဟော တစ်ခု ထောက်ပြလို့မကုန် ဆိုသလို ရှိခဲ့ရဖူးသည်။ အသေးဆုံးမှသည် အကြီးဆုံးထိ ရှိခဲ့သည်။ အနမတဂ္ဂ။ အခြားအခြားသော ပညာရေး၊ စီးပွားရေး၊ စသည်ဖြင့် တာဝန်မဲ့မှုကြောင့် နစ်နာဆုံးရှုံးခဲ့ကြရသည်များလည်း အပုံအပင်ရှိလေသေး၏။

ထားတော့။

ယခု ပြောလိုသည်က တာဝန်မဲ့မှုကြောင့် ဖြစ်ပေါ်လာခဲ့ရသည့် မော်တော်ယာဉ်မတော်တဆဖြစ်မှုတွေ သည်နှစ်တွေထဲမှာ ရန်ကုန်လိုမြို့ကြီးပေါ်မှာရောနယ် အဝေးပြေး လမ်းမတွေပေါ်တွေမှာရော အများအပြား ကြားခဲ့ရသည်။ သတင်းဆိုးတွေချည်းမို့စိတ်ချမ်းမြေ့ဖွယ်ရာမရှိ။ ဖြစ်လိုက်ပြီဆို ဒင်နှင့်အင်နှင့်။

တကယ်တော့ ရန်ကုန်ထဲမှာ ဖြစ်ဖြစ်၊ အဝေးပြေးလမ်းမှာ ဖြစ်ဖြစ် ကတ္တရာလမ်းအစပ်မှ ခြေကြွလျက် ကားပေါ်သို့တက်လိုက်မိပြီးပြီ ဆိုကတည်းက ကိုယ့်ဘဝကိုယ် မပိုင်တော့ကြောင်း သတိနှင့် နေတတ်သူတိုင်းသိသည်။ ကိုယ့်ဘဝတစ်ခုလုံးကို ကားဆရာတို့လက်ထဲ ဝပင်မကွက်ဘဲ လုံးလုံးလျားလျားထည့်လိုက်ကြရခြင်းသာဖြစ်သည်။ တစ်နည်းဆိုရလျှင် ကိုယ့်ကိုယ်ကိုယ်စီမံခန့်ခွဲပိုင်ခွင့် တစ်ခုလုံးကို ကားဆရာတို့ထံ အပ်နှံလိုက်ရသလိုသာဖြစ်တော့၏။

ရန်ကုန်ရွှေမြို့တော်ကြီးမှာဖြင့် နေရာထိုင်ခင်းမှအစ ကားဆရာကိုကိုတို့သဘော။ ဒီနားနေ ဆိုနေ။ ဟိုနားသွား ဆိုသွား။ အထူးကားဆိုသော်လည်း မထူးကားဖြစ်သွားတော့လည်း နေလိုက်။ လူမကျပ်သေးလို့ ဒီမှတ်တိုင်မှာ တစ်ညအိပ်မယ် ဆိုတော့လည်း အိပ်ပေ့ါ။ ဘာတတ်နိုင်တာလိုက်လို့။ ကိုယ့်မှာက ပြောခွင့်မရှိခဲ့တာကြာခဲ့ပေ့ါ။ ပြောကြည့်လေ။ တချို့ အမှီအတွယ်ရှိတဲ့လိုင်းကြီးတွေက အုံနဲ့ ကျင်းနဲ့၊ သံတုတ်လည်းပါသတဲ့။ ဆိုတော့. . "တိတ်တိတ်နေသေခဲ" နှင့်ပဲ နေခဲ့ကြ။ အရေခွံထူခဲ့ပြီးသည့်မြန်မာပြည်သူတွေပဲပ၊ ပျော်ပျော်ပါးပါး ရယ်ရယ်မောမော နှင့်လည်း မေ့ပစ်လိုက်နိုင်ခဲ့ကြ။

သို့တိုင်လည်း " ရှေ့မှာ ဟိုကောင် အထိုင်ချပြီး တံမြက်စည်းသိမ်းနေတယ် ဝိုက်ပစ်လိုက်တော့ ဆရာရေ့ " ဆိုသည့်အသံကြားလိုက်ရပြီးပြီ ဆိုလျှင်တော့ ကားပေါ်မှာ ဣတိပိသောတွေ၊ သံဗုဒ္ဓေတွေ သောသောညံတော့သည်။ သည်လိုနှင့် ညနေစောင်း ခြောက်နာရီခွဲ ခုနစ်နာရီဆို လူရှုပ်ရှုပ် ရန်ကုန်မြို့တွင်း လမ်းတွေပေါ်မှာ လိုင်းကားကြီးတွေက သူတို့ကိုယ်ပိုင်လိုင်စင်ယူထားသည့်လမ်းတွေလို ထင်တိုင်းကြဲကြသည်။ လမ်းပေါ်မှ လူကိုလည်း ဂရုစိုက်ရကောင်းမှန်းမသိ။ လမ်းတစ်ကြောတည်း ကားငယ်တွေကိုလည်း ညှာတာရကောင်းမှန်းမသိ။ ကားပေါ်မှာပါလာသူတွေကတော့ သူ့လက်ခုပ်ထဲကရေပဲ။

သူ့ရှေ့လေကာမှန်ပေါ်တွင် အထင်အရှားရေးထားသည့် စာတန်းကိုတော့ သူကောင်းကောင်းမြင်ပုံရသည်။

" သင့်သားသမီး ဇနီး မိသားစုများက ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သင်ပြန်လာမည့်အချိန်ကို စောင့်မျှော်နေကြသည် " တဲ့။

သည်စာတန်းက သိပြီးသား။ အကြောင်းမဟုတ်။ ဖြစ်လာပြီဆိုတော့လည်း ခပ်သုတ်သုတ်ဆင်းပြီးထွက်ပြေးလိုက်ရုံပ။ စိတ်က စေစားပြီးသား အသင့်ရှိတတ်ကြ၏။

ဤ စရိုက်လက္ခဏာကပင် တာဝန်ယူစိတ်နေရာ၌ အောက်တန်းကျစိတ်က ခြေစုံဝင်ရပ်ပြီးသားရှိနှင့်ကြောင်းပြဆိုလိုက်ခြင်းပင်ဖြစ်သည်။ ရာခိုင်နှုန်းဖြင့် ပြောလျှင် ထင်ရာစွတ်လုပ်လာပြီးထွက်ပြေးသူက ၈၀ ရာခိုင်နှုန်းကျော်ရှိသည်။ ထိုသို့ ကိုယ့်တာဝန်ကိုယ်ယူရဲသည့် သတ္တိမရှိလျှင် နဂိုကတည်းက ဆင်ခြင်တိုင်းထွာစိတ်ရှိကြဖို့ကောင်းသည်။ သို့သော် နှစ်ခုလုံး မရှိ။

ကိုယ်တိုင်မြင်တွေ့ခဲ့ရသည် မဟုတ်သည့်တိုင် အသည်းနှလုံးထဲ၊ နားထဲတွင် ယနေ့ထက်တိုင်စွဲနေသည့် ရန်ကုန်မြို့ပေါ်မှ ယာဉ်မတော်တဆဖြစ်မှု တစ်ခုရှိသည်။

အချင်းချင်း 'ဖိုက်' ကာ သာကေတအဝိုင်းကို အတိုင်းအဆမရှိသည့်အရှိန်ဖြင့် ထင်တိုင်းကြဲပြီး ပတ်လာသည့် မီနီဘတ်စ်ကားက တစ်ဖက်ယာဉ်ကြောပေါ်တွင် သူ့ဘာသာသူ အေးအေးဆေးဆေး မောင်းလာသည့် တက္ကစီကားကို ယာဉ်ကြောကိုကျော်လျက် မျက်နှာချင်းဆိုင်မှ ဝင်တိုက်သဖြင့် တက္ကစီပေါ်မှ ယာဉ်မောင်းရော ကားပေါ်တွင် ပါလာသည့် ခရီးသည်သုံးဦးပါနေရာတွင်ပင်ပွဲချင်းပြီးကြရသည် ဆိုသည့်အခါ မီနီဘတ်စ်မောင်းသူ မည်သို့ခံစားရမည် မသိသော်လည်း ကြားရသူရင်ထဲတွင်ဖြင့် အကြောင်းမဲ့ သက်သက် ဖြစ်ရလေတယ်ဟု နင့်နေအောင် ခံစားရသည်။ ယခုထက်တိုင်လည်း ကြမ်းနေရမ်းဆဲ ထိုဘတ်စ်ကားတွေကိုမြင်လျှင် လူသတ်တဲ့ ယန္တရားတစ်ခုကို မြင်ရသလို ခါးခါးသီးသီး ဖြစ်နေမိသည်။

> **တကယ်တော့ ရန်ကုန်ထဲမှာဖြစ်ဖြစ်၊ အဝေးပြေးလမ်းမှာ ဖြစ်ဖြစ် ကတ္တရာလမ်းအစပ်မှ ခြေကြွလျက် ကားပေါ်သို့ တက်လိုက်မိပြီးပြီ ဆိုကတည်းက ကိုယ့်ဘဝကိုယ် မပိုင်တော့ကြောင်း သတိနှင့်နေတတ်သူတိုင်းသိသည်။ ကိုယ့်ဘဝတစ်ခုလုံးကို ကားဆရာတို့လက်ထဲ ဝပင်မကွက်ဘဲ လုံးလုံးလျားလျား ထည့်လိုက်ကြရခြင်းသာ ဖြစ် သည်။ တစ်နည်းဆိုရလျှင် ကိုယ့်ကိုယ်ကိုယ် စီမံခန့်ခွဲပိုင်ခွင့် တစ်ခုလုံးကိုကားဆရာတို့ထံအပ်နှံလိုက်ရသလိုသာဖြစ်တော့၏။**

တကယ်တော့လည်း ထိုသို့သော ဖြစ်ရပ်ဆိုးတိုင်းမှာ စည်းကမ်းမဲ့မှုနှင့် တာဝန်ယူစိတ်ကင်းမဲ့မှုတွေကြောင့်သာဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်လေသည်။

အဝေးပြေးလမ်းမတွေပေါ်မှာလည်း သည်နှစ်တွေထဲမှာ ယာဉ်မတော်တဆဖြစ်မှုတွေပိုလို့ပင်များလာသည်။ အထူးသဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာဖြစ်သည်။

နောက်ဝင်သည့် ကားသစ်တွေကလည်း အင်ဂျင်ပါဝါတွေကောင်း၊ လမ်းကလည်း ချောသဖြင့် ထင်တိုင်းကြမ်းကြသည့်အခါ ဖြစ်လိုက်ပြီဆို ပိုးစိုးပက်စက်။ တကယ်တမ်းမှာတော့လည်း အဲ့သည် အမြန်လမ်း ဆိုသည်ကလည်း အမြန်လမ်းပီပီသသ စစ်စစ်မြစ်မြစ် မဟုတ်တာလားလည်း မသိ။ အမြန်လမ်း အင်္ဂါနှင့်မညီသေးသည့် မည်ကာမတ္တ အမြန်လမ်းဟုလည်း ပြောသံကြားရရဲ့။ သို့သော် လမ်းက ကွန်ကရိလမ်းချောဆိုသည့်အခါ သည်လိုလမ်းမျိုး မကြုံဖူးကြသေးသည့် ကားဆရာတို့က သတိကိုလွှတ်၍မောင်းကြသည့်အခါ ဟောဖြစ်ပြန်ဟောဖြစ်ပြန်ဆိုသလို မကြာခဏ။ ရှေ့ကဖြစ်သွားတာ မကြာသေးလည်း နောက်လူက မဆင်ခြင်ကြ။

စာရင်းဇယားအရဆို ထိုအမြန်လမ်းမကြီးပေါ်မှာတွင် ပင် ၂၀၀၉ မှ ၂၀၁၂ အထိ ၃ နှစ်တာကာလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၃၅၄ ကြိမ် ဖြစ်ပွားခဲ့ကာ သေဆုံးသူ ၁၈၆ ဦး၊ ဒဏ်ရာရသူ ၅၆၆ ဦးရှိခဲ့သည်။ ထိုအဖြစ်အပျက် ၃၅၄ ကြိမ်၏ ဖြစ်ရခြင်းအကြောင်းရင်းများကိုစူးစမ်းသည့်အခါ ယာဉ်မောင်း၏ ပေါ့ဆမှုကြောင့်ဖြစ်ရခြင်းက ၂၅၈ ကြိမ်ဖြစ်ကြောင်း တွေ့ရလေသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ လွဲလျက် မြန်မာပြည်တွင်းလမ်းတွေဆိုသည်က ၄ လမ်းသွား မဟုတ်သည်ကများသည်။ မျက်နှာချင်းဆိုင် ၂ လမ်းသွားပင် ခပ်ကျဉ်းကျဉ်း။ လမ်းချောသည့် ရန်ကုန်-ပြည်လမ်းသည်ပင် ပွတ်ကာသီကာနှင့် အတော်ကျဉ်းသည်။ တရုတ် မော်တော်ဆိုင်ကယ်တွေ ဈေးပေါပေါနှင့် ခေတ်ထလာခဲ့သည်မှာ ကြာပြီဖြစ်၍ လမ်းပေါ်မှာ သူတို့တွေကလည်း ရှုပ်ရှုပ်ထွေးထွေးရှိလှသည်။ ပြီး သူတို့လေးတွေက လမ်းစည်းကမ်းရယ် ဘာရယ်နှင့် လေးလေးပင်ပင်မရှိတတ်။ တချို့ကဆို ဖြစ်ကာမှဖြစ်။ ထီမထင်။ သည်လိုလမ်းမျိုးပေါ်မှာမောင်းရသည့်ကားဆရာတော့ ဘယ်လိုနေမည်မသိ။ ကားပေါ်တွင်ပါလာသည့် ခရီးသည် ကိုယ်ကဖြင့် သည်းတထိတ်ထိတ် အူတယားယား ရှိလှ၏။

မကြာသေးခင် ရက်ပိုင်းထဲမှာပြည်-တောင်ကုတ်လမ်းပေါ်မှ ယာဉ်မတော်တဆ သတင်းဆိုးတစ်ခု ပူပူလောလော ကြားလိုက်ရသေးသည်။ ရခိုင်ရိုးမပေါ်မှ တောင်ကုတ်ဘက်သို့ ဆင်းလာသည့် ခရီးသည် ၄၀ ကျော်ကို တင်ဆောင်လာသော ခရီးသည်တင် လေအိတ်ဘတ်စ်ကားကြီး တစ်စီး ပေတစ်ရာကျော်နက်သည့် ချောက်ကြီးထဲသို့ ထိုးကျသွားသည်တဲ့။ နံနက်အစော ၃ နာရီဝန်းကျင် ညဥ့်အမှောင်ပိန်းပိန်းဆောင်းဒဏ်အေးအေးကြီးထဲမှာ အော်သံ ညည်းသံ ငိုယိုသံ ကူကြပါ ကယ်ကြပါ အော်ဟစ်အကူအညီတောင်းခံသံတွေ ရခိုင်ရိုးမကြီးပေါ်မှာ အပူမီးတွေ လောင်နေခဲ့လေသတဲ့။

ကာယကံရှင်တွေ မည်မျှခံစားကြရမည်မသိ။ ကြားရသူပင် ရင်ထဲမှာနင့်သည်။ တောင်ကုတ်မှ ကယ်ဆယ်ရေးတွေ အလောတကြီးရောက်လာကြပေမင့် နေရာတွင်ပင် ခရီးသည် ၁၄ ဦးအသက်ဆုံးရှုံးကာ ၃၃ ဦး ဒဏ်ရာရသည်တဲ့။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ဆိုသည့် တစ်ဒင်္ဂလေး အတွင်း သတိလက်လွတ်ဖြစ်ခဲ့ရသည့် အဖြစ်။ နေရာတွင်ပင်ကွယ်လွန်သွားခဲ့ရသည့် ကားမောင်းသူ ဒရိုင်ဘာသာလျှင် ဘယ်သူ့အပြစ်လဲ၊ လမ်းအပြစ်လား၊ ကားအပြစ်လား၊ မိမိကိုယ်တိုင်၏ အပြစ်ပေပဲလား သိနိုင်ပေတော့မည်။ ဘာပဲဖြစ်ဖြစ် ပြဿနာ တစ်ရပ်ဖြစ်ပြီးကာမှ ဘယ်သူ့အပြစ်လဲရှာရသည်ထက် လူ့အသက်ပေါင်း ၄၀ ကိုတာဝန်ယူသယ်ဆောင်လာခဲ့သည့် မိမိ၏ အလုပ်အပေါ်တွင် အစောကတည်းကပင် မေတ္တာနှင့် စေတနာအရင်းခံသော တာဝန်ယူ လိုစိတ်ကသာလျှင်ပို၍ပဓာနကျမည်ထင်သည်။

၂၀၁၁ ခုနှစ်ထဲတုန်းက မွန်ပြည်နယ် ကျိုက်ထိုမြို့အနီးတွင် ဖြစ်ပွားခဲ့သည့် ယဉ်မတော်တဆဖြစ်မှုတစ်ခုအကြောင်းကလည်း မေ့ပစ်နိုင်စရာမရှိခဲ့။

ဘုရားဖူးယာဉ် တစ်စင်းနှင့် အဝေးပြေးယဉ်လိုင်းမှ အမြန်ယာဉ်ကြီးတစ်စီး တိုက်မှုဖြစ်ခဲ့ရာ အမြန်ယာဉ်ပေါ်တွင်ပါလာသည့် ခရီးသည်တွေက ဘေးမသီ ရန်မခရှိကြသော်လည်း ဘုရားဖူးကားပေါ်တွင်ပါလာသည့် ခရီးသည် ၇ ဦး သေဆုံးခဲ့ရလျက် ၁၈ ဦးဒဏ်ရာရသွားခဲ့ကြရသည်။

ထိုသို့ လူ့အသက်တွေ ပက်ပက်စက်စက် ဖြစ်ပွားခဲ့ရသည့် ယာဉ်တိုက်မှုတွင် အဝေးပြေးမှန်လုံအမြန်ယာဉ်လိုင်းမှတာဝန်ရှိသူများက ၎င်းတို့နှင့်ဖြစ်ပွားခဲ့ရသော ထိုအဖြစ်အပျက်အပေါ် မျက်နှာလွှဲခဲပစ် လျစ်လျူရှုခဲ့ကြသည်တဲ့။ သတင်းတစ်ပုဒ်တွင် ဖတ်ရသည်။

စာမျက်နှာ(၃၅)သို့

7 DAY NEWS JOURNAL

# Current Affairs

Vol.11, No.48 • FEBRUARY 7 , 2013

## ကျောင်းသုံးစာအုပ် ရိုက်နှိပ်ဖြန့်ဖြူးခြင်းလုပ်ငန်း ပုဂ္ဂလိက လုပ်ကိုင်ခွင့်ပြုမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂**

အခြေခံပညာရေးကျောင်းများအတွက် ကျောင်းသုံးစာအုပ်ရိုက်နှိပ်ခြင်းဖြန့်ဖြူးခြင်းလုပ်ငန်းများကို လာမည့် ပညာသင်နှစ်မှစတင်၍ ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ကျောင်းသုံးစာအုပ်များ၏ အရည်အသွေးမြင့်တင်ရန်နှင့် ပညာရေးဝန်ထမ်းများ၏ လုပ်အားများမထိခိုက်စေရန် ကျောင်းသုံးစာအုပ်ရိုက်နှိပ်ခြင်းနှင့်ဖြန့်ဖြူးခြင်းကို ပုဂ္ဂလိကသို့ဈေးပြိုင်စနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုရန် စီစဉ်နေခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ကျောင်းသုံးစာအုပ်များအတွက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (PPE) မှ နှစ်စဉ်တာဝန်ယူရိုက်နှိပ်ရသောစာအုပ်မှာ သန်းပေါင်း ၄၀ ကျော်ရှိနေပြီး အချိန်မီရိုက်နှိပ်ရခြင်းဖြန့်ဝေရခြင်းတို့ကြောင့် လုပ်ငန်း ပမာဏတာဝန် ကြီးမားနေကြောင်းသိရသည်။

“ပညာရေးဝန်ကြီးဌာနက ဝန်ထမ်းတွေရဲ့ လုပ်အားတွေ ထုတ်လုပ်ပြီးသုံးနေရတယ်။ ဆရာဆရာမတွေရဲ့သက်ဆိုင်ရာပညာရေးတာဝန်နဲ့ သင်ကြားရေးတာဝန်တွေကို ဖယ်ခွာပြီး လုပ်နေရတယ်။ ကျောင်းသုံးစာအုပ်တွေရဲ့ အရည်အသွေးလည်းကောင်းစေချင်တယ်။ နောက်ပြီးဆွဲဆောင်မှုရှိတဲ့အရောင်အသွေးစုံလင်တဲ့ရုပ်ပုံတွေပေါ့။ ဒါမှ ကလေးက စာမှာ စိတ်ဝင်စားမှုရှိမယ်။ လက်ရှိလုပ်နေတဲ့ စက္ကူနဲ့ ရုပ်ပုံတွေက အားနည်းနေတယ်။ ကလေးတစ်ယောက်က စာအုပ်တစ်အုပ်ကိုင်ရင်တစ်နှစ်မခံဘူး။ စာအုပ်အရည်အသွေးမြင့်လာဖို့ လုပ်ငန်းဆောင်ရွက်မှုကို ပညာရေးဝန်ထမ်းတွေ လုပ်တာထက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ဈေးပြိုင်စနစ်နဲ့ ခေါ်ပြီးတော့ ဌာနကမူအတိုင်းလုပ်မယ်ဆိုရင် ပိုပြီးထိရောက်မှာပါ”ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ကျောင်းသုံးစာအုပ်များအရည်အသွေး မြင့်တင်ခြင်းနှင့် ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပြုခြင်းတို့ကြောင့် ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်နိုင်ပြီး အများတတ်နိုင်မည့်ဈေးနှုန်းဖြင့် ရရှိနိုင်ရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

“ဈေးနှုန်းကတော့ အများကြီးတိုးဖို့ တော့မရှိပါဘူး။ အရည်အသွေးမြင့်လာတဲ့အတွက်အရင်ထက်နည်းနည်းမြင့်သွားမှာပေါ့။ မိဘတွေတတ်နိုင်မယ့်ဈေးနှုန်းပါပဲ။ ပုဂ္ဂလိကလုပ်တယ်ဆိုပေမယ့်လည်း အမြတ်တွေအများကြီးတင်လို့မရပါဘူး။ ဘာလို့လဲဆိုတော့ အပြိုင်တွေရှိတာပဲလေ။ ပညာရေးက တာဝန်ရှိတဲ့သူတွေကလည်း ထိန်းမှာပေါ့” ဟု အဆိုပါအဆင့်မြင့်အရာရှိက ဆိုသည်။

ကျောင်းသုံးစာအုပ်များသည် ပညာရေးဝန်ကြီးဌာန၏ မူပိုင်ဖြစ်သော်လည်း ပြင်ပတွင်ပုဂ္ဂလိက ပုံနှိပ်တိုက်အချို့က တရားမဝင်ပုံနှိပ်၍ရောင်းချခြင်းများရှိနေပြီး စာလုံးပေါင်း၊ အဓိပ္ပာယ်၊ အချက်အလက်နှင့် ကိန်းဂဏာန်းများ အမှားအယွင်းနှင့်လိုအပ်ချက်များရှိနေကြောင်းသိရသည်။

မြန်မာနိုင်ငံရှိမိသားစုများသည် ၎င်းတို့ဝင်ငွေ၏ ၇၀ ရာခိုင်နှုန်းကို ပညာရေးဆိုင်ရာ အသုံးစရိတ်အတွက် အသုံးပြုနေရပြီး ကျောင်းသုံးစာရေးကိရိယာကုန်ကျစရိတ်မှာ အမြင့်မားဆုံးဖြစ်နေကာ ကျူရှင်သင်စရိတ်၊ ကျောင်းလခ၊ ကျောင်းသုံးပုံနှိပ်စာအုပ်စရိတ်များလည်း မြင့်မားနေကြောင်း ပညာရေးဆိုင်ရာစစ်တမ်းတစ်ခုတွင်ဖော်ပြထားသည်။

## တိုင်းရင်းသားရေးရာဝန်ကြီးများ အခြားဝန်ကြီးများနှင့် တန်းတူခံစားခွင့်ရမည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်တော့မည်ဟုဆို

**မင်းဟိန်းကျော်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၄**

ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ တိုင်းရင်းသားရေးရာဝန်ကြီးများအား အခြားဝန်ကြီးများနှင့် တန်းတူ အဆောင်အယောင်၊ ခံစားခွင့်များ ရရှိစေမည့် ဥပဒေတစ်ရပ်ကို လွှတ်တော်နှစ်ရပ်လုံး၏ သဘောတူညီချက်ဖြင့် မကြာမီ အတည်ပြုပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ပြောသည်။

“ဒီဥပဒေက တိုင်းရင်းသားရေးရာဝန်ကြီးတွေနဲ့ ပြည်နယ်၊ တိုင်းအစိုးရအဖွဲ့ဝန်ကြီးတွေရဲ့ ခံစားခွင့် အတူတူရရှိစေမှာပါ။ အခု လွှတ်တော်နှစ်ရပ်လုံးက သဘောတူလိုက်ပြီဆိုတော့ မကြာခင်မှာ ဥပဒေအတည်ဖြစ်လာတော့မှာပေါ့”ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်ကပြောသည်။

တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ဖေဖော်ဝါရီ ၁ ရက်တွင်ပြည်သူ့လွှတ်တော်မှ အတည်ပြုလိုက်ခြင်းဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထုတ်ပြန်သည့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေ၏ မူလပြဋ္ဌာန်းချက်များအရ တိုင်းရင်းသားရေးရာဝန်ကြီးများ၏ ချီးမြှင့်ငွေနှင့် အဆောင်အယောင်များကို အခြားဝန်ကြီးများထက် အဆင့်နိမ့်၍ ပြဋ္ဌာန်းထားသဖြင့် ဒေါက်တာအေးမောင် အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၂၃ ဦး၏ လျှောက်ထားချက်ကြောင့် အဆိုပါပြဋ္ဌာန်းချက်သည် အခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း အခြေခံဥပဒေခုံရုံးမှ ဆုံးဖြတ်ချက်ချခဲ့သည်။

၎င်းဆုံးဖြတ်ချက်ကို အခြေခံ၍ အထက်ပါဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ပြဋ္ဌာန်းနိုင်ရန် အတွက် အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

“သမ္မတကြီးနဲ့ ကျွန်တော်တို့ တိုင်းရင်းသားရေးရာဝန်ကြီးတွေတွေ့အပြီးမှာ အဆောင်အယောင်တွေ တိုးမြှင့်ပေးခဲ့ပါတယ်။ စီးစရာကားတွေ၊ နေစရာအိမ်တွေရခဲ့ပါတယ်။ လစာကတော့မတိုးသေးပါဘူး။ ဒီဥပဒေပြဋ္ဌာန်းပြီးရင်တော့ လစာပါ တိုးပေးလောက်ပါတယ်”ဟု ကချင်ပြည်နယ်မှ ဗမာတိုင်းရင်းသားရေးရာဝန်ကြီးက ပြောသည်။

လွှတ်တော်နှစ်ရပ်မှ အတည်ပြုလိုက်သော ပြင်ဆင်သည့် ဥပဒေအရ တိုင်းရင်းသားရေးရာဝန်ကြီးများသည် အခြားဝန်ကြီးများ တန်းတူ လစာခံစားခွင့်ရရှိမည်ဖြစ်ပြီး အစိုးရနေအိမ်၊ လုံခြုံရေးအစောင့်အရှောက်၊ ကိုယ်ရေးအရာရှိ၊ မော်တော်ယာဉ်နှစ်စီး စသည့် အဆောင်အယောင်များကို ခံစားခွင့်ရရှိမည်ဖြစ်သည်။

## အကျဉ်းထောင်များတွင် ကျန်ရှိနေသည့် နိုင်ငံရေးအကျဉ်းသားများကိစ္စ မကြာမီ ဖြေရှင်းမည်ဟုဆို

**အောင်သူရ၊ ပြည်သိမ်း၊ ထွန်းခိုင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၄**

အကျဉ်းထောင်များအတွင်း ကျန်ရှိနေသည့် နိုင်ငံရေးအကျဉ်းသားများကိစ္စမကြာမီဖြေရှင်းသွားမည်ဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာန (၃)မှ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း က ပြောကြားလိုက်သည်။

ပြည်ထောင်စုဝန်ကြီးသည် လက်ကျန်အကျဉ်းသားများကိစ္စနှင့် ပတ်သက်ပြီး ပြောဆိုရာတွင် “နိုင်ငံရေးအကျဉ်းသား”ဟု သုံးနှုန်းသွားခဲ့ပြီး ၎င်းတို့အရေးအတွက် အစိုးရဘက်မှ သက်ဆိုင်သူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ ညှိနှိုင်းပြီး စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်းလည်းပြောခဲ့သည်။

“ကျွန်တော်တို့ ညှိနှိုင်းပြီးတော့ တကယ့်နိုင်ငံရေးအကျဉ်းသားဘယ်နှယောက်ကျန်လဲအချုပ်ထဲမှာ၊ ဘယ်သူတွေလဲ၊ တကယ်လား၊ တကယ်ဆိုရင် လိုင်းတားမယ်၊ ဘယ်နှစ်ယောက်ကျန်လဲ အယောက် ၂၀လား၊ ၁၀၀လား၊ နောက်လာမပြောနဲ့၊ ဒီလိုမျိုးဟာလေး တစ်ခုစလုပ်နေပြီ။”ဟုပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းသည် နေပြည်တော်တွင် ဖေဖော်ဝါရီ ၃ရက်က ပြုလုပ်သော ဝန်ကြီးဌာနများနှင့် မီဒီယာများတွေ့ဆုံပွဲတွင် ပြောကြားလိုက်သည်။

လက်ကျန်နိုင်ငံရေးအကျဉ်းသားများအတွက် ပြည်ထောင်စုဝန်ကြီးတစ်ဦးက ကိုင်တွယ်ဖြေရှင်းမှုများပြုလုပ်သွားမည်ဟုပြောဆိုချက်အပေါ် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့လွတ်မြောက်ရေးဆောင်ရွက်သူများက ကြိုဆိုလိုက်ကြသည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ဆောင်ရာတွင် နိုင်ငံရေးနှင့် ပတ်သက်ပြီး ဖမ်းဆီးခံရသူများ လွတ်မြောက်ရေးမှာ အရေးကြီးသည့်ကိစ္စဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်း ဦးဇော်သက်ထွေးက ပြောသည်။ လူသိများသောနိုင်ငံရေးအကျဉ်းသားဟောင်းများမှာ ပြန်လည်လွတ်မြောက်လာခဲ့သော်လည်း လူမသိသူမသိဖမ်းဆီးခံခဲ့ရသူများမှာ အကျဉ်းထောင်များအတွင်း ကျန်ရှိနေဆဲဖြစ်ကြောင်း ၎င်းကဆိုသည်။

တစ်ချိန်ကတရားဥပဒေမဏ္ဍိုင်ယိုယွင်းမှုကြောင့် မတရားဖမ်းဆီးခံခဲ့ရသူအများအပြားရှိခဲ့သောကြောင့် နိုင်ငံရေးအကျဉ်းသားများအားအကြိမ်ကြိမ်ခဲ့လွှတ်ပေးခြင်းထက် အထွေထွေလတ်ငြိမ်းချမ်းသာခွင့်ပေးရန်အရေးကြီးကြောင်း နိုင်ငံရေးအကျဉ်းသားများဟောင်းအဖွဲ့ချုပ်မှ ကိုစိုးမိုးထွန်းကပြောသည်။

လက်ကျန်နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအပြင် နောင်တွင်နိုင်ငံရေးလှုပ်ရှားမှုများကြောင့်ဖမ်းဆီးခံရမည့်သူများအရေးကိုမည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းမည်ဆိုသည်မှာလည်းထည့်သွင်းစဉ်းစားရမည့် အရေးကြီးသည့်အချက်တစ်ခုဖြစ်ကြောင်း ၈၈မျိုးဆက်ကျောင်းသားအဖွဲ့မှ ကိုဂျင်မီက ပြောသည်။

နိုင်ငံရေးအကျဉ်းသားများအရေးနှင့်ပတ်သက်ပြီး လှုပ်ရှားရာတွင်လူသိများသည့် အဖွဲ့အစည်းဖြစ်သည့် ထိုင်းနိုင်ငံ အခြေစိုက်နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း မြန်မာနိုင်ငံ (AAPP)က အကျဉ်းထောင်များအတွင်းနိုင်ငံရေးအကျဉ်းသားများ ၂၂၂ ယောက်ကျန်ရှိနေဆဲဖြစ်ကြောင်း ၂၀၁၃ ဇန်နဝါရီ ၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

## လေယာဉ်ဆင်းသက်မှုအများဆုံး လေယာဉ်ကွင်းများတွင် လေကြောင်းလမ်းညွှန်ကိရိယာများ စတင်တပ်ဆင်

**ခန့်ထက်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

လေယာဉ်ဆင်းသက်မှု ကြိမ်ရေများလာသော လေယာဉ်ကွင်းများတွင် လေကြောင်းလမ်းညွှန်ကိရိယာစက်များ စတင်တပ်ဆင်နေပြီဖြစ်ကြောင်း လေကြောင်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက ပြောသည်။

အဆိုပါ လေကြောင်း လမ်းညွှန်စက်ကိရိယာသည် မြေပြင်တွင် တပ်ဆင်ထားပြီး ဝေဟင်မှ လေယာဉ်နှင့် ချိတ်ဆက်ကာ မည်သည့်ဦးတည်ချက်သို့ သွားရမည်၊ မည်သည့်အကွာဝေးတွင် ရှိနေသည်စသည်တို့ကို သတင်းပေးပို့သည့် ကိရိယာဖြစ်သည်။

ယခုဘဏ္ဍာနှစ်အတွင်း ပုဂံ-ညောင်ဦး၊ ဟဲဟိုး၊ သံတွဲ၊ တာချီလိတ်၊ မြစ်ကြီးနားစသည့် လေယာဉ်ကွင်းများတွင် အဆိုပါ စက်ကိရိယာများ အပြီးတပ်ဆင်သွားမည်ဖြစ်ပြီး ရန်ကုန်(လှည်းကူး)နှင့် ထားဝယ်ရှိစက်များကို အသစ်လဲလှယ်တပ်ဆင်သွားမည်ဟု ဦးတင်နိုင်ထွန်းက ပြောသည်။

နိုင်ငံခြားသားအများဆုံး ဝင်ထွက်၍ ပြည်တွင်းလေကြောင်းလိုင်းများ ဆင်းသက်မှုကြိမ်ရေမြင့်မားသော ကွင်းများတွင် ဦးစားပေးတပ်ဆင်သွားရန်ရှိကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။

မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသော လေယာဉ်ကွင်း (၃၂) ကွင်းအနက် ယင်းစက်ကိရိယာ တပ်ဆင်ထားသော ကွင်းမှာ ခြောက်ကွင်းသာရှိသည်။

လေကြောင်းလမ်းညွှန်စက်ကိရိယာ တပ်ဆင်ခြင်းဖြင့် ဝေဟင်၌လေယာဉ်ပျံသန်းရာတွင်အဆင်ပြေပြီး မြူနှင်းထူထပ်သော ရာသီဥတုနှင့် မိုးရွာသော ရာသီဥတုတို့တွင် ပိုမို အဆင်ပြေကြောင်း လေယာဉ်မှူးများက သုံးသပ်သည်။

လေကြောင်းညွှန်ကြားမှု ဦးစီးဌာနက လေကြောင်းလမ်းညွှန်စက်ကိရိယာများကို ယခင်က နိုင်ငံတော်၏ အကူအညီဖြင့် တပ်ဆင်နေပြီး ယခုအခါ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ အကူအညီဖြင့် တပ်ဆင်မည်ဖြစ်သည်။


မြန်မာနိုင်ငံတွင် စုစုပေါင်း လေယာဉ်ကွင်း (၆၉) ကွင်းရှိသည့်အနက်(၃၅)ကွင်းသာ အသုံးပြုနေပြီး နေ့စဉ် ပြည်တွင်းလေကြောင်းလိုင်း ခုနစ်လိုင်းမှ ပျံသန်းပြေးဆွဲလျက်ရှိသည်။

အထူးစီးပွားရေးဇုန်မှ မထူးတော့တဲ့

# မြေယာပြဿနာ

အားမာန်

**ခင်ပွန်းကွယ်လွန်ပြီး သုံးလကြာသောအခါ ဒေါ်အေးမာဆီသို့ သတင်းဆိုးတစ်ခု ထပ်ရောက်လာသည်။ ဇန်နဝါရီ ၃၁ ရက် ညနေပိုင်းက အသက် ၄၁ နှစ်အရွယ် ဒေါ်အေးမာတို့အိမ်သို့ ရဲ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရွာလူကြီးများလာ၍ ဝါးထရံတွင် စာတစ်ရွက်ကပ်သွားပါသည်။**



စီမံကိန်းမြေအတွင်းနေထိုင်၍ ရွှေ့ပြောင်းပေးရန်အမိန့်စာ



ဓာတ်ပုံ-ထက်ဝေဖြိုး(ဇဝန)

သီလဝါအထူးစီးပွားရေးဇုန်တည်ဆောက်မည့် မြေကွက်လပ်တစ်စိတ်တစ်ပိုင်းကို သီလဝါဆိပ်ကမ်းနောက်ခံဖြင့် တွေ့ရစဉ်

စာထဲ၌ သီလဝါအထူးစီးပွားရေးဇုန်ဧရိယာအတွင်း အခွင့်အမိန့်မရဘဲ နေထိုင်ခြင်းဖြစ်သောကြောင့် နှစ်ပတ်အတွင်း အိမ်ကိုဖယ်ရှားရွှေ့ပြောင်းပေးရန် မြို့နယ်အုပ်ချုပ်ရေးမှူးက လက်မှတ်ထိုး၍ အမိန့်ထုတ်ထားခြင်းဖြစ်သည်။ အမိန့်မနာခံပါက ဥပဒေအရ ရက်သုံးဆယ် အချုပ်ကျမည်ဖြစ်ကြောင်းလည်း ပါရှိ၏။

ထိုနေ့က သန်လျင်မြို့နယ် ဖလမ်းရွာသစ် (အေးမြသီတာရပ်ကွက်) နှင့်ကပ်လျက် စီမံကိန်းမြေတွင်နေထိုင်ကြသော ဒေါ်အေးမာတို့မိသားစုသာမက အလွမ်းဆွတ်ရွာဟောင်းနှင့် သီလဝါ၊ ဖလမ်း၊ ကရက် စသောကျေးရွာများအနီးရှိ နေအိမ်များစွာတွင် ထိုစာရွက်များ ကပ်ခဲ့ပါသည်။

“အများက ဖျက်ဆိုတော့ ဖျက်ရုံပဲ။ ကြောက်လို့သာ အိမ်ကိုဖျက်ရမှာ၊ ဘယ်သွားနေရမှန်းမသိဘူး” ဟု သောကများစွာဖြင့် ဒေါ်အေးမာက ဖွင့်ဟသည်။ သီလဝါဆိပ်ကမ်းတွင် အလုပ်ကြမ်းလုပ်သော ခင်ပွန်းကွယ်လွန်အပြီး သုံးလအကြာ သူတို့၏ ရိပ်မြုံကိုဖယ်ရှားရမည်ဆိုခြင်းက ကြိုတင်မျှော်လင့်ထားခဲ့သော်လည်း သားတစ်ဦး၊ သမီးတစ်ဦး၏မိခင် မုဆိုးမတစ်ဦးအတွက် နွေခေါင်ခေါင် မိုးကြိုးပစ်သံကဲ့သို့ ထိတ်လန့်ဖွယ်။


ရန်ကုန်မြို့ထဲမှ ကားဖြင့် သွားလျှင် တစ်နာရီဝန်းကျင်ဖြင့် ရောက်နိုင်သော သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းရှေ့ ကျယ်ပြန့်လှသော မြေကွက်လပ်ကြီးတွင် နိုင်ငံတကာအဆင့် သီလဝါအထူးစီးပွားရေးဇုန် ဖော်ထုတ်ရန် အစိုးရက ကြိုးပမ်းနေသည်။ အစိုးရသစ်က အကောင်အထည်ဖော်နေသော ထားဝယ်၊ သီလဝါ၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းတို့အနက် ပထမဆုံးတည်ဆောက်ပြီးစီးရန် ရည်မှန်းနေသော သီလဝါအထူးစီးပွားရေးဇုန်မှာလည်း အခြားစီမံကိန်းများနည်းတူ မြေယာပြဿနာ အနည်းငယ် ရှိနေပါသည်။

ကပ္ပလီပင်လယ်အထွက် ရန်ကုန်မြစ်ဝတွင် တည်ဆောက်ထားသော သီလဝါဆိပ်ကမ်းအနီး မြေအကျယ် ၂,၄၀၀ ဟက်တာပေါ်တွင် ကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံ (ဒေါ်လာသန်း ၁၂၆၀၀ ကျော်)အကုန်အကျခံ၍ ဂျပန်နှင့်မြန်မာတို့ ပူးပေါင်းအကောင်အထည်ဖော်မည့် အထူးစီးပွားရေးဇုန်မှာ မကြာခင် အခြေခံအဆောက်အအုံများ စတင်ဆောက်လုပ်တော့မည်ဖြစ်သည်။ သို့သော် ထိုစီမံကိန်း သတ်မှတ်ဧရိယာအတွင်းအလွမ်းဆွတ်ကျေးရွာဟောင်းရှိ နေအိမ်များ၊ ဖလမ်းရွာသစ်၊ သီလဝါရွာသစ် (လက်ရှိအမည် ရွှေပြည်သာယာရပ်ကွက်)ကရက်ရွာ (သီတာမြိုင်ရပ်ကွက်)စသော ရွာများအနီးရှိ လူနေအိမ်များ ပါဝင်နေသည်။ ထို့ကြောင့် သက်ဆိုင်ရာက စီမံကိန်းဧရိယာအတွင်း နေထိုင်သူများ ၁၄ ရက်အတွင်း ဖယ်ရှားခိုင်းနေခြင်းဖြစ်သည်။

သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ် အထူးစီးပွားရေးဇုန်အနေအထားတို့မှာမတူ။ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် တည်ဆောက်မည့်နေရာမှာ ရွာများ ရှိနေသောကြောင့် ထိုရွာများကို ရွှေ့ပြောင်းရခြင်းဖြစ်ပြီး သီလဝါမှာ ယခင်ကတည်းက ရွှေ့ပြောင်းထားသော ရွာထဲမှဒေသခံအချို့က စီမံကိန်းနယ်မြေတွင် ပြန်နေထိုင်ကြခြင်းဖြစ်ကြောင်း အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြောသည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်မှာမူ လူနေထိုင်ခြင်းမရှိသော မြေလွတ်၌ တည်ဆောက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ယခင် အစိုးရလက်ထက် လွန်ခဲ့သော ၁၆နှစ်ကျော်က စက်မှုစီမံကိန်းများ ဆောင်ရွက်ရန်ဟုဆိုကာ အလွမ်းဆွတ်ကျေးရွာအား ရွှေ့ပြောင်းစေခဲ့သည်။ အိမ်တစ်အိမ်အတွက် အစားထိုးနေစရာအဖြစ် သန်လျင်မြို့နယ် အောင်ချမ်းသာကွက်သစ်၌ ပေ ၄၀ × ၆၀ မြေတစ်ကွက်နှင့် ရွှေ့ပြောင်းစရိတ် ၅,၀၀၀ကျပ်၊

စာ(၂၉)သို့






7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

စာ(၂၈)မှ

လျော်ကြေးအဖြစ် လယ်တစ်ဧကလျှင် သီးနှံရှိလျှင် နှစ်သောင်းကျပ်ပေးခဲ့သည်။ သို့သော် ရွာတွင်မနေဘဲ လယ်ထဲတွင်နေသူ၊ အိမ်ပိုင်ဆိုင်ကြောင်းနှင့် မိသားစုအချက်အလက် မပြည့်စုံသူအချို့မှာမူ အစားထိုးမြေကွက်မရခဲ့ဟု ဒေသခံများက ပြောသည်။

အစိုးရက ဆောင်ရွက်မည်ဆိုသော စီမံကိန်းများ ပေါ်မလာ၍ ရွာခံများက မူလလယ်မြေများကို သက်ဆိုင်ရာ ဌာနအသီးသီးတွင် သီးစားခအဖြစ် လယ်တစ်ဧကစပါးခုနစ်တင်းပြန်ပေး၍ ဆယ်စုနှစ် တစ်ခုကျော်ကြာ လယ်ပြန်စိုက်နိုင်ခဲ့သည်။ ပေါ်မလာသော စီမံကိန်းများတွင် လယ်ပြန်လုပ်သူများလာသောကြောင့် ရွှေ့ပြောင်းထားသော အလွမ်းဆွတ်ရွာမှာ ယခုအခါယခင်ကဲ့သို့အိမ်ထောင်စုများစွာဖြင့် စည်ကားနေသည်။ သို့သော် ယခုအကြိမ်တွင်တော့ ထိုရွာတစ်ခုလုံး စီမံကိန်းဇဟိုတွင်ရှိနေ၍ နေအိမ်များ နှစ်ပတ်အတွင်းပြောင်းရန် သက်ဆိုင်ရာက အမိန့်ထုတ်ထားသည်။

"ဒီစီမံကိန်းကြီး လုပ်တဲ့အတွက် တို့သားစဉ် မြေးဆက် ဘဝတွေရင်းပြီး ပေးဆပ်လိုက်ရတာ။ အခုကျတော့ ဘာမှ အကျိုးခံစားခွင့် မပေးဘဲနဲ့ ပြောင်းရမှာဆိုတော့ ဒုက္ခသည်တွေဖြစ်နေတာ။ တို့မှာ ဘာမှမရှိတော့ဘူး။ ငါတို့က ရိုဟင်ဂျာလည်းမဟုတ်၊ ဘင်္ဂါလီလည်း မဟုတ်ဘဲနဲ့ ဒုက္ခသည်ဖြစ်နေပြီ"ဟု ရွှေ့ပြောင်းရန်အမိန့်ကြောင့် အသက် ၆၆ နှစ်အရွယ် အလွမ်းဆွတ်ကျေးရွာသားကြီး ဦးမြလှိုင်က ညည်းတွားသည်။

ဦးမြလှိုင်နှင့် ဒေသခံများအဆိုအရ ယခုအခါ အလွမ်းဆွတ်ကျေးရွာအုပ်စုတွင် အိမ်ခြေ ၇၀၀ ဝန်းကျင် ရှိနေသည်ဟုဆိုသည်။ သို့သော် ထိုရွာအုပ်ချုပ်ရေးမှူး ဦးထိန်လင်းကမူ အိမ်ခြေ ၄၂၁ လုံးသာရှိကြောင်း ပြော၏။

ဖလမ်းနှင့် သီလဝါကျေးရွာတို့မှာလည်း အလွမ်းဆွတ်ကဲ့သို့ လွန်ခဲ့သော ၁၆ နှစ်ဝန်းကျင်က စက်မှုဇုန်စီမံကိန်းကြောင့် ယခုတည်ရှိရာ ရွာသစ်သို့ ရွှေ့ပြောင်းခဲ့ကြရသည်။ အလွမ်းဆွတ်နှင့် မတူညီသည်က ရွှေ့ပြောင်းစရိတ်နှင့် အစားထိုးမြေကွက် ပေ ၄၀× ၆၀ တစ်ကွက်စီ ပေးသော်လည်း လယ်မြေများအတွက် လျော်ကြေးမရခဲ့ပါ။

ဖလမ်းရွာဇာတိဒေါ်အေးမာတို့ မိသားစုမှာ ရွာသစ်၌ ပေ ၄၀× ၆၀ မြေတစ်ကွက် အစားရသည်။ မိသားစုစီးပွားရေး မပြေလည်၍ မြေကွက်၏တစ်ဝက် ပေ ၂၀×၆၀ ကိုငါးသောင်းကျပ်ဖြင့်ရောင်းခဲ့ပြီး ကျန်မြေတစ်ခြမ်းကို လွန်ခဲ့သော ၂ နှစ်က တစ်သိန်းခွဲဖြင့် ရောင်းကာနေစရာမရှိတော့သောကြောင့် ရွာပြင် မြေကွက်လပ်တွင် အိမ်ဆောက်နေခြင်းဖြစ်သည်။ ခင်ပွန်းကွယ်လွန်စဉ် စက်ရုံမှပေးသော ကရုဏာကြေး ကျပ်သိန်းနှစ်ဆယ်ရသော်လည်း အထူးစီးပွားရေးဇုန်သတင်းကြောင့် မြေဈေးရုတ်တရက်ကြီးကုန်၍ ယခုအိမ်ဖျက်ပါက မြေဝယ်ရန် သူ့ငွေဖြင့် ၁၀ ပေပတ်လည်လောက်ပင် မဝယ်နိုင်။

"ပြီးခဲ့တဲ့ တစ်နှစ်ကပဲ မြေတစ်ကွက် ပေ(၄၀×၆၀) နှစ်သိန်း၊ နှစ်သိန်းခွဲပဲရှိတာ။ အခု မြေတစ်ကွက် သိန်း ၂၀၀၊ ၃၀၀ အချို့လမ်းဘေးမြေတွေဆို ကျပ်သိန်း ၆၀၀ လောက်ရှိတယ်"ဟု ဖလမ်းရွာမှ ဒေါ်ခင်စိန်ကလည်း စီမံကိန်းသတင်းကြောင့် မြို့ပေါ်မှ လာဝယ်သူများ၍ တစ်နှစ်အတွင်း မြေဈေးကြီးသွားပုံကို ပြောသည်။

"စာလာကပ်တဲ့ညက အိပ်လို့တောင် မပျော်ဘူး" ဟု ပထမနှစ်ကျောင်းသူနှင့် ခြောက်တန်းကျောင်းသားမိခင်ဒေါ်အေးမာက ဆိုသည်။ သူမကဲ့သို့ ရွာပြင်စီမံကိန်းမြေအတွင်း နေခြင်းကြောင့် ရွှေ့ပြောင်းရမည့်အိမ် ဖလမ်းရွာတွင် ၁၉၁ အိမ်ရှိကြောင်း ဖလမ်းရွာအုပ်ချုပ်ရေးမှူး ဦးမြင့်သူက ပြောသည်။

သီလဝါရွာတွင်လည်း အကွက်ချပေးထားသည့် ရွာပြင်တွင် အိမ်ဆောက်နေသော နေအိမ် ၁၆၂ အိမ် ဖျက်သိမ်းပေးရမည်ဖြစ်ကြောင်း သီလဝါ အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ဆိုသည်။ အလွမ်းဆွတ်ရွာဟောင်းတွင် ၄၂၁ အိမ်၊ ကရက်တွင် ၅၅ အိမ်ရှိသောကြောင့် အထက်ပါလေးရွာမှာပင် စီမံကိန်းမြေတွင်နေ၍ ကျူးကျော်ဖြစ်သွားပြီး၊အိမ်ဖယ်ပေးရမည့် မိသားစု ၈၂၉ ခုရှိသည်။ အခြားရွာများလည်းကျန်သေးသည်။ ဖလမ်း ရွာသစ်နှင့် သီလဝါရွာသစ်တို့မှာ စီမံကိန်း နယ်မြေအတွင်း ရှိသော်လည်း လွန်ခဲ့သော ၁၆ နှစ်မှ ရွာဟောင်းမှ ယခုနေရာသို့ အစားထိုး မြေကွက်ပေးကာ ရွာတည်ထားခြင်းဖြစ်၍ ယခုအကြိမ်တွင် ရွာထဲမှနေအိမ်များ ရွှေ့ပြောင်းရန်မလိုပေ။

ရေကြောင်းတက္ကသိုလ်၊ ရွှေ့ပြောင်းခဲ့ပြီး ရွာသစ်များ၊ ဘုန်းတော်ကြီးကျောင်းအချို့နှင့် စက်ရုံအချို့မှာ ဇုန်နယ်နိမိတ်အတွင်းရှိသော်လည်း ရွှေ့ပြောင်းစရာမလို။

ထိုဒေသတွင် ရွာဟောင်းနေရာနှင့် ရွာပြင် မြေကွက်လပ်များတွင်နေသောကြောင့် ကျူးကျော်အဖြစ်သတ်မှတ်ခံရသည့်ဒေသခံများမှာ ရွာသစ်ပြောင်းရွှေ့စဉ် မြေကွက်မရသောကြောင့်၊ အစားထိုးရသော မြေကွက်ကိုရောင်းပြီး မြေလွတ်တွင် သွားနေသောကြောင့်၊ ရွာထဲတွင် အစားထိုးပေးသော မြေရှိသော်လည်း ရွာပြင် စီမံကိန်းမြေ၌ အိမ်ထပ်ဆောက်နေသောကြောင့်၊ အိမ်ထောင်ကျ၍တစ်အိုးတစ်အိမ်ထူထောင်သောကြောင့် ရွာပြင်စီမံကိန်းမြေတွင်အိမ်ဆောက်နေကြခြင်းဖြစ်ပါသည်။ အခြားကျေးရွာမှ လာနေသော မိသားစုအချို့လည်း ရွှေ့ပြောင်းရမည့် စာရင်းတွင်ပါကြောင်း ဦးအေးလွင်က ပြောသည်။

အစားထိုးမြေကွက်ပေးကာ ရွှေ့ပြောင်းပေးထားသော ဒေသခံများက စီမံကိန်းနယ်မြေတွင် ပြန်နေသောကြောင့် ၎င်းတို့အားဖယ်ရှားခိုင်းခြင်းမှာ အစိုးရအတွက် ဥပဒေအရ မမှားသော်လည်း ဆင်းရဲသော လယ်သမားများ အရမ်းဒုက္ခမများအောင် စဉ်းစားစီစဉ်ပေးလျှင် အဆင်ပြေနိုင်ကြောင်း အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အကြံပြုသည်။

"ဥပဒေအရ လုပ်ပေးစရာမလိုဘူး။ ဒါပေမဲ့ လူမှုရေးအရ လုပ်ပေးသင့်တယ်။ လုပ်ပေးသင့်တယ်ဆိုပြီးတော့ သူတို့က မတန်တဆတောင်းမှာ စိုးရိမ်တယ်။ မတန်တဆတောင်းရင် လုပ်ငန်းရှေ့ဆက်မသွားနိုင်ဘဲနဲ့ စီမံကိန်းကြန့်ကြာသွားနိုင်တယ်" ဟု ၎င်းကဆက်ပြော၏။

ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်းရေးကော်မရှင် အဖွဲ့ဝင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ကလည်း "ပြည်သူတွေဘက်က ဥပဒေနဲ့မညီတာ ရှိကောင်းရှိနိုင်တယ်။ဥပဒေနဲ့မညီတိုင်းအကုန်လုံးကို လက်လွတ်စပယ် လုပ်လို့မရဘူး။ စည်းကမ်းနဲ့ မညီတိုင်း သိမ်းကျုံးအပြစ်ပေး၊ အရေးယူရမှာမဟုတ်ဘူး။ ဒါက တကယ့်မှုခင်းတွေ ကျူးလွန်နေတာမဟုတ်ဘူး" ဟုဆိုသည်။

ဤတွင် ဒေသခံလယ်သမားများဘက်က ထောက်ပြလာသည်က လွန်ခဲ့သော ၁၆ နှစ်ကျော်က စီမံကိန်းများကြောင့် ရွာများပြောင်းရွှေ့စဉ် ထိုက်တန်သောနစ်နာကြေးမရခဲ့ဟုဆိုလာသည်။ အစိုးရအတွက်လည်း ထောက်ပြရန်ရှိသည်က ယခင်အစိုးရလက်ထက်တွင် တစ်သွေး၊ တစ်သံ၊ တစ်မိန့် ပစ်စလက်ခတ်လုပ်ခဲ့သော စီမံကိန်းများစွာရှိသည့်အထဲ သီလဝါစီမံကိန်းအတွက် လယ်သမားများကို အစားထိုးမြေနှင့် ရွှေ့ပြောင်းစရိတ်ပေးထားသော စီမံကိန်းဖြစ်ပြီး ယခင်အစိုးရလုပ်ခဲ့သမျှ ကိစ္စတိုင်းကိုပြန်လည်ဖြေရှင်းနေရပါက တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် စီမံကိန်းများ ရှေ့ဆက်ရမည်မဟုတ်ဟု အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကဆိုပြန်သည်။

အချပ်ပို(D)သို့



# Current Affairs

7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

စာ(၂၂)မှ

## မိခင်ဘာသာ အားနည်းလာသော အင်တာနေရှင်နယ်ကျောင်းမှ မြန်မာကလေးများ

“ကလေးတွေရဲ့ အားနည်းချက်တစ်ခုက မြန်မာလိုပြောမယ်ဆိုရင် ဘာသာပြန်ပြီး ပြောနေသလိုပဲ။ တစ်မျိုးကြီးဖြစ်နေတယ်။ ဗမာစာ တော်တော်ညံ့တယ်” ဟု အင်တာနေရှင်နယ် ကျောင်းတစ်ခုမှ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ကျောင်းသား မိဘများ၏ စိတ်နေသဘောထားနှင့် ပတ်သက်၍ မြန်မာစာဆရာ ဂုဏ်ထူး ဦးသိန်းနိုင်က “တချို့မိဘတွေက ကိုယ့်ကလေး မြန်မာစကား ရေရေလည်လည်မပြောတတ်တာကို ဂုဏ်ယူနေတတ်ကြတယ်။ အဲဒီကိစ္စက မှားယွင်းမှုတစ်ခုပဲ။ အဲဒီလိုသာ ဆက်သွားရင် အမျိုးသားရေးစိတ်ဓာတ်တွေ သဂြိုဟ်လိုက်ရနိုင်တယ်” ဟု ပြောသည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်ကလည်း မြန်မာစာပေနှင့် ယဉ်ကျေးမှုအပေါ် “ကိုယ့်ရဲ့ ဘာသာစကားကို ကိုယ့်ရဲ့ သားသမီးတွေ မမေ့အောင် ကြိုးစားကြပါလို့ ကျွန်မတိုက်တွန်းချင်ပါတယ်။ ကိုယ့်ရဲ့ယဉ်ကျေးမှုကို ကိုယ်ဂုဏ်ယူနိုင်ရမယ်” ဟု ပြီးခဲ့သည့်နှစ်စက်တင်ဘာလအတွင်း သွားရောက်ခဲ့သော အမေရိကန်ခရီးစဉ်၌ မြန်မာမိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

၁၉၂၀ ခုနှစ်များ၌ မြန်မာစာပေနှင့် ယဉ်ကျေးမှုတို့ မှေးမှိန်ခဲ့ရသော အချိန်ကာလများတွင် အစိုးရကျောင်းများ၌ပင် မြန်မာစာကို ကောင်းစွာ မသင်လို၊ မြန်မာဗျည်း ၃၃ လုံးမှ ၆ လုံးကို နုတ်ပယ်ရန် ကြံစည်ခဲ့ကြဖူးသည့် အဖြစ်အပျက်ရှိသည်ဟု ဆရာတက္ကသိုလ် တင်ခက ရေးသားခဲ့ဖူးသည်။

ဖွံ့ဖြိုးတိုးတက်မှုမြင်တွေ့နေရသော မြန်မာနိုင်ငံတွင် နိုင်ငံတကာပညာရေးစနစ် ပိုမိုတွင်ကျယ်လာပြီး အင်တာနေရှင်နယ်ကျောင်းများ ပိုမိုများပြားလာနိုင်၍ မြန်မာစာပေ၊ ယဉ်ကျေးမှုအတွက် စိုးရိမ်မှုများ ရှိနေသော်လည်း ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုဖြင့် ကိုယ်ခံအားကောင်းအောင် ဆောင်ရွက်ထားသင့်သည်ဟုပညာရှင်များက အကြံပြုသည်။

မြန်မာစာပေသည် မြန်မာလူမျိုးတို့အတွက် ယဉ်ကျေးမှု အမွေအနှစ်ပင်ဖြစ်သည်။ နိုင်ငံတစ်ခု၏ ယဉ်ကျေးမှု အဆင့်အတန်းကို အကဲဖြတ်ရာ၌ စာပေသည် အဓိကကျသော အရာပင်ဖြစ်သည်။ “စာပေမြင့်မှ လူမျိုးတင့်မည်” ဟု ညွှန်းဆိုမှုသည် မိမိနိုင်ငံနှင့် လူမျိုးအတွက် အမျိုးသားစာပေ၏ လေးနက်မှုကို ဖော်ပြလျက်ရှိသည်။

စာ(၉)မှ

## ကျောတစ်ခင်းစာအရေး…

ထိုသို့လုံးလည်ချာလည်ကျင်လည်နေရသော အဆောင်နေ လူတန်းစားများတွင် အမျိုးသမီးငယ်များ ပါဝင်သော မိသားစုများမှာ ပို၍အနေအထိုင်ကျပ်တည်းမှုကို ကြုံတွေ့ကြရသည်။

“ဒီလောက် အခန်းလေးဆိုတော့ သမီးပျိုလည်းရှိတယ်။ ဖအေရော၊ မောင်ရော ဒီမှာပဲအိပ်၊ အဲဒီတော့ကိုယ့်အသိတောင် လာလည်ဖို့ မခေါ်ရဲဘူး” ဟု သမီးနှစ်ယောက်မိခင်ဒေါ်နှင်းရီက ရင်ဖွင့်သည်။ အဆောင်အခန်းငှားရမ်းနေထိုင်သူများတွင် အဆင်မပြေမှုများ ရှိသကဲ့သို့ အဆောင်ပိုင်ရှင်များမှလည်း သတိထားရသည့် အချက်များရှိသည်။

လှိုင်သာယာမြို့နယ်ရှိ အဆောင်ပိုင်ရှင်တစ်ဦးက “လူအများစုပြီးနေတာလေ၊ ကောင်းတဲ့သူရှိသလို ဆိုးတဲ့သူလည်း ပါနိုင်တယ်။ ဒါကြောင့် စည်းကမ်းတွေ ထုတ်ထားတာ”ဟုဆိုသည်။

7Day News ၏ ကွင်းဆင်းမေးမြန်းချက်များအရ လှိုင်သာယာ အဆောင်နေ လူတန်းစားအများစုမှာ ရောဝတီတိုင်းမှဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများကောင်းမွန်ပါက မွေးရပ်ဇာတိသို့ ပြန်ကာ အခြေချလိုကြောင်း ၎င်းတို့က ပြောဆိုကြသည်။

“တစ်ခါတလေကျရင် နေစရာမရှိလို့ ပြန်ရင်ကောင်းမလားတွေးတယ်။ ဒါပေမဲ့ ဟိုမှာက အလုပ်အကိုင်မရှိဘဲ ဘာလုပ်စားမလဲ” ဟု ဒေါ်နှင်းရီက သူမ၏ဇာတိဖျာပုံမြို့နယ်သို့ ပြန်လိုသောဆန္ဒကို ပြောသည်။

“နေစရာမရှိ၊ အလုပ်လက်မဲ့၊ ပညာလည်းမတတ်ကြတော့ လမ်းဘေးရောက်သွားတဲ့ မိန်းကလေးတွေတောင်ရှိတယ်” ဟု သမီးပျိုနှစ်ယောက်၏မိခင် ဒေါ်နှင်းရီက ပြောသည်။

လက်ရှိအချိန်တွင်မူ သူမမှာ အူမတောင့်ဖို့ထက် မိသားစုအတွက် ကျောချနိုင်ရေး တစ်နေရာမြဲဖို့အတွက်သာ ပူပန်နေရသည်။ အခန်းခ နှစ်သောင်းကျော်အတွက် နေ့စဉ် ရှန်းကန်နေရဆဲ။

စာ(၅)မှ

## သေမင်းတမန်ရထားလမ်းပြတိုက် ပြန်ဖွင့်နိုင်ရန် စီစဉ်နေ

သံဖြူဇရပ်မြို့တွင် မဟာမိတ်စစ်သင်္ချိုင်းနှင့် သေမင်းတမန်မီးရထားလမ်းပြတိုက်များသည်အထင်ကရနေရာများဖြစ်သော်လည်းပြုပြင်ထိန်းသိမ်းမှုနည်းသည့်အတွက် သိရှိသူနှင့် စိတ်ဝင်စားသူအလွန်နည်းဟု သံဖြူဇရပ်ဒေသခံတစ်ဦးကပြောသည်။ အဆိုပါပြတိုက်နေရာသို့ဂျပန်လူမျိုးများနှင့် ဥရောပဘက်မှ ဧည့်သည်အများဆုံးသွားရောက်လေ့လာသည်ဟုခရီးသွားလမ်းညွှန်တစ်ဦးဖြစ်သူ ကိုအောင်ထွန်းလင်းကပြောသည်။

“အခုကမီးရထားစက်ခေါင်းကြီးတစ်ခုရယ်၊မဟာမိတ်စစ်သင်္ချိုင်းရယ်ကိုပဲခရီးသွားဟန်လွှဲပြနေရတာ”ဟုကိုအောင်ထွန်းလင်းက နိုင်ငံခြားခရီးသွားဧည့်သည်များ လေ့လာရမှုနှင့် ပတ်သက်၍ပြော သည်။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၄-၄၅ခုနှစ်တွင်သံဖြူဇရပ်မှထိုင်း-မြန်မာနယ်စပ်ဘုရားသုံးဆူသို့ မိုင်(၇၀)ဝေးသည့်မီးရထားလမ်းကိုတစ်ဆယ့်သုံးလကြာ ဖောက်လုပ်ရာတွင် ဒေသခံနှင့် ချွေးတပ်သားပေါင်းရှစ်သောင်းနှစ်ထောင်ကျော် သေဆုံးခဲ့သည်။

**TRADEMARK CAUTION**

DuluxGroup (Australia) Pty Ltd. a company incorporated in Australia, at 1956 Dandenong Road, Clayton, Victoria 3168, Australia is the Owner and Sole Proprietor of the following Trademarks:-

**NO MORE GAPS**

Reg. No. 4/14759/2012

In respect of : Compositions for filling, sealing, packing or stopping.

**BERGER**

Reg. No. 4/14760/2012

In respect of : Paints, lacquers, varnishes, paint and varnish thinners, putties, fillers and all other goods in class 2.

**WEATHERSHIELD**

Reg. No. 4/14754/2012

**WASH AND WEAR**

Reg. No.4/14755/2012

In respect of : Paints, varnishes and lacquers.

**LIQUID NAILS**

Reg. No. 4/14758/2012

In respect of : General purpose adhesives in this class including adhesives for securing building wall lining boards and sheets.

**ONCE**

Reg. No. 4/14756/2012

**ACRASHIELD**

Reg. No.4/14763/2012

**BRITISH PAINTS**

Reg. No. 4/14753/2012

In respect of : Coating materials, paints, varnishes, clear varnishes, lacquers, enamels, hardeners, powder coatings, thinners, thickeners; binding preparations for paints; pigments; wood stains; preservatives against rust and deterioration of wood; colourants; tinters;mordants; dyestuffs; raw natural resins; metals in foil and powder form for painters, decorators, printers and artists; wall paper removing preparations.

**SELLEYS**

Reg. No. 4/14761/2012

In respect of : Int'l class 1: Glues adhesives, fire extinguishing compounds, water-proofing compounds, solvents, fertilizers and white oil emulsion, all being compounds included in class 1.

In respect of : Int'l class 2: Putty and mastics, glazing and caulking compounds.

In respect of : Int;l class 3 : Cleaning, polishing, scouring and abrasive preparations or products; bleaching preparations or products and other substances for laundry use; grout cleaner and grout whitener; cleaning preparations or products to repel and remove grease, grime and dirt; cloths, towels and wipes impregnated with cleaning, polishing scouring or abrasive preparations or products; abrasive media for cleaning purposes; materials for cleaning purposes (preparations).

In respect of : Int'l Class 4: Water displacing and lubricating compounds including in class 4.

In respect of : Int'l Class 5: Insecticides, fungicides, garden sprays, rodent and snail destroying preparations included in class 5.

In respect of : Int'l Class 8 : Hand tools and implements including paint edgers, paint scrapers, window scrapers, trimming knives and blades, wallpaper scourers, wallpaper scissors and shears, sanding blocks, paint stirrers, adhesive spreaders, painting knives, palette knives, caulking guns, filling bleads, hobby knives, painting accessories as are included in this class; hand and garden tools and equipment including seed and fertilizer spreaders and chemical applicators.

In respect of : Int'l Class 16: Adhesive tape and papers; adhesives.

In respect of : Int'l Class 17 : Adhesive tape including insulation tape, double sided tape, duct tape.

In respect of : Int'l Class 19 : Fire-proof cement, metallic cement, steel frame putty, plastic concrete, plastic porcelain, roof sealing compounds and surfacing compounds,

In respect of : Int'l Class 21 : Household or kichen untensils and containers; combs and sponges; brushes(except paint brushes); brushes-making materials; articles for cleaning purposes; steelwool; unworked or semi-worked glass(except glass used in building); glassware, porcelain and earthenware not included in other classes; cleaning cloths, dispensers for cleaning materials, gloves for cleaning, pads for cleaning, window scrapers(domestic utensils) for cleaning purposes.

**4 SEASONS**

Reg. No. 4/14757/2012

In respect of : Paints, enamels, varnishes and lacquers

**DULUX**

Reg. No. 4/14764/2012

In respect of : Int'l Calss 1: Polymer materials in powder form for use in industry.

In respect of :Int'l Class 2:Paints, varnishes, enamels, finishes, lacquers, japans, anti-corrosives and wood-filler compositions included in this class,

In respect of : Int'l Class 7: Machines ofr measuring, dispensing, blending and tinting pigments and paints; and for applying paint to timber or metal bodies and parts thereof,

In respect of : Int'l Class16: Printed publications and printed matter; plastic sheets; colour cards, colour albums, swatches, fan decks, formulation guides; paint brushes and rollers.

In respect of : Int'l Class 17: Packing, stopping and insulating materials, sealants, fillers; tape, adhesive tapes.

In respect of : Int'l Class 19: Non-metallic building materials; cement, cementitous preparations.

In respect of : Int'l Class 20: Containers, not of metal, for surface coatings.

In respect of : Int'l Class 21 :Brushes,

In respect of : Int'l Class 27 :Carpets, rugs, mats and matting.

In respect of : Int'l Class 37 : Protection and decoration of surfaces with liquid, powder fabric, coatings(non-woven) and woven wall hangings, all being services included in Class 37.

In respect of : Int'l Class 40 : Services related to the treatment, processing, transformation and blending of materials including paints, varnishes, lacquers, coatings, powdered coatings, preservatives againts rust deterioration of wood.

In respect of : Int'l Class 41 : Education and training.

In respect of Int'l Class 42 : Interior decorating services relating to the protection and decoration of surfaces with liquid, powder, fabric coating(non-woven) and woven wall hangings, and including colour selection and tinting services.

**ACRATEX**

Reg. No. 4/14762/2012

In respect of : Int'l Class 2 : Paints, varnishes, lacquers and enamels.

In respect of : Int'l Class 19 : Materials in this class not including panels, sheets or boards, for coating by brush or roller building surfaces.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(UK)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990

7 Feb 2013

# မာယာကော့ဗ်စကီးရဲ့ အစည်းအဝေးနဲ့ ဒေါက်တာသန်းထွန်းရဲ့စ,တော့

**မောင်သာချို**

(တစ်)

ကျွန်တော်တို့ ခပ်ငယ်ငယ်ဘာသာပြန် စာအုပ်များကို အငမ်းမရ ဖတ်ကြစဉ်တုန်းက တော်တော်ကလေး အဖတ်အရှု များသည့် စာအုပ်များမှာ ရုရှနှင့် တရုတ်က စာအုပ်များ ဖြစ်ခဲ့သည်ကို ပြန်ပြောင်းအမှတ်ရမိပါသည်။ ဆိုရှယ်လစ်တို့ ကွန်မြူနစ်တို့ကို လူငယ်တို့ စိတ်ဝင်စားကြရာ ၁၉၆၀၊ ၁၉၇၀၊ ၁၉၈၀ ဆယ်စုနှစ်ကာလများဖြစ်ရာ ထိုဝါဒများ အားကောင်းမောင်းသန်ရှင်သန်ခဲ့သည့် ရုရှနှင့် တရုတ်တို့ကို စိတ်ဝင်စားရာက ထိုနိုင်ငံထွက် စာပေလက်ရာများကို အဖတ်အရှုများခဲ့ကြပုံရပါသည်။

ရုရှစာရေးဆရာကဗျာဆရာများထဲ၌ လီယိုတော်စတွိုင်း၊ မက္ကဇင်ဂေါ်ကီ၊ တူရဂေညက်၊ ဆိုဇင်နစ်ဇင်၊ အန်တွန်ချက်ကော့ဖ်၊ ပွတ်ရှကင်၊ နီကိုလိုင်ဩထရော့စကီ၊ ဂိုဂိုးလ်၊ မစ်ခေးရှိုလိုကော့ဖ်၊ ဒေါ့စတိုယက်စကီး၊ မာယာကော့ဖ်စကီး၊ ယက်တူရှင်ကို၊ ဘောရစ်ပါစတာညက် စသည်စသည်စသည်တို့သည်ကား မြန်မာစာဖတ် ပရိသတ်နှင့် အထူးကို ရင်းနှီးကျွမ်းဝင်သည့် စာရေးဆရာ၊ ကဗျာဆရာများဖြစ်ပါသည်။

သည်အထဲမှာ မာယာကော့ဖ်စကီးက ကျွန်တော်တို့၏ အသည်းစွဲဖြစ်ပါသည်။ နာမည်အပြည့်အစုံက ဗလာဒီမာ မာယာကော့ဖ်စကီး (Vladimir Mayakorsky) ။ ၁၉ ဇူလိုင် ၁၈၉၃ ၌ မွေးကာ ၁၄ ဧပြီ ၁၉၃၀ ၌ ကိုယ့်ကိုယ်ကိုယ် သေနတ်ဖြင့် ပစ်သတ်ပြီး ဘဝကို အဆုံးသတ်ခဲ့သူ နာမည်ကျော် ကဗျာဆရာ စာရေးဆရာ။ သူ့လက်ရာ "A cloud in Trousers" ကို ဆရာ မောင်သာနိုးက ဘာသာပြန်ပေးခဲ့သဖြင့် "ဘောင်းဘီဝတ်မိုးတိမ်" ဆိုသည့် ကဗျာကို ကျွန်တော်တို့ ဖတ်ခွင့်ရခဲ့ကြပါသည်။

မာယာကော့ဖ်စကီးက သရော်တတ်သည့် ညဉ်ကလေးရှိသူဖြစ်ရာ သူ့ကဗျာတချို့က ရိတိတိ ထေ့တေ့တေ့။ ဆိုဗီယက်ခေတ် ရုရှလူ့အဖွဲ့အစည်းက ကွန်မြူနစ်ပါတီ၏ လက်အောက်က လူ့အဖွဲ့အစည်းဖြစ်ရာ ထုံးစံအတိုင်း ဘာမှ အလုပ်မဖြစ်သော အစည်းအဝေးတွေနှင့် နပန်းလုံးနေရသည့် လူ့အဖွဲ့အစည်းဖြစ်ပါသည်။ တော်ကြာနေ ဟိုနားက အစည်းအဝေးခေါ်လိုက်၊ တော်ကြာနေ သည်နားက အစည်းအဝေးခေါ်လိုက်။ ဒါကို စက်ဆုပ်ရွံရှာ အော့နှလုံးနာသည်ထင်ပါရဲ့။ မာယာကော့ဖ်စကီးက ကဗျာတစ်ပုဒ် ရေးပါသည်။

လူတွေ လူတွေ၊ တောင်ကို သွားသူသွား၊ မြောက်ကိုသွားသူ သွား၊ အရှေ့သို့ အနောက်သို့ သွားနေသူတွေကလည်း တစ်ပုံတစ်ခေါင်း၊ ဘယ်ကိုသွားနေကြတာလဲ မေးလိုက်တော့ သေသေချာချာ ပြန်ဖြေဖို့ပင် အချိန်မရကြ။ ခပ်သုတ်သုတ်လမ်းလျှောက်ရင်း ဖြေသွားကြတာက အစည်းအဝေး သွားမလို့တဲ့၊ တစ်ယောက်က မနက်ခင်း အစည်းအဝေးတစ်ခု ရှိရာကပြန်လာပြီး နေ့လယ်ခင်းမှာ နောက်အစည်းအဝေးတစ်ခု၊ ညနေခင်းမှာ နောက်အစည်းအဝေးတစ်ခု ထပ်ရှိနေသေးလို့တဲ့။ လူတချို့ကိုလှမ်းကြည့်တော့ ထူးထူးဆန်းဆန်း လူတစ်ခြမ်းပဲ့ကြီးတွေဖြစ်လို့ နေရှာသတဲ့ ။ မေးကြည့်တော့ ထိုလူတစ်ခြမ်းကြီးများက အစည်းအဝေးတစ်ခု သွားတက်ကြမလို့တဲ့။ နောက်ထပ်တစ်ခြမ်းက ဘယ်ရောက်နေသလဲမေးတော့ တခြားအစည်းအဝေးတစ်ခု ရှိရာကို ခွဲပို့ထားရလေသတဲ့။

ဩော်. . . ကဗျာဆရာ မာယာကော့ဖ်စကီး သူ့ကဗျာကို အဆုံးသတ်လိုက်ပုံက ရုရှနိုင်ငံမှာ အစည်းအဝေးတစ်ခု အမြန်လုပ်ပေးကြစမ်းပါတဲ့။ နောင်ဘယ်တော့မှ အစည်းအဝေးမလုပ်တော့ပါဘူး ဆိုတဲ့ အစည်းအဝေးတဲ့။ ကျွန်တော်တို့ ဖတ်ရင်း ပြုံးခဲ့ကြရပုံများ။

(နှစ်)

သမိုင်းပညာရပ်နယ်ပယ်၌ နေလို လလိုထင်ရှားသည့် ဆရာကြီးတစ်ယောက် ရှိပါသည်။ ဒေါက်တာသန်းထွန်း။

၁၉၄၁ တွင် ရန်ကုန်ယူနီဗာစီတီမှ ဉပစာတန်းအောင်မြင်။ ၁၉၄၆ တွင် အရေးပေါ်ကောလိပ်မှ ဝိဇ္ဇာဘွဲ့ရ။ ၁၉၄၇ တွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ရ။ ၁၉၅၂ တွင် ဉပဒေဘွဲ့ရ။ ၁၉၅၆ တွင် လန်ဒန်တက္ကသိုလ်မှ ပါရဂူဘွဲ့ရ။ ၁၉၉၀ တွင် လန်ဒန်တက္ကသိုလ်မှ စာပေပါရဂူဘွဲ့ရ။

သမိုင်းဆရာအဖြစ် အချိန်ပိုင်းနည်းပြဆရာကလေးဘဝမှသည် ပါမောက္ခအထိ တာဝန်ထမ်းဆောင်ခဲ့ရုံမျှမက ၁၉၈၃ တွင် တိုကျိုနိုင်ငံခြားဘာသာသင် တက္ကသိုလ်တွင် ဧည့်ပါမောက္ခ။ ၁၉၈၇ တွင် မြောက်အီလီနွိုက်စ်တက္ကသိုလ် အရှေ့တောင်အာရှလေ့လာရေးတွင် ဧည့်ပါမောက္ခ။





၁၉၈၈ တွင်အမေရိကန် မြောက်အီလီနွိုက်စ်နှင့် ဂျပန်မီရှီဂန် တက္ကသိုလ်များတွင် သမိုင်းဧည့်သည်ပါမောက္ခစသည် စသည်ဖြင့် တာဝန်ထမ်းဆောင်သွားခဲ့ရုံမျှမက ပြုစုရေးသားသွားသည့် စာတွေက အများအပြား။ ကျွန်တော့အိမ်က စာအုပ်စင်ပေါ်၌ပင်လျှင် ဆရာကြီး၏ စာအုပ်လေးဆယ်နီးပါး ရှိနေပါသည်။

ဆရာကြီးနှင့် ပတ်သက်၍ ကျွန်တော့်စိတ်ထဲ နှလုံးသားထဲ၌ ငြိမ်နေတာကလေးတစ်ခုရှိပါသည်။

ခပ် သုတ်သုတ်လမ်းလျှောက်ရင်း ဖြေသွားကြတာက အစည်းအဝေး သွားမလို့တဲ့၊ တစ်ယောက်က မနက်ခင်း အစည်းအဝေးတစ်ခုရှိရာက ပြန်လာပြီး နေ့လယ်ခင်းမှာ နောက်အစည်းအဝေးတစ်ခု၊ ညနေခင်းမှာ နောက်အစည်းအဝေးတစ်ခု ထပ်ရှိနေသေးလို့တဲ့။ လူတချို့ကိုလှမ်းကြည့်တော့ ထူးထူးဆန်းဆန်း လူတစ်ခြမ်းပဲ့ကြီးတွေဖြစ်လို့ နေရှာသတဲ့။ မေးကြည့်တော့ ထိုလူတစ်ခြမ်းကြီးများက အစည်းအဝေးတစ်ခု သွားတက်ကြမလို့တဲ့။ နောက်ထပ်တစ်ခြမ်းက ဘယ်ရောက်နေသလဲမေးတော့ တခြားအစည်းအဝေးတစ်ခုရှိရာကို ခွဲပို့ထားရလေသတဲ့။

စာတမ်းဖတ်ပွဲတစ်ခု၌ ဆရာကြီးကို သဘာပတိမိန့်ခွန်းပြောပေးဖို့ ဖိတ်ကြားလိုက်သောအခါ ဆရာကြီးက တိုက်ပုံတွေဘာတွေနှင့် သပ်သပ်ရပ်ရပ်ဝတ်စားကာစကားပြောခွက်ရှိရာဆီသို့ လျှောက်လာပါသည်။ ပြီးတော့ သဘာပတိ မိန့်ခွန်းပြောပါသည်။ နှစ်လုံးတည်း။ မင်္ဂလာပါတို့ စကားပြောခွင့်ရလို့ ကျေးဇူးတင်ပါတယ်လို့ဘာမှမပါ။

စ,တော့ . . . . တဲ့။

အတိုဆုံးသော သဘာပတိမိန့်ခွန်း။ ဟုတ်ပါသည်။ စ,တော့ တဲ့။ အခမ်းအနားထဲက ပရိသတ်အားလုံး ဆရာကြီးကို လေးစားချစ်ခင်စိတ်ဖြင့် သဘောကျသွားကာ လက်ခုပ်များ တဖြောင်းဖြောင်းတီးလျက် အားပေးလိုက်ကြသည်မှာ ညံမစဲ။

ဘယ်အချိန်မှာပြန်ပြောပြော၊ ဘယ်သူ့ကို ပြန်ပြောပြော၊ ဘယ်နေရာမှာ ပြန်ပြောပြော သည်အကြောင်းကို ကြားသူတိုင်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ ဆရာကြီးကို ကြည်ညိုသွားကြမဲ့ဖြစ်ပါသည်။ သူတစ်ပါးရဲ့အချိန်ကို တန်ဖိုးထားတတ်လိုက်တာ. . . တဲ့။

ဟုတ်ပါသည်။ လူကြီးလူကောင်းတို့ကား ကိုယ့်အချိန်ကို ကိုယ်အကျိုးရှိရှိ အသုံးချတတ်သကဲ့သို့ သူတစ်ပါး၏ အချိန်ကိုလည်း အကြောင်းမဲ့သက်သက် အရည်မရအဖတ်မရဖြုန်းတီးပစ်ဖို့ကို အားနာတတ်ကြပါသည်။

နောက်တွင် ဆက်ကျင်းပမည့် အခမ်းအနားကမှ တကယ့် အခမ်းအနားဖြစ်ရာ သူ့အနေနှင့် ဘာတစ်ခွန်းမှ အပိုပြောကာ အချိန်မဖြုန်းလိုဘဲ စ,တော့ ဟု ခွင့်ပေးလိုက်ခြင်းဖြင့် သွက်လက်မြန်ဆန်သွားသော အခမ်းအနားကို ကြည့်ကာ လူတိုင်းက ဆရာကြီးကို သာဓုခေါ်ကြပါသည်။

ကျက်သရေရှိကာ ခေတ်နှင့် လျော်ညီသော ဘဝနေထိုင်မှု ဟန်ပန် (Life Style) ဆိုသည်မှာ ဒါမျိုးကို ခေါ်တယ် ထင်ပါရဲ့။

(သုံး)

စင်ပေါ်၌ နေရာယူကာ လူပေါင်းများစွာ၏ အချိန်ကို ဖြုန်းတီးပစ်နေသော လူတို့ရှိတတ်ပါသည်။

ဘောလုံးပွဲအဖွင့် မိန့်ခွန်းကလေး ချီးမြှင့်ခိုင်းရာ နှစ်နာရီလောက်ပြောနေသဖြင့် မှောင်သွားသောကြောင့် ဘောလုံးပွဲကို နောက်တစ်နေ့သို့ ရွှေ့လိုက်ရသော အဖြစ် ရှိခဲ့ဖူးပါသည်။ ဟောပြောပွဲ အဖွင့်အမှာစကားလေး ပြောခိုင်းရာ တစ်နာရီနှင့်လည်း မဆင်း၊ နှစ်နာရီနှင့်လည်း မဆင်းသဖြင့် 'ရပ်ပါတော့ဆရာ' ဟူသည့် စာရွက်အတိုကလေးကို ရေခွက်နှင့်အတူ တက်ပေးပြီး တောင်းပန်ခဲ့ရသော အဖြစ် ရှိခဲ့ဖူးပါသည်။ စာရေးဆရာနှစ်ဦး ဟောမည့်ပွဲ၌ ဒေသခံ ငါးယောက်လောက်က မိတ်ဆက်စကား၊ အဖွင့်စကား၊ ကျေးဇူးတင်စကား စာရင်းရှင်းတမ်း စကားတွေ တက်ပြောနေသည့်အဖြစ် ရှိခဲ့ဖူးပါသည်။ အစည်းအဝေး ခန်းမကြီးထဲ၌ ငါးမိနစ်ပြောလျှင်ရမည့် အကြောင်းအရာကို နှစ်နာရီလောက် ပြောနေသဖြင့် နားထောင်သူရာဂဏန်းတို့၏ နာရီပေါင်းများစွာကို ဖြုန်းတီးပစ်နေသည့်အဖြစ်လည်း ရှိခဲ့ဖူးပါသည်။

ရုရှကဗျာဆရာ မာယာကော့ဖ်စကီးက အကြောင်းမဲ့ အချိန်ဖြုန်းသည့် အစည်းအဝေးများကို ရွံရှာစက်ဆုပ်ကာ ဘယ်တော့မှ အစည်းအဝေးမလုပ်တော့ပါဘူးဆိုသည့် အစည်းအဝေးလုပ်ရလေမတဲ့။

အခု. . . ကြည့်။

ဆရာကြီး ဒေါက်တာသန်းထွန်းက သဘာပတိအဖွင့်အမှာ စကားပြောခဲ့ပုံ။ စ,တော့ တဲ့။ ကျွန်တော်သူ့လို ပြောတတ်ချင်လိုက်တာ။ လူတွေကိုလည်း သူ့လို ပြောစေချင်လိုက်တာ။ စ, တော့. . . ဆိုတဲ့ စကားကလေး နှစ်လုံးတည်းနဲ့ ကိုယ့်နှုတ်ကို ကိုယ်ဘာရိတ်ဖမ်းနိုင်လိုက်တဲ့အတွက် တစ်ယောက်ချင်းဆီက ပိုထွက်လာတဲ့အချိန်တွေဟာ ဘယ်လောက်တန်ဖိုးရှိလိုက်လေမလဲ။ အချိန်ကို လုယက်ကာ ရုန်းကန်နေကြရတဲ့သူတွေအတွက် ဘယ်လောက်အလုပ်ဖြစ်လိုက်လေမလဲ။

စ,တော့ . . . ဆိုတဲ့ ဘဝနေနည်းဟန်ပန်နဲ့အတူ သူတစ်ပါးအချိန်တွေကို အနုကြမ်းစီးထားမိတဲ့ အလုပ်မျိုးတွေ မလုပ်မိရလေအောင် အခုဆိုအခုစ,လိုက်ကြရအောင်လား။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချို့နွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညဏ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ထက်ပိုင်ဖြိုး(ဇဝန)၊ ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# မိဘ၊ သားသမီး မြေးနှင့် မြစ်

မယ်ဒွေဥ



လွန်ခဲ့သော ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှာ ကျွန်မ၏ မိခင် အသက်၉၂နှစ်မှာ ဆုံးပါးခဲ့သည်။

အမေဆုံးချိန်တွင် အမေ့မှာ သားသမီးခြောက်ယောက်၊ မြေးဆယ်ယောက်နှင့်မြစ်တစ်ယောက် ရှိသည်။ အမေပင် အသက် ၉၀ ကျော်ပြီဖြစ်၍ အသက်နှစ်ဆယ်မှာ အိမ်ထောင်ပြုခဲ့သော အမေ့သား၊သမီးတွေက အသက်ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ် ရှိကြလေပြီ။ သားအငယ်ဆုံးပင် အသက်ငါးဆယ်နီးပါးရှိချေပြီ။

အမေ့သား၊ သမီးတွေထဲမှာ အိမ်ထောင်ကျသူ သုံးယောက်၊ အိမ်ထောင်မကျသော အပျိုကြီး၊ လူပျိုကြီးတွေက သုံးယောက်၊ သားသမီးတွေထဲမှာ စီးပွားရေးအတော်အတန် အဆင်ပြေသူလည်း ရှိ၏။ မပြေသူလည်းရှိ၏။ အများအားဖြင့် ပင်စင်စားတွေဖြစ်ကုန်ကြပြီ။ ရရှိသော ပင်စင်လစာဖြင့် မိခင်အတွက် ကျန်းမာရေးစရိတ်၊ အာဟာရစရိတ်စကတို့ကို မဖြည့်ဆည်းနိုင်တော့။

အသက် ၈၈ နှစ်အရွယ်မှာ အမေလေဖြတ်ဝေဒနာခံစားရချိန် အစာမစားနိုင်တော့။ နှာခေါင်းပိုက်မှ အစာအာဟာရကို လေးနာရီတစ်ကြိမ်ခြား ထည့်ပေးရသည်။ နောက်ပိုင်းမှာ နှစ်နာရီတစ်ကြိမ်ထည့်ပေးရသည်။ အညစ်အကြေး သုတ်သင်သန့်ရှင်းကိစ္စများအတွက်လည်း လျှော်ရ၊ ဖွပ်ရ၊ သန့်စင်ရနှင့် အလုပ်တာဝန်တွေကလည်း များလှသည်။ အားလုံးမြေးမလေးတွေ လုပ်ကြသည်။ အမေ၏ နောက်ဆုံးအချိန်များမှာဆိုလျှင် အမေက ကြက်အိပ်ကြက်နိုးဖြစ်လာ၍ ညဦးဂျူတီတစ်စု၊ ညနှောင်းဂျူတီတစ်စုခွဲ၍ ဂျူတီချစောင့်ရှောက်ရသည်။

ဤသို့ပင် သက်ကြီးရွယ်အိုကို ပြုစုရသည်မှာ လွယ်လှသည်မဟုတ်။ တာဝန်ကြီးသည်။

သို့သော် အမေ ကံကောင်းသည်ဟု ထင်ပါသည်။ အမေ့မှာ သားသမီးများများ၊ မြေးများများရှိ၍ တာဝန်ကိုယ်စီ ခွဲဝေယူသဖြင့် အဆင်ပြေ၏။ မငြိုမငြင်စောင့်ရှောက်ပေးနိုင်၏။

တရုတ်ပြည်မှာ နိုင်ငံပေါ်လစီအရ လူဦးရေထိန်းချုပ်ရေး စီမံကိန်းကြောင့် အိမ်ထောင်ဖက်တစ်စုံလျှင် သားသမီးတစ်ဦးသာ မွေးဖွားရမည်ဟု သတ်မှတ်ချက်ရှိခဲ့သည်မှာ ကြာခဲ့ပြီ။ တရုတ်ပြည် စီးပွားရေး တိုးတက်မှုနှင့်အတူ တစ်ဦးတည်းသော သားသမီး တရုတ်တွေ အလုပ်များပြီး မိအိုဖအိုများကို သွားမကြည့်နိုင်၊ မကြည့်ကြ၊ မစောင့်ရှောက်ကြဖြစ်လာ၍ မိအိုဖအိုတို့ကို မကြည့်ရှု မစောင့်ရှောက်သူ သားသမီးများကို တရားစွဲမည်ဟုပင် ကန့်သတ်လိုက်ရသည်ဟုဆိုသည်။

တစ်ဦးတစ်ယောက်တည်းသော သားသမီးဟူသည်ကလည်း ငယ်စဉ်ကပင် မိဘကလည်း အလိုလိုက် အကြိုက်ဆောင်ခဲ့ကြသည်။ သူတစ်ဦးတည်း အခွင့်အရေးမှန်သမျှရခဲ့ကြ၍ မျှဝေစားရသည်ကို မသိတတ်။ တာဝန်ခွဲဝေရသည်ကို နားမလည်။ ကြာလေသော် အတ္တကြီးလာ၏။ အားလုံးကိုမဆိုလို။ အများအားဖြင့်ကား ထိုသို့ဖြစ်သွားတတ်ကြသည်ကများ၏။ သို့ဖြင့် တရုတ်သက်ကြီးရွယ်အိုများ အထီးကျန်ဘဝ ရင်ဆိုင်နေရသည်ဟုဆို၏။ မည်မျှပင်ပန်းဆင်းရဲကြလေမည်နည်း။

ဂျပန်နိုင်ငံမှာတော့ ကလေးမွေးဖွားနှုန်းလျော့ကျလာသည်။ လူငယ်တွေက အိမ်ထောင်မပြုဘဲနေသူ လူပျိုကြီး၊ အပျိုကြီးတွေလည်း များလာသည်ဟုဆို၏။ အိမ်ထောင်ပြုသော်လည်း သားသမီးကို တစ်ယောက်စ၊ နှစ်ယောက်စသာ ယူကြသည်။ တိုင်းပြည်၏စီးပွားရေး ဖူလုံမှုနှင့်အတူ ကျန်းမာရေးဝန်ဆောင်မှုကလည်း မြင့်တက်ကောင်းမွန်လာသဖြင့် လူတွေက အသက်ပိုရှည်လာကြသည်။ ထိုအခါ အလုပ်လုပ်နိုင်သူ လူငယ်ဦးရေက နည်းလာပြီး သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးသည်လည်း တိုင်းပြည်၏ ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်လာသည်ဟုကြားသိရပြန်သည်။

အထက်ပါအခြေအနေမှာ စီးပွားရေးတိုးတက်ပြီး နိုင်ငံများမှ လူနေမှုဘဝပြဿနာ။ မြန်မာပြည်ကား ဆင်းရဲသောနိုင်ငံဖြစ်သည်။ ချမ်းသာခြင်းကြောင့် ပြဿနာရှိသလို ဆင်းရဲခြင်းမှာလည်း ပြဿနာရှိသည်။ သားသမီးများ ဝင်ငွေနည်းသဖြင့် မိအိုဖအိုကို ပြုစုလုပ်ကျွေးရသည်ကို တာဝန်မယူနိုင်သည့် သတင်းမျိုးလည်း ရှိနေ၏။

မြန်မာပြည်မှာ သာသနာ့ဝန်ထမ်း ရဟန်းတော်များနှင့် သီလရှင်များကလည်း အိမ်ထောင်မပြု၊ ရိုးရိုးလူတွေကလည်း ပညာတတ်လာသည်နှင့်အမျှ အိမ်ထောင်လုံးဝမပြုခြင်းဘဲနေခြင်း၊ အိမ်ထောင်ပြုသော်လည်း သားသမီးများများ မယူကြခြင်းများ ရှိလာသည်။ အဆိုးဆုံးက မြို့ပြပညာတတ်မိသားစုများဖြစ်သည်။ သားသမီးဦးရေ တစ်ယောက်မျှနှင့် ကျေနပ်ရောင့်ရဲလာကြသည်။ လုံးဝမယူသူများပင် ရှိလာ၏။ ခေတ်ကလည်း သားသမီးဦးရေကို ကန့်သတ်နိုင်သော နည်းလမ်းများ နည်းလမ်းစုံရှိလာသည်မဟုတ်လား။ အလွန်ဆင်းရဲသော မိသားစုများမှာသာ သားသမီးနည်းအောင် ကန့်သတ်နည်းမရ၊ မသိရှိ၍သာ များများမွေးကြ၊ ယူကြတော့သည်။

ကမ္ဘာ့လူဦးရေကား သန်းခြောက်ထောင်ကျော်နေပြီ။ လူဦးရေတစ်ဟုန်ထိုး အကန့်အသတ်မရှိ တိုးနေသည့် တိုင်းပြည်တွေလည်းရှိ၏။ ဥပမာ-ဘင်္ဂလားဒေ့ရှ်၊ ဘင်္ဂလားဒေ့ရှ်လိုနိုင်ငံအကျယ်အဝန်းနှင့် နှိုင်းယှဉ်လျှင် လူဦးရေတိုးလွန်းများလွန်းသည်ကလည်း နောက်ဆက်တွဲ အကျိုးဆက်တွေရှိနိုင်သည်။ ကိုယ့်ဝန်ကိုယ် မထမ်းနိုင်လျှင် ဟိုတိုးသည်တိုး၊ ဟိုဝင်သည်ဝင် ဖြစ်ကုန်မည်။

ယခုအခါ မြန်မာပြည်သည် လူဦးရေ သန်း ၆၀ ခန့်သာ ရှိသေးသည်။ ကိုယ့်တိုင်းကိုယ့်ပြည် အခြေအနေနှင့် ကိုယ်တွက်ဆလျှင် စီးပွားရေးသာကောင်းမွန်လျှင် လူဦးရေပြဿနာက သိပ်မကြီးသေးဟု ယူဆသည်။ လူနေထူထပ်များပြားသော အိမ်နီးချင်းတိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် လူဦးရေတိုးခြင်းကို အထိုက်အလျောက် လက်ခံနိုင်သေးသည်။ လွတ်လပ်ရေးမရမီက လူဦးရေ ၁၄ သန်းဝန်းကျင်မျှသာ ရှိသဖြင့် အိမ်နီးချင်း တိုင်းပြည်များနှင့် နှိုင်းယှဉ်၍ နိုင်ငံကို ကာကွယ်နိုင်သော အမျိုးကောင်းသားသမီးတွေ များများမွေးဖွားကြရန် ဗိုလ်ချုပ်အောင်ဆန်း တိုက်တွန်းဖူးသည်။

ယခုအခါ မိသားစုတစ်ခုမှာ သားသမီးဦးရေ မည်ရွေ့မည်မျှရယူ မွေးဖွားသင့်သနည်းဆိုသည့် ခေါင်းစဉ်သည်စဉ်းစားတွေးတောချိန်ဆ၍ စီမံဆောင်ရွက်ရမည်မှာ ကမ္ဘာ့နိုင်ငံတိုင်း၏ တာဝန်တစ်ခုဖြစ်လာနေပြီ။ ဤခေါင်းစဉ်ကိုစဉ်းစားလျှင် နိုင်ငံတစ်ခုချင်းအလိုက် မိမိတို့မှာ နဂိုမူလရှိသည့်လူဦးရေ၊ နိုင်ငံအကျယ်အဝန်း၊ အိမ်နီးချင်းတိုင်းပြည်များ၏ လူဦးရေအချိုးအစား၊ စိုက်ပျိုးနိုင်သော မြေယာပမာဏ၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ မည်ရွေ့မည်မျှရရှိနိုင်သည့်အချက်များစွာအပေါ် အဖက်ဖက်က ချိန်ဆကြရမည်ဟု ထင်မိသည်။

လက်ရှိ မြန်မာပြည်၏ စီးပွားရေးအရမူ ကလေးတစ်ယောက်ကိုလူလားမြောက်အောင် တာဝန်ယူရသည်ကိုပင် ခက်ခဲပင်ပန်းလှသည်ဟု ညည်းတွားလာသူတွေ ပိုများလာသည်။

ကျွန်မတို့ ငယ်စဉ်က ဟင်းရွက်ဟင်းသီးရောင်းချသော ဈေးသည်အမျိုးသမီးတစ်ယောက် မီးဖွားရန် ရန်ကုန်မှာဆိုလျှင် သုံးဘီးကားခသာ လိုအပ်သည်။ မွေးဖွားချိန်နီးပြီဆိုမှ သုံးဘီးကားတစ်စီးငှား၍ ဗဟိုအမျိုးသမီးဆေးရုံသို့သွားလျှင် အခမဲ့မွေးဖွားနိုင်သည်။ ယခုခေတ်မှာတော့ အခမဲ့ဆိုသော်လည်း လူနာရှင်က ဆေးဖိုး၊ သွေးစစ်ခ စသည်တို့အတွက် အနည်းဆုံးတော့ တာဝန်ယူရသည်။ ကျေးလက်မှာမူ ယခင်ကလစာငွေနှင့် လုံလောက်ကြသဖြင့် သားဖွားဆရာမများက ဂရုစိုက်၍ အခမဲ့မွေးဖွားပေးကြသည်။ နောက်ပိုင်းမှာမူ အထိုက်အလျောက် ကန်တော့ငွေဆိုတာမျိုးရှိလာသည်။

ကလေးတစ်ယောက် မွေးပြီးဖွားပြီး အရွယ်ရောက်၍ ပညာသင်ကြမည်ဆိုကြပါတော့။ ထိုအခါ သားသမီးများ ပညာတတ်ရေးလည်း အလားတူပင်။ မိဘများအတွက် ခက်ခဲလာသည်။ စာသင်ကျောင်းများမှ ပညာကို တတ်အောင်မသင်ကြတော့သဖြင့် ကျူရှင်၊ ကြီးကြပ်သူ (ဂိုက်)စနစ်ပေါ်လာသည်။ ပြင်ပဘော်ဒါကျောင်းစနစ်ပေါ်လာသည်။

**စာမျက်နှာ(၁၈)သို့**

# Business

7DAY NEWS JOURNAL

Vol.11, No.48 • FEBRUARY 7 , 2013

## ဟံသာဝတီလေဆိပ်စီမံကိန်း ရင်းနှီးမြှုပ်နှံမှုအတွက် ပြည်ပမှ နာမည်ကြီးကုမ္ပဏီများ စိတ်ဝင်စား

**အိဖြူလွင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်ရေးစီမံကိန်းကို နာမည်ကြီး ပြည်ပကုမ္ပဏီများ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက ပြောကြားလိုက်သည်။

ဂျာမနီနိုင်ငံရှိ မြူးနစ်လေဆိပ်၊ စင်ကာပူချန်ဂီလေဆိပ်၊ ပြင်သစ်နိုင်ငံ ဗင်စီလေဆိပ်၊ တောင်ကိုရီးယားနိုင်ငံ အင်ချွန်းလေဆိပ်၊ ဂျပန်နိုင်ငံ ဟနီဒါလေဆိပ်များကို တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီကြီးများက ဟံသာဝတီ လေဆိပ် တည်ဆောက်ရေးကို ပါဝင်လုပ်ကိုင်ရန် အကြိုအရည်အချင်း စစ်လျှောက်လွှာများ တင်ပြထားကြောင်း သတင်းရရှိသည်။

ဟံသာဝတီလေဆိပ် စီမံကိန်းအတွက် လျှောက်လွှာများ ခေါ်ယူရာတွင် ယခုကဲ့သို့ နာမည်ကြီး ပြည်ပကုမ္ပဏီများ ပါဝင်လာ၍ မြန်မာနိုင်ငံအနေဖြင့် အလွန်ကံကောင်းသည်ဟု ဦးတင်နိုင်ထွန်းက ဆိုသည်။

"ဒီလို အခွင့်အရေးမျိုး ရဖို့ဆိုတာ အခြေအနေမျိုးစုံနဲ့ ဆိုင်ပါတယ်။ နိုင်ငံရေး အခြေအနေနဲ့လည်း ဆိုင်တယ်။ ကျွန်တော်တို့စပြီး ခေါ်တဲ့အချိန်မှာ နိုင်ငံရဲ့ အနေအထားအရ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေ အရမ်းများတယ်" ဟုဆင်းက ဆက်လက်ပြောကြားသည်။

ဟံသာဝတီ လေဆိပ် တည်ဆောက်ရေးအတွက် အကြိုအရည်အချင်းစစ် (P.Q) လျှောက်လွှာများ ခေါ်ယူရာတွင် ကုမ္ပဏီ ၃၀ ကလျှောက်ထားခဲ့ပြီး အကြိုအရည်အချင်းစစ် အောင်မြင်သည့်ကုမ္ပဏီ ခုနစ်ခုတွင်လည်း ထိုကဲ့သို့ကုမ္ပဏီကြီးများ ပါဝင်နေခြင်းဖြစ်သည်။

အကြို အရည်အချင်းစစ် အောင်မြင်ထားသည့် ကုမ္ပဏီများအတွက် တင်ဒါလျှောက်လွှာများကို ယခုလ၈ရက်တွင်စတင်ရောင်းချပေးမည်ဖြစ်ပြီး ဧပြီ ၂၅ ရက်တွင် ကုမ္ပဏီများက အာမခံကြေး ဒေါ်လာငါးသန်းမှ ဆယ်သန်းခန့်နှင့်အတူ တင်ဒါလျှောက်လွှာများပြန်လည်တင်သွင်းရမည်ဖြစ်သည်။

တင်ဒါခေါ်ယူသည့် စည်းကမ်းတွင် ကုမ္ပဏီအစုအဖွဲ့များဖြင့်ဆောင်ရွက်သည့် Consortium လုပ်ငန်းများဖြစ်ရမည်ဟူ၍ သာပါရှိပြီး မြန်မာလုပ်ငန်းရှင်ပါဝင်သည့်ကုမ္ပဏီတစ်ခုလည်း အကြိုအရည်အချင်းစစ်အောင်မြင်ထားသည့် စာရင်းတွင် ပါဝင်ကြောင်း သိရသည်။ **စာမျက်နှာ(၃၄)သို့ »**

## ဂျပန်နိုင်ငံသို့ ဆန်တန်ချိန် ၅,၀၀၀ ပို့မည်

**ပြည်သိမ်း**

**ရန်ကုန်၊ဇန်နဝါရီ-၃၀**

ဂျပန်နိုင်ငံသို့ မြန်မာ့ဆန် တင်ပို့ရောင်းချရန် တန်ချိန် ၅,၀၀၀ တင်ဒါအောင်မြင်ပြီးဖြစ်ကြောင်း မြန်မာ့လယ်ယာစီးပွားရေး ကော်ပိုရေးရှင်းမှ သတင်းရရှိသည်။

"ဂျပန်က မစ်ဆူရီကုမ္ပဏီနဲ့ ချိတ်ဆက်ပြီး ဖေဖော်ဝါရီနဲ့ မတ်လလောက်မှာ ပို့ဖို့ရှိတယ်။ ဈေးနှုန်းကတော့ အသေးစိတ်မသိရသေးဘူး"ဟု ယင်းကော်ပိုရေးရှင်းမှ ဒါရိုက်တာ ဒေါက်တာစိုးထွန်းကဆိုသည်။

ဂျပန်နိုင်ငံသို့ တင်ဒါစနစ်ဖြင့်ဆန်တင်ပို့ရန် ၂၀၁၂ ဒီဇင်ဘာလလယ်ပိုင်းက ဂျပန်နိုင်ငံမှ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌတို့ ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံမှ ဆင်းသွယ်လတ်နှင့် မှော်ဘီ-၂ အမျိုးအစားဆန်များ တင်ပို့လိုပြီး ဂျပန်နိုင်ငံဘက်မှ အရည်အသွေးပိုင်းနှင့် ပတ်သက်၍ ဓာတုဗေဒဆေးများနှင့် မှိုရောဂါကင်းရန် လိုအပ်ကြောင်း တောင်းဆိုထားသည်။

ဂျပန်နိုင်ငံအနေဖြင့် ယခင်က မြန်မာ့ဆန်ကို စားသုံးရန် ဝယ်ယူခြင်းမရှိဘဲ မစ်ဆူဘီရှိကုမ္ပဏီက အခြားနိုင်ငံများသို့ တင်ပို့ရန်သာ ဝယ်ယူမှုများ ရှိခဲ့သည်။ ဂျပန်နိုင်ငံသည် ပြည်ပမှ နှစ်စဉ်ဆန်တန်ချိန် ၆၆၀,၀၀၀ ကိုတင်ဒါခေါ်ယူ၍ ပြည်တွင်းသို့တင်သွင်းနေရသည်။

တောင်ကိုရီးယားနိုင်ငံကလည်း မြန်မာ့လုံးတီးဆန်တန်ချိန် ၇၀,၀၀၀ ကို နှစ်စဉ်တင်သွင်းရန် ၂၀၁၃ ဇန်နဝါရီ ၁၇ ရက်တွင် မြန်မာ့လယ်ယာစီးပွားရေး ကော်ပိုရေးရှင်းနှင့် ဆွေးနွေးခဲ့ကြသည်။ တောင်ကိုရီးယားနိုင်ငံကလည်း နှစ်စဉ် ပြည်ပမှ ဆန်တန်ချိန် ၃၉၀,၀၀၀ တင်သွင်းနေရသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

### ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၅ | ၈၆၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၅ | ၈၆၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၈၈ | ၇၀၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၆၀ | ၁၁၇၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉ | ၂၉ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၇. ၄၇ | ၁၃၇. ၄၇ | ကျပ် |

၂၀၁၃ ဖေဖော်ဝါရီ ၂ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၇၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၃၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၂. ၇၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၂၇၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၁၅၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၀၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၉၄. ၇၉ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၀၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၇၈ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၇၀၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၀၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၀. ၆၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၅၉ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၀၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၈၂၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၆၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၂၉. ၈၅၇၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၆ | ဒါရမ် | (UAE) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၆၇. ၄၀ |
| ရေနံစိမ်း | စည် | ၁၁၆. ၆၂ |
| ငွေ | ၁ အောင်စ | ၃၁. ၇၉ |
| ကြေးနီ | ပေါင် | ၃၇၇. ၅၅ |
| သဘာဝဓာတ်ငွေ့ | ဘဘအက | ၃. ၃၀ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဖေဖော်ဝါရီ ၂ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

# ခရီးသွားလုပ်ငန်းအရှိန်မြင့်လာသည့် ပုဂံညောင်ဦးရှိမြေကွက်များ ရန်ကုန်မြေဈေး ထက်ဝက်ခန့်ရှိလာ

**ငြိမ်းချမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၂**

ပုဂံညောင်ဦးတွင် နှစ်ပေါင်း(၂၀) အတွင်း ကမ္ဘာလှည့်ခရီးသွားများစံချိန်တင် ဝင်ရောက်လာပြီး စီးပွားရေးလုပ်ငန်းရှင်များက မြေကွက်လိုက်ဝယ်နေခြင်းကြောင့် ရန်ကုန်မြို့ မြေဈေး၏ထက်ဝက်ခန့်ရှိလာကြောင်း သတင်းရရှိသည်။

မြေတစ်ကွက်လျှင်ကျပ်သိန်းပေါင်းတစ်သောင်းကျော်အထိ ဝယ်ယူမှုများရှိနေကြောင်း ပုဂံညောင်ဦး အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

"ပုဂံမြို့သစ်မှာ ပေ ၁၅၀ ပတ်လည်ကိုသိန်း ၁၂,၀၀၀ပေးသွားတယ်အခုပုံဂံညောင်ဦးမှာ မြေကွက်တွေ တော်တော်ကို အဝယ်လိုက်နေတယ်"ဟု ဒေသခံအိမ်ခြံမြေအကျိုးဆောင်ကိုမောင်ကောင်းက ပြောသည်။

ရန်ကုန်မြို့ရှိဗဟန်းမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်အစရှိသည့် အချက်အချာကျသောနေရာများတွင် ပေ ၁၅၀ ဝန်းကျင်းပတ်လည် မြေကွက်တစ်ကွက်လျှင်ကျပ်သိန်းနှစ်သောင်းကျော် ဝန်းကျင်ရှိကြောင်း မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပုဂံမြို့သစ်ရှိ စည်သူစားသောက်ဆိုင်ဘေးရှိ ပေ ၆၀×၈၀ ကျပ်သိန်း ၆,၅၀၀ တန်မြေကွက်တစ်ကွက်ကို စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဝယ်ယူပြီး ကျပ်သိန်း ၁၈,၀၀၀ ဖြင့် ပြန်လည်ရောင်းချခဲ့ကြောင်းၾင်းကဆက်လက်ပြောသည်။


ယဉ်ကျေးမှုအမွေအနှစ်များရှိရာ ပုဂံညောင်ဦးဒေသတွင် ခရီးသွားများနေ့စဉ် ၁,၀၀၀ ဝန်းကျင်လာရောက်နေသောကြောင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများက ပုဂံဒေသသို့ လုပ်ငန်းများလာရောက်လုပ်ကိုင်လျက်ရှိကြောင်း ဒေသခံများကဆိုသည်။

ပုဂံညောင်ဦး ဧရာဝတီမြစ်ဘေးတစ်လျှောက်ရှိမြေကွက်များမှာ ရောင်းရန်မရှိတော့ဘဲ ဝယ်ယူလိုသူသာရှိနေကြောင်း ပုဂံညောင်ဦး အိမ်ခြံမြေအကျိုးဆောင် ဒေါ်အုန်းခင်ကပြောသည်။

"မြစ်ကမ်းဘေးမှာ ဟိုတယ်ငါးလုံးပဲရှိတယ်။ မြစ်ကမ်းဘေးဟိုတယ်တွေ၊စားသောက်ဆိုင်တွေက ပိုပြီးစည်သည်လာတယ်"ဟု ပုဂံဟိုတယ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ညောင်ဦးမြို့မြစ်ကမ်းဘေးရှိ The Beach စားသောက်ဆိုင်အနီးရှိမြေကွက်တစ်ကွက်လျှင်ကျပ်သိန်း ၈,၀၀၀ အထိရှိသည်။

ပုဂံမြို့သစ်ရှိ အချက်အချာကျသောနေရာများတွင် ကျပ်သိန်း ၁၀,၀၀၀ ဝန်းကျင်ရှိကြောင်း ကိုမောင်ကောင်းက ပြောသည်။




# ဟိုတယ်အချို့၏ အခန်းကြိုတင်မှာယူမှု စနစ်များကြောင့် ခရီးသွားလုပ်ငန်းငယ်များ အခက်တွေ့

**နိုင်ချို**

**ရန်ကုန်၊ဇန်နဝါရီ-၃၀**

ဟိုတယ်အချို့၏ အခန်းကြိုတင်မှာယူမှုစနစ်များ၊ ကြိုတင်ငွေပေးချေမှု စနစ်များ ပြောင်းလဲခြင်းကြောင့် ခရီးသွားလုပ်ငန်းရှင်အချို့နှင့် ဟိုတယ်အချို့ကြား မပြေလည်မှုများ ဖြစ်ပေါ်နေသည်ဟု သတင်းရရှိသည်။

ဟိုတယ်အချို့၏ ကိုယ်ပိုင်မူဝါဒများကြောင့် တိုင်းရင်းသားပိုင် အငယ်စားခရီးသွားလုပ်ငန်းရှင်အများစုမှာ အရှုံးပေါ်မည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း လုပ်ငန်းရှင်အချို့ထံမှ သတင်းရရှိသည်။

"ဟိုတယ်အခန်းဘွတ်ခ်ကင်(ကြိုတင်မှာယူမှု)တင်ရင် Deposit (ကြိုတင်ပေးချေခြင်း)ကို ချက်ချင်း ဒါမှမဟုတ်ရင် ရက်အနည်းငယ်အတွင်း ပေးချေမှ အခန်းပေးတယ်။ ကျန်တဲ့ငွေကိုလည်း အမြန်ဆုံးပေးချေရတယ်။ ရှေ့လတွေအတွက် ကြိုတင်ဘွတ်ခ်ကင်ကိုလည်း လက်မခံဘူး"ဟု Nature Dream Travels & Tours Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စံပယ်အောင်က ပြောသည်။

ၾင်းကပင် ဆက်လက်၍ ဟိုတယ်များ၏ ကိုယ်ပိုင်မူဝါဒများမှာ အာဆီယံနိုင်ငံများရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ချုပ်ဆိုသော စာချုပ်ပါမူဝါဒများနှင့် နှိုင်းယှဉ်ပါက လွန်စွာကွဲလွဲနေသည်ဟုဆိုသည်။

ခရီးသွားလုပ်ငန်းရှင်များ ယခုရင်ဆိုင်နေရသော အခြေအနေမှာ ရက် ၆၀၊ ရက် ၉၀၊ ၄၅ ရက် အလို ဘွတ်ခ်ကင်ဖျက်သိမ်းမှုအတွက် Cancellation Fees ကောက်ခံခြင်း၊ ဘွတ်ခ်ကင်တင်ရာတွင် အခန်းတိုးတင်ပါကလက်ခံပြီး အခန်းလျှော့ပါက Cancel တောင်းခြင်း၊ လာမည့် ခရီးသွားရာသီအတွက် စာချုပ်များ တောင်းခံ၍မရခြင်းတို့ ဖြစ်ပေါ်နေသည်ဟု ၾင်းတို့ထံမှ သိရသည်။

"ဟိုတယ်တွေဘက်က ဘွတ်ခ်ကင်တင်ရင် အခန်းမပေးနိုင်တာရှိသလို Canellation နဲ့ ပတ်သက်ရင် အမှားမခံနိုင်တော့ဘူး။ အခန်းကို လိုချင်တဲ့သူကရှိတယ်။ သူတို့က ဘွတ်ခ်ကင်လုပ်ပြီး မလာဖြစ်ဘူး။ အဲဒီလိုဆိုဟိုတယ်တွေအနေနဲ့ တအားနစ်နာတယ်။ အခုဖြစ်နေတဲ့ပြဿနာမှာ နှစ်ဖက်စလုံးက ကိုယ့်အတွက်ကိုယ်ကြည့်ကြလို့ပဲ"ဟု တောင်ကြီး ဟိုတယ်ဇုန်မှ အတွင်းရေးမှူး ဦးအောင်ကျော်မိုးက ပြောသည်။

ၾင်းကပင်ဆက်လက်၍ ခရီးသွားလုပ်ငန်းများနှင့် ဟိုတယ်များ စာချုပ်ချုပ်ရာတွင် နားလည်မှုယူပြီး ချုပ်ဆိုရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း မျှတစွာ ဆုံးဖြတ်ပေးမည်ဟု မျှော်လင့်ကြောင်းဆိုသည်။

"ဟိုတယ်တွေရဲ့ မူဝါဒတွေက တစ်ခုနဲ့တစ်ခု မတူညီကြဘူး။ လုပ်ငန်းတစ်ခုတည်းက လူအချင်းချင်း စိတ်ရှည်ဖို့လိုတယ်။ တစ်ဖက်နဲ့တစ်ဖက် မျှတဖို့လည်း လိုတယ်။ အခုဆိုရင် ညှိသည်က အရင်နှစ်ကထက် ၅၅ ရာခိုင်နှုန်း ပိုလာတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးတင်ထွန်းအောင်က ပြောသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်က ဟိုတယ်များအနေဖြင့် အကျိုးစီးပွားတစ်ခုတည်းကိုသာ မကြည့်စေလိုကြောင်း၊ အထူးသဖြင့် ဝန်ဆောင်မှုနှင့် ရယူသည့် အခန်းခများ သင့်တင့်မျှတရန်လိုအပ်ကြောင်း ဇန်နဝါရီ ၂၂ ရက်က အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

စာမျက်နှာ(၃၃)မှ

## ဟံသာဝတီလေဆိပ်စီမံကိန်း ရင်းနှီးမြှုပ်နှံမှုအတွက် ပြည်ပမှ နာမည်ကြီးကုမ္ပဏီများ စိတ်ဝင်စား

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို မြန်မာနိုင်ငံ၏ အဓိက လေဆိပ်ကြီးအဖြစ် ရည်ရွယ်ထားပြီး လက်ရှိတစ်နှစ်လျှင် ခရီးသည် သုံးသန်းဝင်ထွက်နေသည့် ရန်ကုန်လေဆိပ်ထက် ကိုးဆပိုမိုကျယ်ဝန်းသည့် မြေနေရာပေါ်တွင် တည်ဆောက်သွားမည် ဖြစ်သည်။

7DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

# Commodity Watch

## စီးပွားကူးသန်းမှ အငှားယာဉ်များ အရစ်ကျစနစ်ဖြင့် ရောင်းမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ-၃၀**

စီးပွားကူးသန်း အငှားယာဉ်လုပ်ငန်း ဖျက်သိမ်းရန် အငှားယာဉ်အစီးရေ ၂၀၀ ကျော်အား အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးကပြောသည်။

စီးပွားကူးသန်းဝန်ကြီးဌာနရှိ ဝန်ထမ်းမိသားစုများ သက်သာချောင်ချိရေးအဖြစ် ၁၉၉၅ ခုနှစ်မှစ၍ Credic အငှားယာဉ်များအား ငှားရမ်းလုပ်ကိုင်ခွင့်ပေးခဲ့သည်။ သို့သော် ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်မှစ၍ ဝန်ထမ်းသက်သာအဖြစ် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများသာခွင့်ပြုသည့်အတွက် လက်ရှိမောင်းနေသောယာဉ်မောင်းများအား ရောင်းချပေးရန် စီစဉ်ခြင်းဖြစ်သည်။

"ဈေးနှုန်းသတ်မှတ်တဲ့အခါမှာလည်း ကားအသင်းက လူတွေလည်းပါမယ်။ တချို့ အပြည့်မချေနိုင်တဲ့သူကို အရစ်ကျ ပုံစံနဲ့ ရောင်းချပေးဖို့ရှိပါတယ်။ ရောင်းလို့ရတဲ့ငွေကိုလည်း နိုင်ငံတော်ကို ဘဏ္ဍာငွေအဖြစ် သွင်းပေးမှာပါ" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

စီးပွားကူးသန်း အငှားယာဉ်အစီးရေ ၂၃၅ စီးရှိပြီး ယာဉ်မောင်း ၂၀၀ ကျော် မောင်းနှင်လျက်ရှိရာ ယခုရောင်းချပေးမည့် အစီအစဉ်တွင် လက်ရှိအမည်ပေါက်ဖြင့် မောင်းနှင်နေသော ယာဉ်မောင်းများကို ရောင်းချမည်ဖြစ်သည်။ အဆိုပါ Credic ယာဉ်များအား ကာလပေါက်ဈေးဖြင့် သတ်မှတ်၍ အသက်သာဆုံးဈေးနှုန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါကားများမှာ လက်ရှိဈေးကွက်တွင် "လူနာမည်ပေါက် CNG အိုးပါကားတွေဆိုရင် သိန်း ၁၅၀ ပတ်လည်ပဲရှိတယ်။ အကယ်၍ လူနာမည်ပေါက် CNG မပါရင် ကျပ်သိန်း ၈၅၊ ၁၀၀ လောက်ပဲရမယ်" ဟု ဟံသာဝတီ ကားပွဲစားတန်းမှ အတွေ့အကြုံ အနှစ် ၂၀ ကျော်ရှိ ပွဲစားဦးစိုးလွင်က ပြောကြားသည်။

---

စာမျက်နှာ(၂၆)မှ

## မပေးသော်လည်း ယူအပ်သည့်အရာ

ထိုသတင်းမျိုးကိုဖတ်ရသည့်အခါ ဟုတ်မှဟုတ်ပါလေရဲ့လား မယုံကြည်နိုင်။ မေတ္တာတရား၊ စေတနာတရားတွေ ခြောက်ခန်းကုန်ကြပြီလား။ တာဝန်ယူတတ်မှု ဆိုသည်ကိုသိမှသိကြပါတော့ရဲ့လား စိတ်ထဲမှာ နင့်နင့်ခါးခါး ခံစားရသည်။

ဘာပဲဖြစ်ဖြစ် ယာဉ်မတော်တဆဖြစ်မှုတစ်ခုဖြစ်လာလျှင် ထိုမော်တော်ယဉ်ကိုမောင်းနှင်သည့် ယဉ်မောင်းတွင်တော့ အဓိကတာဝန်အရှိဆုံးဖြစ်သည်။

နီးနီးနားနား အိန္ဒိယနိုင်ငံတွင် ၂၀၀၆ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ယာဉ်မတော်တဆဖြစ်မှုပေါင်း ၁,၉၁၁,၂၂၄ မှုဖြစ်ပွားခဲ့လျက် လူပေါင်း ၃၆၂,၇၁၃ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

ထိုဖြစ်စဉ်များကို ဆန်းစစ်သည့်အခါ ယာဉ်မောင်းသူ၏ မဆင်ခြင်မှားယွင်းမှုကြောင့်ဖြစ်ပွားရခြင်းက ၇၈ ဒသမ ၅ ရာခိုင်နှုန်းရှိလေသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယ နှစ်နိုင်ငံ၏ ယာဉ်မတော်တဆဖြစ်မှုနှုန်းများကို ကြည့်ရှုလေ့လာသည့်အခါယာဉ်မောင်း၏ အဆင်ခြင်မဲ့မှု၊ မှားယွင်းမှုများကသာ ပြဿနာ၏ အဓိကရင်းမြစ်ဖြစ်လေသည်။

စင်စစ်မူ မော်တော်ယဉ်တစ်စီးပေါ်တွင် စီးနင်းလိုက်ပါလာကြသည့် ခရီးသည်တွေဆိုသည်က ယဉ်မောင်းသူတစ်ဦးတည်း၏ အပေါ်တွင်သာ မိမိတို့၏ အသက်ခန္ဓာနှင့် ဘဝများကိုပုံအပ်ထားကြရသူတွေ ဖြစ်သည်။ ယာဉ်မောင်းတစ်ချက်တိမ်းလျှင် ဘဝပေါင်းများစွာအတွက်က တွေးရဲစရာမရှိ။

ထိုအကြောင်းကို ယာဉ်တစ်စီးလုံးကိုဦးဆောင်မောင်းနှင်လာသည့်ယာဉ်မောင်းနှင်သူကရင်နှင့်အမျှ သိဖို့လိုသည်။ အသက်ပေါင်း ဘဝပေါင်းများစွာသည် သူ့လက်ခုပ်အတွင်းမှာရှိကြောင်း ရင်ထဲဦးနှောက်ထဲမှာစွဲနေဖို့လိုသည်။ ခရီးစဉ်အစမှသည် ခရီးစဉ်အဆုံးထိ ကြီးမားသောတာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်လာကြောင်း သတိမြဲဖို့လိုသည်။ ထိုတာဝန်ကို ဦးထိပ်ပန်ဆင်လိုစိတ်လည်း ရှိဖို့လိုလေမည်။

မိမိရောက်ရှိနေသော အရပ်ဒေသနှင့်မိမိထမ်းဆောင်နေသော အလုပ်တို့၌ မပေးသော်လည်း မိမိဘာသာ ဖန်တီးယူအပ်သည့် တာဝန်ဆိုသည်မှာ ရှိအပ်သည်။ ထိုတာဝန်သည် မေတ္တာတရား၊ စေတနာတရား၌ မြစ်ဖျားခံလေသည်။

အကယ်စင်စစ်တွင်တော့ ယာဉ်မောင်းသည့်နေရာတွင်သာမဟုတ် ဦးတည်ရာရည်မှန်းချက် တစ်ခုခုသို့ ဦးတည်ချီတက်လျှောက်လှမ်းကြသည့် လမ်းခရီးတွင်လည်း ဦးဆောင်ဦးရွက်ပြုသူသည်သာမက ပါဝင်သူအသီးသီးတို့ကပါ မိမိကို နှင်းအပ်လာသည့် တာဝန်မဟုတ်သည့်တိုင် ခရီးစဉ်တစ်ခုလုံးအပေါ် သန့်ရှင်းသော မေတ္တာစေတနာတို့၌သာ အခြေခံလျက် မိမိကိုယ်တိုင် ဖန်ဆင်းယူအပ်သည့် တာဝန် တစ်ရပ်ကို ဦးလည်မသုန် ထမ်းရွက်နိုင်ကြပါစေကုန်. . . . ဟု။ ။

---

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 352,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 285,000 |

**YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။**

### Sony

| Model | Price |
|---|---|
| Xperia X8 | 110,000 |
| Xperia Acrs | 238,000 |
| Xperia Go | 186,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 740,000 |
| iPhone 4S (64 GB) | 605,000 |
| iPhone 4S (32 GB) | 585,000 |
| iPhone 4S (16 GB) | 554,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| T 8600 | 76,000 |
| U 8818 D | 110,000 |
| C 8825 D | 125,000 |
| U 8836 D | 169,000 |
| U 8825 D | 116,000 |
| U 8950 D | 162,000 |
| Ascend P1 | 270,000 |

**ဖေဖော်ဝါရီ (၂)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 215,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 35BX | 240,000 |
| Sony (LED) | 32EX33 | 290,000 |
| **DVD** | | |
| EVD(Sony) | DVK75 | 18,000 |
| I-MAX | DVD-SR81220XDM2 | 25,000 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 155,000 |
| Samsung | RT2ASHMG | 220,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 220,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 135,000 |
| Samsung | WT8J | 160,000 |
| **Aircon** | | |
| Chigo | 1.0HP | 180,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 175,000 |

**အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၂) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၀ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၅၀ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၅၅ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၂)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၃၀၀-၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၆,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၃၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

**ဖေဖော်ဝါရီ(၂)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jan(27) | 815 | 860 | 870 | 880 |
| Jan(28) | 815 | 860 | 870 | 880 |
| Jan(29) | 815 | 860 | 870 | 880 |
| Jan(30) | 815 | 860 | 870 | 880 |
| Jan(31) | 815 | 860 | 870 | 880 |
| Feb(1) | 815 | 860 | 870 | 880 |
| Feb(2) | 816 | 860 | 870 | 880 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Dell** | |
| Intel Core i5 2.5 GHz, 4GB DDR3, 500GB HDD, HD, 15.6" | 498,000 |
| Intel Core i3 2.2 GHz, 2GB DDR3, 500GB HDD, HD, 15.6" | 395,000 |
| Intel Core i5 2.3 GHz, 6GB DDR3, 640GB HDD, HD, 15.6" | 854,000 |
| Intel Core i7 2.7 GHz, 4GB DDR3, 500GB HDD, HD, 14" | 699,000 |
| **HP** | |
| Intel Core i5 2.5 GHz, 8GB DDR3, 750GB HDD, HD, 15.6" | 605,000 |
| IntelCore i5 2.4GHz,6GB DDR3,500GB HDD,1GB VGA,14.5" | 720,000 |
| Intel Core i5 2.5 GHz, 8GB DDR3, 750GB HDD, HD, 14" | 678,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 1TB HDD, 15.6" | 996,000 |
| **Asus** | |
| Intel Core i5 1.6 GHz, 4GB DDR3, 128GB SSD, 13.3" | 839,000 |
| Intel Bridge i7 2.4 GHz, 8GB DDR3, 1TB HDD, 15.6" | 1,047,000 |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, 14" | 523,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 500GB HDD, 14" | 858,000 |

7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013



# တရုတ်နိုင်ငံနှင့် ကျောက်မီးသွေးသုံးစွဲမှု

Photo - AFP

**ကြည်နေဝင်းမင်း**

ဒါတွန်မြို့တွင် နေထိုင်သူများက ၎င်းတို့မြို့အား တရုတ်နိုင်ငံ၏ ကျောက်မီးသွေးမြို့တော်ဟု ခေါ်ဝေါ်ကြပြီး ယင်းသို့ခေါ်ဆိုခြင်းမှာ မထူးဆန်းလှပါ။ မြို့နယ်ပြင်ပတွင် ကျောက်မီးသွေးတူးဖော်ရေး ကြီးမားသော စင်ကြီးများနှင့် အထပ်မြင့်အဆောက်အအုံများက လှပသော ရှုခင်းကို အမာရွတ်ကြီးများ သဖွယ်ထင်ဟပ်နေစေသည်။

ကျောက်မီးသွေးတွင်းတစ်ခုတွင် ဘူဒိုဇာစက်ကြီးများ အလုပ်ရှုပ်နေသည်။ စက်ကြီးများက ကျောက်မီးသွေးပုံကြီးအား စောင့်ဆိုင်းနေသော ကားများအနီး တွန်းပို့နေသည်။ ပတ်ဝန်းကျင် လေထုမှာအလွန်ညစ်ညမ်းနေပြီးကျောက်မီးသွေးမှုန်များကြောင့် မည်းမှောင်နေသည်။

ယင်းလုပ်ငန်းမှာ ညစ်ပတ်ပေရေသော လုပ်ငန်းဖြစ်သော်လည်း တရုတ်နိုင်ငံ၏ စီးပွားရေးတစ်ဟုန်ထိုး မြင့်တက်မှု အတွက် လောင်စာဖြစ်ပြီး ဆယ်နှစ်တာကာလအတွင်း ကျောက်မီးသွေးသုံးစွဲမှုသုံးဆမြင့်တက်လာခဲ့သည်။ လောလောဆယ်တွင် တရုတ်နိုင်ငံ၏ ကျောက်မီးသွေးသုံးစွဲမှုသည် အခြားကမ္ဘာ့နိုင်ငံအားလုံးစုပေါင်းသုံးစွဲမှု ပမာဏခန့်ရှိသည်။ ယင်းကြောင့်ပင် ဘေဂျင်းအပါအဝင် တရုတ်နိုင်ငံမြို့ကြီးအများအပြားအား အန္တရာယ်ရှိသောမီးခိုးထုကြီးများ ဖုံးလွှမ်းစေခဲ့သည်။

မြို့တော်ဘေဂျင်းမှ လူအများအပြားက ယခုလအတွင်း ဘေဂျင်းတွင်ဖြစ်ပေါ်သည့် လေထုညစ်ညမ်းမှုမှာ ၎င်းတို့မှတ်မိသမျှထဲတွင် အဆိုးရွားဆုံး အခြေအနေဟု ပြောကြားကြသည်။ လေထုညစ်ညမ်းမှုမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က ကျန်းမာရေးအတွက် အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသောနှုန်းထက် များစွာမြင့်မားနေခဲ့သဖြင့် ဆေးရုံများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ ဝေဒနာခံစားနေရသူများ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ပြည့်လျှံနေသည်။

ပီကင်းတက္ကသိုလ်ရှိ ပြည်သူ့ကျန်းမာရေးကျောင်းနှင့် အရှေ့အာရှ Greenpeace အဖွဲ့တို့ ပူးပေါင်းပြုလုပ်ခဲ့သော မကြာသေးမီက ထုတ်ပြန်ခဲ့သည့် စာတမ်းတစ်စောင်တွင် ပြီးခဲ့သည့်နှစ်အတွင်း တရုတ်မြို့ကြီးလေးမြို့တွင် လေထုညစ်ညမ်းမှုကြောင့် အနည်းဆုံး လူပေါင်း ၈,၀၀၀ မှာအရွယ်မတိုင်မီသေဆုံးခဲ့သည်ဟု ခန့်မှန်းထားပါသည်။

ကျောက်မီးသွေးသည်တရုတ်စွမ်းအင်လိုအပ်ချက်၏ သုံးပုံနှစ်ပုံကို ပံ့ပိုးပေးပြီး နိုင်ငံတစ်ဝန်းရှိ သန်းပေါင်းများစွာသော မော်တော်ကားများနှင့်အတူ နိုင်ငံ၏ လေထုညစ်ညမ်းမှု အဓိက လက်သည်တရားခံဖြစ်သည်။ နိုင်ငံ့စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးသော်လည်း လေထုညစ်ညမ်းမှု မီးခိုးမှိုင်းများကြောင့် လူအများအပြားက နိုင်ငံစီးပွားတိုးတက်ရေးလုပ်ငန်းလုပ်ဟန်များအပေါ် မေးခွန်း ထုတ်မှုများ ဖြစ်ပေါ်လာစေသည်။

ကြီးမားသော စက်မှုလုပ်ငန်းကြီးများအပေါ် တရုတ်နိုင်ငံက မှီခိုနေမှုကို လျှော့ချသွားရေး တစိုက်မတ်မတ်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း အစိုးရစွမ်းအင်ပေါ်လစီသုတေသီဟောင်းလည်းဖြစ်၊ သဘာဝအရင်းအမြစ်များကာကွယ်ရေးကောင်စီ ဝါရင့်အကြံပေးလည်းဖြစ်သူ မစ္စတာ ယန်ပုကင်းက ပြောပါသည်။ "ကျွန်တော်တို့ရဲ့ လုပ်နည်းလုပ်ဟန်တွေကိုပြောင်းလဲရပါမယ်။ ကျောက်မီးသွေးကြောင့်ဖြစ်တဲ့ လေထု ညစ်ညမ်းမှုက အရမ်းကိုဆိုးရွားလာပါပြီ" ဟု၎င်းက ပြောကြားရင်း "ဘာမှဖြစ်မလာဘူးဆိုရင်တော့ မြို့ကြီးတွေမှာ လူထုအော်သံတွေ ဆက်လက်ကြီးထွားလာမှာပဲ" ဟု ၎င်းက ဆက်လက်ပြောပါသည်။

"အစိုးရက ကျောက်မီးသွေးသုံးစွဲမှုကို ကန့်သတ်သင့်ပြီး ပိုပြီးသန့်ရှင်းစင်ကြယ်ပြီး ထိရောက်တဲ့ စွမ်းအင်နည်းပညာတွေ တိုးတက်အောင် လုပ်ဖို့ လိုအပ်ပါတယ်"

ဘေဂျင်းမြို့တော်တွင် အာဏာပိုင်များက လေထုညစ်ညမ်းမှုကို လျှော့ချရန် စက်ရုံ ၁၀၃ ရုံကို ပိတ်ပစ်လိုက်ပြီး အစိုးရရုံးသုံး မော်တော်ယာဉ် ၃၀ ရာခိုင်နှုန်းကို လမ်းများပေါ်မှ ဖယ်ရှားခဲ့သည်။ နေအိမ်ပြတင်းပေါက်များကိုပိတ်ထားရန် ပြည်သူများကို သတိပေးထားပြီး မလိုအပ်ဘဲအိမ်အပြင်မထွက်ရန်၊ အိမ်ထဲ၌ သာနေထိုင်ကြရန်လည်း သက်ဆိုင်ရာက သတိပေးချက်များ ထုတ်ပြန်ထားသည်။ ခွဲစိတ်ခန်းသုံး မျက်နှာဖုံးများ၊ လေသန့်စင်ပေးသော စက်များ ရောင်းမလောက်ဖြစ်ကာ အချို့နေရာများတွင် ပစ္စည်းပင်ပြတ်လပ်သွားသည်။

ရေရှည်စွမ်းအင်အတွက်မူ တရုတ်နိုင်ငံက ရေအားလျှပ်စစ်လုပ်ငန်းများနှင့် အခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းများတွင် အကြီးအကျယ်ရင်းနှီးမြှုပ်နှံနေပါသည်။ အစိမ်းရောင်နည်းပညာများတွင်လည်း ကမ္ဘာ့ခေါင်းဆောင်ဟု ရှုမြင်ခံရပါသည်။ သို့သော်လည်း စွမ်းအင်လိုအပ်ချက်မှာ တစ်နှစ်ပြီးတစ်နှစ် ဆက်လက်မြင့်တက်လာခဲ့ရာ ကျောက်မီးသွေးသုံးစွဲမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့သည်။

ယခုရက်ပိုင်းအတွင်းမှာပင် နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက တင်ပြသည့်သတင်းတွင် ယခုအခါ အာဏာပိုင်များသည် စွမ်းအင်သုံးစွဲမှု အထူးသဖြင့် ကျောက်မီးသွေးသုံးစွဲမှုထိန်းချုပ်ရေးအတွက် ပစ်မှတ်တစ်ခု ထားရှိလိုက်ပြီဟု ဖော်ပြပါသည်။

သို့သော် စွမ်းအင်သုံးစွဲမှုလျှော့ချရေး ကန့်သတ်မည့် မည်သည့်ကြိုးပမ်းမှုမဆို ဒေသခံ (ပြည်နယ်) အစိုးရများက လိုလားကြမည်မဟုတ်ပေ။ ၎င်းတို့ကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်မည်ကို စိုးရိမ်ပါသည်။

မြို့ကြီးများရှိ ပြည်သူများကမူ ၎င်းတို့၏ ဘဝနေထိုင်မှု အရည်အသွေးတိုးတက်ရန် အာဏာပိုင်များအနေဖြင့် ယင်းကိစ္စကို တင်းတင်းကျပ်ကျပ် ကိုင်တွယ် အရေးယူရေးကို လိုလားကြသည်။ သို့သော် ဒါတွန်မြို့ ကျောက်မီးသွေးတူးဖော်ရေးစက်ရုံကြီးအနီးအနားတွင်မူ မြို့ကြီးသားများနှင့် ကွဲပြားခြားနားသော မျှော်လင့်ချက်များရှိနေပြန်ပါသည်။

မစ္စတာဂူယူဝမ်မှာ တစ်သက်လုံး လယ်ယာလုပ်ကိုင်လာသူဖြစ်ပါသည်။ အသက် ၅၆ နှစ်အရွယ် လယ်သမားကြီးက တစ်ချိန်က သူပိုင်ဆိုင်ထားသမျှမှာ သိုးလေး၊ ငါးကောင်သာရှိသည်ကို မှတ်မိနေသေးသည်။ သူနှင့်သူ့ရွာသားတွေ အားလုံးရွှံ့အုတ်များဖြင့် ဆောက်လုပ်ထားသော နေအိမ်များတွင် နေထိုင်ခဲ့ရသည်ကို မှတ်မိနေသေးသည်။

သို့သော် ယခုအခါတွင် မစ္စတာဂူတစ်ယောက် အဝတ်လျှော်စက်တစ်လုံးနှင့် တီဗီတစ်လုံး ပိုင်ဆိုင်နေပြီဖြစ်ပြီး ကြီးမားသော အိမ်မက်များ သူ့မှာရှိသည်။

"ငါ့မှာပိုက်ဆံရှိရင် ကားဝယ်မယ်၊ အဆင့်မြင့်တိုက်ခန်း၊ ရေခဲသေတ္တာ၊ ကွန်ပျူတာတွေဝယ်မယ်" ဟုမစ္စတာဂူက ပြောပါသည်။ လယ်သမားကြီးဂူက ရှေ့ဆက်သူ့ဘဝ တိုးတက်ဖို့ပဲရှိသည်ဟု မျှော်လင့်သည်။ ယင်းမှာ တရုတ်နိုင်ငံခေါင်းဆောင်များအတွက် စိန်ခေါ်မှုပင်ဖြစ်သည်။ မစ္စတာဂူကဲ့သို့သော လူများ၏ စိတ်ကူးယဉ်အိပ်မက်များကို တာရှည်ထိန်းသိမ်းနိုင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြင့် ထိန်းညှိပေးရေးဖြစ်သည်။

လောလောဆယ်တွင်မူ နိုင်ငံ့စွမ်းအင်လိုအပ်ချက်အတွက် ကျောက်မီးသွေးအပေါ် မှီခိုအားထားနေရမှုနှင့် ယင်းနှင့်အတူဖြစ်ပေါ်လာသည့် လေထုညစ်ညမ်းမှုမှာ လျော့ပါးလာမည့် အရိပ်အယောင် မတွေ့ရသေးပေ။

*—Ref: "China's coal conundrum as smog worsen"*

7DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

# တူရကီရှိ အမေရိကန်သံရုံး အသေခံပုံးခွဲတိုက်ခိုက်မှု နေတိုးနှင့် အမေရိကန် ရှုတ်ချ



Photo - AFP

*ဖေဖော်ဝါရီ ၁ ရက်က လုံခြုံရေးနှစ်ဦးသေဆုံးပြီး အခြားလူပေါင်းများစွာ ဒဏ်ရာရရှိခဲ့သော ဗုံးကွဲမှုဖြစ်ပေါ်ပြီး တူရကီနိုင်ငံ အန်ကာရာမြို့ အမေရိကန်သံရုံးအနီး၌မတ်တတ်ရပ်ကြည့်နေသူများ*

**အန်ကာရာ၊ ဖေဖော်ဝါရီ-၂**

တူရကီနိုင်ငံ အန်ကာရာမြို့ရှိ အမေရိကန်သံရုံးတွင် အသေခံပုံးခွဲသမားတစ်ဦး ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းကို အမေရိကန်နှင့် နေတိုးအဖွဲ့က ရှုတ်ချပြောကြားလိုက်သည်။ ယင်းတိုက်ခိုက်မှုတွင် တူရကီလုံခြုံရေးတစ်ဦး သေဆုံးပြီး အခြားလူသုံးဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အန်ကာရာမြို့ အထက်တန်းစားရပ်ကွက်ရှိ လုံခြုံရေးတိုးမြှင့်ထားသော သံရုံးအဝင်ဝ တိုက်ခိုက်မှုမှာ မွတ်ဆလင်ကမ္ဘာရှိ သံရုံးများ တိုက်ခိုက်ခံရမှုများတွင် နောက်ဆုံးဖြစ်ပေါ်သည့် တိုက်ခိုက်မှုဖြစ်ပြီး အမေရိကန်၏ ကမ္ဘာတစ်ဝန်း သံရုံးအမှုထမ်း ၇၀,၀၀၀ အတွက် အန္တရာယ်ကို ထင်ရှားလာစေသည်။

ယင်းပုံးခွဲမှုကို အိမ်ဖြူတော်က ပြင်းပြင်းထန်ထန် ရှုတ်ချပြီး ယင်းမှာ အကြမ်းဖက်လုပ်ရပ်ဟု ပြောဆိုပြီး မည်သည့်အဖွဲ့၏ လက်ချက်မှန်း မသိသေးကြောင်းပြောသည်။

တူရကီဝန်ကြီးချုပ် ရီဘက်တေရစ်အာဒိုဂန်ကမူ ဗုံးခွဲသူမှာ ပြည်သူ့လွတ်မြောက်ရေး တော်လှန်ရေးတပ်ဖွဲ့ (DHKP-C)အဖွဲ့ဝင်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းအဖွဲ့မှာ ၁၉၇၀ ကျော်နှစ်များကပင် ထင်ရှားကျော်ကြားသူများအပေါ် အသေခံတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သောအဖွဲ့ဖြစ်သည်။

နေတိုးအဖွဲ့ အတွင်းရေးမှူးချုပ် အန်ဒါးစ်ဖော့ရပ်မတ်ဆန်ကလည်း မဟာမိတ်နိုင်ငံတစ်နိုင်ငံ၏ နယ်ပယ်တွင် အခြားမဟာမိတ်တစ်နိုင်ငံ၏ သံရုံးနယ်မြေတိုက်ခိုက်မှုအား ပြင်းထန်စွာရှုတ်ချကြောင်း ပြောကြားသည်။

*—Ref: AFP*

## ဆီးရီးယားပြဿနာ ဖြေရှင်းရေး လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အရေးပါ

**မြူးနစ်၊ဖေဖော်ဝါရီ-၂**

၂၂ လ ကြာမြင့်လာခဲ့ပြီဖြစ်သော ဆီးရီးယားပြည်တွင်းစစ် အဆုံးသတ်နိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်တစ်ရပ် မဖြစ်မနေလိုအပ်ကြောင်း ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ် အထူးကိုယ်စားလှယ်က ပြောကြားသည်။

ဆီးရီးယားနိုင်ငံသားများနှင့် ဒေသတွင်း အင်အားကြီးနိုင်ငံများမှာ ဆီးရီးယားနိုင်ငံ၏ အခြေအနေကို ၎င်းတို့ဘာသာ ပြောင်းလဲနိုင်စွမ်းရှိပုံ မပေါ်ဘဲ ထို့အတွက် ယင်းတာဝန်မှာ ကျယ်ပြန့်သော နိုင်ငံတကာအသိုင်းအဝိုင်းက ဖြေရှင်းရမည့်ကိစ္စဖြစ်လာကြောင်း အထူးကိုယ်စားလှယ် မစ္စတာလက်ဒါဘရာဟီမီက ပြောကြားသည်။ ကျယ်ပြန့်သော နိုင်ငံတကာအသိုင်းအဝိုင်းမှာ လုံခြုံရေးကောင်စီပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောသည်။

"ဒီပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေး အသေအချာညွှန်းဆိုဖော်ပြထားတဲ့ လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်တစ်ရပ် ကျွန်တော်တို့ လိုအပ်ပါတယ်"ဟု မစ္စတာဘရာဟီမီက ပြောပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံမှ သံအမတ်ကြီးများနှင့် တွေ့ဆုံအသိပေးခဲ့ကြောင်း မစ္စတာဘရာဟီမီက မြူးနစ်မြို့တွင် ကျင်းပသည့် လုံခြုံရေးကွန်ဖရင့်၌ ပြောကြား သည်။

ရုရှားနိုင်ငံသည် ၎င်း၏ နောက်ဆုံး အာရပ်မိတ်ဆွေနှင့် မဟာမိတ်ဆီးရီးယားအပေါ် ပိတ်ဆို့တားဆီးမှုများချမှတ်ရေး ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ကို ထောက်ခံရန် ငြင်းဆန်ခဲ့သောကြောင့် ဝေဖန်ခံခဲ့ရသည်။

*—Ref: Ria Novosti*

## ဟူဂိုချားဗက်စ် ကင်ဆာရောဂါကုသမှု နောက်တစ်ဆင့် တက်သွားပြီဟု ဒုသမ္မတပြောကြား

**ကာရာကတ်စ်၊ဖေဖော်ဝါရီ-၂**

ဗင်နီဇွဲလားသမ္မတ ဟူဂိုချားဗက်စ်သည် ခွဲစိတ်မှုအလွန် ကုသမှုအဆင့်ကို ခံယူပြီး ကုသမှုနောက်တစ်ဆင့်ကို ခံယူနေပြီဖြစ်ကြောင်း ဗင်နီဇွဲလား ဒုသမ္မတ နီကိုလပ်စ်မာဒူရိုကပြောကြားသည်။

"ကံကောင်းထောက်မစွာပဲ ခွဲစိတ်မှုအလွန် ကုသမှုအပိုင်း ပြီးဆုံးသွားပါပြီ။ အခုဆိုရင် သမ္မတဟာ နောက်တစ်ဆင့် ကုသမှုခံယူနေပြီး တဖြည်းဖြည်း ပြန်ကောင်းလာပါပြီ"ဟု ဒုသမ္မတအား ကိုးကား၍ ဗင်နီဇွဲလားမီဒီယာက ဖော်ပြသည်။

သမ္မတဟူဂိုချားဗက်စ် (၅၈ နှစ်)သည် တစ်နှစ်အတွင်း ကင်ဆာရောဂါအတွက် ခွဲစိတ်မှုလေးကြိမ်နှင့် ကီမိုဆေးသွင်းကုသမှုလေးကြိမ် ခံယူခဲ့ရသည်။ ယခုနောက်ဆုံး ခွဲစိတ်ကုသမှုကို ဒီဇင်ဘာ လ ၁၁ ရက်တွင် ကျူးဘားနိုင်ငံ၌ လုပ်ဆောင်ကာ ကင်ဆာတစ်ရှူးများ ဖယ်ရှားခဲ့သည်။

၎င်း၏ သမ္မတသက်တမ်းသစ်အတွက် ဇန်နဝါရီ ၁၁ ရက်က ကျမ်းသစ္စာကျိန်ဆိုရန် စီစဉ်ထားခဲ့သော်လည်း ကျန်းမာရေးအခြေအနေကြောင့် အခမ်းအနားသို့ မတက်ရောက်နိုင်ခဲ့ပေ။ ဗင်နီဇွဲလား တရားရုံးချုပ်ကလည်း မစ္စတာချားဗက်စ်၏ ဆေးကုသမှုများ ပြီးဆုံးသည်အထိ ကျမ်းသစ္စာကျိန်ဆိုမှုအား ရွှေ့ဆိုင်းထားရန် ဆုံးဖြတ်ခဲ့သည်။

*—Ref: Ria Novosti*




7DAY NEWS JOURNAL

Vol.11, No.48 • FEBRUARY 7 , 2013


# 7DAY BOOK REVIEW



## ကျောက်စာကို ခဲဖျက်နှင့်ဖျက်၍မရ (မြေမှုန်လွင်)

ရာစုနှစ်တစ်ခုတွင် မျိုးဆက်လေးဆက် ရှိသည်ဟု ပညာရှင်များက ဆိုကြသည်။ ယေဘုယျအကြမ်းအားဖြင့် မျိုးဆက်တစ်ဆက်ကို နှစ်ပေါင်းနှစ်ဆယ်၊ အစိတ်ဝန်းကျင်ဟု သတ်မှတ်လေ့ရှိကြသည်။ ဥပမာ မြန်မာနိုင်ငံတွင် ၁၉၆၀ ဝန်းကျင် နှစ်များကိုဖြတ်သန်းခဲ့သော မျိုးဆက်၊ ၈၈ ဒီမိုကရေစီအရေးတော်ပုံကာလကိုဖြတ်သန်းခဲ့သော မျိုးဆက်၊ ထို့နောက် နှစ်ပေါင်းနှစ်ဆယ်နီးပါးကြာမြင့်ပြီးသောအခါ ၂၀၀၇ စက်တင်ဘာ ရွှေဝါရောင် သံဃာ့လှုပ်ရှားမှုကြီးကို ဖြတ်သန်းခဲ့သော မျိုးဆက်ဟူ၍ ယေဘုယျ သတ်မှတ်နိုင်ပါသည်။ ယခုစာအုပ်မှာ နောက်ဆုံးမျိုးဆက်ဖြစ်သော ၂၀၀၇ စက်တင်ဘာ သံဃာ့လှုပ်ရှားမှုကို နောက်ခံထား၍ ထို ကာလက လူငယ်အချို့၏ ဘဝကိုဖွဲ့တည်ရေးသားထားသည့် လုံးချင်းဝတ္ထုဖြစ်သည်။ စာအုပ်တွင် ထိုခေတ်ကာလ လူငယ်တစ်စု၏ နေ့စဉ်သမားရိုးကျ ဖြတ်သန်းမှုများဖြင့်ပေါ့ပေါ့ပါးပါးရေးထားပြီး တဖြည်းဖြည်း လေးနက်သည့် အကြောင်းအရာဆီ ဦးတည်ခေါ်ဆောင်သွားပါမည်။ ရန်ကုန်မြို့နေ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူလူငယ်တစ်သိုက်၏ နေ့စဉ်ဘဝဖြတ်သန်းမှုထဲမှ မထင်မှတ်ဘဲ နိုင်ငံရေးအသိ ပွင့်လင်းလာစေသည့် စက်သုံးဆီဈေး အဆမတန်မြင့်တက်မှုမှ ၂၀၀၇ သံဃာ့လှုပ်ရှားမှုကြီး ကြုံတွေ့ရခြင်း၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားဘဝမှ နိုင်ငံရေး အသိ နိုးကြားလာကာထိုလှုပ်ရှားမှုကြီးထဲ ပါဝင်ဖြတ်သန်းခဲ့ပြီး ထောင်ကျသည်အထိ ကြုံတွေ့ခဲ့သော ကျောင်းသား လူငယ်တစ်ဦး၏ ဘဝအချိုးအကွေ့ကို ဖော်ကျူးရေးသားထားသည်။

ယခုဝတ္ထု၏ ထူးခြားချက်မှာ ဇာတ်ကောင်ဖြစ်သူသည် မည်သည့်မိန်းကလေးနှင့်မျှ တရားဝင်ပတ်သက်ဆက်နွယ်ခြင်းမရှိဘဲ ဝတ္ထုကို နိဂုံး၍ ထိုအတိုင်းပင် အဆုံးသတ်ထားခြင်းဖြစ်သည်။ ဝတ္ထုပါ အကြောင်းအရာများနှင့် ဖြစ်ရပ်များကို ဘေးမှရပ်ကြည့်သူတစ်ဦးပမာ သွယ်ဝိုက်၍ ရေးသားထားသည်။ ပေါ့ပါးသွက်လက်စွာ ဖတ်ရှုနိုင်မည့် စာအုပ်ဖြစ်ပြီး ငါတို့စာပေက တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



## ခရီးသွားဆောင်းပါးများ (မောင်မဲ)

လူထုသတင်းစာ၊ ဂျာနယ်များတွင် ၁၉၅၀ နှစ်များအတွင်း ဖော်ပြခဲ့သော စာရေးသူမောင်မဲ၏ ခရီးသွားဆောင်းပါးစုစည်းမှု စာအုပ်ဖြစ်သည်။

စာအုပ်တွင် စုစုပေါင်းဆောင်းပါး (၃၇) ပုဒ်ပါဝင်ပြီး အားလုံးလိုလိုမှာ မြန်မာပြည်အနှံ့ ထက်အောက်ဝန်းကျင်သွားလာခဲ့သော ခရီးသွားအတွေ့အကြုံများကို ရေးသားထားခြင်းဖြစ်သည်။ စာရေးသူမောင်မဲသည် ထိုစဉ်အခါက လူသူအရောက်အပေါက်နည်းသေးသော ချင်းပြည်နယ် ရွာကလေးများ၊ ကချင်ပြည်နယ် အစွန်အဖျားရှိ ကျေးရွာများ၊ နာဂဒေသနှင့် မြန်မာပြည်နယ်စပ်ဒေသများသို့ပါ သွားရောက်ခဲ့ပြီး ၎င်းမြင်တွေ့ကြုံခဲ့ရသော ယင်းဒေသများ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အတွေးအမြင်များကို လုံးစေ့ပတ်စေ့ ရေးသားထားရာ ခရီးသွားဆောင်းပါးဖတ်လိုသူများအတွက် ချင်ခြင်းပြေစေမည့်စာအုပ်ဖြစ်သည်။

စာအုပ်အမှာတွင် "ဆရာမောင်မဲ၏ စာအုပ်အရေအတွက် နည်းသော်လည်း ခရီးသွားစာပေ ရေးသားရာ၌ တံခွန်ထူခဲ့ပါသည်။ နေရာရခဲ့ပါသည်။ ရှင်ရိုသေ၊ လူရိုသေဖြစ်ခဲ့သည်။ ဘဝတစ်လျှောက်လုံး သတင်းသမားအနေဖြင့် အသက်ရှင်၏။ သတင်းရန့်အတွက် ဘယ်သူ့အကူ အညီမျှမပါ လွယ်အိတ်တစ်လုံးလွယ်ကာ ဆင်းရဲပင်ပန်းစွာ ခရီးသွား၏။ သွားရင်းလာရင်းလူထု၏ ဖြစ်ပျက်မှု၊ လှုပ်ရှားမှု၊ အမြင်မတော်မှု၊ ချို့ယွင်းမှုများကို စနည်းနာ၏။ လူထု၏ ရုပ်ဝတ္ထုများသာမက စိတ်ခံစားမှုများကို စာနာ၏။ သို့ဖြစ်၍ ဦးနှောက်ဖြင့် သတင်းမရေးဘဲ တစ်ခါတစ်ရံ နှလုံးသားဖြင့်ပါ ကြည့်၏။

ထို့ကြောင့် ဆရာ မောင်မဲ၏ ခရီးသွားဆောင်းပါးများကို စာရေးဆရာကြီး မောင်ထင်က အက်ဆေး သဘောပါသည်ဟု သုံးသပ်ခဲ့၏" ဟု ဖော်ပြပါရှိသည်။

စာအုပ်ကိုသံလွင်မြစ်ချမ်းစာအုပ်တိုက်က တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ပဟုသုတ

## 'ဂူးဂဲလ်' ဆိုတဲ့ ဝေါဟာရဖြစ်ပေါ်လာပုံကို သိရဲ့လား


Google ဟူသော အင်တာနက်ရှာဖွေရေး အင်ဂျင်ခေါ် ဝက်ဘ်ဆိုက်ကြီး၏အမည်ကို သိသူမရှားသော်လည်း ယင်းစကားလုံးကို မည်သို့ ရှာတွေ့၍ ထူးထူးဆန်းဆန်းအမည်ပေးခဲ့ပုံကိုမူ သိသူနည်းလှသည်။ စတန်းဖို့ဒ် တက္ကသိုလ်မှ ပညာရှင်ဒေးဗစ်ခိုလာ၏စာတစ်ခု၌ ၁၉၉၇ တွင် ဂူးဂဲလ်တည်ထောင်သူ လယ်ရီပေ့ချ်နှင့် ဆာဂျီဘရင်းတို့သည် ၎င်းတို့၏ Search Engine ကို အမည်ပေးရန် စတင်စဉ်းစားခဲ့ကြောင်းဆိုသည်။ လယ်ရီပေ့ချ်နှင့် ဆာဂျီတို့သည် ဒေတာအချက်အလက်မြောက်မြားစွာကို အညွှန်းပြုလုပ်ကာ ရှာဖွေပေးနိုင်သော ၎င်းတို့၏ ရှာဖွေရေးအင်ဂျင်အတွက် ဆက်နွယ်သောအမည်ကိုစဉ်းစားကြရာမှ စတန်းဖို့ဒ်တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်သူ ရှောင်အန်ဒါဆင်က အသံထွက်အားဖြင့် googolplex ဟု အမည်ပေးရာ လယ်ရီက ထပ်တိုအောင် googol ဟု ခေါ်ဝေါ်ခဲ့သည်။ ယင်းစကားလုံးနှစ်ခုစလုံးမှာ ကြီးမားသော ကိန်းဂဏန်းပမာဏများကို ရည်ညွှန်းခြင်းဖြစ်သည်။ ထို့နောက် ရှောင်သည် ကွန်ပျူတာတွင် ဒိုမိန်းအမည်သစ်ပေးရန်အတွက် စာလုံးရိုက်ထည့်ရာတွင် စာလုံးပေါင်းမှားရိုက်ကာ googol အစား google ဟု ရိုက်ထည့်မိသည်။ ဤတွင် လယ်ရီပေ့ချ်လည်း ထိုအမည်ကို သဘောကျရာမှ ၎င်းတို့ဝက်ဘ်ဆိုက်ကို google.com ဟု အမည်ပေးလိုက်တော့သည်။ မှတ်တမ်းအရ google.com အမည်ကို ၁၉၉၇ စက်တင်ဘာ ၁၅ ရက်တွင် အမည်မှုပိုင်ခွင့်မှတ်ပုံတင်သည်။

—Ref: google

# တစ်ပတ်တာကံကြမ္မာ


ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်အထိ

စံအာကာဘို




### ARIES — မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

အလွန်သတိရှိရမည့်ကာလဖြစ်သည်။ စိတ်ပင်ပန်းမည်။ ပြဿနာများမည်။ ရန်အနှောင့်အယှက်များတတ်သည်။ ငွေကုန်များမည်။ သူတစ်ပါးကြောင့် မိမိအကြံပျက်မည်။ အိမ်တွင်းရေး၊ လူမှုရေးတွင် အညှို့ရှိသောကာလဖြစ်သည်။ အာမခံခြင်း၊ တာဝန်ယူခြင်းရှောင်ပါ။ လူပေါင်းမှား၊ ဆုံးဖြတ်ချက် မှားတတ်သည်။ စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ မေတ္တာရေးကံကောင်းသည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

ဖန်တီးမှုသစ်များနှင့် အောင်မြင်မှုသစ်များ ရရှိမည်။ ငွေကြေးကံကောင်းမည်။ အရပ်ဝေးမှ ရောက်ရှိနေသည့် ဧည့်သည်များနှင့် အချိန်ကုန်နေမည့်ကာလ ဖြစ်သည်။ ကိုယ့်ကိစ္စထက် မိသားစုကိစ္စအတွက် အချိန်ပိုပေးနေရမည်။ မိသားစုတွင် အလုပ်သစ်၊ စီးပွားသစ်များ ဆောင်ရွက်အောင်မြင်မည်။ နေရာထိုင်ခင်းကိစ္စ စကားပြောဆိုမှုများ အဆင်ပြေမည်။ ငွေဝင်မည်။ ပြန်ထွက်မည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

အဆင်ပြေခြင်းနှင့် တိုးတက်ခြင်းဘက်သို့ ဦးတည်လာသည်။ ရည်မှန်းထားသည်များ အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ အလုပ်သစ်များ၊ ကုန်ပစ္စည်းသစ်များ ဖြန့်ချိ၍ အဆင်ပြေမည်။ မိမိကိစ္စမဟုတ်ဘဲ သူတစ်ပါးအတွက် ဆောင်ရွက်ရင်း စိတ်ရှုပ်ထွေးရခြင်းများ ဖြစ်တတ်သည်။ ကာလအတန်ကြာ အကြွေးထား၊ ဘေးချထားသည့် ကိစ္စများကို အချိန်ပိုပေးပြီး စာရင်းဇယား ရှုပ်ထွေးနေရမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အလွန်သတိရှိရမည်။ အနှောင့်အယှက်များ ဝန်းရံနေသည်။ ကြိုတင်တွက်ဆထားခြင်းမရှိသည့် ပြဿနာများ တစ်ခုပြီးတစ်ခု ဖြေရှင်းရမည်။ စကားဆိုးများ ပြောရမည်။ ဟန်ဆောင်ကြွားဝါသူများ၊ ပျော်ရွှင်မှု လွန်ကဲသူများ၏ အနှောင့်အယှက်ကို ကြုံရတတ်သည်။ ခိုက်ရန် ဖြစ်သည်များ ဝင်ရောက်ဖြေရှင်းခြင်းရှောင်ပါ။ ကိုယ့်ကိစ္စမဟုတ်ဘဲ ပါမိ၊ ပြောမိက ဖြေရှင်းမဆုံးဖြစ်မည်။




### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

လှုပ်ရှားတိုးတက်သော ကာလဖြစ်သည်။ ထူးခြားသော အပြောင်းအလဲရှိမည်။ လူမျိုးကွဲ အကျိုးပေးမည်။ အကြံသစ်၊ ရည်ရွယ်ချက်သစ်များ လက်တွေ့ဆောင်ရွက်အောင်မြင်မည်။ မိသားစုတွင်း ခြံ၊ ကား၊ အခန်းကိစ္စ စကားပြောဆိုမှု ကြုံမည်။ ခါးပိုက်နှိုက်ခံရတတ်သည်။ အလုပ်နေရာ၊ ဆက်ဆံရသော ပတ်ဝန်းကျင်တွင် မူလပုံစံနှင့် မတူခြားနားသောသူများနှင့် ဆက်ဆံရမည်။




### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

မှန်းထားသည်များ တလွဲတချော်ဖြစ်ပြီး အဆင်ပြေမည်။ စကားမတည်သူများ တွေဝေဒွိဟဖြစ်တတ်သူများနှင့် ပူးတွဲလုပ်နေရ၍ ထင်သလောက် ခရီးမရောက်တစ်ခုထက် ပိုသော လုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်နိုင်မည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ စုပေါင်းလုပ်သော လုပ်ငန်း အကျိုးပေးသည်။ အာမခံခြင်း၊ တာဝန်ယူခြင်းများ တတ်အားသမျှလျှော့ပါ။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

အလုံးစုံအောင်မြင်ခြင်း၊ တိုးတက်ခြင်းများရှိမည်။ ချမ်းမြေ့ဖွယ်သတင်းစကားများ၊ ပျော်ရွှင်မှုများ ဖုံးလွှမ်းနေသော ကာလဖြစ်သည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ ရှိသူတိုးတက်မည်။ ရုတ်တရက် ပေါ်လာသည့် အခွင့်အရေးအပေါ် စနစ်တကျယူ၍ တိုးတက်မှုများ ဖန်တီးနိုင်မည်။ လူချစ်လူခင်ပေါမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

ရင်းနှီးသောသူများနှင့် စကားများရတတ်သည်။ ကြန့်ကြာနေသော ရပိုင်ခွင့်များ လက်ဝယ်ပြန်လည်ရနိုင်သော အနေအထားရှိပါသည်။ ဦးတည်ချက်၊ ခံယူချက်မတူသော သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ရမည်။ ကာလအတန်ကြာ ဝေးကွာနေသော သူများနှင့် ပြန်လည်ဆုံစည်းမည်။ လွန်ခဲ့သောနှစ်က ရသင့်သည်များ ယခုကာလမှပြန်လည်ရရှိမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

အလုံးစုံကောင်းခြင်းဘက်သို့ ဦးတည်မည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းကိစ္စများ ဆောင်ရွက်အကျိုးပေးမည်။ စိတ်ကူးရည်မှန်းချက်များနှင့် အလုပ်စီးပွားကိစ္စများကို လက်တွေ့ပေါင်းစပ်၍ ထူးခြားစွာ အောင်မြင်အောင်ဆောင်ရွက်နိုင်သည့် ကာလဖြစ်သည်။ ခရီးကိစ္စ အဆင်ပြေမည်။ အနည်းငယ် အနှောင့်အယှက်ရှိမည်။ လူမျိုးကွဲ အကျိုးပေးမည်။




### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

အလုပ်အကြံအစည်အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ စီးပွားတိုးတက်မည်။ လူယုံထား၍ မရပါ။ သူတစ်ပါးကြောင့် မိမိတွင် စိတ်ရှုပ်ထွေးစရာများ ဖြစ်ပေါ်တတ်သည်။ မူလလုပ်နေသည့် လမ်းကြောင်းမှ သွေဖည်ပြီးလုပ်ပါ။ ဆန္ဒရှိသည့်ကိစ္စအား နှုတ်မှဖွင့်မပြောဘဲ လျှို့ဝှက်လုပ်ပါ။ ရန်များနေမည်။ ရည်မှန်းထားသလောက် အဆင်ပြေခြင်း၊ တိုးတက်ခြင်းများ ကြုံမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

မတော်တဆထိရှမှု အထူးဂရုစိုက်ပါ။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ အကြီးအကဲတွင်လည်းကောင်း၊ ကျန်းမာရေးညံ့မည်။ ငွေလာချေးသူ ပေါ်မည်။ ချေးငှားမိက ဆုံးမည်။ အနီးကပ် အရင်းပြောသူ၏ စကားကို ယုံစားမိသောကြောင့် ဆုံးဖြတ်ချက်မှားယွင်းတတ်သည်။ အလိုရှိရာ အောင်မြင်မည်။ နှောင့်ယှက်လာသူအား ဖယ်ရှားနိုင်သည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ကောင်းသောအပြောင်းအလဲများဖြစ်မည်။ ရုတ်တရက်တစ်ဆစ်ချိုးအလှည့်အပြောင်းများ ဖြစ်ပေါ်မည်။ မဖြစ်မနေ လုပ်၍ အဆုံးတွင် အောင်မြင်မည်။ နေရာထိုင်ခင်းကိစ္စ အပြောင်းအလဲရှိမည်။ မထင်မှတ်ဘဲ အိမ်ပြင်ရမည်။ မမျှော်လင့်ဘဲ အလုပ်သစ်စတင်ရမည်။ စိတ်ကူးမထားဘဲ ခရီးသွားရကိန်း ကြုံမည်။

7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

**စာမျက်နှာ(၂၅)မှ**

**ဂန္ဓလရာဇ် ခရီးသည် (၁၁)**

ကင်မရာထုတ်ပြပြီး ဓာတ်ပုံရိုက်ဟန်လုပ်ပြတော့ တော်တော်များများက ပြုံးပြုံးကြီး ခေါင်းညိတ်ကြသည်။ဓာတ်ပုံရိုက်ဖို့တော့ဝါသနာပါကြဟန်တူပါရဲ့။

ကျွန်တော်တို့တစ်တွေရွာသားတွေ ရွာသားတွေနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။ အကုန်လုံး အပြုံးတွေ တဝေဝေ။ အနားကြီးကြီး ခမောက်ကြီးစောင်းထားသည့် ရွာသားကြီးတစ်ဦးဆိုလျှင် အားပါးတရကြီးပြုံးလို့. . ။ ထိုစဉ်ခိုက်မှာပင် အသံစူးစူး တစ်သံကြားလိုက်ရရာ လှည့်ကြည့်တော့ ကျွန်တော်တို့နှင့်အတူ ပါလာသူ မြို့ပေါ်မှ တာဝန်ခံတစ်ယောက်။ သူက ခမောက်နှင့် ရွာသားကြီးကို မျက်ကြောတင်းတင်းနှင့် ကြည့်ပြီး ခပ်ငေါက်ငေါက်ပြောနေသည်။ ဘာတွေပြောနေမှန်းတော့မသိ။ ရွာသားကြီးမှာ မျက်စိပျက် မျက်နှာပျက်နှင့်။ သူ့ခမောက်ကြီးကို ပျာပျာသလဲ ချွတ်ရှာသည်။ သူ့မျက်နှာတွင် စောစောက အပြုံးကို မတွေ့ရတော့။

ထိုသည်နောက်တွင်တော့ ရွာသားအားလုံးလောက်ပင် ကျွန်တော်တို့နားမှ ခွာသွားကြသည်။ ခပ်လှမ်းလှမ်းမှသာ မျက်နှာအိုအိုနှင့် ငေးနေကြတော့သည်။ ကျွန်တော်တို့ကိုယ်တိုင်မှာလည်း စောစောက စိတ်လက်ပေါ့ပါးမှုတွေ ပျောက်ခြင်းမလှ ပျောက်ကုန်ရတော့သည်။

ရွာတာဝန်ခံများကတော့ တစ်ရွာလုံးအနှံ့ လိုက်ပြနေကြပါသည်။ ဒါက ဆေးပေးခန်း. . ဒါက စာသင်ကျောင်း. . . ဒါက ကုန်စုံဆိုင်. . . စသဖြင့်။ အားလုံး သပ်သပ်ရပ်ရပ် ထည်ထည်ဝါဝါပင်။ သို့သော် ဆေးပေးခန်းတွင် ဆေးဝန်ထမ်းမရှိ။ စာသင်ကျောင်းတွင် ကျောင်းသားမတွေ့။ ကုန်စုံဆိုင်မှာလည်း ဈေး၏ အငွေ့အသက်မရ။ ခပ်လှမ်းလှမ်းတိုက်တစ်လုံးတွင်တော့ လူသုံးယောက် ထမင်းထိုင်စားနေသည်ကို တွေ့ရသည်။ ပြောရလျှင် ကျေးလက်တောရွာတွင် လမ်းလျှောက်ရသည်နှင့်မတူ။ ပြခန်းတစ်ခုထဲ လည်ပတ်ကြည့်ရှုနေရသလိုရှိသည်။ ရွာနှင့်တူသော ပုံရိပ်ဆို၍ မြက်ခင်းစပ်စပ်တွင် အစာကောက်နေသော ကြက်သားအုပ်မ တစ်စုကိုသာ မြင်ရသည်။

စံပြရွာလေးမှာ 'စံပြ'အမည်ခံထိုက်အောင် ပြီးပြည်စုံသည်ဟု ဆိုနိုင်ပါလိမ့်မည်။ တစ်ခုပဲလိုသည်။ ကျေးလက်ဝိညာဉ်. . . ။

**တံမြက်စည်းစု**

နောက်ထပ်ရောက်ခဲ့သည့် ရွာအမည်မှာ 'လီချန်'ကျေးရွာ။ တံမြက်စည်းတွေလုပ်သောရွာမို့ စာရေးသူကတော့ 'တံမြက်စည်းစု'ဟူ၍ပဲ မြန်မာမှုပြုမှတ်ထားလိုက်သည်။ တရုတ်ပြည်၏ နာမည်ကျော် "ရွာတစ်ရွာ၊ ထုတ်ကုန်တစ်ခု"ပေါ်လစီကို လက်တွေ့အကောင်အထည်ဖော်နေသော ရွာကလေးပင်။ ဒီရွာ၏ အဓိကထုတ်ကုန်က တံမြက်စည်း။ ရွာရှိ အိမ်တိုင်းသည်ပင် အလုပ်ရုံဖြစ်သည်။ တချို့အိမ်တွေက တံမြက်စည်းဆံလုပ်။ တချို့က တံမြက်စည်းရိုးလုပ်။ တချို့က အပြီးသတ်တပ်ဆင်။ တံမြက်စည်းတစ်ချောင်း၏ အစိတ်အပိုင်းများကို အဆိုင်းလိုက် ခွဲလုပ်ကြသည်။ ဒါကြောင့် 'တံမြက်စည်းစု'။

တံမြက်စည်းစုမှာ 'ယန်းချွန်' လိုစံပြရွာမဟုတ်။ တကယ့်ဘဝထဲက ရွာဖြစ်သည်။ ရွာလယ်လမ်းမကြီးမှာ ဖြောင့်တန်းသည့်တိုင် နိုင်လွန်ကတ္တရာတော့မဟုတ်။ ဂျင်းကျောက်ခင်းထားသော မြေနီလမ်းလေးသာဖြစ်သည်။ လူနေအိမ်ခြေများမှာလည်း 'တိုက်'ဟု ဆိုနိုင်သည့်တိုင် မြေနီဖြင့် သရွတ်ကိုင်ထားသည့် ခပ်ကြမ်းကြမ်း။ ဆိုကြပါစို့ 'တောတိုက်'။ ခပ်မှောင်မှောင်၊ တိုက်ခန်းများထဲတွင် တကုပ်ကုပ်အလုပ်လုပ်နေကြသော လူတွေကိုလည်း မနည်းမနော တွေ့ရသည်။ ကျေးလက်ဝိညာဉ် အပြည့်ဖြင့် အသက်ဝင်နေသော ရွာကလေး။

သည်ရွာလေးမှာပင် ရတောင့်ရခဲ အခွင့်အရေးတစ်ခုနှင့် ကြုံရသည်။ ရွာသားတစ်ဦးနှင့် စကားစမြည်ပြောခွင့်ရခြင်း. . . ။

စာရေးသူမှာ တရုတ်ပြည်ရောက်ကတည်းက စိတ်နှစ်ခုနှင့် ကြုံနေရသည်။ စာရေးဆရာစိတ်နှင့် ညှော်သည်စိတ်. . . ။ စာရေးဆရာစိတ်က စပ်စုချင်သည်။ လူတွေနှင့် စကားပြောကြည့်ချင်သည်။ ညှော်သည်စိတ်က အားနာတတ်သည်။ အိမ်ရှင်မျက်နှာကြည့်လေ့ရှိသည်။ များသောအားဖြင့်တော့ စာရေးဆရာစိတ်ကို ချိုးနှိမ်ထားခဲ့ပါသည်။ တံမြက်စည်းစုရောက်တော့ တစ်မျိုး။ စာရေးသူမှာ ရွာပြင်တွင် ဆေးလိပ်ဖွာနေရစ်၍ ရွာထဲအဝင်နောက်ကျသည်။ စာရေးသူအိမ်တစ်အိမ်ထဲ ဝင်လိုက်တော့ မြို့က ပါလာသော တရုတ်မိတ်ဆွေတွေ တစ်ယောက်မှမပါ။ ရှေ့ရောက်နှင့်ပြီ။ စာရေးသူနှင့်ရွာသားတွေသာ။ သည်မှာပင် စာရေးဆရာစိတ်က နိုးထလာရာ အင်္ဂလိပ်စကားပြောနိုင်လောက်မည့်လူကို ရှာမိသည်။

ဟော. . တွေ့ပါပြီ။ ရုပ်ရည်သန့်သန့် လူငယ်လေးတစ်ယောက်. . ။ သူတော့ဖြင့် ပြောနိုင်လောက်ရဲ့. . . ။

"အင်္ဂလိပ်စကား ပြောနိုင်ပါသလား"

"နည်းနည်းပါးပါး ရပါတယ်"

စိတ်ထဲက လွတ်ပျော်သွားသည်။

"သားက ဘယ်မှာ အင်္ဂလိပ်စာသင်ခဲ့တာလဲ။ ရွာမှာပဲလား"

"ချီကျိုးမှာပါ။ ကျွန်တော်က အထက်တန်းအောင်ပြီးပါပြီ။ အခု တက္ကသိုလ်မတက်နိုင်သေးခင် ရွာပြန် အလုပ်လုပ်နေတာပါ"

ကျွန်တော် အကြီးအကျယ်ပျော်သွားသည်။ ပျော်လွန်းလို့ဘာကစလို့ဘာမေးရမည်ပင်မသိ။ လူငယ်လေးကတော့ သူ့အလုပ်ကိုသာ အာရုံစိုက်လုပ်နေသည်။ သူလုပ်နေသည်က တံမြက်စည်းဆံတပ်သည့်အလုပ်။

"ဒီအလုပ်က ဝင်ငွေတော်တော်ကောင်းလား"

"တံမြက်စည်းတစ်ချောင်းကို ယွမ် ၂၀ ရပါတယ်။ တစ်နေကုန်လုပ်ရင် အချောင်းတစ်ရာလောက်ပြီးတယ်"

"ဒီဝင်ငွေနဲ့ စားလောက်လား"

"အင်း. . လောက်ပါတယ်။ ဒါပေမဲ့ စားလောက်ရုံပဲ။ အိမ်ရှိလူကုန် အလုပ်လုပ်ရင်တော့ ချောင်လည်မှာပေါ့"

"ဒီတံမြက်စည်းတွေကိုဘယ်သွားရောင်းလဲ"

"မြို့မှာ ရောင်းမယ်ထင်တယ်။ကျွန်တော်သေချာမသိဘူး။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က တာဝန်ယူရောင်းပေးတာ"

"အဲဒီရောင်းရငွေထဲက သားတို့ကို အမြတ်ဝေစု ခွဲပေးတာမျိုးရှိလား"

လူငယ်လေးက လုပ်လက်စအလုပ်ကို ရပ်လိုက်သည်။ မျက်မှောင်ကြုံ့ပြီး ခေါင်းရမ်းပြသည်။

"ဟင့်အင်း မပေးပါဘူး။ ကျွန်တော်တို့က လုပ်ခပဲရတာ။ အင်း. . . ဒါပေမဲ့ မကျန်းမာရင်တော့ အခမဲ့ဆေးကုပေးပါတယ်"

ရွာတစ်ရွာလုံးကို စက်ရုံတစ်ခုလို စုစည်းထားသည့် သဘောဟု နားလည်ရသည်။ ကျွန်တော်က ထိုကလေး၏ အနာဂတ်စိတ်ကူးကို သိချင်နေသည်။

"သား ဒီအလုပ်ကိုတစ်သက်လုံးလုပ်မှာလား"

ဖျတ်ခနဲ မော့ကြည့်သည်။ အားပါးတရ ပြုံးပြသည်။ မျက်လုံးတွေ အရောင်တလက်လက်တောက်ဆဲ၊ အားရှိအားကုန် ခေါင်းရမ်းပြသည်။

ကျွန်တော့်မှာ တရုတ်ပြည်ကြီး၏ အနာဂတ်ကို လှမ်းမြင်လိုက်ရသလို ရှိတော့သည်။

**(ဆက်လက်ဖော်ပြပါမည်)**

## JOKE

### ဘောလုံးမင်္ဂလာဆောင်

အမျိုးသားနှစ်ဦးသည် သူတို့သူဌေး၏ မင်္ဂလာဆောင်အကြောင်း ဆွေးနွေးနေကြသည်။ တစ်ဦးက "ဒါတကယ့်ကို ရယ်စရာကြီးဖြစ်နေတယ်။ သူဌေးက အသက် ၉၀၊ ချမ်းလည်းချမ်းသာတယ်။ သူယူမယ့်မိန်းကလေး က အသက် ၂၅ နှစ်ပဲ ရှိသေးတယ်"ဟုပြောလိုက်သည်။

ကျန်တစ်ဦးက "အဲဒီလို မင်္ဂလာဆောင်မျိုးကို ဘောလုံးမင်္ဂလာဆောင်လို့ ခေါ်တယ်ကွ" ဟုဆိုရာ "ဘာဖြစ်လို့ အဲဒီလို ခေါ်တာလဲ"ဟု ပထမလူက မေးမြန်းရာ ဒုတိယလူက "သြော်. . . အမျိုးသမီးဘက်က အဘိုးကြီး စကန်မယ့်အချိန်ကို စောင့်နေရမှာလေကွာ"ဟု ဆိုလိုက်ပါတော့သည်။

### နံပါတ်ပြောပါ

ကုမ္ပဏီမှ အမျိုးသားတစ်ဦးသည် ၎င်းတို့ကုမ္ပဏီအတွက် မှာယူထားသော ပစ္စည်းရောက်၊ မရောက်ကို အခြားကုမ္ပဏီတစ်ခုအား ဖုန်းဆက်၍ လှမ်းမေးသည်။ တစ်ဖက်က ဖုန်းလက်ခံဖြေကြားသူ မိန်းကလေးက ချိုမြသော အသံလေးဖြင့် "ဟုတ်ကဲ့ပါရှင်။ အစ်ကို့ရဲ့ နံပါတ်လေးတစ်ချက် ပြောပါ" ဟုဆိုရာ အမျိုးသားကလည်း မရိုးမရွ ဝမ်းသာအယ်လဲဖြင့် ၎င်း၏ဟန်းဖုန်းနံပါတ်ကိုပြောလေရာ ဖုန်းထဲက မိန်းကလေးက "မဟုတ်ဘူးရှင့်၊ ရှင်တို့ပစ္စည်းမှာထားတဲ့ ဘောက်ချာနံပါတ်ကို မေးနေတာပါ" ဟု ပြန်ပြောပါသည်။

ORIENT CLINIC
အရှေ့တိုင်း ဆေးခန်း


ဝိတ်ရက်မရှိပါ။ ဆေးခန်းဖွင့်ချိန် နံနက်(၈း၀၀)နာရီမှ ည(၈း၀၀)နာရီအထိ
လာရောက်ကုသသောလူနာအားလုံးအတွက် 30 % Discount
ရောဂါဖြစ်နေလား အရှေ့တိုင်းကိုသွား။ အရှေ့တိုင်းကိုလည်းရောက် ရောဂါစုံလည်းပျောက်။
အရှေ့တိုင်း ကျန်းမာရေး ဆေးခန်း
လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၃၄)၊ အနောက်ရထားလမ်း
Ph : 01 226917, 01 227285

TRADEMARK CAUTION
MoneyGram Payment Systems, Inc a company Incorporated in United State of America at 1550 Utica Avenue S, Suite 100, Minneapolis, MN 55416, United State of America is the Owner and Sole Proprietor of the following Trademark:-

MONEY GRAM

Reg : No.4/14199/2012
In respect of : Financial services, namely, money transfer services, electronic funds transfer services, conversion of negotiable instruments to electronic payment transactions, processing payments to third parties, direct debit accounting services, electronic credit and debit transactions, debit and stored value card services, processing and disbursement of payments associated with coupons, rabates, and gift certificates for third parties.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 7 Feb 2013

Environment

7 DAY NEWS JOURNAL

Vol.11, No.48 • FEBRUARY 7 , 2013

# မုတ္တမပင်လယ်ကွေ့ကို Ramsar အဖွဲ့ အသိအမှတ်ပြုရေတိမ်ဒေသအဖြစ် သတ်မှတ်ရန် မြေဧရိယာအကျယ်အဝန်း သတ်မှတ်ရေးအဖွဲ့ဖွဲ့

**အိဖြူမွန်**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၂**

မြန်မာနိုင်ငံတွင် Ramsar Site အဖွဲ့၏ အသိအမှတ်ပြု ဒုတိယမြောက်ရေတိမ်ဒေသ (Ramsar Site)အဖြစ် သတ်မှတ်ရန် လျာထားသော မုတ္တမပင်လယ်ကွေ့၏ နယ်မြေဧရိယာ အကျယ်အဝန်း သတ်မှတ်ရန် နယ်မြေဧရိယာ သတ်မှတ်ရေးအဖွဲ့ကို နေပြည်တော်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနရုံးတွင် ယနေ့ ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။

ယင်းအဖွဲ့အစည်းတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာ လူမှုရေး အဖွဲ့အစည်းများ၊ ယင်းနယ်မြေနှင့် သက်ဆိုင်သော ပြည်နယ်အစိုးရကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနများနှင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း ဝန်းကျင် သားငှက်ဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဇော်က ပြောကြားသည်။

မုတ္တမပင်လယ်ကွေ့ Ramsar Site သတ်မှတ်သည့် ဧရိယာထဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့ရှိ မြို့နယ်ပေါင်း ကိုးမြို့နယ်တို့ပါဝင်ပြီး ယခုလက်ရှိတွင် ယင်းဒေသတို့၌ ဆားလုပ်ကွက်များ၊ လယ်ကွင်းများ၊ ပုစွန်ကန်၊ ငါးကန်များ လုပ်ကိုင်ကြသည်။

ယင်းဒေသကို ဂေဟစနစ်ထိန်းသိမ်းရေးအတွက် Ramsar Site အဖြစ် သတ်မှတ်ရန် လျာထားသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ မူလအတိုင်း လုပ်ကိုင်ခွင့်ရမည်ဖြစ်ကြောင်း Ramsar Site ဧရိယာသတ်မှတ်လိုက်ခြင်းသည် သဘာဝထိန်းသိမ်းရေးနယ်မြေ သတ်မှတ်ခြင်းနှင့် မတူညီသောကြောင့် နားလည်မှုမလွဲမှားစေခြင်းကြောင့် ဝန်းကျင်သားငှက်ဌာနမှ အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယင်းဒေသသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန လက်အောက်ရှိ မြေအသုံးချခြင်းနှင့် သက်ဆိုင်မှုမရှိသောကြောင့် Ramsar Site မြေဧရိယာသတ်မှတ်ရန် အခက်အခဲများရှိနေသည်ဟု ကမ္ဘာ့ရေတိမ်ဒေသနှင့်မုတ္တမပင်လယ်ကွေ့ Ramsar Site သတ်မှတ်ရေး အလုပ်ရုံဆွေးနွေးပွဲမှသိရသည်။

ကမ္ဘာပေါ်တွင်အကောင်ရေ ၂၄၀ နှင့် ၄၀၀အကြား ကျန်ရှိနေသော မျိုးသုဉ်းလုနီးပါးအန္တရာယ်ကျရောက်နေသော ရေပျော် ရေညှောင့်နှုတ်ဝိုင်းငှက်မျိုးစိတ် တစ်မျိုးကို မြန်မာနိုင်ငံ၏ ဒုတိယမြောက်Ramsar Site အဖြစ်သတ်မှတ်မည့် မုတ္တမပင်လယ်ကွေ့ဒေသနှင့် ရခိုင်ပြည်နယ်တို့တွင် ငါးဆယ်ရာခိုင်နှုန်းတွေ့ရှိရကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှဦးအေးမြင့်မောင်က ကမ္ဘာ့ရေတိမ်ဒေသအထိမ်းအမှတ်နေ့ပွဲတွင် ပြောကြားခဲ့သည်။

“ဒီလိုရှားပါးစာရင်းဝင်ငှက်တွေ ကျရောက်ကျက်စားတာကို ပြည်သူတစ်ရပ်လုံးရော၊ အထူးသဖြင့် အဲဒီဒေသက ဒေသခံပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံမှာရှိတဲ့ ထူးခြားတဲ့ရေတိမ်ဒေသတွေကို Ramsar Site အဖြစ် သတ်မှတ်ဖို့ တိုးမြှင့်ဆောင်ရွက်သွားဖို့ လိုပါတယ်” ဟု ပြောကြားခဲ့သည်။

ယခု Ramsar Site အဖြစ် သတ်မှတ်မည့်မုတ္တမပင်လယ်ကွေ့၌ ရေညှောင့်နှုတ်ဝိုင်း ငှက်မျိုးစိတ်ကို ယခုနှစ်တွင် အကောင်ရေနှစ်သောင်းကျော် တွေ့ရှိခဲ့ကြောင်း၊ ယင်းဒေသသည် Ramsar Site အဖြစ်သတ်မှတ်ချက်များနှင့်ကိုက်ညီသောနေရာဖြစ်ကြောင်း BANCA ဥက္ကဋ္ဌ ဒေါက်တာထင်လှက ပြောကြားသည်။

# ပဲခူးရိုးမတွင် ဆင်ထိန်းသိမ်းရေး သဘာဝနယ်မြေတစ်ခု သတ်မှတ်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

တောဆင်ရိုင်းများ တရားမဝင် သတ်ဖြတ်ခြင်းနှင့် လူနှင့်ဆင် ပဋိပက္ခဖြစ်ပွားမှု လျော့နည်းစေရန် ပဲခူးရိုးမတွင် ဆင်ထိန်းသိမ်းရေး သဘာဝနယ်မြေတစ်ခု သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။



*မြို့ဟောဝန်ဆင်စခန်းအတွင်းရှိ ဆင်များကို တွေ့ရစဉ်*

ဓာတ်ပုံ-Ayudamyanmartravel.com

သဘာဝ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ မျိုးကွဲများ ကာကွယ်ရန် ပဲခူးတိုင်း ဒေသကြီး၊ ပဲခူးရိုးမရှိ မြောက်ဇာမရီ ဆင်ထိန်းသိမ်းရေး သဘာဝနယ်မြေကို ပြီးခဲ့သောနှစ် ဒီဇင်ဘာလဆန်းက စတင်သတ်မှတ်ခဲ့ပြီး ယင်းသဘာဝနယ်မြေသည် အကျယ်အဝန်း ၂၄၂,၉၃၈ ဒသမ ၄၈ ဧကနှင့် ၁၇၉ ဒသမ ၅၉ စတုရန်းမိုင်ရှိကြောင်း သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိမ်းသိမ်းရေးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က ပြောကြားသည်။

အဆိုပါ သဘာဝနယ်မြေတွင် ဆင်ကောင်ရေ တိုးပွားလာစေရန်၊ တောင်ဆင်ရိုင်းနှင့် တောရိုင်းတိရစ္ဆာန်များ ကျက်စားရာဒေသများအား ထိန်းသိမ်းကာကွယ်ရန်နှင့် အာရှဆင်နှင့်ပတ်သက်သည့် သိပ္ပံဆိုင်ရာ လေ့လာခြင်းနှင့် သုတေသနလုပ်ငန်းများကို လုပ်ဆောင်ရန် ရည်ရွယ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

“ဆင်မျိုးစိတ် သတ္တဝါတွေနဲ့ ပတ်သက်ရင် ဦးစားပေးထိန်းသိမ်းတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်တယ်။ ဘယ်လိုပဲ ထိန်းသိမ်း၊ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို တိတိကျကျ လိုက်နာဖို့ လိုတယ်”ဟု ထူးဖောင်ဒေးရှင်းမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာရှင်ဦးသိန်းအောင်က ပြောသည်။

မြန်မာနိုင်ငံတွင် သဘာဝတောများအား မြေအသုံးချမှု ပြောင်းလဲခြင်းကြောင့် စားကျက်နေရာ ကျဉ်းမြောင်းရှားပါးလာခြင်းနှင့် တောဆင်ရိုင်းများကို တရားမဝင် သတ်ဖြတ်ခြင်းတို့သည်လည်း ဆင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် အဓိကစိန်ခေါ်မှုဖြစ်ကြောင်း ဦးဝင်းနိုင်သော်က ပြောသည်။

၂၀၁၂ ဩဂုတ်မှ ၂၀၁၃ ဇန်နဝါရီလဆန်းအထိ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆင်လေးကောင် ဦးကင်းပြတ် သေဆုံးမှုဖြစ်ပွားခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်တွင် ပဲခူးတိုင်း၊ ကျောက်တံတားမြို့နယ် ဘိုင်းဒါးကြိုးဝိုင်းအမှတ် (၁၀၉) တွင် တောဆင်ရိုင်းတစ်ကောင်အား ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ သို့သော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် ၂၀၁၂ ခုနှစ်အတွင်း ဆင်နှင့် ပတ်သက်သည့် အရေးယူမှုသုံးမှုသာ ရှိခဲ့ကြောင်း ယင်းဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ဆင်ထိန်းသိမ်းသည့် ဘေးမဲ့တောများမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ရခိုင်ပြည်နယ်တွင် ရခိုင်ရိုးမ ဆင်ဘေးမဲ့တော၊ မန္တလေး တိုင်းဒေသကြီးတွင် ရွှေဥဒေါင်းတောရိုင်း တိရစ္ဆာန် ဘေးမဲ့တော၊ ကချင်ပြည်နယ် ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများဖြစ်ပြီး ယခုမြောက်ဇာမရီဆင်ထိန်းသိမ်းရေးသဘာဝနယ်မြေ အပါအဝင် ငါးခုရှိလာမည်ဖြစ်သည်။

## သဘာဝထိန်းသိမ်းရေး နယ်မြေများကို လိုအပ်သလို ထပ်မံတည်ထောင်သွားမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၂**

သဘာဝတောများနှင့် တောရိုင်းတိရစ္ဆာန်များ၏ ဂေဟစနစ်များ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် လိုအပ်သည့် နေရာများကို သဘာဝထိန်းသိမ်းရေး နယ်မြေအဖြစ် ထပ်မံတည်ထောင်သွားမည်ဟု သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။

သစ်တောဦးစီးဌာနမှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးရိုးမရှိ မြောက်ဇာမရီ ဆင်ထိန်းသိမ်းရေး သဘာဝနယ်မြေကို ထပ်မံသတ်မှတ်လိုက်ပြီး ယင်းနယ်မြေတွင် ဆင်၊ ကျား၊ သစ်၊ အင်းကျား၊ ပြောင်၊ စိုင်၊ ဝက်ဝံ၊ တောဆိတ်တို့ကို အဓိကကာကွယ်သွားမည်ဟု သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းရေးဌာနမှ ဦးဝင်းနိုင်သော်က ပြောသည်။

မြန်မာနိုင်ငံတွင် ယခင်အဆိုပြု သတ်မှတ်ထားသည့် သဘာဝ ထိန်းသိန်းရေးနယ်မြေ ခုနစ်ခုရှိပြီး ယခုထပ်တိုးမည့် မြောက်ဇာမရီ သဘာဝထိန်းသိမ်းရေးနယ်မြေတည်ထောင်ပြီးပါက စုစုပေါင်း နိုင်ငံဧရိယာ၏ ၆ ရာခိုင်နှုန်းကျော်ရှိလာမည်ဖြစ်သည်။

အမျိုးသား သစ်တောကဏ္ဍပင်မစီမံကိန်းကို ၂၀၀၁ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး နိုင်ငံ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝနယ်မြေအဖြစ် ဆောင်ရွက်ရန် ရည်မှန်းချက် ထားရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိကာလတွင် တည်ထောင်ပြီး သဘာဝထိန်းသိမ်းရေး နယ်မြေ ၃၅ ခုနှင့် အဆိုပြု သဘာဝထိန်းသိမ်းရေး နယ်မြေ ၈ ခုရှိကြောင်း သိရသည်။

# Tourism

7 DAY NEWS JOURNAL

Vol.11, No.48 • FEBRUARY 7 , 2013


## နိုင်ငံတကာ ခရီးသွားမြှင့်တင်ရေးပွဲများတွင် မြန်မာမျက်နှာပန်းပွင့်လာ

**နိုင်ချို**

**ရန်ကုန်၊ ဇန်နဝါရီ-၁**

အိန္ဒိယနိုင်ငံတွင် ဇန်နဝါရီလကုန်ပိုင်းက ကျင်းပခဲ့သော နိုင်ငံတကာ ခရီးသွားဈေးကွက်မြှင့်တင်ရေးတွင် အိမ်ရှင်နိုင်ငံထက် ဧည့်သည်အဖြစ် တက်ရောက်လာသော မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များကိုသာ နိုင်ငံတကာ ခရီးသွားလုပ်ငန်းရှင်များ စိတ်ဝင်တစား စုပြုံမေးမြန်းနေသည်ကို တွေ့ရသည်။

ထိုပွဲကို အိန္ဒိယနိုင်ငံ ဂူဟွာဟာတီပြည်နယ်(Guwahati)၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည်။ ပွဲသို့ နိုင်ငံပေါင်း (၂၆)နိုင်ငံမှ ကိုယ်စားလှယ် (၇၀) ကျော် တက်ရောက်ခဲ့ကြသည်။

"သမ္မတအိုဘားမား မြန်မာနိုင်ငံကို လာပြီးကတည်းက ကျွန်တော်တို့ နိုင်ငံကလူတွေ မြန်မာနိုင်ငံကို အရမ်းသွားလည်ချင်ကြတယ်။ မြန်မာလူမျိုး၊ ဓလေ့၊ အကျင့်စရိုက်နဲ့ ပြုပြင်ပြောင်းလဲနေတာတွေကိုမြင်ချင်ကြတယ်။ အိန္ဒိယနိုင်ငံမှာက မွန်ဘိုင်း၊ ဒေလီနဲ့ ဂါယာလောက်ပဲစိတ်ဝင်စားစရာရှိတယ်။ အင်တာနက်က ကြည့်ရတာတော့ မြန်မာနိုင်ငံက တော်တော်လှတယ်။ ကျွန်တော်ကတော့ အိန္ဒိယနိုင်ငံထက် မြန်မာနိုင်ငံကို ပိုစိတ်ဝင်စားတယ်" ဟု အမေရိကန်နိုင်ငံ ကိုယ်စားပြုလာရောက်သည့်ကိုယ်စားလှယ် Mr.David Lyons က ပြောသည်။

ထိုပွဲတွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော လာအို၊ ကမ္ဘောဒီးယားနှင့် လက်ရှိတွင် ခရီးသွားလုပ်ငန်း၌ အောင်မြင်မှုရရှိနေသော ထိုင်းနိုင်ငံထက်ပင် မြန်မာကိုယ်စားလှယ်များအား ဝိုင်းဝန်းမေးမြန်းနေသည်ကို တွေ့မြင်ရသည်။

"ဒီပွဲကို တက်ရောက်လာတဲ့ နိုင်ငံပေါင်း ၂၆ နိုင်ငံက Tour Operator တွေက မြန်မာနိုင်ငံရဲ့ ခရီးစဉ်တွေ၊ မြန်မာနိုင်ငံရဲ့ ခရီးသွား လုပ်ငန်းအကြောင်း နိုင်ငံချင်းအလိုက် လာရောက်လည်ပတ်လို့တဲ့ခရီးစဉ်တွေ။ ဒါတွေကိုအရမ်းစိတ်ဝင်တစားနဲ့ မေးမြန်းစုံစမ်းကြတယ်" ဟု မြန်မာခရီးသွားကုမ္ပဏီတစ်ခုဖြစ်သော World Ques Tourism International ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်က ပြောသည်။

ကမ္ဘောဒီးယားကိုယ်စားလှယ်တစ်ဦးဖြစ်သည့်မစ္စတာ Kim Chan Lekha က "မြန်မာနိုင်ငံက အရင်နဲ့ လုံးဝမတူဘူး။ အရမ်းတိုးတက်လာတယ်။ ကျွန်တော်တို့က မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးသွားချင်စရာ အကောင်းဆုံးထဲကတစ်ခုအဖြစ်သတ်မှတ်ထားတယ်။ ဒါတင်မကဘူး မြန်မာမှာ စီးပွားရေးလုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံဖို့လည်း အရမ်းစိတ်ဝင်စားတယ်" ဟု ပြောသည်။

ယခင်က ဂျာမနီအစရှိသည့် ဥရောပနိုင်ငံများ၌ ထိုကဲ့သို့ပွဲများ ကျင်းပရာတွင် မြန်မာနိုင်ငံဆိုလျှင် ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ခြင်း ထိစပ်နေသော နိုင်ငံဖြစ်ကြောင်း ရှင်းပြသည့်တိုင် မသိသူများရှိကြောင်း သို့သော် ယခုပွဲ၌ မြန်မာနိုင်ငံဆိုသည်မှာ မည်သည့်နေရာတွင်ရှိကြောင်းနှင့် နိုင်ငံ၏အခြေအနေ မည်သို့ရှိကြောင်းကိုပင် ရှင်းပြနေရန် မလိုတော့ကြောင်း ဦးမောင်မောင်က ပြောသည်။

"ကျွန်တော် မြင်တွေ့ရတာတော့ မြန်မာနိုင်ငံသား တစ်ယောက်အပေါ် နိုင်ငံတကာက ဆက်ဆံရေး ပြောင်းလဲလာတယ်။ ပြုပြင်ပြောင်းလဲနေတဲ့ ကျွန်တော်တို့ နိုင်ငံရဲ့အကြောင်း စိတ်ဝင်တစား မေးကြတယ်။ လာမယ့် အနာဂတ်မှာ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းက အခုထက် ပိုမိုအောင်မြင်မှာ သေချာတယ်" ဟု နိုင်ငံတကာပွဲများသို့ အကြိမ်ပေါင်းများစွာ တက်ရောက်ဖူးသည့် ဦးမောင်မောင်က ဆက်လက်သုံးသပ်ပြောကြားသည်။

ဘူတန်နိုင်ငံသား မစ္စတာ Tshetem Norbu က ၎င်းတို့ နိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ရန် ယခင်က စိတ်ဝင်စားမှုမရှိကြောင်း၊ သို့သော် ယခုအခါတွင် မြန်မာနိုင်ငံခရီးစဉ်ကို ထည့်သွင်းရေးဆွဲထားသည်ကြောင်း ပြောသည်။

**စာမျက်နှာ(၁၈)သို့**

## အင်းလေးရှိစားသောက်ဆိုင်နှင့် နေအိမ်များ ပြည်တွင်း၊ ပြည်ပဧည့်သည်များအား အခန်းဖွဲ့ငှားရမ်း

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ -၃၀**

အင်းလေးဒေသရှိ စားသောက်ဆိုင်များနှင့် လူနေအိမ်အချို့တွင် အခန်းများ ဖွဲ့စည်း၍ နိုင်ငံခြားသားဧည့်သည်များနှင့် ပြည်တွင်းခရီးသွားများ တည်းခိုနေထိုင်ရန်အတွက် ငှားရမ်းလာကြောင်း သတင်းရရှိသည်။

အင်းလေးကန်အတွင်းရှိငွေဝင်တောင်စားသောက်ဆိုင်တွင်အခန်းခြောက်ခန်းနှင့် ရွှေအင်းသားမိသားစုပိုင် အိမ်ကြီးတစ်လုံးတွင် အခန်း ၁၀ ခန်းဖွဲ့၍ အခန်းငှားလာကြကြောင်း အင်းလေးဇုန် ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဌ ဦးဇော်ဌေးအောင်က ပြောကြားသည်။

"အခုပဲကျွန်တော်သွားကြည့်ပြီး ပြန်လာတာ။ အခန်းတွေက ကောင်းတယ်။ နိုင်ငံခြားသားထားလို့ရတယ်။ နံနက်စာလည်း ကျွေးတယ်" ဟု ထိုအခန်းများကို ဇန်နဝါရီလ ၃၀ ရက်နံနက်က သွားရောက်ကြည့်ရှုခဲ့သော ဦးဇော်ဌေးအောင်က ပြောသည်။

ဧည့်သည်များလာရောက်မှုမြင့်တက်ချိန်တွင် အခန်းမရသည့်နေများ၌ ဘုန်းတော်ကြီးကျောင်းများနှင့်နေအိမ်များတွင် တည်းခိုမည့်အစား ယခုကဲ့သို့ အခန်းဖွဲ့၍ လက်ခံပေးသည့်အတွက် ကျေးဇူးတင်ရမည်ဖြစ်ကြောင်း GIC ဟိုတယ်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။



*အင်းလေးကန်သို့ လာရောက်လည်ပတ်သော ကမ္ဘာလှည့်ခရီးသွားများကို တွေ့ရစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

သို့သော် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကမှ ဟိုတယ်လိုင်စင်ရှိသူများကိုသာ နိုင်ငံခြားသားများကိုတည်းခိုခွင့်ပြုထားခဲ့သည်။

အဆိုပါစားသောက်ဆိုင်နှင့် အိမ်တွင်ဖွင့်ထားသော အခန်းများ၏ အခန်းခဈေးနှုန်းမှာ ကျပ် သုံးသောင်းခွဲမှ လေးသောင်းကျော်ထိ ရှိကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဝင်ရောက်မှု မြင့်တက်လာခဲ့ပြီးနောက် ရန်ကုန်၊ မန္တလေး၊ အင်းလေးနှင့် ပုဂံဒေသတို့တွင် ဟိုတယ်အခန်းများ မလုံလောက်သဖြင့် အခန်းခဈေးနှုန်းများမှာဈေးတက်လာသည်။

ပြီးခဲ့သည့်နှစ်တွင် ရန်ကုန်လေဆိပ်ဝင်ပေါက်မှနိုင်ငံခြားသားခရီးသည် ငါးသိန်းငါးသောင်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက နှစ်သိန်းခန့် ပိုမိုဝင်ရောက်လာခဲ့ကြောင်း သတင်းရရှိသည်။




7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013














7DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

# နယ်မြေကျူးကျော်မှုများကို ခုခံရန် ပြင်ဆင်ထားရမည်ဟု ဂျပန်ဝန်ကြီးချုပ် ပြောကြား

**တိုကျို၊ဖေဖော်ဝါရီ-၂**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် တရုတ်နှင့် နယ်မြေပိုင်နက်များ အငြင်းပွားမှု ပြင်းထန်နေသော ကျွန်းများအနီးရှိ အိုကီနာဝါဒေသသို့ သွားရောက်ခဲ့စဉ် ဂျပန်သည် ကျူးကျော်စော်ကားမှုများကို ခုခံရန် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်၏ ယခုမှတ်ချက်များသည် မကြာသေးမီက ဆယ်စုနှစ်တစ်ခုအတွင်း ဂျပန်အစိုးရက ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်ရန် အတည်ပြုပြီးနောက် ပိုင်း အရှေ့တရုတ်ပင်လယ်အတွင်း အငြင်းပွားကျွန်းများကို ကာကွယ်ရန် ရှင်းလင်းစွာရည်ရွယ်ဖော်ပြလိုက်ခြင်းလည်းဖြစ်သည်။ အိုကီနာဝါကျွန်းမကြီးပေါ်ရှိ နာဟာ ဂျပန်လေတပ် အခြေစိုက်စခန်းတွင် တပ်သား ၇၀၀ ခန့်အား မိန့်ခွန်းပြောကြားရာ၌ “ကျွန်တော်တို့ တိုင်းပြည်ကို ဝန်းရံနေတဲ့ လုံခြုံရေးအခြေအနေက ပိုတိုးပြီး တင်းမာလာနေပါတယ်။ ကျူးကျော်စော်ကားမှုတွေဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကိုရော ကျွန်တော်တို့ရဲ့ နယ်မြေ၊ လေထုနဲ့ ပင်လယ်ပြင်မှာပါ ဆက်လက်ဖြစ်ပေါ်လာနေပါတယ်”ဟု ရှင်ဇိုအာဘေးက တရုတ်နိုင်ငံကို ထင်ရှားစွာညွှန်းဆိုကာ ပြောကြားခဲ့သည်။

တရုတ်သင်္ဘောများသည် ၎င်းတို့ဘက်က ဒိုင်အိုယုကျွန်းစုများဟုခေါ်ပြီး ဂျပန်ဘက်က ဆင်ကာကူကျွန်းများဟု ခေါ်သည့်ကျွန်းများအနီးတွင် ပြီးခဲ့သောနှစ် စက်တင်ဘာက ပုဂ္ဂလိက ပိုင်ထိုကျွန်းအချို့ကို နိုင်ငံပိုင်အ ဖြစ် ဂျပန်မှ ဝယ်ယူလိုက်ပြီးနောက် မကြာခဏဆိုသလို ယင်းအနီး တစ်ဝိုက်၌ကင်းလှည့်နေခဲ့သည်။ တရုတ်လေယာဉ်များသည်လည်း ထိုကျွန်းများပေါ်မှ လေထုကို ဖြတ်သန်းကာ ပျံသန်းခဲ့ကြပြီး ဂျပန်ဘက်က ယင်းအပြုအမူများကို ရန်စမှုအဖြစ် ရှုမြင်ခဲ့သည်။ ဂျပန်အစိုးရသည် ဆင်ကာကူကျွန်းစုများကို အိုကီနာဝါနယ်နိမိတ်ထဲမှ တစ်စိတ်တစ်ပိုင်းအဖြစ် မှတ်ယူထားသည်။

ဂျပန်ကမ်းခြေစောင့်တပ်သည် မကြာသေးမီကပင်လာမည့် သုံးနှစ်အတွင်း ကမ်းခြေစောင့်သင်္ဘောကြီး ၁၀ စီး၊ ကုန်တင်ရဟတ်ယာဉ်နှစ်စီးနှင့် တပ်ဖွဲ့ဝင် ၆၀၀ ပါသော ကမ်းခြေစောင့်တပ်ဖွဲ့သစ်ကို အရှေ့တရုတ်ပင်လယ်အား စောင့်ကြပ်သွားနိုင်ရန် ဖွဲ့စည်းသွားမည်ဟု ကြေညာခဲ့သည်။

—*Ref: AFP*




Photo - Getty Images

# ထိုင်းနိုင်ငံရှိ စီးကရက်ဘူးများ ကျန်းမာရေးသတိပေးစာတန်း အကြီးဆုံးကပ်ထားသည့်စံချိန် ရရှိတော့မည်

**ဘန်ကောက်၊ဖေဖော်ဝါရီ-၂**

ထိုင်းကျန်းမာရေးဝန်ကြီး ပရာဒစ်ဆင်သာဝန်နာရောင်ကနိုင်ငံတွင်း၌ ရောင်းချသော စီးကရက်ဘူးများတွင် ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများကို မူလက ကြောက်လန့်ဖွယ်ရာပုံများနှင့် ဘူး၏အရွယ်တွင် ၅၅ ရာခိုင်နှုန်းခန့် နေရာယူဖော်ပြခဲ့ရာမှ ၈၅ ရာခိုင်နှုန်းအထိ နေရာယူဖော်ပြတော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ထိုသို့ ဝန်ကြီးက ပြောကြားလိုက်ခြင်းဖြင့် ထိုင်းရှိ စီးကရက်ဘူးများသည်ကမ္ဘာတွင် သတိပေးစာတန်း အကြီးဆုံးကပ်ထားသည့် စံချိန်ကို ရရှိတော့မည်ဟု သတင်းတွင် ဖော်ပြသည်။ ဝန်ကြီးပရာဒစ်သည် အမျိုးသားဆေးရွက်ကြီးထိန်းချုပ်ရေးဘုတ်အဖွဲ့နှင့် အစည်းအဝေးပြုလုပ်ပြီးနောက် ထိုသို့ ဆေးလိပ်ဘူးများတွင်သတိပေးစာတန်းများ၏ အရွယ်အစားတိုးမြှင့်ရန် ကြေညာခဲ့ခြင်းဖြစ်သည်။

စီးကရက်ဘူးများတွင် အသုံးပြုမည့် သတိပေးစာများ၌ ဆေးလိပ်သောက်ခြင်း၏ သရုပ်ဖော်ပုံများ၊ ကင်ဆာ၊ နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ ပါးစပ်ကင်ဆာ၊ လိင်စွမ်းရည်ချို့တဲ့မှု၊ အဆုတ်ကင်ဆာ၊ အသက်ရှုကျပ်မှု စသည့်ရောဂါများကို အသေးစိတ်သရုပ်ဖော်ထားသည့် ပုံများဖြင့် ကပ်ထားမည်ဖြစ်ကာ ပုံအမျိုးအစားပေါင်း ၁၀ မျိုးအထိ ရှိမည်ဟုဆိုသည်။

ယခုကြေညာချက်ကို တော်ဝင်ပြန်တမ်းဖြင့် ထုတ်ပြန်ကြေညာပြီး ရက်ပေါင်း ၁၈၀ အတွင်း ဥပဒေအသစ် အသက်ဝင်မည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများတွင် ဆေးလိပ်ဘူးများ၌ သတိပေးစာများ ကပ်ထားရာတွင် ဩစတြေးလျမှာ ဘူးများ၏ ၈၂ ဒသမ ၅ ရာခိုင်နှုန်းကိုလည်းကောင်း၊ သီရိလင်္ကာမှာ ၈၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ကနေဒါ၊ ဘရူနိုင်းတို့တွင် ၇၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း ဥပဒေအရ မကပ်မနေရ ကပ်ထားပေးကြရသည်။ အရှေ့တောင်အာရှတွင်မူ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် ဘရူနိုင်းတို့တွင်သာ ယင်းသို့ သတိပေးချက်ပုံများ ကပ်ထားလေ့ရှိသည်။ ထိုင်းနိုင်ငံသည် ၂၀၀၅ ခုနှစ်မှစ၍ ကမ္ဘာပေါ်တွင်ဆေးလိပ်ဘူးများ၌ဘေးထွက်ဆိုးကျိုးပုံများ ကပ်ထားမှုတွင် ကမ္ဘာ့စတုတ္ထမြောက် နိုင်ငံဖြစ်လာခဲ့သည်။

—*Ref: The Nation/Asiaone*

# လူ၏အမှားအယွင်းများကြောင့် မီးရှူးမီးပန်းများ တင်ဆောင်သည့် ကုန်ကား မီးလောင်ပေါက်ကွဲကာ တံတားကျိုးခဲ့ရဟု တရုတ်အာဏာပိုင်များ အတည်ပြု

**ကျန်ကျိုး၊ဖေဖော်ဝါရီ-၂**

ဖေဖော်ဝါရီ၁ရက်က တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်တွင် လူ ၂၆ ဦး သေဆုံးစေခဲ့သော မီးရှူးမီးပန်းများ တင်ဆောင်လာသည့် ကုန်ကားတစ်စီး မီးလောင်ပေါက်ကွဲပြီး တံတားကျိုးခဲ့ရသည့်ဖြစ်စဉ်မှာ လူ၏အမှားအယွင်းများကြောင့် ဖြစ်ရခြင်းသာဖြစ်ကြောင်း တရုတ်အာဏာပိုင်များက အတည်ပြုပြောကြားလိုက်သည်။

ယနေ့ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးခဲ့သော အဖွဲ့မှ ထုတ်ပြန်ချက်တွင် မတော်တဆမှု၌ပါဝင် ပတ်သက်ခဲ့သော သံသယရှိသူများကို ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း ဖော်ပြထားသည်။ အဆိုပါမီးရှူးမီးပန်းများနှင့်ပေါက်ကွဲစေတတ်သော ပစ္စည်းများ တင်ဆောင်လာသည့် ထရပ်ကားသည် အရှေ့ပိုင်းကျန်းစုပြည်နယ် လျန်ယန်ဂန်းမြို့နှင့် ဟော်ဂို့စ်မြို့တို့အကြား ဆက်သွယ်ထားသော အဝေးပြေးလမ်းမပေါ်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ စုံစမ်းရေးအဖွဲ့က ဖြစ်စဉ်တွင် ပေါက်ကွဲစေသောပစ္စည်းများကို လုံခြုံစိတ်ချရမှုရှိအောင် တင်ဆောင်လာခြင်း မျိုးမရှိကြောင်း ဆိုထားသည်။

—*Ref: Xinhua*



*တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ခရိုင် Sanmenxia မြို့အနီး ရီချန်း တံတားပြိုကျခဲ့ရာနေရာတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်ကိုဖေဖော်ဝါရီ၁ ရက်က တွေ့ရစဉ်။ တံတားကြီး၏ မီတာ ၈၀ ရှည်သောအပိုင်းမှာ ပြိုကျသွားပြီး မော်တော်ယာဉ် ၆ စီး ကို အပျက်အစီးများကြားတွင် တွေ့ရှိခဲ့သည်။* **Photo - AFP**







Apple Production Co.,Ltd. ရန်ကုန်(ရုံး)-01-570112, 09-49316408, 09-91020596. မန္တလေး - 02-5152320, 02-5152321

7DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

# ကန်နိုင်ငံခြားရေးဝန်ကြီးသစ် ပါလက်စတိုင်းသမ္မတနှင့် တွေ့ဆုံမည်

**ရာမာလာ၊ ဖေဖော်ဝါရီ-၄**

မကြာသေးမီက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သော မစ္စတာဂျွန်ကယ်ရီသည် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်အား ဖေဖော်ဝါရီ၃ ရက်က ဖုန်းခေါ်ဆို၍ ငြိမ်းချမ်းရေးလုပ်ငန်းများအတွက် မိမိတို့ တွေ့ဆုံဆွေးနွေးသင့်ကြောင်း ပြောကြားသည်။

ခေါင်းဆောင်နှစ်ဦးသည် ငြိမ်းချမ်းရေးအစီအစဉ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရေး အကြောင်းအရာများ ပြောဆိုဆွေးနွေးရန် အစည်းအဝေးပွဲများ ပြုလုပ်ရန်လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြသည်ဟုမစ္စတာအဘတ်စ်၏ပြောခွင့်ရပုဂ္ဂိုလ်က ပါလက်စတိုင်းနိုင်ငံပိုင်သတင်းဌာန ဝါဖာအား ပြောကြားသည်။

အမေရိကန်သမ္မတဘားရက်အိုဘားမားသည် ငြိမ်းချမ်းရေးအစီအစဉ်ကို ဂရုတစိုက်ရှိပြီး ယင်းအတွက်ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံကြောင်းနှင့် ပါလက်စတိုင်းတို့၏ လက်ရှိငွေရေးကြေးရေး အကျပ်အတည်းကိုလည်း အမေရိကန်အစိုးရက သတိပြုမိကြောင်း မစ္စတာကယ်ရီက သမ္မတအဘတ်စ်အား ထပ်မံပြောကြားသည်ဟု ဝါဖာသတင်းက ဆိုသည်။

ယင်းမှာ သမ္မတအိုဘားမားအစိုးရသစ်နှင့် ပါလက်စတိုင်းအစိုးရတို့ကြား ပထမဆုံးအကြိမ်အဆင့်မြင့်အရာရှိကြီးများ ဆက်သွယ်မှုဖြစ်သည်။ ဂျွန်ကယ်ရီမှာ အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီ အကြီးအကဲအဖြစ် မစ္စတာအဘတ်စ်အားကြိမ်ဖန်များစွာ တွေ့ဆုံခဲ့ဖူးသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က နိုင်ငံခြားရေးဝန်ကြီးအဖြစ် အတည်ပြုရေးအတွက် အထက်လွှတ်တော်က စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ရာ၌ ၂ နှစ်ကြာ ရပ်တန့်နေခဲ့သော အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား တိုက်ရိုက်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် အဆိုပြုချက်အသစ်ကို ထပ်မံတင်ပြမည်ဟု ၎င်းကအရိပ်အမြွက် ပြောကြားခဲ့သည်။

*—Ref: AFP*

# စပိန်ဝန်ကြီးချုပ် နုတ်ထွက်ပေးရန် အတိုက်အခံများ တောင်းဆို

**မက်ဒရစ်၊ဖေဖော်ဝါရီ-၄**

စပိန်နိုင်ငံတွင် ခြစားမှုပြဿနာဖြစ်ပေါ်နေချိန်မှာပင် စပိန်နိုင်ငံ၏ အတိုက်အခံ ဆိုရှယ်လစ်ပါတီခေါင်းဆောင်က ဝန်ကြီးချုပ်မာရီယာနိုရာဟွိုင်းအား ရာထူးမှ နုတ်ထွက်ရန် တောင်းဆိုလိုက်သည်။

"စပိန်နိုင်ငံ ရင်ဆိုင်နေရတဲ့ ခက်ခဲတဲ့အခြေအနေကိုမဖြေရှင်းနိုင်တာကြောင့် မစ္စတာရာဟွိုင်းအနေနဲ့ အစိုးရအကြီးအကဲနေရာကို စွန့်လွှတ်သင့်ပါတယ်"ဟု မစ္စတာပီရက်ရူဘယ်ကာဘာက သတင်းထောက်များအား ပြောကြားသည်။

အများပြည်သူ လှူဒါန်းငွေများအား မစ္စတာရာဟွိုင်းနှင့် အခြား ပါတီထိပ်တန်းခေါင်းဆောင်များအား လျှို့ဝှက်ပေးချေထားသည်ဆိုသော ငွေစာရင်းလယ်ဂျာများကို ဗဟိုနှင့် လက်ဝဲယိမ်းသတင်းစာ အယ်လ်ပေ့စ်က ပုံနှိပ်ဖော်ပြခဲ့သည်။

မစ္စတာရာဟွိုင်းက ယင်းလယ်ဂျာစာရင်းများမှာ အတုများဖြစ်ကြောင်းနှင့် ငွေကြေးတစ်စုံတစ်ရာ လက်ခံရရှိခဲ့သည်ဆိုခြင်းအပေါ် ခါးခါးသီးသီး ငြင်းဆန်ထားသည်။

"အခုလို သိမ်မွေ့တဲ့အချိန်အခါမျိုးမှာ ဝန်ကြီးချုပ်ဟာ နိုင်ငံကိုဦးမဆောင်နိုင်ဘူး"ဟု မစ္စတာရူဘယ်ကာဘာက ပြောကြားသည်။

"အစိုးရခေါင်းဆောင်အဖြစ် (မစ္စတာရာဟွိုင်း)ဆက်ရှိနေတာဟာ နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းဖို့ရာ အထောက်အကူမဖြစ်ပါဘူး"ဟုလည်း အတိုက်အခံခေါင်းဆောင်က ဆက်လက်ပြောသည်။

အကျင့်ပျက်ခြစားမှုပြဿနာမှာ အလုပ်ရရှိရန် ရုန်းကန်နေရသည့် သန်းပေါင်းများစွာသော စပိန်နိုင်ငံသားများအား ဒေါသထွက်စေခဲ့သည်။ အလုပ်လက်မဲ့နှုန်းမှာလည်း စပိန်နိုင်ငံ ဒီမိုကရေစီစနစ် ပြန်လည်ကျင့်သုံးချိန် ၁၉၇၅ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးအဖြစ် ၂၆ ရာခိုင်နှုန်းထိ ရောက်ရှိနေသည်။ ခြစားမှုသတင်းများ ထွက်ပေါ်လာပြီးနောက်ပိုင်း လူရာပေါင်းများစွာသည် မစ္စတာရာဟွိုင်း၏ ပေါ်ပြူလာပါတီရုံးချုပ်ရှေ့တွင် နေ့စဉ်ဒေါသတကြီး ဆန္ဒပြနေကြသည်။

*—Ref: AFP*



# Leader's Profile

# ချက်သမ္မတနိုင်ငံ သမ္မတ မီလော့စ်ဇီမန်

ရဲမင်း

မစ္စတာမီလော့စ်ဇီမန်သည် ချက်သမ္မတနိုင်ငံ သမ္မတအဖြစ် ၂၀၁၃ ခုနှစ်တွင် ရွေးချယ်ခံရသည်။ ချက်နိုင်ငံသမိုင်းတွင် ပထမဆုံး တိုက်ရိုက်ရွေးကောက်တင်မြှောက်ခံရသော သမ္မတလည်းဖြစ်ပြီး ၁၉၉၈ မှ ၂၀၀၂ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ခုနှစ်များအတွင်း ချက်ဆိုရှယ်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ပြီး ပါတီအား နိုင်ငံတွင် အဓိကအင်အားကြီးပါတီဖြစ်လာစေခဲ့သည်။ ၁၉၉၆ မှ ၁၉၉၈ ခုနှစ်များတွင်လည်း အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

ဇီမန်ကို ကိုလင်းမြို့တွင် မွေးဖွားခဲ့ပြီး ၎င်း ၂နှစ်သားအရွယ်တွင် မိဘများ အိမ်ထောင်ရေးပြိုကွဲခဲ့သောကြောင့် ကျောင်းဆရာမမိခင်ဖြစ်သူ၏ စောင့်ရှောက်မှုဖြင့် ကြီးပြင်းလာခဲ့သည်။ အထက်တန်းကျောင်းကို မွေးရပ်မြေမှာပင် သင်ယူပြီးနောက် ပရပ်(ဂ်)မြို့ စီးပွားရေးတက္ကသိုလ်သို့ ဆက်လက်တက်ရောက်သည်။ ၁၉၆၉ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။

၁၉၆၈ ခုနှစ်တွင် ချက်ကိုစလိုဗေးကီးယား ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ခဲ့သော်လည်း ၁၉၇၀ ပြည့်နှစ်တွင် ဝါဆောစာချုပ်အဖွဲ့က ချက်ကိုစလိုဗေးကီးယားနိုင်ငံအား ကျူးကျော်မှုကို သဘောမတူနိုင်သောကြောင့်ပါတီမှ ထုတ်ပယ်ခံရသည်။ ယင်းကိစ္စနှင့်အတူ အလုပ်မှလည်း ထုတ်ပယ်ခံခဲ့ရသဖြင့် ၁၉၇၁ မှ ၁၉၈၄ ခုနှစ်အထိ အားကစားအဖွဲ့အစည်းတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်။ ၁၉၈၄ ခုနှစ်တွင် Agrodat ဟူသော ကုမ္ပဏီ၌ ထပ်မံဝင်ရောက်လုပ်ကိုင်ခဲ့သော်လည်း ၁၉၈၉ ခုနှစ်တွင် ၎င်းရေးသားသော ဆောင်းပါးတစ်ပုဒ်ကြောင့် အလုပ်မှ ထပ်မံထုတ်ပယ်ခံရသည်။ ၁၉၈၉ ခုနှစ်တွင် ချက်ကိုစလိုဗက်ရုပ်သံတွင် နိုင်ငံ့စီးပွားရေးအခြေအနေကို ပျစ်ပျစ်နှစ်နှစ် ဝေဖန်ခဲ့သည်။ သို့သော် စူးရှသော အမြင်များကြောင့်ပင် ၁၉၈၉ ခုနှစ် ကတ္တီပါတော်လှန်ရေးတွင် ထင်ရှားလာခဲ့သည်။

ယင်းနောက် မစ္စတာဇီမန်သည် ချက်ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (CSSD)သို့ ဝင်ရောက်ခဲ့ပြီး ပြည်သူ့လွှတ်တော် ဖယ်ဒရယ်ညီလာခံအဖွဲ့ဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ၁၉၉၃ ခုနှစ်တွင် ယင်းပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ နောက်ပိုင်းနှစ်များတွင် CSSD ပါတီအား အင်အားကြီးပါတီဖြစ်လာအောင် မစ္စတာဇီမန်က ကြိုးပမ်းခဲ့ပြီး ၁၉၉၆ ခုနှစ် ရွေးကောက်ပွဲ၌ ပြိုင်ဘက်ဗားကလက်ကလော့စ်၏ အရပ်ဘက်ဒီမိုကရက်တစ်ပါတီ (ODS)အား လူများစုအနေဖြင့် အစိုးရဖွဲ့ခြင်းမှ တားဆီးနိုင်ခဲ့သည်။ ယင်းနှင့်အတူ မစ္စတာဇီမန်မှာ အောက်လွှတ်တော်ဥက္ကဋ္ဌရာထူးကို ရယူနိုင်ခဲ့သည်။

၁၉၉၈ ခုနှစ် ရွေးကောက်ပွဲတွင် CSSD ပါတီ အောက်ပွဲခံခဲ့ပြီး မစ္စတာမီလော့စ်ဇီမန်လည်း နိုင်ငံ၏ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ ၂၀၀၁ တွင် ပါတီဥက္ကဋ္ဌအဖြစ်မှ အနားယူခံခဲ့ရပြီး ၂၀၀၃ ခုနှစ် သမ္မတရွေးကောက်ပွဲတွင်လည်း ဝင်ရောက်မယှဉ်ပြိုင်နိုင်ခဲ့ပေ။ ၂၀၀၉ ခုနှစ်တွင် ပါတီအသစ်တစ်ရပ် ဖွဲ့စည်းခဲ့သော်လည်း ၂၀၁၀ ရွေးကောက်ပွဲတွင် မည်သည့်အမတ်နေရာတွင်မှ အနိုင်မရရှိခဲ့။ သို့သော် ၂၀၁၂ ခုနှစ် တိုက်ရိုက်သမ္မတ ရွေးကောက်တင်မြှောက်ချိန်၌ မစ္စတာမီလော့စ်ဇီမန်သည် ပထမအကျော့၊ ဒုတိယအကျော့ နှစ်ကျော့ယှဉ်ပြိုင်ပြီး ချက်နိုင်ငံ၏သမ္မတ ဖြစ်လာခဲ့သည်။

မစ္စတာဇီမန်သည် အိမ်ထောင်နှစ်ဆက်ကျခဲ့ပြီး ပထမအိမ်ထောင်နှင့် သားတစ်ဦး၊ ဒုတိယအိမ်ထောင်နှင့် သမီးတစ်ဦး ထွန်းကားထားသည်။

*—Ref: Wikipedia*

နောက်ကျောဖုံး မှ

## ပါကစ္စတန်ကျောင်းသူလေး မာလာလာ ဦးခေါင်းခွဲစိတ်ကုသမှု ခံယူပြီးနောက် ပြန်ကောင်းလာ

ဦးခေါင်းခွံထဲ တိုက်တေနီယမ်သတ္တုပြား ခွဲစိတ်ထည့်ပေးသော ကုသပေးမှုနှင့်နားအတွင်းအီလက်ထရွန်နစ် နားကြားအာရုံခံကိရိယာတစ်ခု ထည့်ပေးခြင်းတို့ကို ခံယူခဲ့သည်။ ယင်းခွဲစိတ်မှုမှာ အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း ဆေးရုံတာဝန်ရှိသူက ဆိုသည်။

မာလာလာသည် ပြီးခဲ့သည့် ၂၀၁၂အောက်တိုဘာ ၉ရက်တွင် ကျောင်းမှ ဘတ်စ်ကားနှင့်အပြန် သေနတ်သမားများ၏ ချောင်းမြောင်းပစ်ခတ်ခြင်းခံခဲ့ရပြီး သူမ၏ဖြစ်စဉ်အပေါ် နိုင်ငံတကာက ကရုဏာသက်ခဲ့ရသည်။ ထိုအချိန်မှစ၍ သူမကို ဗြိတိန်နိုင်ငံတွင် ဆေးကုသမှုခံယူစေခဲ့ပြီး ၂၀၁၂ တွင် သူမ၏အမည်မှာလည်း ကမ္ဘာတစ်ဝန်းကျော်ကြားခဲ့သည်။ မာလာလာသည် ၁၁ နှစ်အရွယ်မှစ၍ ဘီဘီစီ၏ အူရဒူဘာသာအစီအစဉ်တွင် တာလီဘန်တို့လက်အောက်၌ နေထိုင်ရသော ဘဝအကြောင်းနှင့် ပါကစ္စတန်မိန်းကလေးများ၏ ပညာသင်ကြားခွင့်ရရေး လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သူဖြစ်သည်။ သူမ၏ စွန့်စားလုပ်ဆောင်မှုများကြောင့် ကုလအဖွဲ့ကြီးကလည်း နိုဝင်ဘာလ နောက်ဆုံးရက်ကို မာလာလာနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးခဲ့သည်။

*—Ref: AFP*

နောက်ကျောဖုံး မှ

## အစ္စရေးက ဆီးရီးယားကို မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေဟု သမ္မတအာဆတ် ပြောကြား

လက်ဘနွန်နိုင်ငံသို့ သွားမည့် လက်နက်တင်ယာဉ်တန်းကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ပြောကြားကြသည်။ အစ္စရေးကာကွယ်ရေးဝန်ကြီးကလည်း ၎င်းတိုက်ခိုက်မှုကို ၎င်းတို့လုပ်ဆောင်ခြင်းဖြစ်သည်ဟု အရိပ်အမြွက်ပြောကြားသည်။

ဖေဖော်ဝါရီ ၂ ရက်က ဂျာမနီနိုင်ငံတွင်ပြုလုပ်သော လုံခြုံရေးကွန်ဖရင့်တစ်ရပ်၌ အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်က အဆိုပါတိုက်ခိုက်မှုမှာ အစ္စရေးနိုင်ငံကပြောသည့်အတိုင်းလုပ်သော သက်သေဖြစ်သည်ဟု ဆိုသည်။

"လက်ဘနွန်နိုင်ငံထဲကို အဆင့်မြင့်လက်နက်စနစ်တွေ ပေးသွင်းသင့်တယ်လို့ ကျွန်တော်တို့ မထင်ပါဘူး"ဟု၎င်းကပြောသည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်က ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားရာ၌ "အဲဒီတိုက်ခိုက်မှုတွေကနေ အစ္စရေးရဲ့ဇာတိရုပ် ရှင်းရှင်းကြီး ပေါ်လာပါတယ်။ နိုင်ငံခြားရန်သူ အင်အားစုတွေ၊ ဆီးရီးယားမြေပေါ်က လျှို့ဝှက်အဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဆီးရီးယားနိုင်ငံကို မတည်မငြိမ်ဖြစ်အောင်၊ အားနည်းသွားအောင် လုပ်လိုတဲ့ အစ္စရေးရဲ့အခန်းကဏ္ဍ ပေါ်ထွက်လာပါတယ်"ဟု ထည့်သွင်းပြောကြားသွားသည်။

သို့သော် အစ္စရေးစစ်ဘက်သည် လက်ရှိကြုံတွေ့နေရသော ခြိမ်းခြောက်မှုများနှင့် ရန်စကျူးကျော်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိသည်ဟု သမ္မတအာဆတ်က အီရန်အမျိုးသားလုံခြုံရေးကောင်စီအကြီးအကဲ ဆာအစ်ဂျာလီလီနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

—Ref: BBC

နောက်ကျောဖုံး မှ

## ပြင်သစ်စစ်လေယာဉ်များ မာလီမြောက်ပိုင်း သူပုန်စခန်းများအား ဗုံးကြဲ

မြို့ငယ်များမှ ထွက်ပြေးလာသော သူပုန်များ ခိုအောင်းရာ အက်ဒါဒက်စ်အီဖိုဂါတောင်တန်းဒေသသို့ဝင်ရောက်ရာမြို့ဖြစ်သည်။ သူပုန်များသည် ယင်းတောင်တန်းဒေသမှာပင် မကြာသေးမီ နှစ်များအတွင်း ဆာဟာရဒေသတွင် ဖမ်းဆီးခဲ့သောပြင်သစ်နိုင်ငံသားများအား ချုပ်နှောင်ထားသည်ဟု ပြင်သစ်အစိုးရက ပြောကြားသည်။

ထို့အပြင် ပြင်သစ်နှင့် ချာ့ဒ်တပ်ဖွဲ့များသည် ကီဒယ်မြို့အနီးတစ်ဝိုက်တွင် အန်ဆာဒိုင်း စစ်သွေးကြွများနှင့်ပစ်ခတ်တိုက်ခိုက်ခဲ့ကြကြောင်း မာလီစစ်ဘက်က ပြောကြားသည်။ ထို့ကြောင့် ပြင်သစ်သယ်ယူပို့ဆောင်ရေး လေယာဉ်များသည် ဂါအိုမြို့မှ အထူးတပ်ဖွဲ့များကို ကီဒယ်မြို့လေဆိပ်သို့ ပို့ဆောင်အင်အားဖြည့်တင်းနေကြောင်း သိရသည်။

*—Ref: Reuters*

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013



# “ ဥရောပကို လိုအပ်ပါတယ်

## အီးယူမှ ဗြိတိန် ထွက်သင့်၊ မထွက်သင့် ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲနှင့် ဆွေးနွေးခြင်း

ကျော်မျိုး

ယခုအခါ ဗြိတိန်ဟာ ဥရောပသမဂ္ဂထဲ အနာဂတ်ကာလမှာ ဆက်နေမလား၊ မနေဘူးလားဆိုတာကို ပြည်သူ့သဘောဆန္ဒအရ ဆုံးဖြတ်မယ့် ပြည်သူ့ဆန္ဒခံယူပွဲ ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ကျင်းပသွားဖို့ ရည်ရွယ်နေပါတယ်။ ကင်မရွန်းအရင် လေဘာပါတီ ဝန်ကြီးချုပ်ဟောင်းတစ်ဦးဖြစ်တဲ့ တိုနီဘလဲကတော့ အီးယူကဗြိတိန်မထွက်တာကောင်းတယ်လို့ မြင်သူဖြစ်ပါတယ်။ ၎င်းက အီးယူက ဗြိတိန်ထွက်တာ ဘယ်လောက်အန္တရာယ်ကြီးကြောင်းနဲ့ ဥရောပအဖွဲ့ဝင်ဖြစ်ရလို့ ရရှိတဲ့ အကျိုးကျေးဇူးတွေကို လျစ်လျူမရှုသင့်ကြောင်း ပြောထားပါတယ်။ ဒ့ါကြောင့် ၎င်းနဲ့ဂျာမန်စပိုင်းဂဲလ် မီဒီယာတို့ရဲ့ တွေ့ဆုံမှုကို ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။ မေးမြန်းသူကတော့ စပိုင်းဂဲလ်မှ ခရစ်စတိုဖာရှောင်ရာမန် ဖြစ်ပါတယ်။

**မစ္စတာဘလဲခင်ဗျာ ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းဟာ ဥရောပသမဂ္ဂထဲမှာနေတာဗြိတိန်အတွက် ပိုကောင်းတဲ့ အခြေအနေတွေ ရနိုင်လိမ့်မယ်လို့ယုံကြည်ပြီး ၂၀၁၇ (ပြည်သူ့ဆန္ဒခံယူပွဲ)အတွက် ပြင်ဆင်နေပါတယ်။ ဥရောပနဲ့ဂျာမန်အဓိပတိ အန်ဂျလာမာကယ်ဘက်က ဘယ်လိုလျှော့ပေါ့ပေးချက်တွေ လုပ်သင့်ပါသလဲ။**

ဒါကို လျှော့ပေးချက်တွေအဖြစ် ကျွန်တော် မမြင်နိုင်ပါဘူး။ ဒေးဗစ်ကင်မရွန်းရဲ့မိန့်ခွန်းမှာ ကျွန်တော် လုံးဝသဘောတူတဲ့အချက်ပါတယ်။ ဥရောပဟာ အလွန်ကြီးမားတဲ့ပြိုင်ဆိုင်စိန်ခေါ်မှုတစ်ခုကို ရရှိနေပြီး ဒါဟာ ကျွန်တော်အပါအဝင် အဆက်ဆက်က ဗြိတိန်ဝန်ကြီးချုပ်တွေ ဖန်တီးခဲ့တဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ အဓိပတိ အန်ဂျလာမာကယ်က ဒီမေးခွန်းတွေနဲ့ ပတ်သက်လို့ မဟာမိတ်တစ်ဦးဖြစ်လာမှာပါ။ ကင်မရွန်းရဲ့မိန့်ခွန်းမှာပြဿနာဖြစ်နေတာက ဥရောပနဲ့ ပတ်သက်တာမဟုတ်ဘူး။ ဥရောပနဲ့ ဗြိတိန်တို့ရဲ့ ဆက်ဆံရေးနဲ့ ပတ်သက်တာဖြစ်ပါတယ်။ ကျွန်တော်တို့အခုထွက်ချင်ထွက်မယ်ဆိုတဲ့ ရွေးချယ်မှုနဲ့ ဆန္ဒခံယူပွဲကျင်းပရေးကို အားသန်နေတဲ့အချက်နဲ့ပတ်သက်လို့ပြောရင် ကျွန်တော့်မှာ အခက်အခဲတွေအများကြီး ရှိပါတယ်။ ကျွန်တော်တို့ ပြောနေကြတာက ဗြိတိန်ဟာ ဥရောပသမဂ္ဂကနေ ထွက်မလား၊ မထွက်ဘူးလားဆိုတာကို ဖြစ်နေတယ်။ ဒါက ဥရောပပြုပြင်ပြောင်းလဲရေးတွေ လုပ်မလား၊ မလုပ်ဘူးလားဆိုတဲ့ မေးခွန်းကနေ တော်တော်လေး ကွာခြားသွားနေပါတယ်။

**ဥရောပသမဂ္ဂထဲမှာ နေနေရတာဟာ ဗြိတိန်အတွက် သိပ်အဆင်ပြေတဲ့ အနေအထားမဟုတ်ဘူး။ ကင်မရွန်းဟာ အချိန်တိုင်းပဲ ဥရောပကိုစိတ်မကျေနပ်ခဲ့ရင် အဖွဲ့ကထွက်မယ်လို့ ခြိမ်းခြောက်နိုင်တာပဲလေ။**

ဟုတ်ပါတယ်။ ဒါပေမဲ့ဥရောပကနေ ဗြိတိန်ထွက်သွားရင် သိပ်ဆိုးသွားမယ်လို့ ကျွန်တော် ယုံသလို ခင်ဗျားလည်း ယုံတယ်ဆိုရင် ဒါဟာ ကိုယ့်ကိုယ်ကိုယ် ပျက်စီးစေတဲ့ ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်သွားပါလိမ့်မယ်။ အချို့သော အခြေအနေတွေမှာ ခင်ဗျားကို ဆန့်ကျင်နေတဲ့ အဖွဲ့ဝင်နိုင်ငံတစ်ခုပဲရှိနေတယ်ဆိုပါတော့။ ခင်ဗျားကလည်း လူတွေကို အန္တရာယ်ယူစေပြီး ကဲ. . . သွားကြ၊ ထွက်ကြမယ် ပြောတယ်ဆိုပါတော့။ ဒီကိစ္စမှာ အဓိကမေးခွန်းက ဒါဟာ နိုင်ငံပေါင်း ၂၇ နိုင်ငံရဲ့ ဦးတည်ရာနဲ့ ဆိုင်လား၊ တစ်နိုင်ငံထဲက ကျန် ၂၆ နိုင်ငံကို ဆန့်ကျင်နေလားဆိုတဲ့ မေးခွန်းပါပဲ။ ဗြိတိန်မှာရှိတဲ့ ကျွန်တော်တို့ဟာ ဒီဥရောပအသစ်ကို ဖန်တီးပုံဖော်ရာမှာ အရေးပါတဲ့ အခန်းကနေ ပါဝင်သင့်ပါတယ်။ ယူရိုဇုန်အကျပ်အတည်းအတွင်း ဒီဆွေးနွေးမှုတွေမှာ ဖြစ်နေတာကတော့ ခင်ဗျားတိုင်းပြည်မှာရော၊ ကျွန်တော့်တိုင်းပြည်အတွက်ပါ သိပ်အရေးကြီးနေတာပါ။ ကျွန်တော်တို့ဒီထဲမှာ အပြည့်အဝပါဝင်သင့်တယ်။ ကျွန်တော်တို့ဟာ ကိုယ့်ရဲ့အခြေခံကျတဲ့ အဖွဲ့ဝင်အနေအထားကို ထိခိုက်စေမှုမရှိဘဲ လုပ်သင့်ပါတယ်။ ဖြစ်နိုင်ခြေရှိတာကတော့ ဒေးဗစ်ကင်မရွန်းဟာ တချို့သော ပြုပြင်ပြောင်းလဲမှုတွေကိုလုပ်ဖို့တွန်းအားပေးသွားပါလိမ့်မယ်။ သဘောတူညီမှုတချို့ရချင်ရမယ်။ ရချင်မှလည်း ရပါမယ်။ ဒါတွေက ဥရောပနဲ့ ဆွေးနွေးရာမှာ ကျွန်တော့် အတွေ့အကြုံအရ အံ့သြစရာတွေ မဟုတ်ပါဘူး။ အဲဒါကပဲ ခင်ဗျားကို အဖွဲ့ထဲကထွက်ဖို့ ရွေးချယ်စရာတစ်ခုပဲရှိတယ်လို့ ထားခဲ့လို့လား။ ဒါဟာ ဗြိတိန်အတွက် မကောင်းပါဘူး။

**ဥရောပဟာ ဘယ်လိုတုံ့ပြန်သင့်ပါသလဲ။**

ဥရောပဟာပြုပြင်ပြောင်းလဲရေးတွေကို သူ့အားကောင်းချက်တွေပေါ်ကနေပဲ ကိုင်တွယ်တုံ့ပြန်သွားသင့်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ကင်မရွန်းဟာ ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်ကြောင်းပြောတဲ့အခါ အဲဒီကိစ္စမှာ သူဟာ ထောက်ခံမှုတွေ အများကြီးရမှာပါ။ ယူရိုဇုန်အကျပ်အတည်းဟာ နည်းလမ်းမျိုးစုံနဲ့ပဲ ပြုပြင်ပြောင်းလဲရေးလိုအပ်ကြောင်း ပြခဲ့တယ်။ ခင်ဗျားအနေနဲ့ အီတလီမှာ ပင်စင်ကိစ္စအကြောင်းပြောသည်ဖြစ်စေ၊ စပိန်မှာ လုပ်သား၊ ဈေးကွက်အကြောင်း ပြောသည်ဖြစ်စေ ဒါတွေက ဘယ်ဖြစ်စဉ်မှာမဆို ဖြစ်သင့်တဲ့ အပြောင်းအလဲတွေပါ။ ဒါကြောင့် ကျနဲဥရောပတစ်တိုက်လုံးဟာ ဒီကိစ္စကို ကိုင်တွယ်မယ်လို့ ကျွန်တော် ပြောရဲပါတယ်။ ဒါပေမဲ့ ဒီအချက်လေးကပဲ ကျွန်တော်တို့ကို ပြောကြပါစို့ဆိုရင် အပိုထပ်ဆွေးနွေးနိုင်တဲ့ အင်အားပေးမယ် မထင်ပါဘူး။ ကျုပ်တို့လိုချင်တာမပေးရင် ထွက်မယ်ဆိုတဲ့ ဖိအားပေးတာမျိုးပေ့ါ။ ဒီလိုဆင်ခြေတက်မှုမျိုးကိုတော့ သိပ်ဂရုတစိုက်နဲ့ ပြောရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဥရောပဟာ ဒီကိစ္စမှာ သဘောထားကွဲလွဲမှာမို့ပါ။

**အခုချိန်ထိအောင်ပဲ ဥရောပယူနီယံနဲ့ ပတ်သက်လို့ ဗြိတိန်မှာ ငြင်းခုံမှုတွေ ဆက်ဖြစ်နေပါတယ်။ မာကယ်နဲ့ တခြား ဥရောပခေါင်းဆောင်တွေကတော့ သူတို့ရဲ့တိုင်းပြည်တွေမှာ ဒီလိုပုံစံမျိုးတွေ မစတင်ရသေးပါဘူး။**

ဟုတ်ပါတယ်။ ငြင်းခုံတာတွေကတော့ ဆက်ဖြစ်နေမှာပါ။ နိုင်ငံရေးခေါင်းဆောင်တွေ ရှိရှိ၊ မရှိရှိ လူတွေကတော့ ပြောနေပါတယ်။ တရုတ်ဟာ ဥရောပသမဂ္ဂတစ်ခုလုံးရဲ့ လူဦးရေထက် သုံးဆပိုကြီးမားပြီး ကမ္ဘာ့အကြီးဆုံးစီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် လာတော့မှာပါ။ ဗြိတိန်ဟာလည်း ဒီနေ့ခေတ်မှာ အားရှိချင်တယ်ဆိုရင် ဥရောပကို လိုအပ်ပါတယ်။ ၂၀ ရာစုထဲ ဥရောပအတွက် အခြေခံအကြောင်းရင်းက ယခင်ရှိခဲ့ဖူးတာထက် ပိုအင်အားကြီးမားရေးဖြစ်ပါတယ်။ ဒါဟာ ငြိမ်းချမ်းရေးအတွက် မဟုတ်တော့ဘဲ အင်အားပါဝါအတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ဥရောပမရှိရင် ကျွန်တော်တို့ မတိုက်နိုင်ပါဘူး။ ကျွန်တော်တို့ ပိုအားနည်းသွားမယ်။ ဩဇာလွှမ်းမိုးမှု နည်းသွားပါလိမ့်မယ်။ ဒါဟာ ကျွန်တော်တို့ အမျိုးသား အကျိုးစီးပွားကို ထောက်ပံ့ပေးနေတဲ့ အများနဲ့ စုပေါင်းအင်အားဖြစ်ပါတယ်။ ကိုယ့်တိုင်းပြည်အတွက်နဲ့ ဥရောပကို အစားထိုးလိုက်ဖို့ မဟုတ်ပါဘူး။

**ဥရောပဟာ အတိတ်တုန်းက သူ့ဟာသူ တစ်ခုတည်းအဖြစ်ရော မှတ်ယူထားခဲ့ဖူးလား။**

အခုကျမှ သူ့ဟာသူ တစ်ခုတည်းအဖြစ် စုစည်းနီးစပ်လာပြီလို့ ကျွန်တော် ထင်ပါတယ်။ ဥရောပအတွက် ပြဿနာက သိပ်ကိုရိုးရှင်းလွန်းလှပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်း၊ လူဦးရေဖွံ့ဖြိုးမှု အနေအထားနဲ့ နည်းပညာတို့ရဲ့ အကြောင်းတရားတွေကြောင့်ပဲ ဖွံ့ဖြိုးပြီး နိုင်ငံအားလုံးဟာ ပြတ်သားစွာ ပြောင်းလဲရပါတော့မယ်။ ဥရောပဟာ ပြိုင်ဆိုင်နိုင်မှုရှိရှိ အခြေအနေမှာ ဆက်ရှိချင်နေသေးရင် ၎င်းရဲ့လူမှုမိုဒယ်ပုံစံကို ပြောင်းလဲရပါမယ်။ ဒါက ကိုယ့်လူမှုမိုဒယ်ရဲ့ တန်ဖိုးတွေကို လွှင့်ပစ်ဖို့ ဆိုလိုတာမဟုတ်ပါဘူး။ ဒါပေမဲ့ ဒါက ဆိုလိုတာကတော့ ကျွန်တော်တို့ပတ်ဝန်းကျင်က ကမ္ဘာကတော့ ပြောင်းလဲနေပြီ။ ကျွန်တော်တို့လည်း လိုက်ပြောင်းရမယ်လို့ ဆိုလိုတာပါ။ အခုကိစ္စက ဥရောပဟာ လုံးဝကွဲပြားခြားနားတဲ့ စီးပွားရေးနဲ့ ပထဝီနိုင်ငံရေး အခြေအနေသစ်ထဲမှာ ဆက်ရှိနေတယ်ဆိုတာ သိနားလည်ရေးဖြစ်ပါတယ်။ ဒါက လက်ဝဲ-လက်ယာပြဿနာ၊ အိုင်ဒီယိုလော်ဂျီပြဿနာ မဟုတ်ပါဘူး။ ဒါက ကမ္ဘာကြီး ဘယ်လောက်မြန်မြန်နဲ့ များများပြောင်းနေပြီး ကျွန်တော်တို့က ထပ်တူကျအောင် ဘယ်လိုလိုက်နိုင်မလဲဆိုတာကို နားလည်ရေးဖြစ်ပါတယ်။

**ဒီလို ဆင်ခြေပြမှုမျိုးကတော့ အီးယူကနေ ဗြိတိန်ထွက်ရေးကိစ္စကို ပိုထူးဆန်းသွားစေတယ်နော်။**

ကျွန်တော်တို့ ကိုယ်ပိုင်အနေအထားနဲ့ မရနိုင်တာမျိုးကို ဥရောပကနေ ရနိုင်ပါတယ်။ ကျွန်တော်တို့ရော ဂျာမနီရောဟာ အင်အားသိပ်မကြီးပါဘူး။ တစ်ချိန်မှာ အင်အားကြီးနိုင်ငံဖြစ်လာမယ့် အင်ဒိုနီးရှားဟာ ဂျာမနီရဲ့အရွယ်အစား သုံးဆလောက်ကို အသာလေးရှိတယ်။ ဒါဟာ ယနေ့ခေတ်ထဲ ကျွန်တော်တို့ နေထိုင်နေရတဲ့ ကမ္ဘာပါ။ ဘရာဇီး၊ ရုရှားနဲ့ အိန္ဒိယ မပါသေးပါဘူး။ ဥရောပက ကျွန်တော်တို့ကို အလယ်အလတ်အဆင့် နိုင်ငံတစ်ခုကို ပိုကြီးမားတဲ့ အခန်းကဏ္ဍကနေ ကစားနိုင်အောင် စွမ်းရည်ပေးနေတာပါ။

**ဗြိတိန်ကို ဥရောပကနေထွက်ဖို့ ရုတ်တရက် ဖိအားပေးလာကြတာ ဘယ်ကလာတာပါလဲ။**

ရှိတယ်လို့တော့ မထင်ပါဘူး။ ဒါပေမဲ့ သိပ်ပြီးအားကောင်းလွန်း၊ အသံကျယ်လွန်းတဲ့ လူနည်းစုအုပ်စုတစ်စုတော့ ရှိနေပါတယ်။ အခြေခံအားဖြင့်တော့ ဒါဟာ အမျိုးသားရေးဝါဒပုံစံဟောင်းပေ့ါ။ ဒါကြောင့်ပဲ ယူကေအင်ဒီပန့်ဒင့်ပါတီရှိနေတာ။ သူတို့ပါတီနဲ့အတူ သဘောထား၊ အမြင်အဟောင်းကြီးတွေ သယ်ယူလာနေတာပေ့ါ။ ဒါမျိုးက ဥရောပတစ်ခုလုံးမှာ ရှိနေတဲ့ လှုပ်ရှားမှုတွေနဲ့ အမေရိကန်မှာရှိနေတဲ့ တီးပါတီတို့လိုမျိုး အတူတူပါပဲ။ ဒါပေမဲ့ အဆုံးမှာတော့ အဲဒါတွေက တိုင်းပြည်ရဲ့ မူဝါဒကို မပြဌာန်းနိုင်ပါဘူး။

**ဗြိတိန်မှာ ဥရောပကို လိုလားတဲ့ သူတွေဟာ အီးယူအဖွဲ့ဝင်အဖြစ်ဆက်နေဖို့စိတ်အားထက်သန်စွာနဲ့ရော ငြင်းခုံခဲ့တယ် ထင်ပါသလား။**

ကျွန်တော်တို့ဆီမှာ အကြီးမားဆုံး ပုံပြင်ဖြစ်နေတာကတော့ ဗြိတိန်မှာ ဥရောပလိုလားတဲ့ သူတွေဟာ အသံကျယ်ကျယ် မပြောကြဘူးဆိုတာပဲ။ ကျွန်တော်တို့ ပြောနေပါတယ်။

**ဥရောပသမဂ္ဂကနေ ထွက်ရေးကိစ္စ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပကြတဲ့အခါ ဘာဖြစ်လာမယ်လို့ လူကြီးမင်းအနေနဲ့ တွေးထင်ထားပါသလဲ။**

ကျွန်တော် ယုံတာကတော့ အဆုံးသတ်မှာ အီးယူထဲနေဖို့ ထောက်ခံတဲ့ အများစုရှိမယ်လို့ယုံပါတယ်။ ခင်ဗျားသိတဲ့အတိုင်းပဲ ဆန္ဒခံယူပွဲတွေဟာ ဒီမိုကရေစီစိတ်ဆန္ဒရဲ့ မခန့်မှန်းနိုင်လောက်တဲ့ ကိရိယာတွေကို နာမည်ဆိုးနဲ့ ကျော်ကြားတာပါပဲ။ ဒါကြောင့် မကြုံရမချင်းတော့ အာရုံခံနိုင်မှာ မဟုတ်ပါဘူး။ အစိုးရတွေ လုပ်သင့်တာကလည်း အုပ်ချုပ်ရေးပိုင်းပဲလေ။

*—Ref: SPIEGEL Interview with Tony Blair, 29 Jan, 2013.*

7DAY NEWS JOURNAL

# Entertainment

Vol.11, No.48 • FEBRUARY 7 , 2013



## ခွင့်ပြုချက်မတောင်းဘဲ ထုတ်လွှင့်နေသည့် တီဗီလိုင်းများကို ဘန်နီဖြိုး ကန့်ကွက်

ကြူကြူဟာန်

**ရန်ကုန်၊ ဖေဖော်ဝါရီ -၂**

တေးဆို ဘန်နီဖြိုး၏ 'ချစ်တယ်ဟုတ်' ဗီစီဒီကာရာအိုကေတွင်ပါဝင်သော သီချင်းများအား ၎င်းခွင့်ပြုချက်မရှိဘဲ တီဗီလိုင်းများ၌ ပြသနေခြင်းကို တားမြစ်ပေးနိုင်ရန် မြန်မာနိုင်ငံဂီတအစည်းအရုံးသို့ စာတင်ထားကြောင်းသတင်းရရှိသည်။ **စာ(၄၉)သို့**

# မြန်မာနိုင်ငံအနေနဲ့ သွေးဇာတ်ကားဟာ သမိုင်းတစ်ခုအဖြစ်နဲ့ ကျန်ခဲ့မယ်ထင်ပါတယ်

**သွေးဇာတ်ကားရိုက်ကူးသူ ဂျပန်ဒါရိုက်တာ ကိုဂျီချိနို့နှင့် တွေ့ဆုံခြင်း** — အေးသူစံ

ဂျာနယ်ကျော်မမလေးရဲ့ "သွေး" ဝတ္ထုကို မြန်မာ-ဂျပန်ချစ်ကြည်ရေးအနေနဲ့ ဂျပန်ဒါရိုက်တာ Khoji Chino က ၁၉၉၇ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်အထိ ရိုက်ကူးခဲ့ပါတယ်။ ဒီဇာတ်ကားကို မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေတဲ့ဂျပန်ကုမ္ပဏီ ၉၉ခုနဲ့ မြန်မာနိုင်ငံကနေ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်ကိုပြန်သွားခဲ့တဲ့ ဂျပန်စစ်ပြန် ၁၁၅၀ဦးတို့ ကူညီထောက်ပံ့ခဲ့တဲ့ငွေကြေးတွေနဲ့ ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ဒါရိုက်တာချိနို့ဟာ သူ့နိုင်ငံမှာ တီဗီဒရာမာဇာတ်လမ်း ၁၄၀ကျော်ရိုက်ကူးထားပြီး သူ့အသက် ၅၉ နှစ်ကစလို့ အခု ၈၂ နှစ်အထိ ၂၄ နှစ်လုံးလုံးကို သွေးရုပ်ရှင်ဇာတ်ကားရိုက်ကူးမှုထဲမှာ နှစ်မြှုပ်ခဲ့သူဖြစ်ပါတယ်။ သွေးရုပ်ရှင်ဟာ ဒုတိယကမ္ဘာစစ်ကာလကိုနောက်ခံထားပြီး ကိုလိုနီခေတ်ကို ဇာတ်အိမ်ဖွဲ့ထားလို့ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွေ အထူးသဖြင့် ဥရောပဘက်ကရုပ်ရှင်ပွဲတော်တွေမှာ ပြသဖို့ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူးလို့ ဒါရိုက်တာချိနို့က ဆိုပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကြောင့် ရိုက်ပြီး ဆယ်နှစ်ကျော်ကြာအောင် ရုံမတင်နိုင်ခဲ့တဲ့ သွေးဇာတ်ကားကြီးဟာ ဇန်နဝါရီ ၃၀ ရက်မှာ လွှတ်တော်က သဘင်ဆောင်မှာ လွှတ်တော်ဆိုင်ရာတာဝန်ရှိသူတွေကို ပြသခဲ့တဲ့အဆင့်ထိရောက်လာပါပြီ။ ၂၀၁၃ ခုနှစ်ထဲမှာတော့ သွေးရုပ်ရှင်ဇာတ်ကားကို မြန်မာနိုင်ငံမှာ ရုံတင်ဖို့ ကြိုးစားသွားမယ်ဆိုတဲ့ဒါရိုက်တာချိနို့နဲ့ ဆယ်စုနှစ်ကျော်သိမ်းထားခဲ့ရတဲ့သွေးဇာတ်ကားအကြောင်း တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**သွေးဝတ္ထုကို ဘာကြောင့် ရုပ်ရှင်ရိုက်ဖို့ စီစဉ်ခဲ့တာပါလဲ။**

၁၉၉၀ မှာ ဂျပန်မှာရှိတဲ့ မြန်မာသံရုံးပိုင်မြေကို မစ္စတာအိုနိုဒေရာက ဝယ်တယ်။ အဲဒီအတွက် အမှတ်တရအနေနဲ့ မြန်မာပြည်အကြောင်းရုပ်ရှင်ရိုက်ချင်တယ်ဆိုပြီး ကျွန်တော့်လက်ထောက်ဒါရိုက်တာဆီ ရောက်လာတယ်။ အဲဒီအချိန် ကျွန်တော့်လက်ထဲမှာရှိတဲ့ဂျာနယ်ကျော်မမလေးရဲ့သွေးဝတ္ထုဘာသာပြန်ကို ပေးလိုက်တယ်။ ဒါပေမဲ့ကမ်းလှမ်းခဲ့တဲ့မစ္စတာအိုနိုဒေရာက ဆက်မလုပ်ဖြစ်ဘူး။ ဗုဒ္ဓဘာသာအကြောင်းကိုဘာသာပြန်စာပေပြုစုတဲ့ အသင်းတစ်ခုကနေကျွန်တော့်ကိုဆက်ပြီးထောက်ပံ့တယ်။ **စာ(၄၉)သို့**









## အိန္ဒိယတွင် လုံခြုံပြီး ပျော်ရွှင်နေကြောင်း ရှရွတ်ခန်းက ပါကစ္စတန်ဝန်ကြီးအား တုံ့ပြန်

**ဒေလီ၊ ဇန်နဝါရီ-၃၀**

ပါကစ္စတန်ဝန်ကြီးတစ်ဦးက အိန္ဒိယရုပ်ရှင်သရုပ်ဆောင် ရှရွတ်ခန်းအား အစိုးရအနေဖြင့် လုံခြုံရေးစီစဉ်ပေးသင့်သည်ဟု ပြောကြားခဲ့သော်လည်း ရှရွတ်ခန်းက ၎င်းသည် အိန္ဒိယနိုင်ငံတွင် လုံခြုံစိတ်ချမှုရှိပြီး ပျော်ရွှင်နေကြောင်း ပြောကြားလိုက်သည်။

မင်းသားခန်းသည် အိန္ဒိယရှိ Outlook မဂ္ဂဇင်းက ပုံနှိပ်သည့် Outlook Turning Points စာစောင်တွင် နိုင်ငံတွင်း၌ မွတ်ဆလင်တစ်ယောက်ဖြစ်ရခြင်းနှင့် ပတ်သက်၍ ၎င်း၏ ခံစားမှုကို ဆောင်းပါးရေးသားခဲ့သည်။



ထိုဆောင်းပါး မဂ္ဂဇင်းတွင် ပါဝင်ခဲ့ပြီးနောက် ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး ရီမန်မာလစ်က အိန္ဒိယအာဏာပိုင်များသည် ရှရွတ်ခန်းအတွက် လုံခြုံရေး စီစဉ်ထားပေးသင့်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

သို့သော် အိန္ဒိယနိုင်ငံဘက်ကမူ ဝန်ကြီးမာလစ်၏ စကားကို ပယ်ချခဲ့ပြီး ပါကစ္စတန်နိုင်ငံသားများ၏ လုံခြုံရေးကိုသာ ဂရုစိုက်ရန် အကြံပြုခဲ့သည်။

ရှရွတ်ခန်းက ၎င်းဆောင်းပါးနှင့် ပတ်သက်၍ "ဒီဆောင်းပါးက အိန္ဒိယမွတ်ဆလင် ရုပ်ရှင်စတားတစ်ဦးအနေနဲ့ အမြင်ကျဉ်းတဲ့သူတွေရဲ့ အနိုင်ခံရတာကို ရေးထားတာပါ။ ဒါပေမဲ့ ကံမကောင်းစွာဘဲ ပြောင်းပြန်ဖြစ်ပြီး အနိုင်ခံခဲ့ရပါတယ်"ဟု ရှင်းပြသည်။

—Ref: BBC

## တေးသံရှင်စိန်လွင်ကွယ်လွန်ခြင်း နှစ် ၃၀ ပြည့် ဂီတပွဲကျင်းပမည်

ကြူကြူဟန်

**ရန်ကုန်၊ ဇန်နဝါရီ-၃၀**

တေးသံရှင် ဦးစိန်လွင် ကွယ်လွန်ခြင်း နှစ် (၃၀)ပြည့် အမှတ်တရ "ကိုစိန်လွင်(သို့) ဝေဟင်ထဲမှာနေတော့မယ်"ဂီတပွဲကိုဖေဖော်ဝါရီ ၂၄ ရက်တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သူ ဦးပီးပေါ်က ပြောသည်။

ပလေးဘွိုင်းသန်းနိုင်၊ ကံ့ကော်တောမျိုးအောင်၊ ခင်မောင်ထူး၊ ဗစ်တာခင်ညို၊ ပီတာ ဘသိန်း၊ တင်အောင်မိုး၊ ချစ်ကောင်း၊ ဇော်ပိုင်၊ ဖြိုးကြီး၊ ဂရေဟမ်၊ Lလွန်းဝါ၊ ဉာဏ်လင်းအောင်၊ ဆုန်သင်းပါရ်၊ နီနီခင်ဇော်၊ ယုဇန၊ ဦးစိန်လွင်၏ သားပြည့်ဖြိုးမောင် စသည်တို့ ပါဝင်ပြီး ယင်းအမှတ်တရပွဲတွင် ဦးစိန်လွင်၏ သီချင်းများကိုသာ သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လေကြောင်းမှ လေယာဉ်မှူးတစ်ဦးဖြစ်သူ ဦးစိန်လွင်သည်၁၉၇၀ခုနှစ်ကျော်တွင် "မမုန်းလေနဲ့ ငပလီ" ရုပ်ရှင်ဇာတ်ဝင်သီချင်းဖြစ်သော "မိုးပေါ်မှာ နေချင်တယ်" သီချင်းဖြင့် အောင်မြင်ခဲ့ပြီး အသက် ၁၈နှစ်အရွယ်မှစ၍ ဂီတအနုပညာကိုလုပ်ကိုင်ခဲ့ကာ ၃၄နှစ်တွင် လေယာဉ်မတော်တဆမှုဖြင့် ကွယ်လွန်ခဲ့သည်။

"တစ်ခါမှ မလုပ်ဖူးဘူး။ အစ်ကိုကလည်း နိုင်ငံခြားမှာ အနေများတယ်။ အခုပြန်လာတာ နည်းနည်း ကြာနေပြီ။ လုပ်ချင်တဲ့သူကလည်း ရှိနေတယ်။ အဖေရဲ့ သီချင်းတွေကို ပရိသတ်ရင်ထဲပြန်ရောက်စေချင်တယ်။ အဖေ့ကို သိခဲ့တဲ့သူတွေကလည်း ပွဲလေးလုပ်ဖို့ တိုက်တွန်းကြတာနဲ့ လုပ်ဖြစ်တာပါ" ဟု ဦးစိန်လွင်၏ သားဖြစ်သူ ပြည့်ဖြိုးမောင်က ပြောသည်။









စာ(၄၇)မှ

## သွေးဇာတ်ကားရိုက်ကူးသူ ဂျပန်ဒါရိုက်တာ ကိုဂျီချိန့်နှင့် တွေ့ဆုံခြင်း

အဲဒီအထောက်အပံ့နဲ့ရုပ်ရှင်ဆက်ရိုက်ဖို့ ကျွန်တော် မြန်မာနိုင်ငံကို ပထမဆုံးရောက်လာတယ်။ အဲဒီအချိန်မှာ အံ့ဩတာက မြန်မာနိုင်ငံမှာ စာအုပ်ထဲကအတိုင်း မြင်းလှည်းတွေ ရှိသေးတယ်။ လေယာဉ်ကွင်းကလည်း တကယ့်ကို သေးသေးလေး။ ဂျပန်က အရမ်းတိုးတက်သွားတော့ ပျောက်ဆုံးသွားတာတွေ အများကြီးပဲ။ မြန်မာကတော့ မတိုးတက်သေးပေမယ့် ယဉ်ကျေးမှုလေးတွေ အများကြီး ရှိသေးတယ်။ ဒါကြောင့် ကျွန်တော် ဇာတ်ညွှန်းပြန်ရေးတယ်။ ၂နှစ်ကြာတယ်။

**ပြန်ကြားရေးဝန်ကြီးဌာနကနေ ဇာတ်လမ်းခွင့်ပြုချက်ရယူရတာ ခက်ခဲမှုရှိခဲ့လား။**

၁၉၉၄ ခုနှစ်မှာ ဇာတ်လမ်းခွင့်ပြုချက်ရတယ်။ ဂျာနယ်ကျော် မမလေးရဲ့ သွေးဝတ္ထုကို အခြေခံပြီး ဇာတ်ညွှန်းပြန်ရေးထားတဲ့အတွက် ဒီအပေါ်မှာဘာမှပြောင်းလဲမထားဘူး။ ခဏခဏတော့ သွားတွေ့ပြီး စကားပြောရတယ်။ လေးနှစ်လောက်တော့ကြာတယ်။

**သွေးရိုက်ဖို့ ငွေရေးကြေးရေး အခက်အခဲတွေ အများကြီး ကြုံခဲ့ရတယ်နော်။ ငွေမရလို့ ဆက်မရိုက်ဘဲ ရပ်လိုက်ရတာ နှစ်ချီသွားတယ် မဟုတ်လား။**

၁၉၉၄ ဒီဇင်ဘာမှာ ခွင့်ပြုချက်ရပြီဆိုတော့ ငွေရေးကြေးရေးပိုင်းအတွက် အများကြီးထပ်ပြီး စုဆောင်းရပါတယ်။ ဒီဇာတ်ကားရိုက်ကူးဖြစ်ဖို့ ငွေကြေးအထောက်အပံ့ပေးမယ့် ဂျပန်ကုမ္ပဏီတွေ မစ်ဆူဘီရှီတို့၊ ဝါကိုတို့လို ကုမ္ပဏီကြီးတွေဆီက ထောက်ပံ့ကြေးနဲ့ စခဲ့တယ်။ ပိုက်ဆံစုရတဲ့ ၂နှစ်လောက်အတွင်းမှာ ဇာတ်ညွှန်းတွေလည်းပြင်တယ်။ ၁၉၉၈ ဇန်နဝါရီမှာ ရန်ကုန်ဘူတာကြီးမှာ ရထားစင်းလုံးငှားပြီး ပထမဆုံး ရိုက်ကွင်းရိုက် ဖြစ်ခဲ့တယ်။ တစ်ကားလုံးစာ ကုန်ကျစရိတ်အားလုံးပေါင်း ဂျပန်ယန်းသန်း ၃၆၀၀ကုန်ကျခဲ့တယ်။ အစိုးရဘက်ကလည်း အများကြီးအထောက်အပံ့ပေးခဲ့ပါတယ်။ ပထမရိုက်ကူးရေးကတော့ ရိုက်နေရင်းနဲ့ ငွေရေးကြေးရေး ပြတ်လပ်သွားလို့ နှစ်လနဲ့ ရိုက်ပြီး ဂျပန်ပြန်သွားရတယ်။ ငွေထောက်ပံ့ပေးတဲ့ သူတွေ တစ်ယောက်ပြီးတစ်ယောက် ဆုံးပါးသွားတယ်။

**ရွေးချယ်လိုက်တဲ့ မြန်မာသရုပ်ဆောင်တွေနဲ့ မစ္စတာချိန့်တို့ ရိုက်ကွင်းပေါ်မှာ အဆင်ပြေကြရဲ့လား။**

ဒီက မြန်မာလူမျိုးမိတ်ဆွေ ကိုခင်မောင်စိုးရဲ့အကူအညီနဲ့ ဒါရိုက်တာဦးတင်ယု၊ ဦးလှမျိုး၊ ဦးအောင်လွင်တို့က အကြံပေးအနေနဲ့ပါဝင်ကြပါတယ်။ ဒါရိုက်တာ ဦးလှမျိုးကတော့ အစိုးရပိုင်းကို တာဝန်ယူပေးတယ်။ ဦးမြင့်စိုးက ရိုက်ကွင်းတာဝန်ယူတယ်။ ဦးအောင်လွင်က မင်းသား၊ မင်းသမီးတွေရွေးချယ်တာ။ သရုပ်ဆောင်မှုပိုင်း၊ စကားပြောပုံဆိုပုံ အားလုံး တာဝန်ယူပေးပါတယ်။

**မြန်မာအနုပညာရှင်ဒါရိုက်တာတွေရဲ့ အကြံပေးမှုနဲ့ မစ္စတာချိန့်ရဲ့ အနုပညာကို ဘယ်လိုပေါင်းစပ်ပြီး ဖန်တီးရိုက်ကူးပါသလဲ။**

ဘာသာစကားချင်းသာ မတူတာပါ။ ရည်ရွယ်ချက်ချင်းက တူညီကြပါတယ်။ ကျွန်တော့်ရဲ့ ဖန်တီးချင်မှုကို မြန်မာဒါရိုက်တာကြီးတွေက နားလည်ကြပါတယ်။ ကျွန်တော့်အသက်အရွယ်နဲ့ အဲဒီအချိန်ကျမှ မြန်မာစကားသင်ဖို့က ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတော့ စကားပြန်ခုနစ်ယောက်နဲ့ အားလုံးက အစစအရာရာ ပံ့ပိုးပေးပါတယ်။ ဒုတိယပိုင်းရိုက်ကူးရေးကို ၂၀၀၃ ခုနှစ် မတ်လ ပြန်စတယ်။ ကျွန်တော်အပေါ် စီးကနေ ဟယ်ရီကော်ပတာနဲ့ရိုက်တဲ့ အခန်းတွေ၊ စစ်အတွင်းက လက်နက်တွေဆိုလည်း အစိုးရက ပံ့ပိုးကူညီပေးခဲ့ပါတယ်။

**အဲဒီတုန်းက သရုပ်ဆောင်တွေကို ဆယ်နှစ်ကျော်ကြာချိန်မှာ မစ္စတာချိန့်ပြန်ဆုံရတော့ ဘယ်လိုနေလဲ။**

ကိုကျော်သူတင်မဟုတ်ပါဘူး။ မျိုးသန္တာထွန်းတို့၊ ခင်စိုးပိုင်တို့၊ မင်းမော်ကွန်းတို့ဆိုလည်း ဆယ်နှစ်ကျော်ချိန်တွင်းမှာ ဝလာကြတယ်။ သူတို့ကလေးတွေလည်း ကြီးနေကြပြီ။ အကြံပေးထဲကတော့ ဦးလှမျိုးနဲ့ ဦးမြင့်စိုးတို့ ဆုံးသွားပြီ။ ကျွန်တော့် ဂျပန်အဖွဲ့ဘက်မှာဆို အသံပိုင်းက မစ္စတာနိုဘူအိုကာ ဆုံးသွားပြီ။ ကိုကျော်သူ့အကြောင်းကို အမျိုးမျိုးကြားပါတယ်။ ဒီနေ့နာရေးကူညီမှုအသင်းဆီသွားတော့ ပုံစံတော့ နည်းနည်းပြောင်းပေမယ့် ခံစားချက်တော့ မပြောင်းဘူး။ သူ့အလုပ်ကို တော်ရုံတန်ရုံလူ မလုပ်နိုင်ဘူး။ သူ့ကိုတွေ့ရတာ အရမ်းလေးစားပါတယ်။

**သွေးရိုက်ဖို့ ပံ့ပိုးပေးတဲ့ ကုမ္ပဏီတွေကအများကြီးဆိုတော့ အကျိုးအမြတ်ပိုင်ဆိုင်မှုကို ဘယ်လိုသဘောတူညီထားပါလဲ။**

ထောက်ပံ့ပေးတဲ့သူတွေ အားလုံးက လှူတဲ့သဘောမို့ ဒီပေါ်မှာ ဘာမှပြောစရာမရှိပါဘူး။ ဒီရုပ်ရှင်က ကျွန်တော့် ရုပ်ရှင်ကျွန်တော့်အပိုင်ပါ။ ထည့်ဝင်တဲ့သူတွေကလည်း အကျိုးအမြတ်အနေနဲ့ထည့်တာ မဟုတ်ပါဘူး။ ဇာတ်ကားဖြစ်မြောက်အောင် အားလုံးဝိုင်းလှူကြတာပါ။

**ဒီဇာတ်ကားကို ကြည့်မယ့် မြန်မာနဲ့ ဂျပန်ပရိသတ်တွေကို ဘယ်လိုသတင်းစကားမျိုး ပါးချင်ပါသလဲ။**

ခုနောက်ပိုင်း ဂျပန်မှာ စစ်ဆိုတာကို သိတဲ့သူရှားသွားပြီ။ မြန်မာနိုင်ငံအနေနဲ့ ဒီဇာတ်ကားဟာ သမိုင်းတစ်ခုအဖြစ်နဲ့ ကျန်ခဲ့မယ်ထင်ပါတယ်။ ဂျပန်မှာ စစ်မဖြစ်တာကြာလှပြီဆိုတော့ စစ်အကြောင်း နားမလည်တဲ့သူတွေတောင် အသက် ၅၀ လောက်ရှိနေပြီဆိုတော့ ဂျပန်တွေ စစ်အကြောင်း သိသွားကြမှာပါ။ ဒီကားက မြန်မာပြည်အကြောင်း ထဲထဲဝင်ဝင်မသိတဲ့ နိုင်ငံခြားသားတွေအတွက်တော့ နားမလည်နိုင်မှာကို နည်းနည်းစိတ်ပူတယ်။

**မြန်မာဘက်ကတော့ နိုင်ငံရေးအခြေအနေကြောင့် ရုံမတင်နိုင်ခဲ့ပေမယ့် ဂျပန်နိုင်ငံမှာရော ဘာလို့ ရုံမတင်ခဲ့တာပါလဲ။**

အမေရိကန်စီးပွားရေးအခြေနေကြောင့်ပါ။ ဂျပန်ပြည်ဆိုတာက အမေရိကန်ကိုကျော်ပြီး လုပ်လို့မရတဲ့အပိုင်းတွေရှိတယ်။ မြန်မာပြည်ကို သူတို့က ကာလအတန်ကြာ ပိတ်ဆို့ထားတာတွေလည်း ပါပါတယ်။ နောက်ပိုင်းမှာ ကိုကျော်သူ့ကိစ္စတွေကြောင့် ရုံတင်လို့မရခဲ့တာတွေ ရှိခဲ့ပါတယ်။

**ပိတ်ဆို့မှုတွေ သိပ်မတင်းကျပ်လာသေးခင် ရန်ကုန်နဲ့ မန္တလေးမှာ ပွဲတော်လုပ်ပြီး တစ်ကြိမ်စီ ပြသခဲ့သေးတယ်နော်။**

ရုပ်ရှင်တစ်ခုလုံး ပြီးသွားတော့ မြန်မာပြည်ကိုလည်း ပြရမယ်ဆိုပြီး ချစ်ကြည်ရေးအသင်းက ပိုက်ဆံထုတ်ပေးလို့ ကျွန်တော် ပွဲတော်အနေနဲ့ လာပြဖြစ်တယ်။ အဲဒီနောက်ပိုင်း သမ္မတရုပ်ရှင်ရုံပိုင်ရှင် ကိုဇော်မင်းနဲ့ ဇာတ်ကားရောင်းချရေးကိစ္စ ဆွေးနွေးဖြစ်တယ်။ ဒါပေမဲ့ ဘာမှအကြောင်းမပြန်ခဲ့ဘူး။ ကျွန်တော့်မှာ ငွေကြေးအခက်အခဲရှိလို့ ဒီဘက်မှာ လာပြဖို့အဆင်မပြေဘူး။ ပိုင်ဆိုင်မှုက ကျွန်တော်ပိုင်ပေမယ့် မူပိုင်ခွင့်ကိုတော့ ကျွန်တော် မရထားဘူး။ ကုမ္ပဏီတွေအများကြီး ထောက်ပံ့ထားတော့ မူပိုင်ခွင့်ကို ကျွန်တော် အကုန်မရဘူး။ တစ်ကားလုံးရဲ့ မူပိုင်ခွင့်ကို လုပ်ငန်းရှင်တွေ စစ်ပြန်တွေ အများကြီးပါတဲ့ မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်းကသာ ပိုင်ဆိုင်ပါတယ်။

**အခု နိုင်ငံရေးအခြေအနေတွေ ပြောင်းလဲလာတော့ ဂျပန်မှာ ရုံတင်ဖို့ မကြိုးစားကြည့်ဘူးလား။**

ဂျပန်မှာက ရုံမပြည့်ရင်ဖြတ်ချခံရမှာဆိုတော့ ကျွန်တော်က အကုန်စိုက်ထုတ် ကုန်ကျခံရမှာလေ။ ကျွန်တော့် အိမ်တွေ၊ မြေတွေပါ အကုန်ကုန်မှာ။ (ရယ်လျက်) ဒါပေမဲ့ မြန်မာရဲ့အပြောင်းအလဲကို ဂျပန်ကလည်း စိတ်ဝင်စားတော့ သွေးကို ဂျပန်က ရုပ်ရှင်ရုံတွေကလည်း ကမ်းလှမ်းကောင်း ကမ်းလှမ်းလာနိုင်ပါတယ်။

**မစ္စတာချိန့်ရဲ့ သွေးဇာတ်ကားကို လွှတ်တော်က လူကြီးတွေက ဘယ်လိုတုံ့ပြန်ကြပါသလဲ။**

လူကြီးတွေက နိုင်ငံခြားသားတစ်ယောက် ရိုက်တယ်လို့ မထင်ရဘူးလို့ ပြောတဲ့အပေါ် အရမ်းပျော်ပါတယ်။ ဒီလောက်ထိ ကြီးကြီးကျယ်ကျယ် ဖြစ်မယ်လို့ မမျှော်လင့်ခဲ့ဘူး။ အမျိုးသားလွှတ်တော် ဦးခင်အောင်မြင့်ကိုပြချင်တယ်လို့ ဂျပန်ကိုလာတုန်းက ချစ်ကြည်ရေးအသင်း ထမင်းစားပွဲမှာ အသင်းရဲ့ဥက္ကဋ္ဌအနေနဲ့ ခွင့်တောင်းခဲ့တာပါ။ အဲဒီကနေ လွှတ်တော်မှာ ပြဖြစ်တဲ့အထိ ဖြစ်သွားခဲ့တာပါ။

**ဟုတ်ကဲ့။**

**ကျေးဇူးတင်ပါတယ်။**

## စုံတွဲသီဆိုမှု ဦးစားပေးမည့် တင်ဇာမော်ဖျော်ဖြေပွဲ

**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ-၃၁**

တင်ဇာမော်၏ တေးသီချင်းဖျော်ဖြေပွဲကို ယခုနှစ်တွင် စုံတွဲသီဆိုဖျော်ဖြေမှုများဖြင့် ဦးစားပေးတင်ဆက်သွားမည်ဖြစ်ကြောင်း တင်ဇာမော်က ပြောသည်။

တင်ဇာမော်သည် ဖေဖော်ဝါရီ ၉ ရက်တွင် ပြုလုပ်မည့် ၎င်း၏ဖျော်ဖြေပွဲအတွက် ဗြိတိန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၂ရက်တွင် ရောက်ရှိလာခြင်းဖြစ်သည်။

"အခုလောလောဆယ် ပွဲအတွက် သီချင်းတွေကိုမနက်မိုးလင်းကနေ မိုးချုပ်ထိ Plus Three တီးဝိုင်းနဲ့ သီချင်းတိုက်နေရတယ်"ဟု တင်ဇာမော်ကပြောသည်။

တင်ဇာမော်၏ ဖျော်ဖြေပွဲကို ဖေဖော်ဝါရီလ ၉ ရက် (စနေနေ့)ညနေ ၆ နာရီတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ပြီး ပါဝင်မည့် အဆိုတော်စာရင်း အသေးစိတ်ကို ထုတ်ပြန်မည်မဟုတ်ဘဲ ဖျော်ဖြေပွဲနေ့ရောက်မှသာ ပရိသတ်ကို အသိပေးလိုကြောင်း ပွဲစီစဉ်သူ ကိုပီးပေါ်က ပြောသည်။

"ဖြူဖြူကတော့ လောလောဆယ် မတင်ဇာနဲ့တိုင်ပင်ပြီး နှစ်ပုဒ်လောက် ရွေးထားတယ်။ဆိုနေကျသီချင်းအပြင် မဆိုဖူးတဲ့ သီချင်းလေးတွေလည်းပါနိုင်တယ်"ဟု တင်ဇာမော်နှင့်တွဲဖက်ဖျော်ဖြေမည့် ဖြူဖြူကျော်သိန်းက ပြောသည်။ လက်ရှိတွင် သီချင်းတိုက်နေကြသည့် အဆိုတော်များတွင် ထွန်းအိန္ဒြာဗိုနှင့် Rဇာနည်တို့ ပါဝင်ကြောင်း သိရသည်။

တင်ဇာမော်၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ၂၀၁၁ ခုနှစ်မှစ၍ တစ်နှစ်တစ်ကြိမ် ပြုလုပ်ခဲ့ပြီး ၂၀၁၂ နှစ်ဆန်းပိုင်းက အမျိုးသမီးအဆိုတော် ခုနစ်ဦးဖြင့် Colourful ဖျော်ဖြေပွဲ ကျင်းပခဲ့သည်။

စာ(၄၇)မှ

## ခွင့်ပြုချက်မတောင်းဘဲ ထုတ်လွှင့်နေသည့် တီဗီလိုင်းများကို ဘန်နီဖြိုး ကန့်ကွက်

"ကျွန်တော်နဲ့အနုပညာရှင်တွေကို အသိအမှတ်ပြုစေချင်တယ်၊ မလွှင့်စေချင်လို့မဟုတ်ဘူး။ ကျွန်တော်တို့ ဗီစီဒီကိုအကုန်အကျခံပြီးရိုက်တယ်။ ယူသုံးမယ်ဆို ကျွန်တော်နဲ့တိုက်ရိုက်ဆက်သွယ်ပြီးအသိပေးစေချင်တယ်။အခကြေးငွေကို စိတ်မဝင်စားပါဘူး" ဟု ဘန်နီဖြိုးကပြောသည်။

တီဗီချန်နယ်တစ်ခုတည်းမဟုတ်ဘဲ ဘန်နီဖြိုး၏ ဗီစီဒီကို ပြသနေသောပြည်တွင်းရှိတီဗီချန်နယ်အားလုံးကို ရည်ရွယ်ခြင်းဖြစ်ကြောင်း၎င်းကပြောသည်။ ဘန်နီဖြိုးက 'ချစ်တယ်ဟုတ်' ဗီစီဒီကိုမူပိုင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး ဒီဇင်ဘာ ၉ ရက်တွင် ဘိုဘိုအင်တာတိန်းမန့်ကဖြန့်ချီခဲ့ခြင်း ဖြစ်သည်။တီဗီချန်နယ်များတွင်လွှင့်ခြင်းကိုတားမြစ်ပေးရန် ဂီတအစည်းအရုံးအနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တေးရေးမြင့်မိုးအောင်က ပြောသည်။

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Hansel and Gretel: Witch Hunters | Paramount Pictures | ၁၉,၆၉၁,၀၀၀ | ၁ |
| ၂။ | Mama | Universal Pictures | ၄၈,၈၇၅,၆၀၀ | ၂ |
| ၃။ | Zero Dark Thirty | Sony Pictures | ၆၉,၈၀၄,၀၀၀ | ၆ |
| ၄။ | Silver Linings Playbook | The Weinstein Company | ၆၈,၉၀၈,၇၀၀ | ၁၁ |
| ၅။ | Parker | Film District | ၇,၀၀၈,၂၂၀ | ၁ |
| ၆။ | Django Unchained | The Weinstein Company | ၁၄၆,၂၃၇,၀၀၀ | ၅ |
| ၇။ | Movie 43 | Relativity Media | ၄,၈၀၅,၈၈၀ | ၁ |
| ၈။ | Gangster Squad | Warner Bros. Pictures | ၃၉,၇၂၅,၁၀၀ | ၃ |
| ၉။ | Les Miserables | Universal Pictures | ၁၃၇,၅၄၆,၀၀၀ | ၅ |
| ၁၀။ | Broken City | 20th Century Fox | ၁၅,၂၈၉,၅၀၀ | ၂ |

TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

# Movie Review

## Escape From Planet Earth




ဘက်ဘ်ဟူသော ဂြိုဟ်ပေါ်တွင် အာကာသယာဉ်မှူး စကော့ချ်မှာ အပြာရောင်ဂြိုဟ်သားများအတွက် သူရဲကောင်းဖြစ်သည်။ စွန့်စွန့်စားစား ကယ်ဆယ်ရေးလုပ်ငန်းများ ဝါသနာပါသူ စကော့ချ်၏ညီဖြစ်သူ ဂယ်ရီမှာမူ စာအုပ်ကြီးသမားဖြစ်ပြီး Basa အာကာသယာဉ်စခန်းကို ထိန်းချုပ်သူဖြစ်သည်။ တစ်ကြိမ်တွင် Basa သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ လီနာက ၎င်းတို့ဂြိုဟ်အတွက် အန္တရာယ်ကျရောက်နေကြောင်းပြောသည်ကို စကော့ချ်က ဂရုမစိုက်ဘဲ ခရီးနှင်သွားခဲ့သည်။ ၎င်းတို့ဂြိုဟ်အား ကယ်တင်ရန် ဂယ်ရီတို့ တာဝန်ဖြစ်လာပြီး အစ်ကိုတော်စကော့ချ်၊ ဇနီးနှင့် သားတို့အပြင် ၎င်းတို့ဂြိုဟ်ကိုပါ ကယ်တင်ရန် ပြင်ဆင်ရတော့သည်။

အာကာသသိပ္ပံ၊ စိတ်ကူးယဉ်သုံးဖက်မြင်ကာတွန်းကားကို Car Brunker က ရိုက်ကူးထားပြီး Jane Lynch, Craig Robinson, Sofia Vergara တို့က အသံဖြင့်သရုပ်ဆောင်ထားသည်။ The Weinstein Company က ဖေဖော်ဝါရီ၁၄ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.11, No.48 • FEBRUARY 7 , 2013

# ဘောလုံးသမားများ စိတ်ကြီးမဝင်ရန် ဦးဇော်ဇော်သတိပေး

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁**

ဆုကြေးစားစနစ်သို့ ပြောင်းလဲပြီးနောက် ခံစားခွင့်လစာများ တိုးမြင့်လာသော်လည်း နိုင်ငံ့လက်ရွေးစင်အသင်းတွင် အောင်မြင်မှု မရရှိသေးသည့်အတွက် ဘောလုံးသမားများအနေဖြင့် မိမိကိုယ်ကို အထင်ကြီးစိတ်များ ဝင်မနေရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က သတိပေးပြောကြားခဲ့သည်။

“ကိုယ့်ကိုယ်ကိုယ် အထင်မကြီးပါနဲ့။ ကိုယ်ဘယ်မှ မရောက်သေးဘူးဆိုတာ ခေါင်းထဲထည့်ထားဖို့လိုတယ်။ စိတ်တော့မဆိုးနဲ့ အမှန်အတိုင်းပြောတာ။ ဘဝင်လည်းမမြင့်နဲ့။ ရတဲ့လစာနဲ့ ဘဝကိုတန်ဖိုး မတိုင်းပါနဲ့။ တိုင်းချင်ရင် မင်းတို့ကို ထိုင်းလိဂ်က ငှားလား၊ စင်ကာပူလိဂ်က ငှားလား၊ ဗီယက်နမ်လိဂ်က ငှားလား၊ ဘယ်ကမှ လာမငှားသေးဘူး။ လက်ရွေးစင်အသင်း မအောင်မြင်လို့ သူများတန်းတူအဆင့်မရှိလို့ ဘယ်ကမှ မခေါ်တာပေါ့။ ဒါကြောင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားကြပါ”ဟု ဖေဖော်ဝါရီလ ၁ ရက်က အဖွဲ့ချုပ်ရုံးခန်းမတွင် ပြုလုပ်ခဲ့သည့် ဖိလစ်ပိုင်အသင်းနှင့်ခြေစမ်းမည့် ပဏာမမြန်မာ့လက်ရွေးစင်ကစားသမားများနှင့် တွေ့ဆုံပွဲတွင် ဦးဇော်ဇော်ကပြောသည်။

မြန်မာ့ဘောလုံးအားကစားအောင်မြင်မှုရရှိရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် ၂၀၀၉ ခုနှစ်မှ စတင်ကာ ဆုကြေးစားစနစ်သို့ ပြောင်းလဲခဲ့သည့်နောက်ပိုင်းတွင် မြန်မာဘောလုံးအသင်းသည် သက်တမ်းအလိုက် နိုင်ငံတကာပြိုင်ပွဲအချို့တွင် အောင်မြင်မှုအချို့ရရှိခဲ့သော်လည်း လက်ရွေးစင်အသင်းမှာမူ အရှုံးရလဒ်များသာ ကြုံတွေ့ခဲ့ရသည်။

ဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ဆုဇူကီးဖလားနှစ်ကြိမ်ဆက်(၂၀၁၀၊၂၀၁၂)တွင် အုပ်စုအဆင့်မှဆက်တိုက်ထွက်ခဲ့ရပြီး လက်ရွေးစင် ကစားသမားများအနေဖြင့်လည်း နိုင်ငံအသင်းအတွက် ပေးဆပ်လိုစိတ် နည်းပါးလာကြောင်း လေ့လာသူများနှင့် ပရိသတ်များကလည်း ဝေဖန်လာခဲ့သည်။

“ကိုယ့်ကိုယ်ကိုယ် ပရော်ဖက်ရှင်နယ်ကစားသမား ပီသတယ်လို့ ယူဆရင်၊ ကိုယ်ယူထားတဲ့လစာနဲ့ ထိုက်တန်တယ်လို့ ယူဆရင် ငါတို့မှာတင်ခဲ့တဲ့ အကြွေးတွေကို ပရိသတ်တွေအားလုံးအတွက် ပြန်ပေးဆပ်ရမယ်ဆိုတဲ့ စိတ်မွေးထားရမယ်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိတဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ပြရမှာ လက်ရွေးစင်ပွဲပဲ”ဟု ဦးဇော်ဇော်က ပြောသည်။

လာမည့် မတ်လအတွင်း ရန်ကုန်မြို့တွင် လက်ခံကျင်းပမည့် AFC Challenge Cup ခြေစစ်ပွဲအကြို ခြေစမ်းပွဲအဖြစ် မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ဖေဖော်ဝါရီလ ၆ ရက်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ပြီးခဲ့သည့် ဆုဇူကီးဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင်ဖိလစ်ပိုင်အသင်းနှင့် တွေ့ဆုံခဲ့ဖူးပြီး သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှလည်း ထွက်ခဲ့ရသည်။



ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

AFC Challenge Cup ခြေစစ်ပွဲတွင်မြန်မာအသင်းသည် ဂူအမ်၊ တရုတ်(တိုင်ပေ)၊ အိန္ဒိယအသင်းများနှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိပြီး မည်သည့်အသင်းကိုမှ အထင်မသေးရန်၊ ကစားသမားများအနေဖြင့် ကွင်းတွင်း၊ ကွင်းပြင် စည်းကမ်းရှိရှိ နေထိုင်ရန်လည်း အဖွဲ့ချုပ်ဥက္ကဋ္ဌက သတိပေးခဲ့သည်။ လက်ရွေးစင်အသင်းများ ပါဝင်ယှဉ်ပြိုင်ရသည့် အဆိုပါပြိုင်ပွဲ၏ ၂၀၁၂ ခြေစစ်ပွဲစဉ်များကို ရန်ကုန်မြို့၌ လက်ခံကျင်းပခဲ့ဖူးပြီး မြန်မာအသင်းသည် အုပ်စုအောက်ဆုံးအနေအထားဖြင့် ခြေစစ်ပွဲမှထွက်ခဲ့ရသည်။

“ဥက္ကဋ္ဌက နိုင်ငံအတွက်၊ ပရိသတ်တွေအတွက် ကျွန်တော်တို့အတွက် ကောင်းစေချင်လို့ ပြောခဲ့တာပါ။ ကျွန်တော်တို့ကလည်း ကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်”ဟု မြန်မာနေရှင်နယ်လိဂ်တွင် ကလပ် အသင်းပြောင်းရွှေ့ကြေး ကျပ်သိန်းတစ်ထောင်ကျော်ဖြင့် စံချိန်တင်ခဲ့သည့် လက်ရွေးစင်နောက်တန်း ကစားသမား ဇော်မင်းထွန်းက ပြောသည်။

မိမိတို့အနေဖြင့် ပြောပြပံ့ပိုးပေးရန်သာ တတ်နိုင်မည်ဖြစ်ပြီး ကစားသမားများအနေဖြင့် မိမိတို့ အသိ၊ ခံယူချက်၊ စိတ်ဓာတ်၊ အတွေးအခေါ်များဖြင့်သာ ကိုယ်တိုင်မောင်းနှင် ကြိုးစားရမည်ဖြစ်ကြောင်း ဦးဇော်ဇော်က ဆက်လက်ပြောကြားခဲ့သည်။

# ရတနာပုံအသင်းအင်္ကျီတံဆိပ်အတွက် ထိုင်းအချိုရည် M-150 နှင့်စာချုပ်ချုပ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖေါ်ဝါရီ-၂**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ရတနာပုံဘောလုံးအသင်းသည် ထိုင်းနိုင်ငံ Osotpa ကုမ္ပဏီမှ ထုတ်လုပ်သည့်M-150 အားဖြည့်အချိုရည်နှင့် အားကစားဝတ်စုံပေါ်တွင် ကြော်ငြာခွင့်(အင်္ကျီရင်ဘတ်စပွန်ဆာ)အား တစ်နှစ်လျှင်ကန်ဒေါ်လာ နှစ်သိန်းတန်ဖိုးဖြင့် ငါးနှစ်သက်တမ်း စာချုပ်ချုပ်ဆိုခဲ့ကြောင်း သတင်းရရှိသည်။





ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

ထိုင်းနိုင်ငံ Osotpa ကုမ္ပဏီမှ ထုတ်လုပ်သော M-150 အချိုရည်သည် ရတနာပုံဘောလုံးအသင်း အတွက် သက်တမ်းငါးနှစ် အားကစားဝတ်စုံပေါ်တွင် ကြော်ငြာခွင့်(ရင်ဘတ်စပွန်ဆာ) ပေးအပ်ရန် သဘောတူညီထားပြီး ငွေကြေးတန်ဖိုးကိုမူ အခြေအနေပေါ်မူတည်၍ ပြောင်းလဲသွားရန် အစီအစဉ်ရှိကြောင်း ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ပြောသည်။

“လောလောဆယ် ပထမတစ်နှစ်အတွက် ဒေါ်လာနှစ်သိန်း သဘောတူထားတာပေါ့။ နောက်နှစ်တွေ အရောင်းအဝယ် ကောင်းရင် သူ့ကို သုံးသိန်းတောင်းရင် တောင်းမှာပေါ့။ စပွန်ဆာဈေးနှုန်းကတော့ ပုံသေမထားပါဘူး သက်တမ်းကတော့ ငါးနှစ်အကြမ်းဖျင်း သဘောတူထားတယ်”ဟု ဖေဖော်ဝါရီလ ၂ ရက်က ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့သည့် အဆိုပါ အခမ်းအနားတွင် ဒေါက်တာစိုင်းဆမ်ထွန်းက ပြောသည်။

၂၀၀၉ ခုနှစ်မှ စတင်ကျင်းပခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများအနက် ပြည်ပကုမ္ပဏီတစ်ခုမှ အားကစားဝတ်စုံ အင်္ကျီရင်ဘတ်စပွန်ဆာ ရရှိခြင်းမှာ ရတနာပုံအသင်းသည် ပထမဆုံးအသင်းဖြစ်ကြောင်း သိရသည်။

ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်ပါက စပွန်ဆာရရှိသည့် ငွေကြေးမှာ နည်းပါးသော်လည်း နိုင်ငံတကာ အမှတ်တံဆိပ်များအနေဖြင့် မြန်မာဘောလုံးအသင်းများကို စတင်စပွန်ဆာပေးခြင်းအတွက် ဝမ်းသာ ဂုဏ်ယူပါကြောင်း ရတနာပုံအသင်းပိုင်ရှင်က ဆိုသည်။

မြန်မာ နေရှင်နယ်လိဂ် ၂၀၀၉၊ ၂၀၁၀၊ ၂နှစ်ဆက်ချန်ပီယံ ရတနာပုံအသင်းသည် တစ်နှစ်လျှင် အသုံးစရိတ် ကျပ်သိန်းပေါင်း တစ်သောင်းဝန်းကျင် အသုံးပြုလျက်ရှိပြီး ယခုနှစ် ဘောလုံးရာသီအတွက်လည်း ပြည်ပကစားသမားများနှင့် ပြည်တွင်းလက်ရွေးစင်အဆင့် ကစားသမားများအား ထပ်မံဖြည့်တင်းကာ ပြင်ဆင်ထားသည့် အသင်းဖြစ်သည်။

# မြန်မာအသင်းပွဲစဉ်များကို အခမဲ့ရုပ်သံလိုင်းများမှသာ ကြည့်ရှုခွင့်ရလို

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၄**

မြန်မာဘောလုံး ပရိသတ်များအနေဖြင့် လက်ရွေးစင်အသင်း၏ ပွဲစဉ်များကို အခမဲ့ရုပ်သံလိုင်းများမှ အားပေးကြည့်ရှုလိုကြကြောင်း သတင်းရရှိသည်။

မြန်မာအသင်းသည် ၂၀၁၃ ခုနှစ်အတွက် ပထမဆုံးနိုင်ငံတကာ ခြေစမ်းပွဲအဖြစ် ဖေဖော်ဝါရီလ ၆ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အဆိုပါ ပွဲစဉ်ကို Sky Net ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်မည် ဖြစ်သည်။

“လက်ရွေးစင် အသင်းပွဲစဉ်ကို အားပေးချင်ရင် အရင်လိုအိမ်ကနေ အားပေးလို့ မရတော့ဘူးပေါ့။ Skynet ရှိတဲ့ လက်ဖက်ရည်ဆိုင် ပြေးရတော့မှာပေါ့။ ပရိသတ်တွေအတွက် အခက်အခဲဖြစ်စေပါတယ် ”ဟု လမ်းမတော်မြို့နယ်တွင် နေထိုင်သူ ကိုအောင်ဌေးက ပြောသည်။

လက်ရှိ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ ခြေစွမ်းပိုင်းအနေအထားသည်လည်း ပရိသတ်အကြိုက် စွဲမက်ဖွယ် မရှိသေးသည့်အပြင် အရှုံးရလဒ်များသာ များနေသည်။ ၎င်းအခြေအနေတွင် မြန်မာအသင်း၏ ပွဲစဉ်များအား အခပေးရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခြင်းသည် ပရိသတ်များ၏ စိတ်ဝင်စားမှုအား ပြန်လည်မြင့်တက်ရန် ဆွဲဆောင်ရာတွင် အခက်အခဲ ဖြစ်စေမည်ဖြစ်ကြောင်း လေ့လာသူများနှင့် ပရိသတ်များကလည်း သုံးသပ်ကြသည်။

လက်ရွေးစင်အသင်းသည် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှု မရရှိသေးသည့် အတွက် ပြည်တွင်း၌ပြုလုပ်သည့် ပွဲစဉ်များ၌လည်း ကွင်းအတွင်းသို့ လာရောက်အားပေးသည့် ပရိသတ်များလျော့ကျ လျက်ရှိနေကြောင်း စမ်းချောင်းမြို့နယ်တွင် နေထိုင်သည့် မြန်မာအသင်းပရိသတ် ကိုဘိုဘိုက ဆိုသည်။

ယခင်က ပြည်တွင်း၌ပြုလုပ်ခဲ့သည့် မြန်မာအသင်း၏ နိုင်ငံတကာပြိုင်ပွဲများ၊ ခြေစမ်းပွဲများကို အခမဲ့ရုပ်သံလိုင်းများဖြစ်သည့် MRTV, MRTV-4 နှင့် Channel 7 ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

# ရတနာပုံနည်းပြ ၂၀၁၃ တွင် အသင်းနှင့် ပထမဆုံးလမ်းခွဲသောနည်းပြဖြစ်နိုင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ-၃၀**



မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ချန်ပီယံဟောင်း ရတနာပုံအသင်းသည် ၂၀၁၃ ဘောလုံးရာသီ အစပိုင်းတွင် ရလဒ်များ ဆိုးရွားမှုကြောင့် အသင်းနည်းပြချုပ်ဖြစ်သူ ဘောရစ်ဘက်ဂျက်အား စာချုပ်ဖျက်သိမ်းရန် စီစဉ်လျက်ရှိပြီး ၎င်း၏နေရာတွင် ဝါရင့်ကစားသမား အောင်ကျော်မိုးအား ကစားသမားနှင့်နည်းပြအဖြစ် ယာယီခန့်အပ်တာဝန်ပေးခဲ့ကြောင်း သတင်းရရှိသည်။

"ရတနာပုံအသင်းအတွက် ပြည်ပ နည်းပြသစ်တစ်ဦးကို အမြန်ဆုံးခန့်အပ်နိုင်ဖို့ စီစဉ်နေပါတယ်။ နည်းပြသစ် မရောက်မီ ကာလအထိ ဝါရင့်ကစားသမား တစ်ဦးဖြစ်တဲ့ အောင်ကျော်မိုးက အသင်းကို ကစားသမား/နည်းပြ အဖြစ်နဲ့ ယာယီတာဝန်ယူသွားမှာပါ "ဟု အသင်းတာဝန်ရှိ တစ်ဦးက ဇန်နဝါရီလ ၃၀ ရက်တွင် ပြောသည်။

ယခုနှစ် ဘောလုံးရာသီအတွက် ပြင်ဆင်မှုများစွာပြုလုပ်ထားသော ချန်ပီယံဟောင်း ရတနာပုံအသင်းသည့် မြန်မာလိဂ်ပွဲစဉ်(၄)အပြီးတွင် ရမှတ်လေးမှတ်ရရှိထားကာ အမှတ်ပေးဇယား အဆင့်(၈) နေရာ၌ ရပ်တည်နေသည်။ ဟံသာဝတီအသင်းကို အနိုင်ရရှိခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းနှင့် သရေကျကာ ဆောက်သမ်းမြန်မာ၊ ဇွဲကပင်အသင်းတို့အား ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။

အသင်း၏ လက်ထောက်နည်းပြ ဦးဇော်လေးအောင်သည် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ အရေးယူမှုခံထားရပြီး ဂိုးနည်းပြ ဦးအောင်ကျော်ထူးသည်လည်း အသင်းမှတစ်လ အနားပေးထားသည့်အတွက် ဝါရင့်အား ကစားသမား တစ်ဦးအား ယခုကဲ့သို့ တာဝန်ပေးအပ်ခြင်းဖြစ်ကြောင်း ရတနာပုံအသင်းတာဝန်ရှိသူက ဆိုသည်။

"နည်းပြသစ်မရောက်မချင်းကိုအောင်ကျော်မိုးက ကစားသမားနဲ့ နည်းပြအဖြစ် တာဝန်ယူနေမှာပါ၊ နည်းပြဘောရစ်ဘက်ဂျက်ကို အသင်းက စာချုပ်ချုပ်ဆိုထားတာ တစ်နှစ်ပါ၊ သူနဲ့ စာချုပ်ဖျက်သိမ်းဖို့အတွက် ညှိနှိုင်းနေဆဲပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၀၉၊ ၂၀၁၀ မြန်မာနေရှင်နယ်လိဂ် ၂ နှစ်ဆက် ချန်ပီယံဟောင်း ရတနာပုံအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းအောင်မြင်မှုအတွက် ပြည်တွင်းလက်ရွေးစင် အဆင့်ကစားသမားများ၊ ဘရာဇီး၊ ခရိုအေးရှား၊ ဩစတြေးလျနိုင်ငံတို့မှ ကစားသမားများကိုလည်း ခေါ်ယူအားဖြည့်ထားသည်။

ယခုနှစ် ဘောလုံးရာသီအစတွင်မှ ဆားဗီးယားနည်းပြ ဘောရစ် ဘက်ဂျက်အား နည်းပြချုပ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ပွဲစဉ်လေးပွဲ ကစားပြီးချိန်တွင် ရလဒ်များ ဆိုးရွားမှုကြောင့် အသင်းနှင့်လမ်းခွဲရန် စီစဉ်ခြင်း ဖြစ်သည်။

# ပရိသတ်များကြောင့် ဇေယျာရွှေမြေနှင့် နေပြည်တော်အသင်း ဒဏ်ရိုက်ခံရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဇန်နဝါရီ-၃၀**

အိမ်ကွင်းပွဲစဉ်များတွင် ပရိသတ်များက ကွင်းအတွင်းသို့အရာဝတ္ထုများဖြင့် ပစ်ပေါက်မှုကြောင့် ဇေယျာရွှေမြေအသင်းနှင့် နေပြည်တော်အသင်းတို့အား ဘောလုံးအဖွဲ့ချုပ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဒဏ်ငွေကျပ်ငါးသိန်းစီ ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် (၄) အဖြစ် ဇန်နဝါရီ ၂၆ ရက်က မုံရွာကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဇေယျာရွှေမြေနှင့် ရန်ကုန် ယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် ပွဲချိန်အတွင်း ဇေယျာရွှေမြေပရိသတ်များသည် ပြိုင်ပွဲယှဉ်ပြိုင်နေသည့် ကွင်းအတွင်းသို့ အရာဝတ္ထုများဖြင့် ပစ်ပေါက်ခဲ့သည့်အတွက် ပြိုင်ပွဲကို နှစ်ကြိမ်ရပ်နားခဲ့ရသည်။

အဆိုပါရက်၌ပင် နေပြည်တော်(ပေါင်းလောင်းကွင်း) တွင် ကျင်းပခဲ့သည့် နေပြည်တော်နှင့် ဟံသာဝတီ အသင်းတို့ ပွဲစဉ်တွင်လည်း နေပြည်တော်အသင်း ပရိသတ်များသည် ကွင်းအတွင်းသို့ အရာဝတ္ထုများဖြင့် ပစ်ပေါက်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်များ အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည်ဇေယျာရွှေမြေနှင့် နေပြည်တော် အသင်းတို့အား ဒဏ်ကြေးငွေကျပ်ငါးသိန်းစီ ပေးဆောင်ရန်နှင့် နောင်တွင် ကျင်းပပြုလုပ်မည့် အိမ်ကွင်းပွဲစဉ်များ၌ ယခုထက်ပိုမို၍ လုံခြုံရေးအလေးပေးဆောင်ရွက်ရန် သတိပေးခဲ့ကြောင်းအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

ဇန်နဝါရီ ၃၀ ရက်က ပြုလုပ်ခဲ့သော စည်းကမ်းထိန်းသိမ်းရေးကော်မတီအစည်းအဝေးတွင် နေပြည်တော်-ဟံသာဝတီအသင်းပွဲချိန်အတွင်း၌ ကွင်းအတွင်းသို့ဝင်ရောက်စောဒကတက်ခဲ့သည့် ဟံသာဝတီအုပ်ချုပ်သူ ဦးထွန်းထွန်းလင်းအား အနီးကပ်ဆုံးပြိုင်ပွဲတွင် ကွင်းအတွင်းသို့ ဝင်ရောက်ကြီးကြပ်ခွင့်မပြုရန်နှင့် ဒဏ်ကြေးငွေကျပ်သုံးသိန်း ပေးဆောင်ရန်လည်း ပြစ်ဒဏ်ချမှတ်ခဲ့သည်။





## မန်ယူ–အဲဗာတန်၊ လာဇီယို–နာပိုလီနဲ့ ရီးရဲလ်–ဆီဗီလာ
## ပွဲကောင်းတွေ ကြည့်ရမယ့် ဥရောပလိဂ်ပွဲစဉ်များ

**ကိုအေးမြတ်**

ဒီတစ်ပတ်ရဲ့ ဥရောပလိဂ်ပွဲစဉ်တွေထဲမှာတော့ ပရီးမီးယားလိဂ်မှာ ဇယားထိပ်က မန်ယူတို့ သတိထားကစားရမယ့် အဲဗာတန်နဲ့ပွဲ၊ လန်ဒန်အသင်းတွေ ဖြစ်တဲ့ ချယ်လ်ဆီး၊ စပါးတို့ရဲ့ အိမ်ကွင်းပွဲတွေကို စောင့်ကြည့်ကြရပါမယ်။ အီတလီစီးရီးအေပွဲတွေထဲမှာတော့ ဇယားမှာ ဒုတိယနဲ့ တတိယနေရာတွေကနေ ရပ်တည်နေတဲ့ လာဇီယို- နာပိုလီပွဲက စိတ်ဝင်စားစရာ ဖြစ်လာမှာပါ။ စပိန်ပွဲတွေမှာတော့ ထိပ်ဆုံးဘာကာတို့ အမှတ်ဖြတ်ထားတယ် ဆိုပေမယ့် ရီးရဲလ်-ဆီဗီလာပွဲ၊ အဝေးကွင်းမှာ ဗယ်လီကာနိုနဲ့ ရင်ဆိုင်ရမယ့် အက်သလက်တီကိုပွဲတွေက စိတ်ဝင်စားစရာဖြစ်လာမှာပါ။

**ပရီးမီးယားလိဂ်**

**<u>၉၊ ဖေဖော်ဝါရီ၊ စနေ။</u>**

**စပါး-နယူးကာဆယ်**

**(ည ၇း၁၅ နာရီ)**

ပကျော့ရလဒ် (၁-၂)

စပါးတို့ အိမ်ကွင်းအားသာချက်နဲ့ ဖိကစားဖို့ များပါတယ်။ နယူးကာဆယ် နိုင်ခြေနည်းပြီး စပါးတို့ကပဲ ဂိုးအနည်းနဲ့ ကပ်နိုင်သွားပါလိမ့်မယ်။ သရေဖြစ်နိုင်ခြေနည်းပါတယ်။

**ချယ်လ်ဆီး-ဝီဂန်**

**(ည ၉း၃၀ နာရီ)**

ပကျော့ရလဒ် (၁-၂)

နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ ချယ်လ်ဆီးပဲ နိုင်ထားတာဖြစ်ပြီး တစ်ကြိမ်တော့ သရေကျထားတယ်။ ချယ်လ်ဆီး အိမ်ကွင်းနိုင်ပွဲများနေတဲ့အတွက် ဝီဂန်တို့ သရေရရင်တောင် ကျေနပ်ရမှာပါ။ ချယ်လ်ဆီးကပဲ နှစ်ဂိုးလောက် ရသွားမယ့်ပွဲဖြစ်ပါတယ်။

**ဆန်းဒါးလန်း-အာဆင်နယ်**

**(ည ၉း၃၀ နာရီ)**

ပကျော့ရလဒ် (၀-၀)

ဆန်းဒါးလန်းဟာ အာဆင်နယ်အတွက် ခက်ခဲတဲ့ အသင်းတစ်သင်း ဖြစ်နေပါတယ်။ လိဂ်ရဲ့ နောက်ပိုင်းပွဲတွေမှာ အာဆင်နယ်တို့ ခြေမမှန်သလို ဖြစ်နေတာကြောင့် ဒီအဝေးကွင်းပွဲမှာ သရေကျဖို့ များနေပါတယ်။ အာဆင်နယ် အလွန်ဆုံး တစ်ဂိုးအသာနဲ့သာ ကပ်နိုင်ဖို့ ရှိနေပါတယ်။

**<u>၁၀၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ။</u>**

**မန်ယူ-အဲဗာတန်**

**(ည ၁၀း၃၀ နာရီ)**

ပကျော့ရလဒ် (၀-၁)

မန်ယူတို့ အိမ်ကွင်းနိုင်ပွဲရဖို့ တော်တော်ကြိုးစားရပါမယ်။ အဲဗာတန်တို့ ဒီရာသီ အဝေးကွင်းခြေစွမ်းကောင်းမွန်ပြီး သရေပွဲတွေများနေတာကြောင့် မန်ယူသတိထားရမယ်။ မန်ယူ ကပ်နိုင်ဖို့ပဲ ရှိပါတယ်။

**စီးရီးအေ**

**<u>၉၊ ဖေဖော်ဝါရီ၊ စနေ။</u>**

**ဂျူဗင်တပ်-ဖီအိုရင်တီးနား**

**(ည ၁၁း၃၀ နာရီ)**

ပကျော့ရလဒ် (၀-၀)

ပထမအကျော့တုန်းကလို ဂျူဗီတို့ မထင်မှတ်ဘဲ သရေမကျဖို့ ကြိုးစားသွားရပါမယ်။ ဂျူဗီ အိမ်ကွင်းမှတ်တမ်းကောင်းရှိနေပြီး အဝေးကွင်းညံ့တဲ့ ဖီအိုရင်တီးနားကို နိုင်ဖို့များနေပါတယ်။ ဂိုးနည်းမယ့်ပွဲဖြစ်ပါတယ်။

**<u>၁၀၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ။</u>**

**လာဇီယို-နာပိုလီ**

**(နံနက် ၂း၁၅ နာရီ)**



ပကျော့ရလဒ် (၀-၃)

ပထမအကျော့ နာပိုလီအိမ်ကွင်းမှာ လာဇီယိုတို့ ဂိုးပြတ်ရှုံးထားတာ မေ့လို့မရပါဘူး။ လာဇီယို ဒီနောက်ပိုင်း ရှုံးပွဲတချို့ ကြုံလာပေမယ့် စီးရီးအေရဲ့ အိမ်ကွင်းနိုင်ပွဲ အများဆုံးအသင်းအဖြစ် ရပ်တည်နေဆဲဖြစ်ပါတယ်။ အိမ်ရှင်တို့ကပဲ နှစ်ဂိုးလောက် (သို့မဟုတ်) အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်သွားတာမျိုး ဖြစ်လာပါလိမ့်မယ်။

**<u>၁၁၊ ဖေဖော်ဝါရီ၊ တနင်္လာ။</u>**

**အင်တာ-ချီယေဗို**

**(နံနက် ၂း၁၅ နာရီ)**

ပကျော့ရလဒ် (၂-၀)

အင်တာတို့ အိမ်ကွင်း အမှတ်ရနိုင်တဲ့ပွဲ ဖြစ်ပါတယ်။ ဒီနောက်ပိုင်း သရေပွဲတွေ များလာနေပေမယ့် အင်တာ ကပ်နိုင်ခြေရှိနေပါတယ်။ ဂိုးနည်းပါမယ်။

**လာလီဂါ**

**<u>၁၀၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ။</u>**

**ရီးရဲလ်-ဆီဗီလာ**

**(နံနက် ၃း၃၀ နာရီ)**

ပကျော့ရလဒ် (၀-၁)

ရီးရဲလ်တို့ အိမ်ကွင်းနိုင်ပွဲတွေ ဆက်တိုက်လိုနေပါတယ်။ ဆီဗီလာနဲ့တွေ့တိုင်း ရီးရဲလ် အိမ်ကွင်းမှတ်တမ်းကောင်းပါတယ်။ အိမ်ရှင် ရီးရဲလ်ဘက်က နှစ်ဂိုးလောက်နဲ့ နေသင့်တယ်။ အပြန်အလှန် သွင်းဂိုးတွေနဲ့ ရီးရဲလ် နိုင်မယ်။

**ဘာစီလိုနာ-ဂီတာဖေး**

**(ညနေ ၅း၃၀ နာရီ)**

ပကျော့ရလဒ် (၄-၁)

ဘာကာတို့ အိမ်ကွင်းနိုင်ပွဲ ရနိုင်ခြေရှိတဲ့ပွဲပါ။ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်မှာ ဘာကာ လေးကြိမ်နိုင်၊ ဂီတာဖေး တစ်ကြိမ်သာ နိုင်ထားတာပါ။ ဘာကာ မထင်မှတ်ဘဲ ဂိုးများနိုင်ပြီး နှစ်ဂိုးအသာလောက်ရမယ့်ပွဲပါ။

**ဗယ်လီကာနို-**
**အက်သလက်တီကိုမက်ဒရစ်**

**(နံနက် ၂း၃၀ နာရီ)**

ပကျော့ရလဒ် (၃-၄)

အက်သလက်တီကိုတို့ ကြောက်စရာမလိုတဲ့ပွဲပါပဲ။ ဇယားမှာ ကပ်လိုက်နေတဲ့ ရီးရဲလ်ကို အမှတ်ဖြတ်နိုင်ဖို့ အက်သလက်တီကို အိမ်ကွင်းမှာ အနိုင်ကန်သွားမှာပါ။ တွေ့ဆုံထားမှုပုံစံတွေအရ နှစ်ဖက်သွင်းဂိုး များနိုင်ပြီး ညွှဲ့သည် အက်သလက်တီကိုပဲ ကပ်နိုင်မှာပါ။

## တယ်ရီဆက်ဆနာ အသင်းနှင့် မြန်မာလိဂ် သုံးသင်း ခြေစမ်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ -၃၀**

ထိုင်းပရီးမီးယားလိဂ်ထိပ်တန်းကလပ်တယ်ရီဆက်ဆနာအသင်းသည် ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း၌ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းသုံးသင်းနှင့် ရန်ကုန်နှင့် မန္တလေးမြို့များတွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တယ်ရီဆက်ဆနာ အသင်းသည် ဖေဖော်ဝါရီလ ၁၂၊ ၁၄၊ ၁၆ ရက်များတွင် ရတနာပုံ၊ ရောဝတီယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက် အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမပွဲစဉ်ဖြစ်သည့် ရတနာပုံအသင်းနှင့် ခြေစမ်းပွဲအား မန္တလေးမြို့၊ ဗထူးကွင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ကျန်ပွဲစဉ်နှစ်ပွဲအား ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းတွင်ကျင်းပမည်ဖြစ်သည်။

အဆိုပါ ထိုင်းပရီးမီးယားကလပ်သည် ပြီးခဲ့သည့်နှစ်ကလည်း မြန်မာနိုင်ငံသို့ ခြေစမ်းပွဲများ လာရောက်ကစားဖူးခဲ့သည်။ တယ်ရီဆက်ဆနာအသင်းသည် ၂၀၁၂ ထိုင်းပရီးမီးယားလိဂ်တွင် အဆင့် (၃) ရရှိခဲ့သည့်အသင်းဖြစ်ပြီး လာမည့် မတ်လ ၂ ရက်တွင် စတင်မည့် ၂၀၁၃ ထိုင်းပရီးမီးယားလိဂ်ပြိုင်ပွဲမတိုင်မီ မြန်မာနိုင်ငံသို့ ခြေစမ်းပွဲများ လာရောက်ကစားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ထိုင်းပရီးမီးယားကလပ်တယ်ရီဆက်ဆနာအသင်းပိုင်ရှင် ဘရိုယန်မာကာမှာ မြန်မာလူမျိုးတစ်ဦးဖြစ်ပြီး ယခုခြေစမ်းခရီးစဉ်သို့ ၎င်းကိုယ်တိုင်လိုက်ပါလာမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါခြေစမ်းပွဲများ၏ ကွင်းဝင်ကြေးများမှာ အထူးတန်း ကျပ် ၁,၀၀၀ နှင့် ရိုးရိုးတန်း ကျပ် ၅၀၀ သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013



# ပြင်သစ်သမ္မတ မာလီနိုင်ငံသို့ ရောက်ရှိ

**ဘာမာကို၊ဖေဖော်ဝါရီ-၂**

ပြင်သစ်ဦးဆောင်သော တပ်ဖွဲ့များက မာလီနိုင်ငံမြောက်ပိုင်း အစ္စလာမ်မစ်သူပုန်များ၏ နောက်ဆုံး အမာခံနယ်မြေတွင် လုံခြုံမှုရရှိရန် လုပ်ဆောင်နေစဉ်အတွင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒီသည် မာလီနိုင်ငံသို့ ရောက်ရှိလာသည်။

ပြင်သစ်သမ္မတက မာလီနိုင်ငံတွင် ကြားဝင်ကိုင်တွယ်ရန် လွှန်ခဲ့သော ရက်သတ္တသုံးပတ်က ဆုံးဖြတ်ခဲ့ပြီး ပြည်တွင်း၌လည်း ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှု ရရှိခဲ့သည်။ ပြင်သစ်သမ္မတသည် ပြင်သစ်၏ ကိုလိုနီဟောင်းနိုင်ငံမှ အစွန်းရောက်အစ္စလာမ်မစ်များကို တွန်းလှန်ခဲ့သောပြင်သစ်တပ်ဖွဲ့များအား အားပေးရန်နှင့် ယင်းတို့နေရာတွင် အာဖရိကတပ်ဖွဲ့များနှင့် အလျင်အမြန်အစားထိုးရေး တွန်းအားပေးရန် မာလီနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

"တပ်ဖွဲ့ဝင်တွေအတွက် ကျွန်တော်တို့အားလုံးက ထောက်ခံကြောင်း၊ အားပေးကြောင်းနဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားဖို့ရာ ကျွန်တော် မာလီနိုင်ငံကို သွားတာပါ"ဟု မစ္စတာဟော်လန်ဒီက ပထမတစ်ရက်တွင် ပြောကြားသည်။

မာလီနိုင်ငံအလယ်ပိုင်း ဆာဗာရီမြို့သို့ပြင်သစ်သမ္မတ ရောက်ရှိလာစဉ် မာလီနိုင်ငံ ယာယီသမ္မတ ဒီယွန်လွန်ဒါထရာအိုရီက ကြိုဆိုခဲ့သည်။ ခေါင်းဆောင်နှစ်ဦးသည် မြို့တော်ဘာမာကိုတွင် နေ့လယ်စာစားရင်း ဆွေးနွေးမှုများ ပြုလုပ်ကြမည်ဖြစ်ကာ သမိုင်းဝင်တင်ဘွတ်ကုမြို့ရှိ တပ်ဖွဲ့ဝင်များထံသို့လည်း သွားရောက်လည်ပတ်မည်ဖြစ်သည်။

*—Ref: France 24*



Photo - AFP

# ဒုံးကျည်များထားရှိရာ ဆီးရီးယားအဆောက်အအုံများကို အစ္စရေးတိုက်ခိုက်ခဲ့ကြောင်း အမေရိကန်အရာရှိပြောကြား

**ဝါရှင်တန်၊ ဖေဖော်ဝါရီ-၂**

ဆီးရီးယားနိုင်ငံ ဒမတ်စကပ်စ်မြို့ ဆင်ခြေဖုံး စစ်ဘက်စခန်းရှိ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များကို အစ္စရေးက ယခုရက်သတ္တပတ်အတွင်း လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်းနှင့် အဆိုပါ ဒုံးကျည်များ ဟစ်ဇ်ဘိုလာအုပ်စုသို့ လွှဲပြောင်းပေးမည်ကို အစ္စရေးက စိုးရိမ်ခဲ့ကြောင်း အမေရိကန်အရာရှိတစ်ဦးက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားသည်။

ဇန်နဝါရီ ၃၀ ရက် လေကြောင်းတိုက်ခိုက်မှုတွင် အစ္စရေးစစ်လေယာဉ်များသည် လက်ဘနွန်နယ်စပ်အနီး လက်နက်သယ်ယာဉ်တန်းနှင့် ဒမတ်စကပ်စ်မြို့ပြင်ပ စစ်စခန်းတစ်ခုကို ပစ်မှတ်ထားခဲ့ဖွယ်ရှိကြောင်း စောစောပိုင်း သတင်းများက ခန့်မှန်းခဲ့သည်။

သို့သော် အမေရိကန်အရာရှိက တစ်နေရာတည်းတွင်သာ တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ကြောင်း ပြောကြားသည်။

"အဲဒါဟာ ဒမတ်စကပ်စ်မြို့ဆင်ခြေဖုံးဒေသမှာပါ"ဟု အမည်မဖော်သော အရာရှိက အေအက်ဖ်ပီသတင်းဌာနအား ပြောသည်။

အစ္စရေးလေယာဉ်များက ယာဉ်များပေါ်တွင်တင်ထားသော မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များကို ပစ်မှတ်ထားခဲ့ကြောင်းနှင့် ယင်းတို့မှာ ရုရှားနိုင်ငံလုပ် SA-17 လေယာဉ်ပစ် ဒုံးကျည်များဖြစ်သည်ဟု ယုံကြည်ရကြောင်း ကန်အရာရှိက ဆက်လက်ပြောသည်။

ဆီးရီးယားအစိုးရက အစ္စရေးသည် စစ်ဘက်သုတေသနစင်တာတစ်ခုအား ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း စွပ်စွဲပြီး ယင်းကိစ္စအပေါ် လက်တုံ့ပြန်မည်ဟု ခြိမ်းခြောက်ထားသည်။ အစ္စရေးနိုင်ငံကမူ ယင်းကိစ္စကို ရေငုံနှုတ်ပိတ်နေသည်။

*—Ref: AFP*

# ကိုင်ရိုမြို့ ဆန္ဒပြမှုများအတွင်း လူတစ်ဦးသေဆုံးပြီး ၃၀ ကျော် ဒဏ်ရာရ

**ကိုင်ရို၊ဖေဖော်ဝါရီ-၂**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ သမ္မတနန်းတော် ပြင်ပတွင် ဖြစ်ပေါ်ခဲ့သည့် ကန့်ကွက်ဆန္ဒပြမှုများ၌ လူတစ်ဦးသေဆုံးပြီး ၃၂ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

အဓိကရုဏ်းရဲများနှင့် ဖြစ်ပေါ်သည့် တိုက်ခိုက်မှုများတွင် အသက် ၂၃ နှစ်အရွယ် ဆန္ဒပြသူမှာ ရင်ဘတ်၌ ဒဏ်ရာများရရှိခဲ့ပြီး ယင်းဒဏ်ရာများကြောင့် ဆေးရုံတွင် သေဆုံးသွားကြောင်း လူနာတင်ယာဉ်အဖွဲ့ ဒုတိယအကြီးအကဲ အာမက်အယ်လ်အန်ဆာရီက ပြောကြားသည်။ အခြားလူ ၃၂ ဦး ကိုလည်း ဒဏ်ရာအမျိုးမျိုးဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း ၎င်းကဆက်လက်ပြောသည်။

ကိုင်ရိုမြို့ အယ်လ်အီတီဟာဒီယား သမ္မတနန်းတော် ပြင်ပတွင်ဖြစ်ပေါ်ခဲ့သော ရုန်းရင်းဆန်ခတ်မှုများအတွင်း ကန့်ကွက်ဆန္ဒပြသူ ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်ဟု အစောပိုင်းသတင်းများက ဆိုသည်။

ဆန္ဒပြသူပေါင်း ၅၀ ခန့်က ရဲတပ်ဖွဲ့များ တားဆီးထားသော နေရာများတွင် ကျောက်ခဲများ၊ ခတ်ဆီပုလင်းဗုံးများဖြင့် ပစ်ဖောက်ပြီး သမ္မတရုံးဝင်းခြံပြင်ပ၌ မီးရှူး မီးပန်းများ ပစ်ဖောက်ပြီးနောက် ရုန်းရင်းဆန်ခတ် အကြမ်းဖက်မှုများ စတင်ခဲ့သည်။

အဓိကရုဏ်း ရဲတပ်ဖွဲ့ကလည်း မျက်ရည်ယိုဗုံးများ၊ မီးသတ်ကား ရေဖျန်းခြင်းများဖြင့် တုံ့ပြန်ခဲ့သည်။ ကျည်ဆန်အစစ်များဖြင့် ပစ်ခတ်ခဲ့၍ ဆန္ဒပြသူတစ်ဦး ၎င်းတို့မျက်စိရှေ့မှာပင် သေဆုံးသွားသည်ဟု မျက်မြင်သက်သေနှစ်ဦးက ရိုက်တာသတင်းဌာနအား ပြောကြားသည်။

*—Ref: Ria Novosti/Reuters*

# ဘာလူစကိုနီအမှု ဆိုင်းငံ့ထားရန် တောင်းဆိုမှု ထပ်မံပယ်ချခံရ

**မီလန်၊ဖေဖော်ဝါရီ-၂**

Midiaset မီဒီယာလုပ်ငန်းအုပ်စု၏ အသံထုတ်လွှင့်မှုဆိုင်ရာ အခွင့်အရေးများကို ဝယ်ယူမှုနှင့် ပတ်သက်သော အခွန်လိမ်လည်မှုကို ဆိုင်းငံ့ထားရန် အီတလီဝန်ကြီးချုပ်ဟောင်း ဆီဗီယိုဘာလူစကိုနီ၏ ရှေ့နေများက တောင်းဆိုမှုကို မီလန်မြို့တရားရုံးတစ်ရုံးက ပယ်ချလိုက်ကြောင်း သိရသည်။ ယင်းအမှုကို ဖေဖော်ဝါရီ ၂၄-၂၅ ရက် ရွေးကောက်ပွဲပြီးဆုံးချိန်အထိ ဆိုင်းငံ့ထားရန် ၎င်း၏ရှေ့နေများက တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ယင်းဆုံးဖြတ်ချက်ကြောင့် ဝန်ကြီးချုပ်ဟောင်းနှင့် ၎င်း၏ အလယ်အလတ်နှင့် ညာယိမ်းပါတီထံမှ အာခံသော တုံ့ပြန်ချက်တစ်ရပ် ထွက်ပေါ်လာခဲ့သည်။ ယင်းမှာ ကျော်မကောင်းကြားမကောင်း ဆုံးဖြတ်မှုဟု ၎င်းတို့က ပြောကြားကြသည်။

"ဒီလို ရယ်စရာကောင်းတဲ့ ကိစ္စတွေမှာ ပိုက်ဆံတွေ ဖြုန်းတီးနေတာ မြင်တွေ့ရတာဟာ ကျွန်တော့်နှလုံးသားကို နာကျင်စေပါတယ်"ဟု တရားရုံးဆုံးဖြတ်ချက်ကို ရည်ညွှန်းရင်း မစ္စတာဘာလူစကိုနီက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အသက် ၇၆ နှစ်အရွယ် မီဒီယာသူဌေးကြီးက ပြီးခဲ့သည့် အောက်တိုဘာလက ၎င်းအား ထောင်လေးနှစ်ချမှတ်ခဲ့သောအမှုအပေါ် အယူခံဝင်နေခြင်းဖြစ်သည်။ ထို့အပြင်ဘာလူစကိုနီသည်အရွယ်မရောက်သေးသူ မိန်းကလေးတစ်ဦးနှင့် ပျော်ပါးမှုကြောင့်လည်း တရားရင်ဆိုင်နေရသည်။ အခွန်လိမ်လည်မှု စစ်ဆေးကြားနာခြင်းကို ဖေဖော်ဝါရီ ၈ ရက်တွင် ဆက်လက်စစ်ဆေးမည်ဖြစ်သည်။

*—Ref: Reuters*



7 DAY NEWS JOURNAL
Vol.11, No.48 • FEBRUARY 7 , 2013

## ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်သီဟာနု ရုပ်ကလာပ်ကို အခမ်းအနားဖြင့် မီးသင်္ဂြိုဟ်

**ဖနွမ်းပင်၊ဖေဖော်ဝါရီ-၄**

ကမ္ဘောဒီးယားအစိုးရသည်မကြာသေးမီက ကံတော်ကုန်သွားခဲ့သောဘုရင်နိုရိုဒွန်သီဟာနု၏ရုပ်ကလာပ်ကို (ဖေဖော်ဝါရီ ၄ ရက်) တနင်္လာနေ့တွင် မီးသင်္ဂြိုဟ်ခဲ့သည်။ တစ်ပတ်ကြာ ကျင်းပခဲ့သည့် ဘုရင်အား နောက်ဆုံးနေ့ဈာပနအခမ်းအနား၌ ပြင်သစ်ဝန်ကြီးချုပ် ယန်းမက်အီရိုးလ်၊ ဂျပန်မင်းသား အကီရှိနိုနှင့် အာဆီယံနိုင်ငံ ခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်သည်။

"ဒီနေ့ဟာ ဘုရင်ကြီးကို နောက်ဆုံးဂါရဝပြုတဲ့နေ့ပါပဲ။ တစ်တိုင်းပြည်လုံးက ဘုရင့်အတွက် နှုတ်ဆက်စကားပြောကြရမယ့်နေ့ပါ။ သူဟာ ကမ္ဘောဒီးယားရဲ့ သူရဲကောင်းဘုရင်တစ်ပါးဖြစ်ပါတယ်"ဟု ဘုရင်သီဟာနု၏ ကိုယ်ရေးအတွင်းဝန် ဆီဆိုဝါ သိုမီကိုကပြောသည်။ ဘုရင်သီဟာနုသည် နိုင်ငံတွင် နှစ်ပေါင်းခြောက်ဆယ်နီးပါး ပြယုဂ်တစ်ခုအဖြစ်ရှိခဲ့ပြီး သက်တော် ၈၉ နှစ်အရွယ်တွင် ဘေဂျင်းမြို့၌ ၂၀၁၂ အောက်တိုဘာလက ကံတော်ကုန်ခဲ့သည်။ ဘုရင်၏ရုပ်ကလာပ်ကို ဖနွမ်းပင်မြို့တော်တွင် အများပြည်သူ ဂါရဝပြုနိုင်ရန်အတွက် နန်းတော်၌ သုံးလကြာ ထားရှိခဲ့ပြီးမှ နိုင်ငံတော်အခမ်းအနားဖြင့် သင်္ဂြိုဟ်ခဲ့ခြင်းဖြစ်သည်။

ဘုရင့်ရုပ်ကလာပ်တော်အား သင်္ဂြိုဟ်ပြီးနောက် ကြွင်းကျန်ရစ်သည့်ပြာများကို မဲခေါင်မြစ်၊ တန်လီဆက်မြစ်နှင့်တန်လီဘက်ဆက်မြစ်များ၌ ရေမျှောသွားမည်ဖြစ်ပြီး အချို့ကိုမူ နန်းတော်တွင်တော်ဝင်မိသားစုပိုင်အဖြစ် ထိန်းသိမ်းပြသသွားမည်ဖြစ်သည်။ *—Ref: AFP*



*ဖေဖော်ဝါရီ ၃ ရက်က ဖနွမ်းပင်မြို့တော်ရှိ တော်ဝင်နန်းတော်ရှေ့၌ နတ်ရွာစံ ဘုရင်ကြီး နိုရိုဒွန် သီဟာနု၏ ရုပ်ပုံများ ကိုင်ဆောင်ကာ ဖူးမြော် ဆုတောင်း နေသည့် ကမ္ဘောဒီးယား ပြည်သူများ*

**Photo - AFP**

## အာဖဂန်သမ္မတနှင့် ပါကစ္စတန်သမ္မတ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် အာဖဂန်ငြိမ်းချမ်းရေး ဆွေးနွေး

**လန်ဒန်၊ ဖေဖော်ဝါရီ-၄**

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းနှင့်ပါကစ္စတန်သမ္မတအဆစ်ဖ်အလီဇာဒါရီတို့သည် လန်ဒန်၌ ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနှင့် အာဖဂန်ငြိမ်းချမ်းရေးကိစ္စ တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။

လန်ဒန်အနီးရှိကင်မရွန်း၏ ချက်ကာ ကျေးလက်အပန်းဖြေစခန်း၌ တွေ့ဆုံမည့် ယင်းထိပ်သီးဆွေးနွေးပွဲတွင် အာဖဂန်နှင့်ပါကစ္စတန် ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန် ဆွေးနွေးမည်ဖြစ်ပြီး လာမည့်နှစ်တွင် နိုင်ငံတကာတပ်ဖွဲ့များ အာဖဂန်မှ ဆုတ်ခွာသွားပါက ပြည်တွင်းစစ်တစ်ရပ် မဖြစ်ပွားရေး တားဆီးရန်လည်း ဆွေးနွေးကြမည်ဖြစ်သည်။ ဗြိတိသျှအစိုးရ၏ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက "ဒီသုံးပွင့်ဆိုင်ဆွေးနွေးမှုဟာ တာလီဘန်တွေအတွက် ရှင်းလင်းပြတ်သားတဲ့ အသိပေးမှုတစ်ရပ်ဖြစ်ပါတယ်။ အခုအချိန်က အာဖဂန်မှာ လူတိုင်းအတွက် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ဖို့ အချိန် ဖြစ်ပါတယ်"ဟု ပြောသည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် ချက်ကာ အပန်းဖြေစခန်း၌ ဧည့်သည်တော် သမ္မတနှစ်ဦးအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အသေးစိတ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ဗြိတိန်သည် အာဖဂန်နစ္စတန်တွင် တပ်ဖွဲ့ဝင် ၉,၀၀၀ ခန့် ကျန်ရှိနေပြီး ၂၀၁၄ ခုနှစ်တွင် ဆုတ်ခွာရန် ပြင်ဆင်ထားသည်။

*—Ref: AFP*

## လူထုမြင်ကွင်းတွင်ပျောက်နေသော ဖီဒယ်ကက်စထရို ကျူးဘားရွေးကောက်ပွဲတွင် မဲပေး

**ဟာဗားနား၊ ဖေဖော်ဝါရီ-၄**

ရာထူးမှ အနားယူသွားပြီဖြစ်သော ကျူးဘားခေါင်းဆောင် ဖီဒယ်ကက်စထရိုသည် ဖေဖော်ဝါရီ ၃ ရက်က ကျူးဘားအထွေထွေရွေးကောက်ပွဲတွင် မဲပေးခဲ့ပြီး ၎င်းအား လာရောက်တွေ့ဆုံသူများ၊ သတင်းထောက်များနှင့် တစ်နာရီကျော် စကားစမြည်ပြောဆိုခဲ့သည်။ ယင်းမှာ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း မစ္စတာ ကက်စထရို ပထမဆုံးအကြိမ်လူထုရှေ့မှောက်သို့ ထွက်လာခြင်း ဖြစ်သည်။

မစ္စတာကက်စထရိုသည် ၂၀၀၆ ခုနှစ်က နာမကျန်းဖြစ်ပြီးနောက် ၂၀၀၈ ခုနှစ်တွင် ၎င်း၏ ညီဖြစ်သူ ရာဟူးလ်ကက်စထရိုအား အာဏာလွှဲပြောင်း ပေးပြီးချိန် နောက်ပိုင်း ကျင်းပသည့် အထွေထွေ ရွေးကောက်ပွဲသုံးကြိမ်လုံးလုံး နေအိမ်မှသာ မဲပေးခဲ့သည်။

ဆွတ်ဆွတ်ဖြူနေသော ပါးသိုင်းမွေးနှင့် ခါးအနည်းငယ်ကိုင်းနေသော မစ္စတာကက်စထရို(၈၆ နှစ်) သည် အပြာရောင်အကျႌကွက်နှင့် ပေါ့ပါးသော အပေါ်ဂျာကင်ဝတ်ဆင်ထားပြီး နေ့လယ်ပိုင်းတွင် မဲထည့်ခဲ့ပုံကို နိုင်ငံတော် ရုပ်သံက ပြသခဲ့သည်။

မစ္စတာကက်စထရိုသည် ကျူးဘား စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ လက်တင်အမေရိကနိုင်ငံများ ပေါင်းစည်းရေး၊ ဗင်နီဇွဲလားသမ္မတ ဟူဂိုချားဗက်စ်အကြောင်းနှင့် အခြားအကြောင်းအရာများ ပြောဆိုခဲ့သည်ဟု သတင်းကြေညာသူက ပြောကြားသည်။

ရွေးကောက်ပွဲတွင် လူအများက သောင်းသောင်းဖြဖြ ပါဝင်ကြခြင်းကိုလည်း မစ္စတာကက်စထရိုက အသံတိုးညင်းစွာဖြင့် ချီးကျူးစကား ပြောကြားသည်။

"ပြည်သူတွေက တကယ်ကို တော်လှန်ရေး စိတ်ဓာတ်ရှိကြပါပေတယ်။ သူတို့တကယ်ပဲကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြတယ်။ ဒါကို ငါတို့ သက်သေပြဖို့ မလိုဘူး။ သမိုင်းက သက်သေပြလိမ့်မယ်။ နှစ်ပေါင်း ၅၀ ပိတ်ဆို့ တားဆီးမှုတွေ လုပ်ထားတာတောင် ငါတို့အလျှော့မပေးခဲ့ဘူး" ဟု ကျူးဘားတော်လှန်ရေး ခေါင်းဆောင်က ပြောကြားသည်။

—Ref: Reuters




**Photo - AFP**

*ကျူးဘားမြို့တော် ဟာဗားနားတွင် မဲရုံတစ်ခု၌ မဲပေးပြီးနောက် မီဒီယာနှင့် စကားပြောနေသော သမ္မတဟောင်း ဖီဒယ်ကက်စထရိုကို တွေ့ရစဉ်*

နောက်ကျောဖုံး မှ

### အမျိုးသမီးများအားအဓမ္မပြုသူများကို သေဒဏ်စီရင်နိုင်သော ဥပဒေ အိန္ဒိယပြဋ္ဌာန်းရန် စီစဉ်

တစ်သက်တစ်ကျွန်း ပြစ်ဒဏ်အထိကျခံစေရန် ပြဋ္ဌာန်းထားသည်။ အစိုးရအဖွဲ့သည်ဥပဒေသစ်တွင် အမျိုးသမီးများအား စော်ကားမှုအမျိုးအစားများတွင် ချောင်းကြည့်ခြင်း၊ နောက်ယောင်ခံလိုက်ခြင်း စသည့်အပြုအမူများကိုပါထည့်သွင်းသွားမည်ဟုသိရသည်။

အိန္ဒိယနိုင်ငံတွင် လက်ရှိဥပဒေများအရ သေဒဏ်ချမှတ်ခြင်းများမရှိဘဲ အဓမ္မမှုကျူးလွန်မှုများအပေါ် ပြစ်ဒဏ်မှာလည်း ထောင်ဒဏ်ခုနစ်နှစ်မှ ၁၀ နှစ်အထိသာ ချမှတ်နိုင်သေးသည်။ အိန္ဒိယသည် နှစ်များစွာအတွင်း ရှားပါးသေဒဏ်ချမှတ်မှုအဖြစ် ၂၀၀၈ မွမ်ဘိုင်းတိုက်ခိုက်မှုတွင် ပါဝင်ခဲ့သောသေနတ်သမားတစ်ဦးကိုသာ မကြာသေးမီက သေဒဏ်ပေးခဲ့ရာ ယင်းမှာ တိုင်းပြည်၏ ရှစ်နှစ်တာကာလအတွင်း ပထမဆုံး သေဒဏ်ပေးမှုဖြစ်ခဲ့သည်။

*—Ref: AFP*

## ဩစတြေးလျအာဏာရ လေဘာပါတီ ရွေးကောက်ပွဲ ရှုံးနိမ့်ရန် အလားအလာရှိနေဟု စစ်တမ်းများတွင် ဖော်ပြ

**ဆစ်ဒနီ၊ ဖေဖော်ဝါရီ-၄**

ဩစတြေးလျ၏လက်ရှိအာဏာရလေဘာပါတီသည် ယခုနှစ်အတွင်း ကျင်းပမည့် ရွေးကောက်ပွဲများတွင် အကြီးအကျယ်ရှုံးနိမ့်ရန် ဦးတည်နေကြောင်းလူထုသဘောထားစစ်တမ်းများက ဖော်ပြသည်။

လာမည့် စက်တင်ဘာ ၁၄ ရက်တွင် ရွေးကောက်ပွဲများ ကျင်းပသွားမည်ဟု ဝန်ကြီးချုပ် ဂျူလီယာ ဂေးလာ့ဒ်က မကြာမီက ကြေညာခဲ့ပြီးနောက် ပထမဆုံးအကြိမ် ကောက်ယူသော လူထုသဘောထားစစ်တမ်းများအရလေဘာပါတီမှာအတိုက်အခံ ကွန်ဆာဗေးတစ်ပါတီနောက်တွင် ရောက်ရှိနေသည်ကို တွေ့ရသည်။

သည်ဩစတြေးလျန်း သတင်းစာက ကောက်ယူခဲ့သော စစ်တမ်းတွင် လေဘာပါတီမှာ ထောက်ခံမှု ၃၂ ရာခိုင်နှုန်းသာရှိပြီး အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီမှာ ပြီးခဲ့သည့် သုံးပတ်အတွင်း ၄၈ ရာခိုင်နှုန်းအထိ ရရှိလာသည်။

အဓိက ပါတီကြီးနှစ်ခုအောက်ခြေတွင် ပါတီငယ်များ၏ ညွန့်ပေါင်းအဖွဲ့မှာ လူထုထောက်ခံမှု ၅၆ ရာခိုင်နှုန်းမှ ၄၄ ရာခိုင်နှုန်းအထိ ရောက်ရှိနေသည်။ ဤသည်မှာ လူပေါင်း ၁,၁၆၃ ဦးကိုအခြေခံကာ စစ်တမ်းကောက်ယူထားခြင်းဖြစ်သည်။

ဆစ်ဒနေဒေးလီးတယ်လီဂရပ်သတင်းစာက ကောက်ယူခဲ့သော စစ်တမ်းတစ်ရပ်တွင်လည်း လေဘာပါတီမှာ ပါတီငယ်များ၏ ညွန့်ပေါင်းအဖွဲ့မှာ ထောက်ခံမှု ၅၆ ရာခိုင်နှုန်း ရရှိနေသည်။

ဩစတြေးလျ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ်ဖြစ်သူ ဂေးလာ့ဒ်သည် အစဉ်အလာကို ချိုးဖျက်ကာ လာမည့်စက်တင်ဘာလတွင် ရွေးကောက်ပွဲများကို ဆောလျင်စွာ ကျင်းပသွားမည်ဟု မကြာမီက ထုတ်ပြန်ကြေငြာခဲ့သည်။

ကင်ဘာရာမြို့တွင် ကျင်းပခဲ့သော လေဘာပါတီ အမတ်လောင်းများနှင့် တွေ့ဆုံပွဲ၌ သူမက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးသည် ဦးစားပေးလုပ်ရမည့်အရာဖြစ်ပြီး မဲဆန္ဒရှင်များသည် ယင်းသတင်းစကားကိုကြားလိုနေကြောင်း ပြောကြားခဲ့သည်။

*—Ref: AFP*


Congratulation
Oramin-G
Gold Award Winners
Oramin-G ရဲ့
တစ်စတ်ထားရှေ့ပြား(၁၂၀)
(စုစုပေါင်းရွှေ ဂုဏ်ထူးဆောင်ထား)အတွက်
ထံစမ်းစဲပွဲပွဲအစမ်းအနား
DAEWON PHARM. CO., LTD.
ခန္ဓာထန်စွမ်း စိတ်ရွှင်လန်းဖို့ 'ဩရာမင်–ဂျီ' ကိုသောက်ကြပါစို့


Daktarin
TRADEMARK
(miconazole) oral gel
ဒတ်ခ်တာရင် ကို
လျှာပေါ်မှာ လိမ်းပေးခြင်းဖြင့်
ကလေးငယ်တို့ရဲ့ကျန်းမာ၊
ပျော်ရွှင်သောဘဝကို
ပိုင်ဆိုင်နိုင်ပြီပေါ့...
သင့်ကလေးရဲ့လျှာပေါ်မှာ
မက်ခရု ဖြစ်နေလို့
စိတ်ညစ်မနေပါနဲ့ ...
မိခင်တိုင်းအတွက်မရှိမဖြစ်လိုအပ်တဲ့ လိမ်းဆေးအရသာ
ဒတ်ခ်တာရင် ကလေးလျှာပွတ်လိမ်းဆေး
Daktarin oral gel
10 g gel
JANSSEN-CILAG




**INTERVIEW**

ဥရောပကို လိုအပ်ပါတယ်

အီးယူမှ ဗြိတိန် ထွက်သင့်၊ မထွက်သင့်
ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲနှင့် ဆွေးနွေးခြင်း

စာမျက်နှာ(၄၆)သို့ »

**NEWS ANALYSIS**

တရုတ်နိုင်ငံနှင့်
ကျောက်မီးသွေးသုံးစွဲမှု

စာမျက်နှာ(၃၆)သို့ »





**CAMBODIA**

ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်သီဟာနု ရုပ်ကလာပ်ကို အခမ်းအနားဖြင့် မီးသင်္ဂြိုဟ်

စာမျက်နှာ(၅၄)သို့ »





7 DAY NEWS JOURNAL

Vol.9, No.29 • OCTOBER 7, 2010

# International

Vol.11, No.48 • FEBUARY 7 , 2013


## အစ္စရေးက ဆီးရီးယားကို မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေဟု သမ္မတအာဆတ် ပြောကြား

**မြို့နစ်၊ဖေဖော်ဝါရီ-၄**

အာဏာတည်မြဲရန် ကြိုးစားရုန်းကန်နေရသော ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်က အစ္စရေးနိုင်ငံသည် မိမိတို့နိုင်ငံအား မတည်မငြိမ်ဖြစ်အောင် လုပ်ဆောင်နေသည်ဟု ပြောကြားလိုက်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အစ္စရေးက ဆီးရီးယားနိုင်ငံအား လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီးနောက် မစ္စတာအာဆတ်က ပထမဆုံး တုံ့ပြန်ပြောကြားခြင်း ဖြစ်သည်။

ဆီးရီးယားရုပ်သံကလည်း ဇန်နဝါရီ ၂၈ ရက်တွင် ဂျမ်ရာယာဒေသ၌ အစ္စရေးဂျက်လေယာဉ်များက ဆီးရီးယားစစ်ဘက် သုတေသနစင်တာအား တိုက်ခိုက်နေသည်ဟုဆိုသော ပုံရိပ်များ ထုတ်လွှင့်ပြသခဲ့သည်။

အမေရိကန်အရာရှိများကမူ ယင်းလေကြောင်းတိုက်ခိုက်မှုမှာ

စာမျက်နှာ(၄၅)သို့ »



Photo - EPA

*ဖေဖော်ဝါရီ ၃ ရက်က ဆီးရီးယား၏ အကြီးဆုံးမြို့တော်မှ အဆောက်အအုံတစ်ခုရှေ့၌ ပြေးလွှားနေကြသူများ။ တက်ကြွလှုပ်ရှားသူများက အစိုးရတပ်ဖွဲ့များသည် သူပုန်များရှိနေသော အရှေ့ပိုင်း အန်ဆာရီအရပ်ကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ကလေးငယ် ၅ ဦးအပါအဝင် လူ ၁၁ ဦးခန့် သေဆုံးခဲ့ကြောင်း ပြောကြားသည်။*

## အမျိုးသမီးများအား အဓမ္မပြုသူများကို သေဒဏ်စီရင်နိုင်သော ဥပဒေ အိန္ဒိယပြဋ္ဌာန်းရန် စီစဉ်

**နယူးဒေလီ၊ဖေဖော်ဝါရီ-၄**

အိန္ဒိယသမ္မတ ပရန်နတ်ဘ်မူကာဂျီးသည် အမျိုးသမီးများအား အဓမ္မပြုသူများကို အချို့သော အမှုများတွင် သေဒဏ်အထိ ပေးနိုင်သည့် ဥပဒေသစ်တစ်ရပ်ကို လွှတ်တော်ကို အတည်ပြုပေးပို့လိုက်ကြောင်း သိရသည်။ သမ္မတသည် အဆိုပါ အဓမ္မမှုဥပဒေသစ်ကို အစိုးရအဖွဲ့ဝင် ဝန်ကြီးများက အမျိုးသမီးများအတွက် လုံခြုံရေးတိုးမြှင့်ပေးနိုင်ရန် အပြောင်းအလဲများ ပြုလုပ်သင့်ကြောင်း ပြောကြားပြီး နှစ်ရက်အကြာတွင် ပေးပို့ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယသမ္မတရုံးမှ တာဝန်ရှိသူတစ်ဦးကလည်း "သမ္မတဟာ အမျိုးသမီးတွေအပေါ် ကျူးလွန်တဲ့ပြစ်မှုတွေနဲ့ ပတ်သက်လို့ ဥပဒေပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ပါလီမန်မှာ ဆွေးနွေးပြီးမှသာ ဥပဒေဟာ စတင်သက်ရောက်လာပါလိမ့်မယ်"ဟု ပြောသည်။

ယခုဥပဒေသစ်တွင် အုပ်စုလိုက် အဓမ္မမှု၊ ရဲတပ်ဖွဲ့ဝင် (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးက ကျူးလွန်သော ပြစ်မှုများကို အနိမ့်ဆုံး ပြစ်ဒဏ် ၁၀ နှစ်မှ အနှစ် ၂၀ အထိ ချမှတ်နိုင်ပြီး အယူခံဝင်ခွင့်မရှိဘဲ

စာမျက်နှာ(၅၄)သို့ »

## ပြင်သစ်စစ်လေယာဉ်များ မာလီမြောက်ပိုင်း သူပုန်စခန်းများအား ဗုံးကြဲ

**ပါရီ/ဘာမာကို၊ဖေဖော်ဝါရီ-၄**

ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်ဒီသည် မာလီနိုင်ငံသို့ သွားရောက်လည်ပတ်ပြီး ကယ်တင်ရှင်အဖြစ် ချီးမြှောက်ခံရကာ နောက်တစ်ရက်မှာပင် ပြင်သစ်စစ်လေယာဉ်များသည် နိုင်ငံမြောက်ဖျားရှိ အစ္စလာမ်မစ် စစ်သွေးကြွသူပုန်စခန်းများအား ဗုံးကြဲတိုက်ခိုက်ကြကြောင်း သိရသည်။

ယင်းတိုက်ခိုက်မှုများတွင် ပြင်သစ် လေယာဉ်များသည် အယ်လ်ဂျီးရီးယားနိုင်ငံအနီးတက်ဆာလစ်မြို့ဝန်းကျင်ရှိ အယ်လ်ကိုင်ဒါအဆက်အနွယ် သူပုန်များ၏ လေ့ကျင့်ရေးစခန်းများနှင့် စက်ပစ္စည်းများထားရှိရာ စခန်းများကို ပစ်မှတ်ထားခဲ့ကြောင်း ပါရီမြို့မှ ပြင်သစ်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

"ဒါဟာ အရေးကြီးတဲ့တိုက်ခိုက်မှုတွေဖြစ်ပါတယ်"ဟု မစ္စတာ သီယာရီဘတ်ဟတ်က ရိုက်တာ သတင်းဌာနသို့ ပြောကြားသည်။

တက်ဆာလစ်မြို့မှာ မာလီမြောက်ပိုင်းမြို့တော် ကီဒယ်မှ ၁၂၅ မိုင်ကွာဝေးပြီး မြို့ကြီး၊

စာမျက်နှာ(၄၅)သို့ »

## ပါကစ္စတန်ကျောင်းသူလေး မာလာလာ ဦးခေါင်းခွဲစိတ်ကုသမှု ခံယူပြီးနောက် ပြန်ကောင်းလာ

**လန်ဒန်၊ဖေဖော်ဝါရီ-၄**

မိန်းကလေးငယ်လေးများ ပညာသင်ကြားခွင့်ရရေး လှုံ့ဆော်ခဲ့မှုဖြင့် တာလီဘန်များ၏ သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရသော ပါကစ္စတန်ကျောင်းသူလေး မာလာလာယူဆွတ်ဇိုင်သည် သူမ၏ဦးခေါင်းကို ခွဲစိတ်ကုသမှုအောင်မြင်စွာ ခံယူပြီးနောက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာကြောင်း ဗြိတိသျှဆရာဝန်များက ပြောကြားသည်။

ဗြိတိန်အလယ်ပိုင်း ဘာမင်ဂမ်မြို့ရှိကွင်းအယ်လိဇဘက်ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့သော အသက် ၁၅ နှစ်အရွယ် ကျောင်းသူလေး မာလာလာသည် သူမ၏

စာမျက်နှာ(၄၅)သို့ »




Photo - AFP




၇ ရက် သတင်းဂျာနယ်

7DAY NEWS JOURNAL အချပ်ပို

Vol.11, No.48 • FEBRUARY 7 , 2013

# နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမည့် ပုံစံများကို ရင်းနှီးမြှုပ်နှံမှုကော်မရှင် သတ်မှတ်ထုတ်ပြန်

**ထွန်းခိုင်၊ အေးသူစံ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၄**

စီးပွားရေးလုပ်ငန်း အမျိုးအစား ၂၃၉ မျိုးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမည့် ပုံစံများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC)က ဇန်နဝါရီ ၃၁ ရက်နေ့စွဲဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်လိုက်သည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်ပြီး လုပ်ငန်းအမျိုးအစား ၂၁ မျိုးကို လုပ်ကိုင်ခွင့်ပြုရန် ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်းအဖြစ်လည်းကောင်း၊ ၄၂ မျိုးကို နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအဖြစ်လည်းကောင်း၊ ၁၇၆ မျိုးကို သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေး လုပ်ငန်း အမျိုးအစားအဖြစ်လည်းကောင်း ခွဲခြားသတ်မှတ်ထားသည်။

ခွင့်မပြုသည့် စီးပွားရေး လုပ်ငန်းအမျိုးအစား စာရင်းတွင် ကာကွယ်ရေးဆိုင်ရာလက်နက်ခဲယမ်းမီးကျောက်များ ပစ္စည်းထုတ်လုပ်ခြင်းနှင့် ယင်းနှင့်ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပုံနှိပ်နှင့် အသံလွှင့်မီဒီယာလုပ်ငန်းကိုပူးတွဲလုပ်ကိုင်ခြင်း၊ မြန်မာ အပါအဝင် တိုင်းရင်းသား ဘာသာဖြင့် ထုတ်ဝေသော အချိန်မှန်ထုတ်စာနယ်ဇင်း ပုံနှိပ်ဖြန့်ချိခြင်းများ အပါအဝင်လုပ်ငန်းအမျိုးအစား ၂၁မျိုးကို ထုတ်ပြန်ထားသည်။

ပုံနှိပ်နှင့် အသံလွှင့်မီဒီယာ လုပ်ငန်း၊ စာနယ်ဇင်း ပုံနှိပ်ဖြန့်ချိခြင်းများကို နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုကို ခွင့်မပြုခြင်းမှာ နိုင်ငံခြားသားပိုင် မီဒီယာများ လွှမ်းမိုးသွားမည်ကို ကာကွယ်ထားခြင်းဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က ပြောသည်။

“ဥရောပသမဂ္ဂနိုင်ငံများမှာလည်း ဒါမျိုး ကျင့်သုံးပါတယ်။ အချို့နိုင်ငံတွေမှာ လုံးဝပူးတွဲလုပ်ကိုင်ခွင့် မပြုဘူး။ အချို့နိုင်ငံများကတော့ အစိုးရက ခွင့်ပြုမှ လုပ်ငန်းကို ဝယ်လို့ရပါတယ်” ဟု ၎င်းက ပြောသည်။

နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းများ စာရင်းတွင် ခရီးသွားလုပ်ငန်း၊ မြို့သစ်ဖော်ထုတ် တည်ထောင်ခြင်းလုပ်ငန်း၊ ဓာတ်သတ္တု အကြီးစားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအပါအဝင် လုပ်ငန်းအမျိုးအစား ၄၂ မျိုး ပါဝင်သည်။

MIC ၏ ယခုအမိန့် ကြော်ငြာစာနှင့်အတူ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများကို တစ်ရက်တည်း ထုတ်ပြန်ခဲ့သဖြင့် ပြည်တွင်းသို့ ဝင်ရောက်ရန် တာစူနေသော နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုများ မကြာမီဝင်ရောက်လာနိုင်သောကြောင့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများအနေဖြင့် စိန်ခေါ်မှုများ မကြာမီ ရင်ဆိုင်ရလာနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောသည်။

“အလုပ်ကို နည်းနည်းလုပ်ပြီး အမြတ်များများ ယူချင်တဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေကတော့ ထိတော့မှာပဲ” ဟု တော်ဝင်ဆောက်လုပ်ရေး ကုမ္ပဏီ၏ အကြီးအကဲ ဦးကိုကိုထွေးက ပြောသည်။

သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေ တစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေး လုပ်ငန်းအမျိုးအစားများ စာရင်းတွင် လုပ်ငန်းအမျိုးအစား ၁၇၆ မျိုး ထုတ်ပြန်ထားသည်။ ယင်းလုပ်ငန်းများကို လုပ်ကိုင်လိုပါက လိုအပ်ချက်အဖြစ် သတ်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် လုပ်ငန်း၊ အခြားခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် လုပ်ငန်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက် ရယူရန် လိုအပ်သည့် လုပ်ငန်းဟု ကဏ္ဍအလိုက် အမျိုးအစားများ ခွဲခြားဖော်ပြထားသည်။

မြန်မာဘာသာမှ အပ နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေသည့် အချိန်မှန် သတင်းစာများနှင့် TVChannel များကိုမူ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ခွင့်ပြုသည့် လုပ်ငန်းအမျိုးအစားတွင် ထည့်သွင်းထားသည်။

# ခြင်ဆေးခွေမီးကြောင့် လူဦးရေ ၃၀၀ ကျော် အိုးအိမ်မဲ့ဖြစ်

**သန်းဌေး**

**ရန်ကုန်၊ဖေဖော်ဝါရီ-၄**

ညအချိန် မီးပျက်နေစဉ် ခြင်ဆေးခွေထွန်းရာက စတင်လောင်ကျွမ်းသောမီးကြောင့်အိမ်ခြေ ၂၄လုံးဆုံးရှုံးကာ အိမ်ထောင်စုတစ်ရာကျော်မှ လူဦးရေသုံးရာကျော် မီးဘေးသင့်ခဲ့ကြောင်းသတင်းရရှိသည်။

လှိုင်သာယာမြို့နယ် အမှတ် ၅ ရပ်ကွက် မြရိပ်ညို ၆ လမ်းရှိ နေအိမ်တစ်အိမ်တွင် ည၉ နာရီကျော်အချိန် မီးပျက်နေစဉ် ခြင်ဆေးခွေထွန်းရာမှ အနီးရှိ စက္ကူပုံးနှင့် လုံချည်နှစ်ထည်တို့ကို မီးစွဲလောင်ပြီး အခြားအိမ်များသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

“ရပ်ကွက်ကလူတွေက ဝိုင်းငြိမ်းပေမယ့် သူတို့လည်း ဘယ်လိုမှမနိုင်ဘူး။ မီးသတ်ကားတွေရောက်လာတဲ့ အချိန်မှာလည်း လမ်းကကျဉ်းတော့ မီးလောင်နေတဲ့အနားအထိ ဝင်လို့မရဘူးဖြစ်နေတယ်။ ဒီကြားထဲ မီးသတ်ကားတစ်စီးကလည်း ကားဘီးကျွံနေသေးတယ်” ဟု မြရိပ်ညို ၆ လမ်းတွင် နေထိုင်သူ ဦးဟန်သိန်းက ပြောသည်။



ထိုသို့ မီးလောင်ကျွမ်းသောကြောင့် ပုဂ္ဂလိကလိုင်းခန်း ၆ ခုနှင့် အိမ် ၁၈ လုံး မီးလောင်ကျွမ်းခံရသောကြောင့် အိမ်ထောင်စု ၁၁၀ မှ လူဦးရေ ၃၇၃ဦး မီးဘေးသင့်ခံရကာ အမှတ်(၅)ရပ်ကွက် သီရိဇေယျ ဓမ္မာရုံတွင် ယာယီမီးဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားပြီး အက်ရှင်တိုင်းဖောင်ဒေးရှင်းနှင့် အလှူရှင်များက အိမ်သုံးပစ္စည်း၊ အဝတ်အထည်နှင့် စားစရာများ လာရောက်လှူဒါန်းနေကြောင်း တွေ့ရသည်။

မီးလောင်သွားသော အမှတ်(၅)ရပ်ကွက်သည် ပျဉ်ထောင်သွပ်မိုးတန်းလျားရှည်များ၊ အုတ်ညှပ်ပျဉ်ထောင်တန်းလျားများဖြင့်တည်ဆောက်ထားကာ လက်လုပ်လက်စား အလုပ်သမားများအား လခဖြင့် ငှားရမ်းထားရှိသောကြောင့် မီးဘေးသင့်လူဦးရေနှင့် ဆုံးရှုံးမှုတန်ဖိုးမှာ ပိုမိုများနိုင်ကြောင်း အိမ်တန်းလျားတစ်လုံး လောင်ကျွမ်းခံရသောဦးအောင်ဇော်အေးကပြောသည်။

“မီးစလောင်တဲ့အိမ်က အိမ်ရှင်တွေကို စခန်းမှာခေါ်ပြီး စစ်ဆေးနေတုန်းမို့ ပေါ့ဆမီးလို့ပဲ ပြောရပါဦးမယ်”ဟု ၎င်းကပြောသည်။

# ချင်းပြည်နယ်တွင် တာဝန်ထမ်းဆောင်ရန် ချင်းလက်ထောက်ဆရာဝန် ၁၈ ဦးရွေးချယ်ခန့်အပ်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၄**

ချင်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နိုင်ရန် ချင်းတိုင်းရင်းသားလက်ထောက်ဆရာဝန် ၁၈ဦးကို ရွေးချယ်ခန့်အပ်လိုက်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်သည်။

ချင်းပြည်နယ်ရှိ ဆေးရုံများတွင် ဆရာဝန်လိုအပ်ချက်ရှိသော်လည်း ဒေသခံဆရာဝန်လက်မှတ်ရရှိထားသူလူငယ်များ စာမေးပွဲများ၌ အကြိမ်ကြိမ် ဖြေဆိုသော်လည်း ရွေးချယ်ခံရခြင်း မရှိ၍ ကျန်းမာရေးအခက်ကြုံနေရခြင်းနှင့် ပတ်သက်သည့် လွှတ်တော်အတွင်း မေးမြန်းမှုအား ပြန်လည်ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

“နှုတ်ဖြေစစ်တဲ့အခါမှာ ဝေးလံတဲ့ပြည်နယ်ဒေသတွေက ဖြေဆိုသူတွေကို အတတ်နိုင်ဆုံးသက်ညှာစွာစစ်ဆေးရွေးချယ်ပါတယ်။” ဟု ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ထမ်းဒေါက်တာဖေသက်ခင်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏မေးခွန်းအား ပြန်လည်ဖြေကြားခဲ့သည်။

ယခင်နှစ်က လက်ထောက်ဆရာဝန် ၅၀၀ ဦးခေါ်ယူခဲ့ပြီး ယခုနှစ်တွင်၃ဆတိုးမြှင့်၍ လက်ထောက်ဆရာဝန် ၁,၅၀၀ ဦးခေါ်ဆိုခဲ့ရာ လူ ၃,၀၀၀ ကျော်လျှောက်ထားခဲ့ပြီး ၁,၉၀၀ အား နှုတ်ဖြေစစ်ဆေးရွေးချယ်ခဲ့ကြောင်း သိရသည်။

ထိုဒေသများတွင် သွားရောက်တာဝန်ထမ်းဆောင်သည့် ဆရာဝန်များအား ဘွဲ့လွန်ဖြေသောအခါ အရွေးခံနိုင်ရန် အာမခံချက်ပေးခြင်း၊ တာဝန်ထမ်းဆောင်ပြီး ၂ နှစ်ပြည့်သည့်အခါ တောင်းခံသည့် နေရာများသို့ ပြန်လည်ချထားပေးခြင်း၊ လစာနှစ်ဆပေးခြင်း စသည့်အစီအမံများလည်း ဆောင်ရွက်နေသည်။

“ သိရသလောက်ကတော့ ချင်းပြည်နယ်မှာ လွန်ခဲ့တဲ့ ၂ နှစ်အတွင်း ဆရာဝန်ရှစ်ယောက်ခန့်ထားတာ။ အခုလေးယောက်ပဲတာဝန်ထမ်းဆောင်နိုင်တယ်။ ဒီလိုရာသီဥတုဆိုးရွားလွန်းတဲ့နေရာမှာ တခြားနေရာကလာတာဝန်ထမ်းဆောင်နိုင်တာကိုပဲ ကျေးဇူးတင်ရမှာပါ။ အဲဒီတော့ဘယ်အကြာကြီးနေနိုင်မှာလဲ။ အခုလို ကိုယ့်ပြည်နယ်က သူတွေကိုပဲ ပြန်လုပ်နိုင်တာကတော့ တကယ်ကိုကျေးဇူးတင်စရာပါ” ဟု ချင်းအမျိုးသားပါတီဥက္ကဋ္ဌဦးဇိုးဇမ်က ပြောသည်။

လက်ရှိတွင် ချင်းတိုင်းရင်းသား လက်ထောက်ဆရာဝန် အမျိုးသား ၉ ဦးနှင့် အမျိုးသမီး ၉ ဦး အရာထမ်းလောင်း အခြေခံသင်တန်းတက်ရောက်လျက်ရှိပြီး လာမည့် မတ်လ ၂၂ ရက်တွင် သင်တန်းဆင်းပြီးသည့်အခါ စတင်ကာတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ချင်းပြည်နယ်တွင် ခန့်မှန်းလူဦးရေ ခြောက်သိန်းကျော် နေထိုင်လျက်ရှိသည်။

# ဟောင်ကောင်စီးပွားရေးလုပ်ငန်းရှင် ၁၅၀ ကျော် ရင်းနှီးမြှုပ်နှံမှုအတွက်လာရောက်လေ့လာမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၄**

ဟောင်ကောင်စီးပွားရေးလုပ်ငန်းရှင် ၁၅၀ ကျော်သည် လာမည့်မတ်လတွင်မြန်မာနိုင်ငံသို့ လာရောက်၍ အထည်ချုပ်လုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် လေ့လာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဟောင်ကောင်ကုန်သွယ်ရေးဖွံ့ဖြိုးမှုဌာန(HKTDC)က ဦးဆောင်လာရောက်၍စီးပွားရေးလုပ်ငန်းရှင်များသည် ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အစိုးရဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း HKTDC ၏ ဒေသတွင်းဒါရိုက်တာမစ္စ Loretta Wan က ပြောသည်။

“မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေအများကြီးဖြစ်နေတာကိုလည်းတွေ့ရပါတယ်။ဒီအချိန်မှာဟောင်ကောင်စီးပွားရေးလုပ်ငန်းတွေအနေနဲ့ အလားအလာကောင်းတွေအများကြီးရှိနေတဲ့ မြန်မာနိုင်ငံမှာလာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဖို့အကောင်းဆုံးအချိန်ကောင်းလို့ မြင်ပါတယ်” ဟု သူမ က ပြောသည်။

ဟောင်ကောင်ကုန်သွယ်ရေးဖွံ့ဖြိုးမှုဌာန (HKTDC) သည် ဟောင်ကောင်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု လာရောက်ပြုလုပ်ရန် ဆက်သွယ်ဆောင်ရွက်နေသလိုမြန်မာစီးပွားရေးလုပ်ငန်းရှင်များကိုလည်းဟောင်ကောင်ရှိ စီးပွားရေးဆိုင်ရာပြပွဲများတွင် ပါဝင်၍နိုင်ငံတကာ ဈေးကွက်သို့ချဲ့ထွင်နိုင်ရန် ပံ့ပိုးဆောင်ရွက်နေသည်။

ဟောင်ကောင်ရင်းနှီးမြှုပ်နှံသူများ စီးပွားရေးလုပ်ကိုင်ရန် ပဲခူး ၊ပျဉ်းမပင်(ထောက်ကြန့်)နှင့် သီလဝါတို့မှ တစ်နေရာချထားပေးရန် အဆိုပြုထားပြီး စက်ရုံများ တည်ထောင်လည်ပတ်သွားရန် စီစဉ်နေကြောင်းလည်း အထက်ပါအမျိုးသမီးက ဆိုသည်။

HKTDC ဦးဆောင်သော ဟောင်ကောင်ရင်းနှီးမြှုပ်နှံသူ ၇၀ သည် အထည်ချုပ်လုပ်ငန်းကို ဦးစားပေး လုပ်ကိုင်ရန် ယခင်နှစ်၊ ဇူလိုင်လက မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

# ကချင်ပြည်နယ်သို့ လူသားချင်းစာနာမှု အကူအညီပေးမည့် နိုင်ငံတကာအဖွဲ့ အစည်းများအား နိုင်ငံတော်သမ္မတခွင့်ပြု

## အကူအညီအထောက်အပံ့လုပ်ငန်းများ လုပ်ဆောင်သွားမည်ဟု ကုလအထူးကိုယ်စားလှယ်ပြော

**အောင်သူရ**

**မြစ်ကြီးနား၊ဖေဖော်ဝါရီ-၅**

နိုင်ငံတော်သမ္မတက နိုင်ငံတကာအဖွဲ့အစည်းများအား တိုက်ပွဲများဖြစ်ပွားနေသော ကချင်ပြည်နယ်အတွင်း လူသားချင်းစာနာသောအထောက်အပံ့များ ခွင့်ပြုလိုက်ပြီဖြစ်ရာ ကူညီမှုလုပ်ငန်းများလုပ်ဆောင်တော့မည်ဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အထူးအကြံပေးက ပြောကြားသည်။

ထိုကဲ့သို့ ပံ့ပိုးရန်အတွက် အကြံပေးကိုယ်စားလှယ် မစ္စတာနမ်ဘီးယားနှင့် သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီတို့သည် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့အနီးရှိ ဒုက္ခသည်စခန်းများသို့ ဖေဖော်ဝါရီ၅ ရက်တွင် သွားရောက်ကြည့်ရှုခဲ့သည်။

“ယူအင်န်အနေနဲ့ သော်လည်းကောင်း၊ တခြားသော လူမှုဖူလုံရေးအထောက်အပံ့ပေးနေတဲ့အဖွဲ့တွေနဲ့သော်လည်းကောင်း ဒေသခံဒုက္ခသည်စခန်းတွေနဲ့ လက်တွဲပြီး ကူညီမှုလုပ်ငန်းတွေ လုပ်ဆောင် သွားပါမယ်”ဟု ကချင်ပြည်နယ်သို့ ပထမဆုံးအကြိမ် လာရောက်သော မစ္စတာနမ်ဘီးယားကပြောသည်။



ဒုက္ခသည်စခန်းမှ ကလေးငယ်တစ်ဦးအား ပွေ့ချီထားသည့် မစ္စတာနမ်ဘီးယား ဓာတ်ပုံ - အောင်သူရ

နိုင်ငံတော်သမ္မတက နိုင်ငံတကာ အဖွဲ့အစည်းများအား ကချင်ပြည်နယ်သို့လူသားချင်းစာနာထောက်ထားသော အကူအညီများ ခွင့်ပြုလိုက်ပြီဖြစ်ပြီး အကူအညီပေးမည့် အဖွဲ့အစည်းများလုံခြုံရေးကို အစိုးရနှင့် ကေအိုင်အို နှစ်ဖက်စလုံးက တာဝန်ယူပေးရမည်ဟု သမ္မတက ပြောကြားကြောင်း သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းကပြောကြားသည်။

ထို့အပြင် ဖေဖော်ဝါရီ၄ ရက်က “ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)နဲ့ မြန်မာအစိုးရတို့ ငြိမ်းချမ်းရေးဆွေးနွေးလာတာဟာ ပိုပြီးတည်ငြိမ်တဲ့ အေးချမ်းတဲ့အခြေအနေတစ်ခုပေါ် ရောက်သွားလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်” ဟုလည်း မစ္စတာနမ်ဘီးယားက ပြောသည်။

ယခုကဲ့သို့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ လာရောက်လေ့လာသော မစ္စတာနမ်ဘီးယား၏ ခရီးစဉ်နှင့်ပတ်သက်ပြီး ကချင်ပြည်နယ် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ ဉက္ကဋ္ဌ ဦးယွပ်ဇော်ခေါင်က “ဒါပွင့်လင်းမြင်သာမှုကိုပြတဲ့ အခြေခံကောင်းတစ်ခုလို့ သတ်မှတ်ပါတယ်။ ယုံကြည်မှု ပိုတည်ဆောက်လို့ရတာပေါ့”ဟု သုံးသပ်ပြောကြားသည်။

မစ္စတာနမ်ဘီးယားနှင့် ဝန်ကြီးဦးစိုးသိန်းတို့အဖွဲ့သည် မြစ်ကြီးနားမြို့အနီးရှိ ဂျန်မိုင်ကောင်းနှစ်ခြင်းခရစ်ယာန်ဒုက္ခသည်စခန်း၊ စီတာပူရပ်ကွက်ရှိ ဆွတ်ပိုင်တောင်ဒုက္ခသည်စခန်း ဝိုင်းမော်မြို့အနီးရှိ သာဂရဘုန်းတော်ကြီးကျောင်းတွင်းရှိဒုက္ခသည်စခန်းနှင့်မိုင်းနားနှစ်ခြင်းခရစ်ယာန်ဒုက္ခသည်စခန်းများသို့ သွားရောက်ပြီး စခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ကချင်ပြည်နယ်တွင် စစ်ပြေးဒုက္ခသည် တစ်သိန်းဝန်းကျင်ရှိသည်။

---

# ဧရာဝတီမြစ်ကော်မရှင် ဖွဲ့စည်းရန် အမျိုးသားလွှတ်တော် အတည်ပြု

**သန်းထူး**

**နေပြည်တော်၊ဖေဖော်ဝါရီ-၅**

ဧရာဝတီမြစ်ကော်မရှင်ကို ပညာရှင်များ၊ တာဝန်ရှိသူများဖြင့် ဖွဲ့စည်းသွားရန် ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်တွင် အတည်ပြုဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံ၏ အမျိုးသားမြစ်ကြီးဧရာဝတီ ထာဝရရှင်သန်စေရေးအတွက် ‘ဧရာဝတီမြစ်ကော်မရှင်’ ဖွဲ့စည်းဆောင်ရွက်သွားရန်အဆိုကို အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်က ယနေ့ အဆိုတင်သွင်းခဲ့သည်။ အဆိုကို လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက ထောက်ခံဆွေးနွေးပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဒုဝန်ကြီးဦးဟန်စိန်က ပြန်လည်ဆွေးနွေးရာတွင်လည်း ကော်မရှင်ဖွဲ့ရန် ထောက်ခံခဲ့ကာ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များပါဝင်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးသွားသည်။

“အိမ်နီးချင်းနိုင်ငံတစ်ခုမှာ မိုင် ၇,၀၀၀ လောက်ရှည်တဲ့ ကွန်ကရစ်မြစ်ကြီးတစ်စင်း အကောင်အထည်ဖော်ဖို့ စီစဉ်နေတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံက ရှိပြီးသား ၁,၃၅၀ မိုင်ရှည်တဲ့ သဘာဝဧရာဝတီမြစ်ကြီးကို ထာဝရရှင်သန်ဖို့ မစောင့်ရှောက်သင့်ဘူးလား”ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြကလည်း ထောက်ခံဆွေးနွေးသည်။

ဧရာဝတီမြစ်ကမ်းအနီးတွင် နေထိုင်သူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်ကလည်း “ယနေ့ နိုင်ငံသူနိုင်ငံသားအားလုံး သိရှိထားသင့်တာက ဧရာဝတီမြစ်ကြီးကို ထိန်းသိမ်းနိုင်ရေးမှာ ပို့ဆောင်ရေးဝန်ကြီးဌာနတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ အားလုံးမှာပါ တာဝန်ရှိနေပါတယ်”ဟု ပြောဆိုဆွေးနွေးသည်။

အဆိုကိုမဲခွဲဆုံးဖြတ်ရာတွင် လွှတ်တော်ကိုယ်စားလှယ် ၁၉၆ ဦးရှိရာတွင် ၁၇၀ ဦးက ထောက်ခံပြီး ကန့်ကွက်မဲ ၁၃ မဲ၊ ကြားနေမဲ ၇ မဲ၊ မဲမပေးသူ ၆ ဦး ရှိသောကြောင့် အဆိုကို အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

---

# သီလဝါအထူးစီးပွားရေးဇုန် တာဝန်ယူတည်ဆောက်မည့် အများပိုင်ကုမ္ပဏီသစ် ထူထောင်ရန် အများပိုင်ကုမ္ပဏီများကို ဖိတ်ခေါ်

**အားမာန်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၅**

သီလဝါအထူးစီးပွားရေးဇုန်တွင် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်နှင့် ဇုန်အတွင်း လုပ်ငန်းများ လုပ်ကိုင်ရန် အများပိုင်ကုမ္ပဏီတစ်ခု တည်ထောင်ရန်အတွက် ပြည်တွင်းရှိ အများပိုင်ကုမ္ပဏီများကို ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

“သက်တမ်းရှိ အများပိုင်ကုမ္ပဏီ ၉ ခုရှိတယ်။ ၉ ခုလုံးကို ဖိတ်ခေါ်ထားတယ်။ သူတို့အားလုံးဆီက လုပ်ပါမယ်ဆိုတဲ့ အကြောင်းပြန်ချက်တော့ မရသေးဘူး။ နောက်တစ်ကြိမ်ပြန်ပြီး ဆက်သွယ်နေတယ်”ဟု အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်ကပြောသည်။ ၂၀၁၂ နှစ်ကုန်ပိုင်းအထိ ပြည်တွင်း၌ အစုရှယ်ယာဝင် ၅၀ ဦးနှင့် အထက်ရှိသော အများပိုင်ကုမ္ပဏီ ၁၂ ခုရှိရာတွင် ၃ ခုမှာ သက်တမ်းမတိုးတော့၍ တည်ရှိနေဆဲကုမ္ပဏီ ၉ ခုကို သီလဝါအထူးစီးပွားရေးဇုန်အတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရေး (Developer)လုပ်ငန်းများ လုပ်ကိုင်မည့်အများပိုင်ကုမ္ပဏီတွင် အစုရှယ်ယာပါဝင်လုပ်ကိုင်ကြရန် ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

သို့သော် အထက်ပါ အများပိုင်ကုမ္ပဏီ၉ ခုတွင် ဘဏ်များမပါဝင်ကြောင်းလည်း ဦးဆက်အောင်ကပြောသည်။

ထို့အပြင် ယခုလောလောဆယ်တွင်မှ အများပိုင်ကုမ္ပဏီတည်ထောင်ခွင့်ရသော ကုမ္ပဏီများကိုလည်း ဖိတ်ခေါ်ရန်ရှိပြီး အကြမ်းဖျင်း အများပိုင်ကုမ္ပဏီ ၁၂ ခုဝန်းကျင်ဖြင့် ကုမ္ပဏီသစ်ကို ယခုရက်ပိုင်းအတွင်း ဖွဲ့စည်းမည်ဟု ၎င်းကဆက်လက်ပြောသည်။

အများပိုင်ကုမ္ပဏီသစ်တွင် ရင်းနှီးမြှုပ်နှံ၍ ပါဝင်လုပ်ကိုင်ရန် ဇန်နဝါရီလက ဖိတ်ခေါ်ခြင်းခံထားရပြီး ၎င်းတို့ကလည်း ဝင်ရောက်လုပ်ကိုင်မည်ဟု ဇန်နဝါရီလနောက်ဆုံးပတ်တွင် အကြောင်းပြန်ထားကြောင်း အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သော မြန်မာ့လယ်ယာစီးပွားရေးကော်ပိုရေးရှင်း (MAPCO)မှ ဒါရိုက်တာဦးရဲမင်းအောင်ကလည်းပြောသည်။

အသစ်ဖွဲ့စည်းမည့် အများပိုင်ကုမ္ပဏီမှာ ဇုန်ဖွံ့ဖြိုးမှုလုပ်ငန်းများအပြင် ဇုန်စတင်လည်ပတ်ပါက ဇုန်ကြီးကြပ်ရေးလုပ်ငန်းများ (Operator)တွင်လည်း ပါဝင်လုပ်ကိုင်ရမည်ဖြစ်သည်။ မြန်မာ-ဂျပန်အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် သီလဝါအထူးစီးပွားရေးဇုန်ကို တည်ထောင်မည်ဖြစ်ပြီး မစ်ဆူဘစ်ရှိ၊ ဆူမီတိုမို၊ မာရုဘီနီကော်ပိုရေးရှင်းတို့ကလည်း ပါဝင်လုပ်ကိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ၅၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှ ၄၉ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမည့် အဆိုပါစီမံကိန်းကို ယခုလတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြိုတင်စုံစမ်းထောက်လှမ်းအစီရင်ခံစာ (EIA)စတင်ဆောင်ရွက်မည်ဖြစ်သည်။ ယခုနှစ် စက်တင်ဘာတွင် အခြေခံအဆောက်အအုံများ စတင်ဆောက်လုပ်ပြီး ၂၀၁၅ တွင် ဇုန်စတင်လည်ပတ်ရန် အစိုးရက ရည်ရွယ်ထားသည်။

---

# ၂၀၁၂ အတွင်း မှတ်ပုံတင်သည့် အငှားယာဉ်စီးရေ ၂၀၁၁ ထက် သုံးဆများ

**အေးမြတ်သူ**

**ရန်ကုန်၊ဖေဖော်ဝါရီ-၄**

ရန်ကုန်မြို့တွင် ပြီးခဲ့သည့်နှစ်အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့သောတက္ကစီအစီးရေသည် ၂၀၁၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက သုံးဆမြင့်တက်ခဲ့ကြောင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှသတင်းရရှိသည်။

ရန်ကုန်မြို့တွင်း လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့သော တက္ကစီအစီးရေသည် ၂၀၁၂ ခုနှစ်မှစ၍ ယခုနှစ် ဇန်နဝါရီ ၉ ရက်အထိ အစီးရေတစ်သောင်းကျော်ရှိခဲ့ပြီး ၂၀၁၁ ခုနှစ်အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် တက္ကစီအစီးရေ ၃၀၀၀ ကျော် ထုတ်ပေးခဲ့သည်။ ထို့အပြင် ရန်ကုန်မြို့အတွင်း ယခုနှစ် ဇန်နဝါရီ ၉ ရက်ထိ အငှားယာဉ်အဖြစ် လုပ်ကိုင်ခွင့်ပြုခဲ့ပြီး စုစုပေါင်းအစီးရေ သုံးသောင်းနီးပါးခန့် ရှိသည်။

“အခုထိတော့ တက္ကစီအစီးရေတွေ ကန့်သတ်ဖို့တော့ ဘာမှပြောထားတာမရှိသေးပါဘူး။ ဆက်ပြီးပေးနေတုန်းပဲ”ဟု ကုန်းလမ်းပို့ဆောင်ညွှန်ကြားမှု ဦးစီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။

---

# ရန်ကုန်၊ မန္တလေးနှင့် ဟံသာဝတီလေဆိပ်တည်ဆောက်ရေးလုပ်ငန်းများ ဇူလိုင်တွင်စတင်မည်

**အိဖြူလွင် ၊ ခန့်ထက်**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ -၂**

ရန်ကုန်၊ မန္တလေးနှင့် ဟံသာဝတီလေဆိပ်တည်ဆောက်ရေးလုပ်ငန်းများအားလုံးကို လာမည့်ဇူလိုင်လတွင် စတင်ဆောင်ရွက်ရန်လျာထားကြောင်း လေဆိပ်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာနမှ သတင်းရရှိသည်။

လေဆိပ်များကို အဆင့်မြှင့်ခြင်း နှင့် တည်ဆောက်ရေးလုပ်ငန်းများကိုပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ရာ တင်ဒါခေါ်ယူခြင်းကို ယခုလ ၈ ရက်မှစတင်မည်ဖြစ်၍ ဧပြီလတွင် တင်ဒါများနောက်ဆုံးပေးသွင်းရမည်ဖြစ်သည်။

ယင်းလေဆိပ် ၃ ခုအနက် ဟံသာဝတီလေဆိပ်သည် အသစ်ဆောက်လုပ်ခြင်းဖြစ်ပြီး ရန်ကုန်လေဆိပ်အား ခရီးသည်ဝင်ရောက်မှုများပြားလာသည့်အတွက် အဆင့်မြှင့်တင် တည်ဆောက်ခြင်းဖြစ်သည်။ သို့သော် မန္တလေးလေဆိပ်သည်ကုန်စည်များစီးဆင်းရန်အတွက် အဓိကရည်ရွယ်၍အဆင့်မြှင့်တင် တည်ဆောက်ခြင်းဖြစ်သည်။

တင်ဒါရွေးချယ်ခြင်းကိုလည်း ဂျပန်နိုင်ငံမှ အကြံပေးအဖွဲ့နှင့်အတူရွေးချယ်မည်ဖြစ်ပြီးတင်ဒါအောင်မြင်သူများနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဇူလိုင်လ မတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဟု အဆိုပါဌာနမှညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက ပြောကြားသည်။

လက်ရှိ ဟံသာဝတီနှင့် မန္တလေးလေဆိပ်များအတွက်အကြိုအရည်အချင်းစစ်(ကုမ္ပဏီ၏ငွေကြေးတတ်နိုင်မှုနှင့် လုပ်နိုင်စွမ်း) အောင်မြင်ပြီးသည့်ကုမ္ပဏီ ၇ ခုစီရှိကြောင်း သိရှိရသည်။

ဟံသာဝတီတွင် မြန်မာကုမ္ပဏီတစ်ဖွဲ့သာပါဝင်သော်လည်း မန္တလေးအတွက်အကြိုအရည်အချင်းစစ် အောင်မြင်ပြီးသည့်ကုမ္ပဏီများတွင် အေးရှားဝေါ၊ ရွှေသံလွင်၊ ထူး၊ ရွှေတောင်၊ FMI စသည့် မြန်မာကုမ္ပဏီများသည်လည်း Consertiumအဖွဲ့များအဖြစ်ပါဝင်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရှိရသည်။

ထိုလေဆိပ်ခုအပြင်ပြည်တွင်းရှိလေဆိပ်များကိုပါပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ပြီးလုပ်ဆောင်သွားရန်ရှိကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတင်းရရှိသည်။

◆◆◆◆

# မင်္ဂလာဈေးတွင် နယ်အဝယ် သိသိသာသာကျ


ဓာတ်ပုံ-ကျော်ဇင်သန်း

သွယ်သွယ်လင်း၊ အိမွန်ကျော်

**ရန်ကုန်၊ ဖေဖော်ဝါရီ -၄**

နယ်မြို့များသို့ အဝတ်အထည်များ အဓိက ရောင်းချလျက်ရှိသည့် မင်္ဂလာဈေးတွင် သိသိသာသာ ရောင်းအားကျနေသည်မှာ နှစ်လကျော်ရှိနေပြီဖြစ်ကြောင်း အထည်ဆိုင်ပိုင်ရှင်များက ပြောကြားသည်။

မင်္ဂလာဈေးမှ မြန်မာနိုင်ငံအနှံ့သို့ အဝတ်အထည်များရောင်းချလျက်ရှိပြီး ရောဝတီတိုင်း၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း အစရှိသည့် မြန်မာနိုင်ငံအောက်ပိုင်း ဒေသများမှ လာရောက်ဝယ်ယူကြသည်ဟု သိရသည်။

"နှစ်လလောက်ရှိပြီ။ သိသိသာသာကို ရောင်းအားကျနေတာ အရင်ဆယ့်ငါးသိန်းဖိုးဝယ်တဲ့လူတွေက အခုငါးသိန်းဖိုးလောက်ပဲ ဝယ်တော့တယ်" ဟု အမျိုးသားဝတ် အင်္ကျီနှင့် ဂျင်းဘောင်းဘီများ ရောင်းချနေသော အထည်ဆိုင်ပိုင်ရှင်က ပြောသည်။

နယ်ဒေသများတွင် စီးပွားရေးအခြေအနေအရပ်ရပ်များကြောင့် အရောင်းအဝယ်နည်းပါးနေသည်မှာ ၄ လခန့် ရှိနေပြီး ရောင်းအား ၃ ဆခန့် လျော့ကျကာ ယခင်တစ်လအတွင်းရောင်းရသော အဝတ်အထည်များ ယခု ၃ လကြာအောင် ရောင်းနေရကြောင်း မင်္ဂလာဈေးမှ အဝတ်အထည်များဝယ်ယူရောင်းချနေသော ရခိုင်ပြည်နယ်စစ်တွေမြို့ရှိ စတိုးဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

"ရောင်းအားက အေးတယ် သိပ်မရောင်းရဘူး၊ ဝယ်မယ့်လူကို မရှိတာ ထိုင်နေရတယ်" ဟု ယင်းစတိုးဆိုင်ပိုင်ရှင်က ပြောသည်။

မင်္ဂလာဈေးတွင် မြေညီထပ် ပထမထပ်၊ ဒုတိယထပ်တွင် ဆိုင်ခန်းပေါင်း ၂,၀၀၀ နီးပါးရှိပြီး နိုင်ငံခြားဖြစ် အဝတ်အထည်အမျိုးမျိုး၊ ပြည်တွင်းဖြစ်အဝတ်အထည်မျိုးမျိုး မှာ ယူရောင်းချလျက်ရှိသည့် နယ်မြို့များမှ ဝယ်ယူသူ ဦးရေလျော့ကျလာကာ အချို့ ရောဝတီ မြစ်ဝကျွန်းပေါ်ဒေသများမှာ ဝယ်ယူမှုမရှိတော့၍ ယခုနှစ်ဆန်းပိုင်းတွင်း ဈေးတစ်ဈေးလုံး ရောင်းအားထိုးကျသွားသည်ဟု ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

"အရောင်းအဝယ်ကတော့ ရေခဲပဲ၊ လက်လီပဲ ရောင်းနေရတယ်။ နယ်ဖောက်သည်တွေ ၉၀ ရာခိုင်နှုန်းလောက်ကျတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

၂၀၁၀ က ဈေးမီးလောင်ပြီး ဆိုင်ခန်းများပိတ်လိုက်ရ၍ ဝယ်လက်များ သိသာစွာလျော့ကျနေခြင်း၊ ရခိုင်ပဋိပက္ခ ဖြစ်ပြီးနောက် ရခိုင်မှ ဝယ်ယူသူနည်းပါးခြင်း၊ နာဂစ်မုန်တိုင်းတိုက်ပြီး ရောဝတီဒေသများမှ ဝယ်ယူသူများ လျော့ကျနေခြင်း၊ စီးပွားရေး အကျပ်အတည်းကြောင့် အချို့ဒေသများမှ လာရောက်ဝယ်ယူမှု နည်းပါးလာကာ ယခုလပိုင်းတွင် ရန်ကုန်မြို့အတွင်းမှ လက်လီဝယ်ယူသူများကို သာရောင်းချနေရပြီး တစ်နေ့လျှင် ကျပ်လေးငါးသောင်းခန့်သာ ရောင်းချနေရသည်ဟု အမျိုးသားဝတ်အထည်ရောင်းချနေသူ တစ်ဦးက ပြောသည်။

"ဒီဈေးက အဓိကနယ်တွေအတွက်ပဲလေ၊ နယ်ကလူတွေမဝယ်တော့ အရောင်းထိုင်းတယ်" ဟု နယ်ဒေသများကို အများဆုံး ရောင်းချနေသော အမျိုးသမီးဝတ် အင်္ကျီဆိုင်ရှင်တစ်ဦးက ပြောကြားသည်။

## နော်ဝေးအကူအညီဖြင့် မြို့ပေါင်း ၁၀၀ ကျော်တွင် မြို့အလိုက် မိုးလေဝသခန့်မှန်းချက် ထုတ်ပြန်မည်

**အောင်သစ်လွင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၃**

နော်ဝေးအမျိုးသား မိုးလေဝသဌာန၏ နည်းပညာဆိုင်ရာ အကူအညီဖြင့် မြို့ပေါင်း ၁၀၀ ကျော်တွင် မြို့အလိုက် မိုးလေဝသခန့်မှန်းချက်များ ထုတ်ပြန်ပေးနိုင်တော့မည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ကျော်က ပြောသည်။

ယခုနှစ် မတ်လတွင် နော်ဝေးအမျိုးသား မိုးလေဝသဌာနမှ ပညာရှင်များ လာရောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရာသီဥတုဆိုင်ရာ အချက်အလက်များနှင့် ၎င်းတို့မှ နည်းပညာဆိုင်ရာ အကူအညီပေးမည့် (Diana Saftware) ဟု ခေါ်ဆိုသော နည်းပညာမြင့်ဆော့ဖ်ဝဲ အသုံးပြု၍ အဆင်ပြေ၊ မပြေ လာရောက်စမ်းသပ်မည်ဖြစ်သည်။ အဆင်ပြေပါက မတ်လမှ စတင်ကာ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဇန်နဝါရီ ၃၁ ရက်က တိုက်ခတ်သော လေပြင်းမုန်တိုင်းဒဏ် ရင်ဆိုင်ခဲ့ရသည့် ဘားအံမြို့ တစ်ဖက်ကမ်း နောင်ကျန်ကျေးရွာမှ ဒေသခံ တောင်သူတစ်ဦးက "မိုးလေဝသ သတင်းတွေကို တိတိကျကျသိချင်ပါတယ်။ အခုက ဘားအံမြို့နဲ့ အနီးတစ်ဝိုက်လို့ ကြေညာတော့ ကျွန်တော်တို့မှာ ပြင်ဆင်ချိန် မရလိုက်ပါဘူး" ဟု ဆိုသည်။

မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနကို ၁၉၃၇ ခုနှစ် ဧပြီ ၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြစ်သာ မိုးလေဝသ ခန့်မှန်းချက် သတင်းများ ထုတ်ပြန်နိုင်ခဲ့ရာမှ ၁၉၇၀ ပြည့်နှစ်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်ဟူ၍လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အနီးတစ်ဝိုက်ဟူ၍လည်းကောင်း၊ သတင်းထုတ်ပြန်နိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ပြည်နယ်နှင့်တိုင်း မြို့ကြီး(၁၄) မြို့အတွက် မိုးလေဝသ သတင်းအချက်အလက်များ ခန့်မှန်းထုတ်ပြန်နိုင်ခဲ့သည်။

ယခင်က မိုးလေဝသ သတင်းအချက်အလက်များ ထုတ်ပြန်ရာတွင် ၂၄ နာရီ (တစ်ရက်) အတွက်သာ ကြိုတင်ထုတ်ပြန်နိုင်ခဲ့ပြီး ယခုနှစ်မှစတင်ကာ မြို့နယ်ချင်းအလိုက် သုံးရက်ကြိုတင် ထုတ်ပြန်ပေးနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဟိုအရင်က ထုတ်ပြန်ခဲ့တာတွေကတော့ နည်းနည်းယေဘုယျဆန်တာပေါ့။ အခုကတော့ ပိုပြီးတိကျသေချာတဲ့ သတင်းအချက်အလက်တွေ ထုတ်ပြန်ပေးနိုင်မှာပါ" ဟု ဦးချစ်ကျော်က ဆိုသည်။ မြန်မာနိုင်ငံသည် ရာသီဥတုဆိုင်ရာ မိုးလေဝသ သတင်းအချက်အလက်များ ထုတ်ပြန်ပေးပို့မှု နှောင့်နှေးခြင်းကြောင့် ၂၀၀၈ ခုနှစ် မေလက နာဂစ်ကဲ့သို့သော အဖျက်စွမ်းအား ကြီးမားသည့် မုန်တိုင်းမျိုးကို ကြိုတင်ပြင်ဆင်ချိန် မရဘဲ ရင်ဆိုင်ခဲ့ရကာ လူဦးရေ သောင်းနှင့်ချီ၍ သေဆုံးခဲ့ရသော သဘာဝ ဘေးအန္တရာယ်မျိုး ရင်ဆိုင်ခဲ့ရဖူးသည်။

စာ(၂၉)မှ

## အထူးစီးပွားရေးဇုန်မှ မထူးတော့တဲ့ မြေယာပြဿနာ

သီလဝါ အထူးစီးပွားရေးဇုန်မှာ မြန်မာ-ဂျပန် ဆက်ဆံရေး၏ အဓိက အစိတ်အပိုင်းဖြစ်၏။ အထူးစီးပွားရေးဇုန်တွင် မြန်မာ၊ ဂျပန် ကုမ္ပဏီများအပြင် ဥရောပနှင့် အမေရိကန်မှ ကုမ္ပဏီများ၊ တရုတ်၊ စင်ကာပူ စသောနိုင်ငံစုံမှ ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်း သိန်းနှင့်ချီ၍ ဖော်ထုတ်နိုင်မည့် စီမံကိန်းဖြစ်ကြောင်း ဒုဝန်ကြီးဦးဆက်အောင်က ပြောသည်။

"မြန်မာနိုင်ငံမှာ ကြီးမားတဲ့ အလားအလာရှိတယ်လို့ ကျွန်တော်ခံစားရပါတယ်။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က ပုဂ္ဂလိကနဲ့ အစိုးရ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်အောင် ထောက်ပံ့ပေးဖို့ဖြစ်ပါတယ်" ဟု ဂျပန်ဒုတိယဝန်ကြီးချုပ်လည်းဖြစ်၊ ဘဏ္ဍာရေးဝန်ကြီးလည်းဖြစ်သော မစ္စတာ ကာရိုအာဆိုက သီလဝါဇုန်ကိုလေ့လာပြီးစဉ်က ပြောခဲ့သည်။ မြန်မာနိုင်ငံတွင်ဒေါ်လာသန်း ၂၆၀ ကျော် ရင်းနှီးမြှုပ်နှံထားသောဂျပန်တို့မှာ ထိုစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံတိုးမြှင့်တော့မည်ဖြစ်သည်။ ထူးခြားမှုမှာသီလဝါ စီမံကိန်းမစတင်မီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကြိုတင်စုံစမ်းထောက်လှမ်းအစီရင်ခံစာ (EIA) ကိုဂျပန်တို့က ၎င်းတို့၏မူအတိုင်း မဖြစ်မနေ ဆောင်ရွက်ခိုင်းထားသည်။

ထိုဇုန်တွင် နည်းပညာမြင့်သော စက်မှုလုပ်ငန်းများ၊ အလုပ်သမားများစွာ အလုပ်ပေးနိုင်သော လုပ်သားအခြေပြု လုပ်ငန်းများ ပိုမိုလာရောက်စေလိုကြောင်း ဦးဆက်အောင်က ဆိုသည်။

စီမံကိန်းမဆောင်ရွက်မီ EIA အတွက် ယခုလအတွင်း စတင်ဆောင်ရွက်မည်ဖြစ်ပြီး လာမည့် စက်တင်ဘာလတွင် အခြေခံ အဆောက်အအုံများကို စတင်တည်ဆောက်မည်ဖြစ်သည်။ အခြေခံ အဆောက်အအုံများတည်ဆောက်ရန်အတွက် မြန်မာနိုင်ငံဘက်မှ အများပိုင် ကုမ္ပဏီတစ်ခု တည်ထောင်ရန် စီစဉ်နေပြီး ဂျပန်ဘက်မှ ဂျပန်အစိုးရအပြင် ကုမ္ပဏီကြီးသုံးခုဖြစ်သော မီဆူဘီရှိ၊ ဆူမီတိုမို၊ မာရုဘီနီတို့က ပါဝင်မည်ဖြစ်သည်။ ထိုကုမ္ပဏီတို့က အခြေခံ အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းအပြင် ဇုန်အတွင်း ၎င်းတို့စက်ရုံများကိုပါ တည်ဆောက်လုပ်ကိုင်ကြမည်ဖြစ်သည်။

"စက်တင်ဘာမှာ ဆောက်လုပ်ရေးတွေစမယ် ဆိုပေမယ့် ၂၀၁၃ မှာပဲ ဇန်ထဲက မြေကွက်တွေကိုစပြီးရောင်းလို့ရနေပြီ။ ရင်းနှီးမြှုပ်နှံသူတွေက အဓိကဥရောပက ဒီမှာလုပ်ချင်လို့ တော်တော်ကြီးကို ကမ်းလှမ်းနေပြီ။ ဇုန်မြေရောင်းလိုက်ပြီးရင် သူတို့စက်ရုံဆောက်ပေါ့။ အခြေခံအဆောက်အအုံလည်း ဆောက်မယ်။ သူတို့ (မြေဝယ်ထားသော ပြည်ပရင်းနှီးမြှုပ်နှံသူ) စက်ရုံလည်း တစ်ပြိုင်နက်တည်းဆောက်မယ်။ သူတို့စက်ရုံပြီးတဲ့အချိန်နဲ့ အထူးစီးပွားရေးဇုန် အခြေခံအဆောက်အအုံတွေ ပြီးတဲ့အချိန် တစ်ပြိုင်နက်တည်းလိုလိုဖြစ်မှာပေါ့။ အဲဒီတော့ ၂၀၁၅ မှန်းပါတယ်။ ၂၀၁၅ မှာ စက်ရုံတွေ တော်တော်များများ အပြိုင်အရိုင်းပေါ်လာပြီး လုပ်ငန်းစနိုင်မှာပါ"ဟု ဦးဆက်အောင်က စီမံကိန်းအကြောင်း ရှင်းပြသည်။

သီလဝါအထူးစီးပွားရေးဇုန်မှာ နိမ့်ကျနေသော မြန်မာ့စီးပွားရေးအတွက် အရေးပါသည်။ စီးပွားရေးမြို့တော် ရန်ကုန်မြို့အနီး တည်ဆောက်မည့် စီမံကိန်းက မြို့ပေါ်နှင့် ဆင်ခြေဖုံးများရှိ အလုပ်လက်မဲ့နှုန်း လျော့ကျအောင် ကူညီနိုင်သည်။

"ဒီစီမံကိန်းက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးဖို့အတွက် အရေးကြီးပါတယ်။ စီးပွားရေးဦးမော့လိုဖို့ တစ်ခုကောင်း၊ နှစ်ခုကောင်း လုပ်ရတာလည်းရှိတယ်။ ဒီစီမံကိန်းမှာ လာရင်းနှီးမြှုပ်နှံမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကနေ တစ်နိုင်ငံလုံး ဆောင်ရွက်မယ့် စီမံကိန်းတွေအတွက် အကြံဉာဏ်ကောင်းတွေ ရနိုင်တယ်"ဟု မြန်မာဖွံ့ဖြိုးမှုအရင်းအမြစ်စင်တာ ဒါရိုက်တာတစ်ဦးဖြစ်သော ဒေါက်တာဇော်ဦးက ပြောသည်။ ထိုဇုန်တွင် နိုင်ငံတကာ ကုမ္ပဏီများ လာရောက်လုပ်ကိုင်ရန် အခွန်လျှော့ချပေးထားမည်ဖြစ်ပြီး ၎င်းတို့လာရောက်လုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင်၊ နည်းပညာနှင့် အတွေ့အကြုံများစွာ ရမည်ဟုလည်း ဆက်ပြောသည်။

သို့သော်ဒေါ်အေးမာနှင့်ဦးမြလှိုင်တို့ကဲ့သို့ ဒေသခံများအတွက် စီးပွားရေးဇုန်မှာ ပေါ်လာမည့် အလုပ်အကိုင်များကို မမျှော်လင့်ရဲ။ ယခင်အစိုးရလက်ထက်သီလဝါတွင် စက်မှုဇုန်များ ဆောက်မည်ပြောပြီး အရေအတွက်အနည်းငယ်သာ ဆောက်သော စက်ရုံတို့တွင် အောက်ခြေဝန်ထမ်းမှာပင် ရှစ်တန်းအောင်ပြီးသူများ ခေါ်သောကြောင့် ဒေသခံအချို့ စက်ရုံလုံခြုံရေးနှင့် သန့်ရှင်းရေးသာရသည်ဟု ဦးမြလှိုင်ကဆို၏။

"နေရာထိုင်ခင်းရရင် တော်ပါပြီ" ဟု ဒေါ်အေးမာက သူ့ဆန္ဒကိုဖွင့်ဟသည်။

ဦးမြလှိုင်နှင့် အလွမ်းဆွတ် ကျေးရွာသားများကလည်း ပြောင်းရွှေ့ရမည့်အထဲ မပါဝင်သော ရွာမှ ဘုန်းတော်ကြီးကျောင်းအနီး မြေပေါ်တွင် အကွက်ချပေးစေလိုကြသည်။ သီးစားခပေး၍ လုပ်နေသော လယ်များအတွက်လည်း အကျိုးခံစားခွင့် တစ်စုံတစ်ရာပြန်ပေးရန် သူတို့မျှော်လင့်နေသည်။

စီမံကိန်းများကြောင့် ပြည်သူများမနစ်နာရန် ဆောင်ရွက်ပေးရမည်ဖြစ်သလို ပြည်သူများကလည်း အခွင့်အရေး ပိုတောင်းသည်မျိုး မဖြစ်ရန်လိုကြောင်း စီးပွားရေးနှင့်ဖွံ့ဖြိုးရေးပညာရှင် အချို့က အကြံပြုသည်။

အစိုးရသစ်လက်ထက် စီမံကိန်းများ ဆောင်ရွက်ရာတွင် ယခင်အစိုးရလက်ထက်က ချန်ရစ်ခဲ့သော ပြဿနာများစွာကြောင့် ရှေ့မဆက်နိုင်ဘဲ ပြန်ဖြေရှင်းနေရသည်ကများသည်။

"လောလောဆယ် ကြုံတွေ့နေရတဲ့ ပြဿနာက အသွင်ကူးပြောင်းရေးကာလမှာမို့လို့ ယဉ်ပါးမှုမရှိတဲ့အတွက် ညှိနှိုင်းဆောင်ရွက်တာ အားနည်းနေတာကြောင့်ပါ။ ဒါကိုဖြေရှင်းဖို့ Cooperation (ပူးပေါင်းဆောင်ရွက်ခြင်း) အားနည်းတာ ညှိနှိုင်းဆောင်ရွက်တာ အားနည်းတာကြောင့် ကွာဟချက်ဖြစ်နေတာပါ။ ညှိနှိုင်းဆောင်ရွက်ဖို့အတွက်လည်း Capacity (လုပ်နိုင်စွမ်း) တွေ မရှိကြတဲ့အတွက် ပြဿနာတွေ ကြုံနေတာပါ။ ညှိရမဲ့လူတွေရဲ့ အရည်အသွေးနဲ့ အရည်အချင်းကလည်း အားနည်းနေတဲ့အပိုင်းရှိတယ်။ ဒါတွေအားလုံး အချိန်ယူ ဖြေရှင်းရင်ရပါတယ်"ဟု ဒေါက်တာဇော်ဦးက သုံးသပ်သည်။

ယခင် အစိုးရလက်ထက်က စနစ်ဟောင်းကိုပင် စနစ်သစ်ဖြင့် အစားထိုးနိုင်ပြီဖြစ်သောကြောင့် ယခုပြဿနာမှာအားလုံးအတွက် ရလဒ်ကောင်း ထွက်အောင်မဖြေရှင်းနိုင်သောပြဿနာမဟုတ်။

"တစ်ဖက်နဲ့တစ်ဖက် ညှိကြမယ်။ ထိန်းညှိပေးမယ်။ ဥပဒေစိုးမိုးရေးဟာ အရေးကြီးပေမယ့် လူတွေ လုပ်လို့မရတဲ့အထိ အကန့်အသတ်မဖြစ်အောင် ညှိပေးဖို့လိုတယ်။ ညှိနှိုင်းဆောင်ရွက်တဲ့အပိုင်းမှာ ပွင့်လင်းမြင်သာမှုက အလွန်အရေးကြီးတယ်"ဟု ပြဿနာများ ဖြေရှင်းနိုင်မည့်နည်းလမ်းကို ဒေါက်တာဇော်ဦးက အကြံပြုလေသည်။